www.burmeseclassic.com

ပေမြင့်

BURMESE CLASSIC

# ဘဝ ဒဿန ရသစာများ

တတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၄၀၀၀၉၆၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၂၁၁၀၃၀၈
မျက်နှာဖုံးသရုပ်ဖော်
ဘချေးကြည်
မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်ရွှေ (၀၂၀၇၉)၊ သုခပုံနှိပ်တိုက်၊
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်၊
၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးဖေမြင့် (၀၂၂၅၉)၊ ဖေမြင့်စာပေ၊
အမှတ် N - 6၊ ရွှေမာလာရိပ်မွန်၊
ဘုရင့်နောင်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း
တတိယအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ - ၁၀၀၀

# မာတိကာ

| | | |
|---|---|---|
| | အမှာစကား | က |
| ၁။ | ကျွန်တော့်ဘဝရဲ့ အလှည့်အပြောင်း | ၁ |
| ၂။ | အိုင်းရစ်နှင်းဆီ | ၁၁ |
| ၃။ | ဆောင် | ၂၅ |
| ၄။ | ဆရာဝန် ပါဝင်ခဲ့ရသော | ၃၃ |
| ၅။ | တစ်သက်တာအတွင်းမှာ ဘဝပေါင်းများစွာ | ၄၇ |
| ၆။ | မင်နီလီတေး၏ ပြင်ဆွာန်းပြီးသောဘဝ | ၆၁ |
| ၇။ | ဗီရိန္နာမြို့က လေးစားအပ်သော ပုဂ္ဂိုလ်နှစ်ယောက် | ၇၇ |
| ၈။ | စစ်မှန်သော လွတ်လပ်မှုနှင့် သုခချမ်းသာ | ၉၁ |
| ၉။ | ပို၍ မြင့်မားသော ဆုလာဘ် | ၁၀၃ |
| ၁၀။ | ဟယ်လင်ကဲလား၏ ဆရာမ | ၁၁၇ |
| ၁၁။ | သုံးရက်သာ မျက်စိမြင်ရခဲ့ပါလျှင် | ၁၃၅ |
| ၁၂။ | နိုရာ့အတွက် ကမ္ဗည်းကျောက်စာ | ၁၄၉ |
| ၁၃။ | နောက်တစ်ကြိမ် ကြိုးစားခွင့် | ၁၆၁ |
| ၁၄။ | ကိတ်အတွက် နှုတ်ဆက်အနမ်း | ၁၆၉ |
| ၁၅။ | ထရက်ကျွင်နီက စေတနာရှင် | ၁၇၉ |
| ၁၆။ | အချစ် ကောက်ရိုးတစ်မျှင် | ၁၉၇ |
| ၁၇။ | ဖြတ်သန်းရမည့် ပေါင်းကူးတံတား | ၂[illegible]၃ |
| ၁၈။ | ယဉ်ကျေးပျူငှာသော နှလုံးသား | ၂၄၁ |

www.burmeseclassic.com

www.burmeseclassic.com

# အမှာစကား

ငါသနားအလျောက် စာအုပ်စာပေများ လှေ့လာက်ဖတ်ရင်း တစ်ခါတစ်ရံ စိတ်၌ ထူးထူးခြားခြား ထိခိုက်ခံစားမိသည်များ တွေ့ရလျှင် ေတးမှတ်ထားတတ်သည့်အလေ့ ကျွန်တော်၌ ရှိခဲ့ပါသည်။

ယင်းသို့ ေတးမှတ်မိသည့် စာများ များပြားလာသည့်အခါ ၎င်းတို့ကို အကြောင်းရပ်အရဖြစ်စေ အရေးအသားအရဖြစ်စေ နီးစပ်ရာ ဆင်တူရာအလိုက် သီးခြားစီခွဲ၍ စုစည်းဖြစ်ပါသည်။

ယခုစာအုပ်ငယ်မှာ စာရေးဆရာ ခရိုနင် (A. J. Cronin) ၏ သိမ်မွေ့သော အရေးအသားများကို ပင်တိုင်ပြု၍ စုစည်းထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ပါ စာများထဲတွင် လူတို့၏ စိတ်ဝင်စားဖွယ် ဘဝများအကြောင်း ပါဝင်သည်။ ထို့နောက် ထိုဘဝများကို နားလည်စွာ ကိုယ်ချင်းစာနာစွာ သဘောထားကြီးစွာ ရှုမြင်သုံးသပ်သည့် ဒဿနများ ပါဝင်သည်။

ဤအထဲတွင် ဝတ္ထုစစ်စစ် ဟုဆိုနိုင်သည်များလည်း ပါသည်။ ဆောင်းပါးစစ်စစ် ဟုပြောရမည်များလည်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အများစုကား စာရေးသူ၏ ပကတိအတွေ့အကြုံကို ဝတ္ထုသဖွယ် ရေးခြယ်သည့် ဝတ္ထုဆောင်းပါး ဟုဆိုရမည့် အရေးအဖွဲ့များ ဖြစ်သည်။ သို့သော် ဆောင်းပါးများ အပါအဝင် ယင်းစာအားလုံးပင် စာဖတ်သူအား ဆွဲဆောင်နိုင်လောက်အောင် ရသမြောက်သည်ချည်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်နှစ်သက်ရာ ဤစာများ စုစည်းမိသည့် ယခုစာအုပ်ကို ဘဝ ဒဿန ရသစာများ ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူ၌ သူတစ်ပါးတို့အပေါ်၌လည်းကောင်း၊ မိမိကိုယ်တိုင်၏ ဘဝနှင့်ပတ်သက်၍လည်းကောင်း သိနားလည်မှု တိုးတက်ကာ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ခြင်း အများ၏ လေးစားခင်မင်မှု ခံရခြင်း အသင့်အတင့် နှလုံးသွင်းတတ်သောစိတ်ဖြင့် ရပ်တည်နေထိုင်တတ်ခြင်း စသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြလိမ့်မည် ဟုမျှော်လင့်မိပါသည်။

လေးစားစွာဖြင့်

ဇေမြင့်

BURMESE CLASSIC

# ကျွန်တော့်ဘဝရဲ့ အလှည့်အပြောင်း*

ကျွန်တော့်အသက် ၃၃ နှစ်၊ လန်ဒန်မြို့ ဝက်စ်အင်းရပ်ကွက်မှာ ဆရာဝန်တစ်ဦးအဖြစ် လုပ်ကိုင်နေစဉ် အစာအိမ်ရောဂါရသဖြင့် ခြောက်လခန့် အနားယူရပါသည်။ အလုပ်နှင့်ဝေးရာ စကော့တလန် ကုန်းမြင့်ဒေသ လယ်တောအိမ်လေးတစ်လုံးမှာ ကျွန်တော် သွားရောက်နေထိုင်ခဲ့သည်။

သို့သော် အဲသည်ရောက်ပြီး တစ်ပတ်လောက်ကြာသည့်အခါ ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်လာသည်။ ကိုယ်လက်ပင်ပန်းသည့် လှုပ်ရှားမှုတွေ ဘာတစ်ခုမှ မလုပ်နှင့်

* A.J. Cronin  The Turning Point of My Life

www.burmeseclassic.com

www.burmeseclassic.com



ဟုတားထားတော့ ကျွန်တော့်အလုပ်က ကြက်စာကျွေးတာလောက်၊ သိပ်လက်ခံချင်ပုံမရသည့် နွားကြီးတွေကို နှာမည်းခေါ်နှုတ်ဆက်ပြီး အရောတဝင်လုပ်ကြည့်တာလောက်အပြင် တခြားဘာမျှမရှိဖြစ်နေသည်။

တစ်ခုခုမှ မလုပ်ရရင် မဖြစ်တော့ဘူးဟူ၍ လှည့်ပတ်ကြံဖန်ကြည့်ရင်းက ခေါင်းထဲ ရုတ်တရက် အတွေးတစ်ခု ဝင်လာသည်။ ငါ စာရေးရင် ကောင်းမှာပဲ ဟူသောအတွေး။ စင်စစ်သည်အတွေးက ကျွန်တော့်ခေါင်းထဲမှာ ပိုးတိုးဝါးတား ရှိနှင့်တာနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ယခုတော့ လူသူမရှိ ဖျော်ဖြေစရာနတ္ထိ ဟုဆိုရမည့် ဒေသတစ်ခုမှာ ကျွန်တော်ရောက်နေပြီ။

"ကိုင်း၊ ဟုတ်ပြီပေါ့ကွာ၊ ဒါ ငါ့အတွက် အခွင့်အရေးပဲ၊ အစာအိမ်ရောဂါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငါ ဝတ္ထုတစ်ပုဒ်တော့ ရေးတော့မယ်" ကိုယ့်ကိုယ်ကိုယ် အားပေးရင်း စိတ်တက်ကြွစွာ ကျွန်တော် ကြွေးကြော်လိုက်မိသည်။ ထို့နောက် စိတ်ပြောင်းမသွားမီ ရွာထဲသွားပြီး ဗလာစာအုပ် နှစ်ဒါဇင် ဝယ်လိုက်သည်။

အပေါ်ထပ်ရှိ အေးမြသန့်ရှင်းသော ကျွန်တော့်အိပ်ခန်းထဲတွင် သေသေချာချာ တိုက်ချွတ်သုတ်သင်ထားသည့် ထင်းရှူးစားပွဲတစ်လုံးနှင့် အလွန်မာကျောသော ကုလားထိုင်တစ်လုံးရှိသည်။ နောက်နေ့မနက်က စတင်ကာ သည်ကုလားထိုင်မှာ ကျွန်တော် ဝင်ထိုင်သည်။ စားပွဲပေါ်မှာ အသစ်စက်စက် ဗလာစာအုပ်က ရေးရန် အသင့်လုပ်ပြီးသား။ သို့သော် စာအုပ်ကို ကြည့်ရင်းက ကျွန်တော့်အခြေအနေ ကျွန်တော် တဖြည်းဖြည်း သဘောပေါက်သွားသည်။ ကျွန်တော့်တစ်သက်တာလုံးမှာ ခပ်ညံ့ညံ့လက်တင်ဘာသာနှင့်ရေးသည့် ဆေးညွှန်းစာများကလွဲ၍ ဖြစ်ဖြစ်မြောက်မြောက် စာတစ်လုံးတစ်ပါဒမျှ မရေးခဲ့ဖူးပါတကားဟူသောအချက်။ ကျွန်တော် စိတ်အားပျက်သွားပြီး ကလောင်တံကိုင်ကာ အပြင်သို့ငေးကြည့်နေမိသည်။ သည်နောက် ကိုယ့်ဘာသာ ပြန်အားတင်းသည်။ ဘာပဲဖြစ်ဖြစ် ရေးမယ်ကွာ။

သုံးနာရီလောက်ကြာသည့်အခါ အိမ်ရှင်လယ်သမားကြီး၏ဇနီး မစ္စစ်အင်းဂပ်(စ်)က ထမင်းစားရန် ခေါ်သည်။ လှန်ထားသည့် စာမျက်နှာက ယခုထိ ဗလာ။

နောက်သုံးလအတွင်း ကျွန်တော် ခံစားသည့် ဒုက္ခကြီးမားလှပုံအကြောင်းကိုကား ချန်လှပ်၍ရလျှင် ချန်လှပ်ထားလိုက်ချင်သည်။

စင်စစ် ကျွန်တော် ရေးသားတင်ပြချင်သည့်အကြောင်းနှင့်ပတ်သက်၍ ကျွန်တော့်ခေါင်းထဲမှာ အတော်ရှင်းရှင်းလင်းလင်းပင် စဉ်းစားထားမိပြီး ဖြစ်ပါသည်။ အတ္တလွန်ကဲကာ တလွဲမာနကြီးသူတစ်ဦးအကြောင်း။ ဝတ္ထုနာမည်ပင် ကျွန်တော် ရွေးထားပြီးပြီ။ သို့သော် အဲသည့်အခြေခံလေး ရှိထားသည် ဆိုတာကလွဲ၍ ကျွန်တော့်မှာ ဘာမှ အဆင်သင့်မဖြစ်သေး။ ဝတ္ထုအတတ်ပညာဆိုတာ ဘာမှန်း ကျွန်တော်မသိ။ စကားပြေရေးဟန်၊ ဝတ္ထုပုံသဏ္ဌာန်ဆိုတာတွေ ကျွန်တော် နားမလည်။

ဝါကျတစ်ကြောင်း ဖြောင့်တန်းအောင်ရေးရန်ပင် မလွယ်ပါတကားဆိုတာ ယခုမှ ကျွန်တော် အလန့်တကြား တွေ့သိ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ရေးလိုက် ပြန်ပြင်လိုက်၊ ထပ်ဖြည့်လိုက် ပြန်ဖျက်လိုက်နှင့် စာမျက်နှာတစ်ခုလုံး ပင့်ကူအိမ်လို ရှုပ်ယှက်ခတ်လာသည့်အခါ စာရွက်ကိုဖြဲပြီး အသစ်ပြန်ရေးရသည်။

ခက်ခဲသော်လည်း ကျွန်တော် လက်မလွှတ်နိုင်။ ကျွန်တော့် ခေါင်းထဲတွင် သည်အာရုံပဲ အမြဲကြီးစိုးနေသည်။ တဖြည်းဖြည်းနှင့် ကျွန်တော့်ဇာတ်ဆောင်တွေ ရုပ်လုံးပေါ်လာသည်။ သူတို့ ကျွန်တော့်ကို စကားလာပြောကြသည်။ ရယ်ကြသည်။ ငိုကြသည်။ သူတို့နှင့်အတူ ကျွန်တော် စိတ်လှုပ်ရှားရသည်။ တစ်ခါတလေ ညကြီးမင်းကြီး အတွေးတစ်ခုပေါ်လျှင် အိပ်ရာမှ လူးလဲထကာ ကြမ်းပေါ်ဝမ်းလျားမှောက်ရင်းပင် ပြီးစီးအောင် ရေးချထားလိုက်ရသည်။ ကျွန်တော် အတွေ့အကြုံမရှိခဲ့သည့် ဖန်တီးမှု အလုပ်၏ ထူးခြားဆန်းပြားမှုကပင် ကျွန်တော့်ကို ဖမ်းစားထားခဲ့သည်။

အစပိုင်း၌ တစ်နေ့မှာ စာလုံးရေ့ရေတွက်ရှစ်ရာပြီးအောင် ကျွန်တော် ပင်ပန်းကြီးစွာ အားထုတ်ရသည်။ ဒုတိယလ အကုန်ပိုင်းလောက်တွင်မူ တစ်နေ့ စာလုံးရေ နှစ်ထောင်ထိ ရေးနိုင်လာခဲ့သည်။

သို့သော် ခရီးတစ်ဝက်လောက်ရောက်သည့်အခါမှာတော့ မလွဲမသွေ ကြုံရမည့် အခြင်းအရာက ဖြစ်ပေါ်လာခဲ့သည်။ ရုတ်တရက် နှင်းတောင်ကြီး ပြိုသလို ကျွန်တော့်စိတ်ဓာတ်တွေ ဖြုန်းခနဲ ပြိုကျသွားခဲ့သည်။ "ငါ သည်လောက်ပင်ပန်းတဲ့အလုပ်ကို ဘာအတွက် ဒုက္ခဆင်းရဲခံပြီး လုပ်နေသလဲ။ ဒါ ငါနဲ့ဆိုင်တဲ့အလုပ်လား။ ဒီအလုပ်မျိုးအတွက် ဘာတစ်ခုမှား ပြင်ဆင် လေ့



ကျင့်ခဲ့ဖူးလို့လဲ။ တကယ်ဆို ငါ အနားယူနေရမှာ။ ဒီမှာ အားမွေးနေရမှာ။ ဒီ အဓိပ္ပာယ်မရှိတဲ့အလုပ်မှာ ဘာလို့ ခွန်အားတွေဖြုန်းတီးနေရမှာလဲ" ကျွန်တော့်ကိုယ်ကျွန်တော် ဝေဖန်စစ်ကြောနေမိသည်။

လန်ဒန်ရှိ ကျွန်တော့်အတွင်းရေးမှူးထံမှ လက်နှိပ်စက်ရိုက်ပြီး ပြန်လည်ပေးပို့လိုက်သည့် ဝတ္ထုစာမူရှေ့ပိုင်းအခန်းများကို အပြေးအလွှားဖတ်ကြည့်ရင်း ကျွန်တော် ခေါင်းနားပန်းကြီးလာသည်။ သည်လောက် ညံ့ဖျင်းသည့် အရေးအသားမျိုး ကျွန်တော့်တစ်သက်လုံး ဘယ်တုန်းကမှ မဖတ်ရစဖူးဟု ခံစားလိုက်ရသည်။ လက်စသတ်တော့ ငါက လုံးဝသုံးမရတဲ့ အရူးတစ်ယောက်ပါကလား။ ကိုယ့်ကိုယ်ကိုယ် မတန်မရာတွေထင်ပြီး မဖြစ်နိုင်တာတွေ လျှောက်လုပ်ခဲ့သည့် အကောင်။ ငါ ရေးခဲ့သမျှ ငါ အစွမ်းကုန် ရေးတတ်သမျှ ဆိုတာတွေဟာ တကယ်တမ်းကျတော့ ဘာမှသုံးမရ၊ အချည်းနှီး အလဟဿ ခွန်အားဖြုန်းတီးတာ သက်သက်ပဲ။ အဲသည်အတိုင်း ကျွန်တော် မြင်ခဲ့ပြီ။

သည်ကိစ္စကြီးတစ်ခုလုံးကို လက်လျှော့လိုက်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ရုတ်တရက် ဒေါသတကြီးနှင့် စာမူတွေ သိမ်းကျုံးချည်နှောင်ကာ အပြင်ဘက် အမှိုက်ပုံးထဲ သွားပစ်ထားလိုက်သည်။

ကျွန်တော် လက်မြှောက်အရှုံးပေးလိုက်ရပြီ။ သို့သော် အရှုံးပေးရသည်ဟု လက်မခံ။ အခုမှ ငါ့စိတ်တွေ ပုံမှန်ဖြစ်သွားတာဟု ကိုယ့်ဘာသာ ကြံဖန်စိတ်ကျေနပ်အောင် တွေးကာ မိုး

www.burmeseclassic.com

www.burmeseclassic.com



တဖွဲဖွဲရွာနေသည့်ကြားက ကျွန်တော် လမ်းလျှောက်ထွက်လာခဲ့သည်။ ကမ်းခြေအကိမရောက်မီ ခရီးတစ်ဝက်လောက်တွင် ကျွန်တော့်အိမ်ရှင် လယ်သမားကြီး အင်းဂပ်(စ)နှင့် တွေ့သည်။ အင်းဂပ်(စ)က မြေကလေးတစ်ကွက်ကို ခက်ခက်ခဲခဲ ပိုင်ဆိုင်ထားရသူဖြစ်သည်။ သို့သော် သူ့မြေမှာ အများစုအပိုင်းက ထွန်ယက်စိုက်ပျိုး၍မရသည့် စိမ့်မြေညွန်တော ဖြစ်နေသည်။ ကျွန်တော်ရောက်သွားသည့်အချိန်၌ အင်းဂပ်(စ)က စိမ့်မြေတစ်ကွက်ကို စိတ်ရှည်လက်ရှည် မြောင်းတူးပြုပြင်လျက်ရှိသည်၊ ကျွန်တော်အနားရောက်လာတော့ သူ အံ့အားသင့်ဟန်ဖြင့် လှမ်းကြည့်သည်။ ကျွန်တော် ဘာတွေ ရည်မှန်းကြိုးပမ်းနေသည်ဆိုတာ သူ သိသည်။ သူ့နှုတ်မှ ဖွင့်ဟမပြောသော်လည်း ကျွန်တော့်အားထုတ်မှုကို သူ လေးစားသိမှတ်တာ ကျွန်တော် သိသည်။ စကော့လူမျိုးတွေဆိုတာ မွေးရာပါ စာပေမြတ်နိုးသူများဖြစ်သည် မဟုတ်လား။

လောလောဆယ် ကျွန်တော် အိမ်မှာ ဘာလုပ်ပစ်ခဲ့သည့်အကြောင်း၊ ဘာကြောင့် အဲသည်လို လုပ်လိုက်သည့်အကြောင်းတွေ သူ့ကို ရှင်းပြတော့ သူ့မျက်နှာအမူအရာက တဖြည်းဖြည်းပြောင်းသွားသည်။ စွတ်စိုနေသော မျက်ခုံးမွေး ဖွေးဖွေးအောက်ရှိ စူးရှသော မျက်လုံးပြာများက ကျွန်တော့်ကို စိတ်ပျက်ဟန်၊ အထင်သေးဟန်မျိုးနှင့် ကြည့်နေသည်။ သူက နဂိုကတည်းက နှုတ်ဆိတ်သူဖြစ်သည်။ အတော်ကြီးကြာတော့မှ သူ စကားပြောသည်။ ပြောတော့လည်း သူ့စကားက ပယောဂ္ဂဆန်ဆန်။



“ဟုတ်ပါတယ်၊ ဒေါက်တာပြောတာ မှန်ပါ လိမ့်မယ်၊ ကျွန်တော်ပဲ မှားတာဖြစ်ပါလိမ့်မယ်” သူကြည့်ရတာ ကျွန်တော့်ကို ဘိုးလှိုပေါက် ထိုးဖောက်မြင်နေသည့်ပုံမျိုး။ “ကျွန်တော့်အဖေဟာ ဒီစိမ့်မြေကို တစ်သက်လုံးတူးသွားတယ်၊ မြောင်းသွယ်ပြီး ရေထုတ်ဖို့ ကြိုးစားတယ်၊ ဒီနေရာမှာ စားကျက်မြက်ခင်းတစ်ခု ဖြစ်လာအောင်လို့၊ ဒါပေမဲ့ မဖြစ်မခဲ့ဘူး၊ အခုလဲ ကျွန်တော် နေ့စဉ်နှင့်အမျှ တူးတယ်၊ ဖြစ်မလာသေးဘူး၊ ဒါပေမဲ့ စားကျက်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ...” သူက ပေါက်ပြားကို ခြေဖြင့်ဆောင့်နင်းလိုက်သည်။ “ကျွန်တော်တူးရမှာပဲ၊ ဘာကြောင့်လဲ၊ နာနာတူးနိုင်ရင် ဒီစိမ့်မြေဟာ စားကျက်ဖြစ်လာမယ်ဆိုတာ အဖေသိခဲ့သလို ကျွန်တော်လဲ သိတယ်”

ကျွန်တော် သဘောပေါက်လိုက်သည်၊ ဇွဲကြီးကြီးနှင့် အလုပ်လုပ်နေသော သူ့ရုပ်သွင်ကိုကြည့်ကာ ကျွန်တော့်ရင်ထဲ ဒေါသတွေ၊ မခံချင်စိတ်တွေက လှိုက်တက်လာသည်။ မခံချင်တာက သူ့မှာရှိသည့် အရည်အချင်းမျိုး ကျွန်တော့်မှာ မရှိခြင်းဖြစ်သည်။ ဘာတွေပဲ ပေးရပေးရ၊ ကိုယ်လုပ်စရာရှိသည့်အလုပ်ကိုတော့ ပြီးစီးအောင် လုပ်မည်ဟူသော ကြောက်စရာ စိတ်ဓါတ်။ လူ့ဘဝ၏ အရိုးဆုံး အစင်းဆုံး တာဝန်ဝတ္တရားများပေါ်မှာ ချမှတ်ထားခဲ့သည့် ငြိမ်းသတ်မရနိုင်သော သန္နိဋ္ဌာန်မီးတောက်။ နောက်ချင်းဆိုသလိုပင် ကျွန်တော်တစ်ဦးတည်း၏ အရေးမပါသော ပြဿနာက အဆမတန် ကြီးကျယ်သွားသည်။ တန်ဖိုးလုံးဝပြောင်းကာ လူသားတိုင်း၏ လုပ်ရပ်ကို အကဲဖြတ်သည့် မှတ်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တစ်ခု ဖြစ်လာသည်။ ကျွန်တော့်ပြဿနာသည် ခေတ်အဆက်ဆက် လူသားမျိုးနွယ်အားလုံးကြုံခဲ့ရသည့် ပြဿနာတစ်ရပ် ဖြစ်သွားပြီ။ သက်သာခိုကာ အဆာနောက်ဆုတ် အရှုံးပေးမည်လား၊ ဆုလာဘ်ကို မမြော်မြင်ဘဲ ကျားကုတ်ကျားခဲ ရှေ့ဆက်နွှဲမည်လား ဆုံးဖြတ်ရမည့် ပြဿနာ။

ယာခင်းအိမ်သို့ လေးကန်စွာ ကျွန်တော်ပြန်လာခဲ့သည်။ ကျွန်တော့်တစ်ကိုယ်လုံး မိုးရေတွေ စိုနေသည်။ ကျွန်တော် ရှက်လည်း ရှက်သည်။ ဒေါသလည်း ထွက်နေသည်။ အိမ်ရောက်လျှင် အမှိုက်ပုံးထဲရှိ စိုထိုင်းနေသော စက္ကူထုပ်များကို ပြန်ကောက်သည်။ မီးဖိုမှာ ပြန်ခြောက်အောင် ကင်ပြီးနောက် စားပွဲပေါ်ပစ်တင်ကာ သွေးရူးသွေးတန်း လုပ်ငန်းပြန်စသည်။

သန္နိဋ္ဌာန်ပြင်းလွန်းသဖြင့် ဘေးဘီမသိနိုင်အောင်ပင် ကျွန်တော်အလုပ်ထဲ နှစ်မြုပ်နေခဲ့သည်။ တတိယလ အကုန်ပိုင်းတွင်တော့ စာအုပ်မှာ ပြီးပါပြီဟု ကျွန်တော် ရေးထိုးနိုင်ခဲ့သည်။ စိတ်ထဲ ပေါ့ပါးလွတ်လပ်သွားလိုက်သည်မှာ ပြောဖွယ်ရာ မရှိတော့။ ပြီးစီးသွားသော စာမူကို ထုတ်ဝေသူတစ်ဦးထံ ပို့ပြီးနောက် ကျွန်တော် သည်ကိစ္စကို လုံးဝ မေ့ထားလိုက်သည်။

ကျန်ရှိသည့်ရက်များအတွင်း ယာခင်းအိမ်မှာ ပေါ့ပေါ့ပါးပါး အနားယူကာ တစ်နေ့တခြား ကျွန်တော် ကျန်းမာလာခဲ့သည်။ ပြန်ခါနီးတစ်နေ့မှာ ကျွန်တော် သည်မှာနေစဉ်ကာလအတွင်း ရင်းနှီးခဲ့သည့် ရိုးသားသော တောင်ပေါ်သား မိတ်ဆွေများကို လှည့်ပတ် နှုတ်ဆက်သည်။ စာပို့တိုက်ထဲ ဝင်လိုက်သည့်



အခါမှာတော့ စာတိုက်ဗိုလ်က ကျွန်တော့်အား ကြေးနန်းစာတစ်စောင် ဆီး၍ ပေးလေသည်။ ထုတ်ဝေသူက အလျင်အမြန်လာရောက်တွေ့ဆုံရန် ဖိတ်ကြားလိုက်သည့်စာ။ ကျွန်တော်အင်းဂလန်(စ)ဆီ တစ်ဆက်တည်း တန်းသွားကာ ဘာမှ မပြောဘဲ ကြေးနန်းစာကိုသာ သူ့လက်ထဲ ထိုးပေးလိုက်သည်။

ကျွန်တော် လွှင့်ပစ်ခဲ့သည့်ဝတ္ထုသည် စာအုပ်ဖြစ်လာပြီးသည့်နောက် 'စာအုပ်အသင်း'၏ ရွေးချယ်ခြင်း ခံရသည်။ သည်ဝတ္ထုကို ပြဇာတ်ကသည်။ မဂ္ဂဇင်းများတွင် အခန်းဆက်ဖော်ပြသည်။ ဘာသာပေါင်းများစွာသို့ ပြန်ဆိုကြသည်။ ဟောလိဝုဒ်ကဝယ်ယူခဲ့သည်။ စောင်ရေ သန်းချီ၍ ရောင်းခဲ့ရပြီး သည်ဝတ္ထုကြောင့် ကျွန်တော့်ဘဝ လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့ပါသည်။ ကျွန်တော် လုံးဝစိတ်ကူးမယဉ်ဖူး၊ အိပ်မက် မမက်ဖူးသည့် အတိုင်းအတာထိ ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။

သည်အပြောင်းအလဲ သည်အကျိုးရလဒ်တွေ အားလုံးပင် ကျားကုတ်ကျားခဲ ဇွဲနပဲ၏ ဂုဏ်ကျေးဇူးကိုပြသည့် သင်ခန်းစာ တစ်ခု အချိန်မီ ရရှိလိုက်သည့်အတွက်ကြောင့် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ချေသည်။

***

ကျွဆို ခရစ်ယာန်ဂိုဏ်းကို တည်ထောင်ခဲ့သူ အစ်ာနေးရှင်(စ)ချိုင်ယိုလာ ငယ်စဉ်က သူငယ်ချင်းများနှင့်အတူ ဘောလုံး ကစား

www.burmeseclassic.com



နေစဉ် တစ်စုံတစ်ယောက်က ရုတ်တရက် ပွဲကိုရပ်တန့်ကာ ကစားနေသူအားလုံးအား နောက်မိနစ်နှစ်ဆယ်အတွင်း မင်းတို့သေမည်ဆိုလျှင် ဘာလုပ်မည်လဲဟု မျက်နှာထားတည်တည်နှင့် မေးသည်။ အားလုံးက ဘုရားရှိခိုးကျောင်းသို့ပြေးပြီး ဘုရားသခင်ထံ ဆုတောင်းမည်ဖြစ်ကြောင်း ဖြေကြသည်။ အစ်ဂနေးရှပ်(စ) တစ်ယောက်သာ တစ်မူထူးခြားစွာ ဆိုသည်။ "ကျွန်တော် ပွဲပြီးအောင် ဆက်ကစားမယ်" ဟူ၍။

အစ်ဂနေးရှပ်(စ)ရော ကျွန်တော့်မိတ်ဆွေ စကော့လယ်သမားကြီး အင်းဂပ်(စ)ပါ ကောင်းစွာ သိမြင်ခဲ့ကြသည့် အတိုင်းပင် လောက၌ ထမြောက်အောင်မြင်မှု မှန်သမျှ မိမိကိုယ်ကို အစိုးရမှုပေါ်၌သာ အခြေခံရစမြဲ ဖြစ်ပါသည်။ မိမိကိုယ်ကို အောင်နိုင် သူကား ဘယ်သောအခါမျှ အရှုံးနှင့်ကြုံစရာ အကြောင်း မရှိတော့။

❖❖❖

# အိုင်းရစ်နှင်းဆီ*

ပြီးခဲ့သည့်နွေက ကျွန်တော် အိုင်ယာလန်သို့ ရောက်ခဲ့သည်။ စိမ်းမြသော၊ ချစ်စရာကောင်းသော တိုင်းပြည်။ ကျွန်တော် အမြဲ ရင်ခုန်ရသော အရပ်ဒေသ။ တာဝန်တစ်ဖက်၊ ချစ်မြတ်နိုးစိတ်တစ်ဖက်နှင့် သည်ပြည်ကို နောက်တစ်ကြိမ် လွမ်းမောစွာ လည်ပတ်ခဲ့ရပြန်ပါပြီ။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျွန်တော် ဆရာဝန်ပေါက်စဘဝနှင့် အိုင်ယာလန်မြို့တော် ဒပ်ဗလင်သို့ရောက်ရှိကာ ရိုတန်ဒါဆေးရုံကြီးတွင် ဘွဲ့လွန်သင်တန်းတစ်ခု တက်ခဲ့ဖူးသည်။

---

* A.J. Cronin An Irish Rose

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တုန်းက ကျွန်တော့်အတွက် ခွဲတန်းချပေးခဲ့သည့် လူနာတွေက မြို့တော်၏ အဆင်းရဲဆုံး ရပ်ကွက်တစ်ခုမှာရှိသည်။ သူတို့နေထိုင်ကြသည့် စိတ်ညစ်စရာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ လူနာတွေ လိုက်ကြည့်ရင်း ရိုစ်ဒိုနီဂန်နှင့် ကျွန်တော် စတွေ့ခဲ့ခြင်း ဖြစ်သည်။

နောက်ပိုင်း၌ လောက်ရန်လမ်းရှိ အများသုံးရေတိုင်မှာ ရေခပ်နေသော သူ့ကို မကြာခဏ တွေ့မိရသည်။ သေးကွေးသော ခန္ဓာကိုယ်ပေါ်မှာ ကလေးတစ်ယောက်ကို စောင်တဘက်စုတ် ကလေးတစ်ထည်နှင့် သိုင်းချိုလျက်။ ကလေးက ကိုးလသား၊ ပေါ့ပါးလှသည် မဟုတ်။

ရို့စ်က ဆယ့်လေးနှစ်ပဲ ရှိသေးသည်။ မျက်လုံးပြာ တစ်စုံက အမြဲလေးနက်နေသော သူ့မျက်နှာလေး သေးသေး အတွက်တော့ ကြီးထွားဝိုင်းစက်လွန်းနေသည်။ သူ့အနီးမှာ ငါးနှစ်နှင့်ကိုးနှစ်အကြား နောက်ထပ်ကလေးသုံးယောက်က သူ့ဂါဝန်စကို မှီတွယ်ပြီး လိုက်ပါနေသည်။ မျက်နှာလေးတွေက ခပ်ဆင်ဆင်၊ ဆံပင်တွေကလည်း အားလုံး အနီရောင်ချည်းဖြစ်ရာ ဒိုနီဂန်မောင်နှမတွေဆိုတာ ကြေညာပေးနေသလိုပင်။

ကျောထောက်နောက်ခံ အနေအထား ဆိုးလှသည့် ကြားက ရို့စ်၏မျက်လုံးလေးများက ဝံ့စားတောက်ပလှသည်ကို ကြည့်ကာ သူ့အား အံ့သြစရာ သူရဲကောင်းလေးတစ်ဦးအဖြစ် ကျွန်တော် စိတ်ဝင်စားမိခဲ့သည်။ မနက်ဘက် သူ့ကိုတွေ့တိုင်း ကျွန်တော် နှုတ်ဆက်သည်။ သုံးလေးကြိမ်လောက် နှုတ်ဆက်ပြီးတော့မှ



သူက ရှိုးတိုးရှန့်တန့် အပြုံးလေးနှင့် တုံ့ပြန်သည်။ အတော် ရှက်တတ်ကြီးသူလေး။ ဖြည်းဖြည်းချင်းသာ သူနှင့်ကျွန်တော် ရင်းနှီးခင်မင်သည့် အဆင့်သို့ တက်လာနိုင်ခဲ့သည်။

ရို့စ်ရယ်၊ သူ့နောက် တကောက်ကောက်လိုက်နေသည့် ကလေးသုံးယောက်ရယ်၊ သူ ချီပိုးထားရသည့် နို့စို့သူငယ်လေး မိက်ကယ်ရယ်မှာ ပြီးခဲ့သည့် ရှစ်လလောက်ကမှ အမေဆုံးသွား သော ဖြစ်ကြောင်း ကျွန်တော် သိလာရသည်။ သူတို့အဖေ ဒင်နီ ဒိုနီဂန်နှင့်အတူ လောက်ရန်လမ်း အဆောက်အဦတစ်ခု၏ အောက်ဆုံးမြေကြီးထပ်မှာ ကျဉ်းကျဉ်းကျပ်ကျပ်နေကြရသည်။ သူတို့အဖေ ဒင်နီက သင်္ဘောကျင်းမှာ ရံဖန်ရံခါ အလုပ်ဆင်း သည်။ လူက စိတ်ပျော့ပျော့၊ သဘောကောင်းလွန်းသည့် လူစား မျိုး။ စကားပြောလျှင် သာယာညင်းပျောင်း၊ စိတ်ကူးကောင်း အကြံအစည်ကောင်းတွေ အပြည့်နှင့်။ သို့သော် သူ့မှာရှိသည့် ငွေနှင့် အချိန်ကို အနီးရှိ ရင်း(မ)ရှော်ခ် ဘားဆိုင်တွင်ပဲ အမြဲလို သုံးဖြုန်း ပစ်နေသည်။

သည်အခါ အိမ်ထောင့်ဝန်ထုပ်ဝန်ပိုးတွေ ထမ်းပိုးဖို့ တာဝန်က ရို့စ်အပေါ် ပိကျလာသည်။ အခန်းလေးနှစ်ခန်းသာ ရှိသည့် သူတို့နေအိမ်ကို သန့်ရှင်းသပ်ရပ်မှုရှိအောင် သူ လုပ်ရ သည်။ ကိုယ့်ကိုယ်ကိုယ် မထိန်းကျောင်းနိုင်ဖြစ်နေသော ဖခင်ကို ကြိုးစားသိမ်းကာ သူ့ဝင်ငွေအကြွင်းအကျန်လေးများကို ရတတ် သမျှ အပတ်ဆယ်ပြီး သည်ဟာနှင့်ပင် မိသားစုကို ချက်ပြုတ် ကျွေးမွေးရသည်။ ကလေးတွေအတွက် ဝေယျာဝစ္စတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



အားလုံး သိမ်းကျုံးလုပ်ကိုင်ရသည်။

သူ့အောက်ကမောင်ညီမတွေအားလုံးကို ရို့စ်ချစ်သည်။ သို့သော် သူ အကြင်နာ အယုယဆုံးကတော့ မောင်အငယ်ဆုံးလေး မိုက်ကယ် ဖြစ်သည်။ နေသာသော ညနေခင်းများဆိုလျှင် သူက မိုက်ကယ်လေးကို ကျောပိုးကာ ဖီးနစ်ပန်းခြံအနီးတစ်ဝိုက် လမ်းလျှောက်ထွက်တတ်သည်။ ကလေးကလည်း အလေးစီးသားမို့ သူ သိပ်မနိုင်ချင်။ သို့သော် ရို့စ် မမှုပါ။ စင်စစ် သူက ဘဲကိုမှ မမှုသူလေးဖြစ်သည်။ အသားဆိုင်မှာ ဝက်ပေါင်ခြောက်အပိုင်းအစလေးတစ်ခုကို ဈေးလျှော့ရောင်းဖို့ မရအရဆစ်မည်၊ မုန့်ဖုတ်သမားဆီမှာ နောက်ထပ် ပေါင်မုန့်တစ်လုံး အကြွေးရောင်းဖို့ တောင်းပန်မည်။ လူသူ ထူထပ်လှသည့် သူတို့ရပ်ကွက်ရှိ ညစ်ပတ်နံစော်သည့် လမ်းများမှာ လူးလားခေါက်တုံ့သွားလာရင်း အဲသည်လိုအလုပ်တွေပဲ တစ်နေ့တစ်နေ့ လုပ်နေရသည့်အချိန် သူ့ရုပ်သွင်က ညှိုးငယ်နေသည့် လက္ခဏာမရှိ။ ကိုယ်လုပ်စရာရှိတာကိုပဲ အာရုံစူးစိုက် လုပ်ကိုင်နေသည့်ပုံမျိုး။

ကျွန်တော် သူ့စိတ်ဓာတ်ကို အံ့ဩချီးကျူးမိခဲ့သည်။ သူ့ဆားပတ်ဝန်းကျင်က အခြေအနေဆိုးတွေကို သူ မမြင်သည် မဟုတ်။ သူ့မှာ မြို့ပေါ်ဆင်းရဲသားရပ်ကွက်နေ ကလေးများ၏ အခြေခံအသိရှိပြီးသား။ လူ့ဘဝဆိုတာ ပင်ပန်းဆင်းရဲသော ဘဝ၊ ရုန်းကန်လှုပ်ရှားရသော ဘဝဆိုတာ အလိုလို အပြည့်အဝ နားလည်ပြီးသား။ သည်အတွက် ရှက်မနေ ရွံ့မနေ။ သို့သော် တစ်ချိန်တည်းမှာ သူ့၌ အလွန်မွန်မြတ်လှပသည့် ရိုးသားဖြူစင်မှု



လေး ရှိနေသည်။ ညစ်ပေပေ မျက်နှာလေးထဲရှိ လေးနက်သော မျက်လုံးအစုံ၌ ရှေးပဝေသဏီ၏ အသိဉာဏ် အမြော်အမြင်များ ကိန်းအောင်း၍နေသည်။ ပြီး သည်မျက်လုံးတွေသည် ဒုတုမရှိသော မေတ္တာတို့ ကိန်းအောင်းရာလည်း ဖြစ်ချေသည်။

သည်ကလေးမလေးအပေါ် ကျွန်တော့်စိတ်ဝင်စားမှုက တဖြည်းဖြည်း နက်ရှိုင်းလာသည်။ သူ့ဘဝကို စာနာကာ သူ့အပေါ် ကရုဏာသက်မိလာသည်။ သူ့အတွက် တစ်ခုခုတော့ လုပ်ပေးဦးမှပဲဟု ခံစားမိနေဆဲ သူ့မွေးနေ့ ဘယ်နေ့ကျသည်ဆိုတာ ကျွန်တော် အမှတ်မထင် သွားသိလိုက်ရသည်။ သို့နှင့် အိုကော်နယ်လမ်းရှိ ချုပ်ပြီးအထည်တွေရောင်းသော ဆိုင်တစ်ဆိုင်မှာ လက်ဆောင်ပစ္စည်းဝယ်ပြီး တစ်ပါတည်း ပို့ခိုင်းလိုက်သည်။ သူ နွေးနွေးထွေးထွေး ဝတ်ရမည့် သက္ကလပ်ပျော့ဝတ်စုံတစ်ခု။ ပြီး အဲသည်ဝတ်စုံနှင့် လိုက်ဖက်မည့် ရှူးဖိနပ်တစ်ရန်၊ ခြေအိတ်တစ်စုံ။ သည်ဟာတွေ ဝတ်ဆင်ကာ လှပနေမည့် သူ့ရုပ်သွင်ကို မြင်ယောင်ပြီး ကျွန်တော် ဝမ်းသာကြည်နူးမိသည်။

သို့သော် အဲသည်ရက်ပိုင်းအတွင်းတော့ ကျွန်တော်သူနှင့် တွေ့အောင် အသာရှောင်နေလိုက်သည်။ သူ့ဘာသာ ဝင့်ဝင့်ကြွားကြွားသွားနေမှာ၊ တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်းခန်းမမှာ အလယ်လမ်းကြားက သူလျှောက်သွားတော့ ရှူးဖိနပ်က အသစ်စီးသစ္စာ ချွာသံတကျွိကျွိမြည်နေမှာတွေ တွေးပြီး ကျွန်တော်တစ်ယောက်တည်း ကျိတ်၍ ပြုံးမိသည်။ သို့သော် တနင်္လာနေ့ သူနှင့်တွေ့တော့ ကျွန်တော် အကြီးအကျယ် အံ့အားသင့်ကာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပျက်သွားမိရသည်။ သူက ခါတိုင်းလိုပဲ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်တွေ ဝတ်ထားဆဲ။ ကလေးကိုလည်း စောင်စုတ်တစ်ထည်နှင့် သိုင်းကာ ချီပိုးထားဆဲ။

"အဝတ်အစားအသစ်တွေကော" ကျွန်တော့်နှုတ်က ရုတ်တရက် ထွက်သွားသည်။ သူ့မျက်နှာတစ်ခုလုံး ရဲရဲနီမြန်းသွားသည်။ ပြီးတော့မှ "ဆရာပေးတာကို:" ဟုဆိုသည်။ အဲဒီနောက် အတော်ကြီးကြာအောင် မျက်နှာလွှဲနေပြီးတော့မှ ကျွန်တော့်အမေးကို ဖြေသည်။ သူ့စကားက ရိုးရိုးရှင်းရှင်းပင်။ "ဆိုင်မှာ ပေါင်ထားတယ်၊ အိမ်မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး၊ မိုက်ကယ်လေးက နို့မတိုက်လို့မှ မဖြစ်တာ"

ကျွန်တော် ဘာမှမပြောနိုင်ဘဲ သူ့ကိုသာ ငေးကြည့်နေမိသည်။ သူကတော့ အမြဲ အနစ်နာခံသွားမှာ၊ သူ့အချစ်ဆုံး မောင်လေးအတွက်ဆိုရင် သူပိုင်ဆိုင်တာမှန်သမျှ အားလုံးစွန့်လွှတ်သွားမှာဆိုတာ ကျွန်တော် သဘောပေါက်သွားသည်။ သို့သော် သူ့ကိုယ်လေး ပိန်လှီသေးကွေးနေတာကြည့်ပြီး ကျွန်တော် သနားစိတ်တွေ ဝင်မိပြန်သည်။ သို့နှင့် နောက်တစ်နေ့မှာပင် သူတို့ရပ်ကွက် သာသနာ့နယ်ပယ်ကို အုပ်ချုပ်ရသည့် ဘုန်းတော်ကြီးဖာသာဝေါ့ရှ်နှင့် ကျွန်တော် သွားရောက်တွေ့ဆုံသည်။

ရို့စ်အကြောင်း စကားစတော့ ဘုန်းတော်ကြီးမျက်နှာ လင်းလက်သွားသည်။ ကျွန်တော့်မေတ္တာရပ်ခံချက်ကို သူ ခဏမျှ စဉ်းစားသည်။ ပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ညိတ်သည်။



"သူ့ကိုတော့ ခင်ဗျား အတော် ဖျောင်းဖျယူရလိမ့်မယ် ထင်တယ်" ဘုန်းတော်ကြီးက ကျွန်တော့်ကို တံခါးဝ လိုက်ပို့ရင်း က ပြုံး၍ဆိုသည်။ မလွယ်ဘူးဆိုသော အမူအရာနှင့်။ "သူက ဘာကယ့်အမေလေးဗျ၊ မိခင်စိတ်က သူ့ဘဝအတွက် စွမ်းအားတွေ ပေးထားတာ"

နောက်တစ်ပတ်ခန့်ကြာပြီး၊ စာ အဆက်အသွယ်တွေ လည်း လုပ်ပြီးသည့်အချိန်၌ လောက်ရန်လမ်းသို့ ကျွန်တော် သတိပြုတ်ပုံစံနှင့် လာခဲ့သည်။ ရို့စ်က လက်ကျန်ပေါင်မုန့်လေး သေးသေးကို ဝေစုမတည့်မှာ စိုးသည့်ဟန်ဖြင့် ပါးပါးချင်း လှီးနေသည်။ ကလေးတွေက စားပွဲအောက်ပတ်ပတ်လည်မှာ ဝိုင်းလျက်။

"ရို့စ်၊ မင်းခရီးသွားရမယ်" ကျွန်တော်က ပြောတော့ သူက နဖူးလေး တွန့်တွန့်ပေါ် ဝဲကျနေသည့် ဆံနွယ်များကို ဖယ်ရင်း အဓိပ္ပါယ် နားမလည်နိုင်သည့်ဟန်ဖြင့် လှမ်းကြည့်သည်။

"ဂေါလဝေးမှာရှိတဲ့ ငါ့မိတ်ဆွေတွေဆီကို ပို့ပေးမှာ၊ သူတို့ခြံမှာ တစ်လလောက် အေးအေးဆေးဆေး သွားအနားယူ နေမယ်၊ အလုပ်မလုပ်ဘဲ မနေနိုင်ရင် ကြက်စာလေး ဘာလေး ကျွေးပေး၊ ကျန်တဲ့အချိန် လယ်ကွင်းထဲ လျှောက်ပြေးလွှား ဆော့၊ အာဟာရရှိအောင် နွားနို့တွေကော ဘယ်နှစ်ပုလင်း သောက်မလဲ၊ ကြိုက်သလောက် သောက်"

ရုတ်တရက် သူ့မျက်နှာလေး ရွှင်လန်းတောက်ပလာသည်။ သို့သော် ခဏချင်းမှာပဲ ပြန်၍ မှေးမှိန်သွားသည်။ သူက ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ ကျွန်မမှာ ကလေးတွေ ကြည့်ရဦးမယ်၊ ပြီးတော့ ဖေဖေလဲ ရှိသေး ..."

အဲဒါတွေအားလုံး စီစဉ်ပြီးပြီ၊ သီလရှင်တွေက သူတို့ကိစ္စ အားလုံး တာဝန်ယူပေးလိမ့်မယ်၊ မင်းသွားမှဖြစ်မယ် ရိုဇ်၊ အဲဒီလို အနှားမယူလိုက်ရင် မင်း မကြာခင် လဲသွားလိမ့်မယ်"

"သွားလို့ မဖြစ်ပါဘူး၊ ကျွန်မ အငယ်လေးကို မထားခဲ့နိုင်ဘူး"

"ပြဿနာပါလားကွာ၊ ကိုင်း ... ဒါလောက်တောင် ဖြစ်ရင်လဲ အဲဒီအငယ်လေးပါ မင်းနဲ့အတူ ခေါ်သွားကွာ"

သူမ မျက်လုံးတွေ ရွှန်းလက်သွားသည်။ နောက်တစ်နေ့ သူ့အငယ်လေးနှင့်အတူ ရထားတွဲမှာ နေရာချပေးသည့် အချိန်၌ သူ့မျက်လုံးတွေက ဝမ်းသာကြည်နူးရိပ်ဖြင့် ပို၍ပင် တောက်ပနေသေးသည်။ စက်သံတဂျုံးဂျုံးနှင့် ရထားကြီးထွက်တော့ သူက မိုက်ကယ်လေးကို သူ့ဒူးပိန်ပိန်လေးများပေါ်တွင် တင်၍လှုပ်ကာ တီးတိုးပြောဆို ချော့မြှူရင်း ပါသွားသည်။

သူတို့သွားကြပြီးသည့်နောက်ပိုင်း ကျွန်တော့်မိတ်ဆွေ ကာရိုးလ်မိသားစုထံမှ လှမ်း၍အကြောင်းကြားသည့် သတင်းစကားတွေက ဝမ်းသာစရာတွေချည်း။ ရိုဇ်တစ်ယောက် အတော်ဝဖြိုးလာနေသည့် အကြောင်း။ ခြံမှာလည်း အလုပ်တွေ ကူလုပ်သည့်အကြောင်း။ ရိုဇ်ကိုယ်တိုင်ဆီက ပေးပို့လိုက်သည့် ပို့စကတ်များပေါ်မှ သတ်ပုံမမှန်သော စာလုံးများမှာလည်း သူမဘဝ တစ်လျှောက်၌ ယခင် တစ်ခါမျှ မရခဲ့ဖူးသည့် စိတ်ချမ်းသာပျော်ရွှင်



မှု အငွေ့အသက်တွေ ထင်ဟပ်လျက်ရှိသည်။ သူ့စာများမှာ မပါလျှင် မပြီးသည့် အရာကတော့ ကျေးလက်ပတ်ဝန်းကျင်နှင့် မိုက်ကယ်လေး အလွန်အံဝင်ခွင်ကျရှိလှသည့်အကြောင်း ဖြစ်သည်။

တစ်လတာက ခဏလေးလိုပင်။ သို့သော် ပြန်ချိန်နီးပြီဆိုတော့မှ ရိုဇ်အတွက် ယမ်းအိုး ထ၍ ပေါက်လေသည်။ ကာရိုးလ်တို့က မိုက်ကယ်လေးကို မွေးစားချင်သည် ဟုပြောဆိုလာခြင်း။

သူတို့နေ့ီးမောင်နှံက လူလတ်ပိုင်းအရွယ်ရှိနေပြီ။ ပစ္စည်းဥစ္စာလည်း ကုံလုံကြွယ်ဝသည်။ သို့သော် သားသမီးတစ်ယောက်မျှ မရှိ။ သူတို့က သည်ကလေးကို ချီရင်း ပိုးရင်း အရမ်းချစ်သွားကြသည်။ ပြီး ကလေးအတွက် သူတို့သာ အများကြီး ပို၍ ဘတ်နိုင်သည်ဆိုတာကလည်း အထင်အရှား။

ဖခင် ဒင်နီကတော့ ဒါ မဟာအခွင့်အရေးပဲ ဟုယူဆသည်။ သို့သော် ရိုဇ်ကိစ္စ စဉ်းစားစရာရှိနေတာလည်း သူသိသည်။ ထို့ကြောင့် သည်ကိစ္စကို ရိုဇ်ပဲ ဆုံးဖြတ်ပါစေဟု သူလွှဲထားလိုက်သည်။

ရိုဇ် ဘယ်လိုဆုံးဖြတ်သည်လဲ၊ သည်ဆုံးဖြတ်ချက်အတွက် သူ့အသည်းနှလုံးထဲက ဘယ်လောက် ပေးအပ်ခဲ့ရသည်လဲ ဆိုတာကိုကား တစ်ဦးတည်း ပြန်လာသော သူ့ရုပ်သွင်ကို မြင်ရပြီးတော့မှ ကျွန်တော်တို့ မှန်းဆနိုင်ခဲ့သည်။

အိမ်မှာ ကျန်ရစ်သည့် ကလေးငယ်များနှင့် သူမဖခင်ကို ပြန်လည် တွေ့ဆုံရသည့်အတွက်ကား သူ ဝမ်းသာပုံရပါသည်။ သို့သော် ဘူတာမှ အိမ်သို့အပြန်လမ်းတစ်လျှောက်လုံး သူ တိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်သက်နေခဲ့သည်။ ကြေကွဲဖွယ် အိပ်မက်တစ်ခု မက်နေသည့်နှယ် သူ့အသွင်က ညှိုးလျှနေသည်။

လောက်ရန်လမ်း နေအိမ်သို့ ပြန်ရောက်ပြီးသည့်နောက်တွင်တော့ သူက လွမ်းဆွတ်တမ်းတစိတ်တွေကို မျိုသိပ်ကာ နဂိုမူလ ဝတ္တရားများကို ပြန်လည်ထမ်းဆောင်မှုပြုလေသည်။ သူက ယခင်ထက်ပင် ပို၍ လူကြီးဆန်လာသည်။ အိမ်မှုကိစ္စတွေကို ပိုအာရုံစူးစိုက်လုပ်ကိုင်လာသည်။ သူမ၏ တိုက်တွန်းမှုကြောင့် ဖခင် ဒင်နီလည်း ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်လာပြီး၊ မှတ်မှတ်ရရ တစ်နေ့မှာတော့ သူ လုံးဝအရက်ဖြတ်ပါပြီ ဟူ၍ပင် ကတိကဝတ်ပြုလေသည်။ တကယ်တစ်သက်လုံး ပြတ်မပြတ် မသေချာသော်လည်း အရက်မသောက်ဘဲနေသည့် အဲသည်ကာလပိုင်းတစ်လျှောက် သူ အလုပ်လည်း မှန်မှန်လုပ်ဖြစ်ခဲ့ရာ ရို့စ်မှာ ယခင်ပေါင်နှံထားခဲ့သည့် အိမ်အသုံးအဆောင်ပစ္စည်းတွေအားလုံး ပြန်ရွေးနိုင်လာပြီး၊ သူတို့မြေကြီးထပ်အခန်းလေးက အိမ်နှင့်အသင့်အတင့် ပြန်တူလာသည်။ အပတ်စဉ် လုပ်ခရှင်းပေးသည့် စနေနေ့များတွင် တစ်ခါတစ်ရံ ပိုက်ဆံ တစ်ကျပ်တစ်ပြားအပိုအလျှံရှိလာကာ မီးဖိုစင်ပေါ်ရှိ လက်ဖက်ခြောက်ဘူးထဲ ထည့်စုနိုင်သည်အထိ အခြေအနေ ကောင်းလာသည်။

သို့သော် တစ်နေ့ နေ့လယ်ပိုင်း သူ့ကို ချီးမွမ်းစကားဆိုရန် ရောက်သွားသည့်အခါ၌မူ မီးဖိုခန်းစားပွဲမှာ သူထိုင်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေတာ ကျွန်တော် တွေ့လိုက်ရသည်။ သူ ဘာတွေ စိတ်မချမ်းမသာ ဖြစ်နေသလဲ ကျွန်တော် မမေးပါ။



သူ့လက်ကလေးကိုသာ တိတ်ဆိတ်စွာ ဆုပ်ကိုင်ထားမိသည်။

အတော်ကြီးကြာတော့မှ သူ သက်ပြင်းတစ်ချက်ရှိုက်ကာ မျက်ရည်တွေသုတ်သည်။

"အင်းလေ၊ သူ ကောင်းစားဖို့အတွက်ကို၊ ကျွန်မ သူ့ကို လမ်းပိတ်မထားနိုင်ပါဘူး"

အငယ်လေးအကြောင်း သတင်းကောင်းတွေလည်း မကြာခဏ ရောက်၍လာသည်။ မိုက်ကယ်လေး၏ မွေးစားမိဘတွေက သူတို့ဆီမှာ ကလေးပျော်အောင်-အစွမ်းကုန် ဂရုစိုက်ကြဖြုစုယုယကြသည်။ အငယ်လေးကို သူတို့သားအရင်းအချာလိုပင် သုံးနှုန်းပြောဆိုနေကြပြီ။

တစ်နေ့မနက်မှာတော့ စိုးရိမ်ထိတ်လန့်ဖွယ် စာတစ်ဆောင် ရောက်ရှိ၍လာသည်။ အငယ်လေး နျူမိုးနီးယားဖြစ်ပြီး အပြင်းဖျားနေသည်တဲ့။

စာကိုကြည့်ရင်း ရို့စ်မျက်နှာလေး ဖြူရော်လာသည်။ နှုတ်ခမ်းအစုံကို တင်းနေအောင် သူစေ့ထားသည်။ မီးဖိုဆီ မလှုပ်ချောက်လျှောက်ကာ လက်ဖက်ခြောက်ဘူးကို ယူသည်။ မီးရထားလက်မှတ်ခ ပိုက်ဆံရေတွက်သည်။

"ကျွန်မ သူ့ဆီ လိုက်သွားမယ်"

တားကြဆီးကြတာတွေအားလုံး သူ တင်းဘင်းမာမာငြင်းပယ်သည်။ ...အငယ်လေးနှင့်ပတ်သက်လျှင် သူသာ ဘာမဆိုလုပ်နိုင်သည်ဆိုတာ မသိကြဘူးလား။ နေမကောင်းသည့်အချိန်သူ့အစ်ကျွေးမှ အစာအာဟာရဝင်မည်။ ဆေးဆိုလျှင် သူတိုက်မှ

www.burmeseclassic.com

www.burmeseclassic.com



သောက်သည်။ မအိပ်ဘဲနေလျှင်လည်း သူသာ နှဖူးလေး လက်နဲ့ အသာအယာ သပ်ပေးလိုက်၊ တော်ကြာ အိပ်သွားသည်။ …အဲသလိုတွေ သူက ယတိပြတ်ပြောဆိုပြီး ခရီးသွားဖို့သာ ပြင်ဆင်သည်။ ကလေးတွေကို အိမ်နီးချင်း တစ်ယောက်လက်အပ်ခဲ့ပြီး ဓာတ်ရထားစီးကာ ဘူတာရုံ သူဆင်းသွားသည်။

အဲသည့်နေ့ညပိုင်းပင် ကာရီးလ်ခြံသို့ သူရောက်သည်။ ဘယ်သူ့စကားမှ နားထောင်မနေဘဲ မိုက်ကယ်လေး ပြုစုဖို့တာဝန်ကို သူ့ကိုယ်သူ အပ်နှင်းလိုက်သည်။

ရောဂါက အတော်ပြင်းသည်။ နျူမိုးနီးယားကြောင့် အဆုတ်တွေခဲကာ ကလေး အသက်ဝဝရှူမရဖြစ်နေပုံကို မကြည့်ရက်စရာ မြင်နေရကာ ရို့စ်ရင်ထဲ မချိတင်ကဲ ဖြစ်နေသည်။ အဆိုးဆုံးက ချောင်းဆိုးတာ။

သူ့ကို ရောဂါကူးမှာတွေ ဘာတွေ လုံးဝဂရုမစိုက်နိုင်။ ကလေး မချိမဆံ့ ချောင်းဆိုးသည့်အခါတိုင်း သူ ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ကလေး သက်သာလို သက်သာငြား ပွေ့ထား ထူထား ဖေးမပေးထားရသည်။ ပင်ပန်းတာ ညောင်းညာတာ အအိပ်အစားပျက်တာတွေ ဘာမှန်းမသိ၊ နေ့ရောညပါ သည်ကလေးကိုပဲ သူ အချိန်ပြည့် ပြုစုစောင့်ရှောက်နေခဲ့သည်။

နောက်တော့ ရောဂါအသည်းဆုံးအချိန်ကို ဖြတ်ကျော်နိုင်ခဲ့သည်။ မိုက်ကယ်လေး ပြန်သက်သာလာတော့မှာဟု သူ့ကို ပြောပြကြသည်။ သည်တော့မှပဲ ကလေးအိပ်ရာဆောင်မှ ယိုင်တီးယိုင်တိုင် သူထလာသည်။ လက်နှစ်ဖက်က နားသယ်ကို တင်း



တင်းဖိသည်။ "ကျွန်မလဲ အခုမှ နားရတော့မယ်" သူက ယဲ့ယဲ့လေးပြုံးရင်း ဆိုသည်။ "ခေါင်းကိုက်လိုက်တာ တအားပဲ"

သူ့ခေါင်းက ရိုးရိုးကိုက်သည် မဟုတ်။ မိုက်ကယ်လေးဆီက ရောဂါပိုးတွေ သူ့ဆီ ကူးစက်ခဲ့ပြီ ဖြစ်သည်၊ သို့သော်ပိုးတွေက အဆုတ်ကို မတိုက်ခိုက်။ ပို၍ထိခိုက်နိုင်သည့်နေရာကိုသွား၍ ထိုးနှက်ခဲ့သည်။

နျူမိုကော့ကိုင်း ရောဂါပိုးကြောင့်ဖြစ်သည့် ဦးနှောက်အမြှေးရောင်ရောဂါ။

ခေါင်းကိုက်ရာမှ ရို့စ် သတိလစ်၍သွားသည်။ ထိုလစ်သွားသော သတိက လုံးဝ ပြန်လည်မလာတော့ပေ။

သူ့အသက် ဆယ့်လေးနှစ်သာ ရှိသေးသည် ဆိုသည်ကိုကား ကျွန်တော် ပြောခဲ့ပြီး ထင်ပါသည်။

***

ပြီးခဲ့သည့်နွေက အထီးကျန်နိုင်လှသည့် ဓိမ့်မြေတောတစ်နေရာရှိ ဘုရားရှိခိုးကျောင်းဝင်းကစ်နုထဲ ကျွန်တော်ရောက်ရှိခဲ့သည်။ အနောက်ဘက် ဂေါလဝေး ပင်လယ်အော်ဆီမှ တိုက်ခတ်လာသည့် လေပြည်ထဲတွင် မလှမ်းမကမ်းရှိ ဆေးဖြူသုတ်ဘဲစုစုမှ မီးခိုးနံ့များ ဝှေ့ဝဲပါလာသည်။ မီးခိုးနံ့က ထူးထူးခြားခြားမွှေးမွှေးရှရှ။ အိုင်ယာလန်၏ ဝိညာဉ် အိုင်ယာလန်၏ အငွေ့အသက်ဟုဆိုရမည့် မခြောက်တခြောက် မြက်မီးခိုးနံ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့ ကုန်းမို့စိမ်းစိမ်းလေးပေါ်၌ ပန်းခွေတစ်ခွေမျှ မတွေ့ရ။ သို့သော် မြက်ပင်တွေကြား တစ်စိတ်တစ်ပိုင်းပုန်းခိုကာ ရိုးတံလေးတစ်ခု ထွက်နေတာ ကျွန်တော် မြင်မိသည်။ ဆူးကလေးတွေနှင့် ပန်းရိုင်းလေးတစ်ပင်။ ရိုးတံထိပ်မှာ နှင်းဆီဖြူလေး တစ်ပွင့်တည်း ပွင့်နေသည်။

သည်အခိုက် တိမ်ညိုတွေကြားမှ နေရောင်တစ်ချက်ပြူထွက်လာသည်။ နေရောင်က ပန်းပွင့်ဖြူဖြူလေးရယ် သူမ၏နာမည် ရေးထိုးထားသည့် ကျောက်သားဖွေးဖွေးရယ်ပေါ်သို့ ဒလဟော သွန်ဖြာကာ ရုတ်တရက် လင်းလက်တောက်ပလာချေသည်။

❖❖❖

# စောင်*

ဘိုးဘိုးအား အဖေ တခြားသို့ ပို့ပစ်လိမ့်မည်ဟု ဗီတာ လုံးဝ မထင်မှတ်ခဲ့။ သည်လိုအလုပ်မျိုး အဖေ လုပ်ရက်လိမ့်မည်ဟုလည်း သူ လုံးဝမယူဆခဲ့။

သို့သော် ယခုတော့ ဘိုးဘိုးအတွက် အဖေ စောင်တစ်ထည်ယူလာခဲ့ပြီ။ မနက်ဆိုလျှင် ဘိုးဘိုး သွားတော့မည်တဲ့။ သူတို့မြေးအဘိုးအတွက် သည်ညသည် နောက်ဆုံးည ဖြစ်သွားပြီတဲ့။

အဖေက အပြင်ထွက်သွားသည်။ သူ လက်ထပ်မည့် မိန်းမဆီသွားခြင်း ဖြစ်မည်။ အတော်ညဉ့်မနက်ဘဲ ပြန်လာမည်ဟုတ်။

---

* Floyd Dell The Blanket

www.burmeseclassic.com

www.burmeseclassic.com



ညက လှပသော စက်တင်ဘာညချမ်း။ ဘိုးဘိုးနှင့်ပီတာ ညစာစားထားသည့် ပန်းကန်တွေ ဆေးကြသည်။ ပြီး အိမ်ရှေ့ပေါ်တီကို အောက်သို့ ကုလားထိုင်နှစ်လုံး ထုတ်လာကြသည်။

"ဘိုးဘိုး တယောသွားယူဦးမယ်၊ ခေတ်ဟောင်းတေးလေးတစ်ပုဒ်နှစ်ပုဒ်ထိုးကြရအောင်" အဘိုးက ပြောသည်။ သို့သော် သူပြန်လာတော့ တယောမပါ၊ စောင်သာပါလာသည်။ စောင်က အတော်ကြီးသည်။ နှစ်ယောက်ခြုံစောင်။ အနီရောင်မှာ အနက်စင်းတွေနှင့်။

"သိပ်ကောင်းတဲ့စောင်ကွနော်" အဘိုးက စောင်ကို ပေါင်ပေါ်တင်၍ ပွတ်သပ်ကြည့်ရင်း ဆိုသည်။ "ငါ့မြေးဖေဖေက အဘိုး သွားခါနီးမှာ ဒီလိုစောင်မျိုးပေးတာ အင်မတန် သိတတ်တဲ့ လူတစ်ယောက်မို့လို့ပေါ့ကွ၊ မဟုတ်ဘူးလား၊ ဒါ အတော်ပေးရမှာ၊ ကြည့်စမ်း သိုးမွေးအကောင်းစား၊ ဆောင်းညတွေ သိပ်အေးတဲ့အခါ ဒီစောင်ခြုံလိုက်ရင် နွေးသွားမှာ၊ ဒီလောက်ကောင်းတဲ့စောင်မျိုး သိပ်ရှိမှာ မဟုတ်ဘူး"

ကြည့်စမ်း၊ ဘိုးဘိုးပြောလိုက်တာ။ ဒါ တမင် သူ့မြေးစိတ်မကောင်းဖြစ်မှာစိုးလို့ လျှောက်ပြောနေတာ။ တစ်လျှောက်လုံးပင် ဘိုးဘိုးက အစိုးရဆောက်ထားသည့် အဲသည်အုတ်တိုက်ကြီးဆီ သူကိုယ်တိုင်က သွားချင်နေသည့်ပမာ ဟန်ဆောင်ပြောဆိုနေခဲ့သည်။ အဲသည်မှာ တခြား သူ့လို အဘိုးကြီး အဘွားကြီးတွေ အများကြီးရှိသည်။ အဲသည်မှာ အစစအရာရာကလည်း အားလုံး အကောင်းဆုံးတွေချည်း စသဖြင့်။



"ဟုတ်တယ်၊ စောင်က အတော်ကောင်းတယ်" ပီတာက ပြောပြီး အိမ်ထဲ ဝင်သွားသည်။ သူက ငိုတတ်သည့် အမျိုးအစားထဲက မဟုတ်ပါ။ ပြီးတော့ သူ့အရွယ်က ငိုရမည့် အရွယ်မှ မဟုတ်တော့တာ။ သူ အများကြီး ကြီးနေပြီပဲ။ ဘိုးဘိုး၏ တယောကို ယူရန်အတွက်သာ အိမ်ထဲသို့ သူဝင်ခဲ့ခြင်း ဖြစ်သည်။

သူ့ထံက တယောကို လှမ်းယူတော့ အဘိုးပေါင်ပေါ်က စောင် အောက်သို့ လျှောကျသည်။ သည်ညက သူတို့မြေးအဘိုး အတူနေရမည့် နောက်ဆုံးည။ ဘိုးဘိုးတို့ခေတ်က တေးသီချင်းလေးတွေ တီးပြစမ်းပါဟု ပူဆာနေဖို့မလိုတော့။ အဘိုးက တယောကို နည်းနည်းလေး အသံစမ်းကြည့်သည်။ ပြီးတော့၊ "မင်းအမြဲတမ်း သတိရနေမယ့် တေးလေးတစ်ပုဒ် ထိုးပြမယ်ကွ" ဟု ဆိုသည်။

လကသာသာ။ လေပြည်လေညင်းလေးကလည်း တိုက်ခတ်လျက်ရှိသည်။ ဘိုးဘိုး၏ တယောသံကို နောင် ပီတာ ကြားရမည် မဟုတ်တော့၊ ဖေဖေကလည်း အိမ်သစ်ကိုပြောင်းဖို့ ပြင်နေပြီ။ ဘိုးဘိုးမရှိဘဲ သူ မနေခဲ့ချင်။

တေးသွားက ပြောင်းသွားသည်။ "နည်းနည်းပိုမြူးတာလေး" တဲ့။ ဘိုးဘိုးက ဆိုသည်။ ပီတာ ညဥ့်အမှောင်ထဲကို ငေးကြည့်နေမိသည်။ အဖေက ဟိုမိန်းမနှင့်ယူတော့မည်။ အဲသည်မိန်းမက သူ့ကိုနမ်းပြီး ပလိပလာတွေ ပြောသေးသည်။ သူ့အတွက် မိခင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါမည်တဲ့။ သူက

www.burmeseclassic.com

www.burmeseclassic.com



ရန်းသလို တစ်ကိုယ်လုံး တွန့်ပစ်လိုက်တော့ ကုလားထိုင်ပင် ကျွိခနဲ မြည်သွားသည်။

တယောသံက ရုတ်တရက် ရပ်သွားသည်။ "ဒီ တေး သွားက ကဖို့အတွက်လောက်ပဲ ကောင်းတာ" အဘိုးက ဆို သည်။ ပြီးတော့မှ ဆက်ပြောသည်။ "မင်းအဖေ လက်ထပ်မယ့် အမျိုးသမီးက သဘောကောင်းပါတယ်ကွ၊ မိန်းမ ငယ်ငယ် ချောချောနဲ့ဆိုတော့ သူလဲပြန်ပြီး နုပျိုသွားမှာပေါ့၊ ဘိုးဘိုးလို အဘိုးကြီးက ဒီမှာဆက်နေရင် သူတို့ကြားထဲ အနှောင့်အယှက် ဖြစ်နေမှာ၊ နောက်ကျတော့ ကလေးတွေ မွေးလာဦးမယ်။ ကလေးတွေ တစ်ချိန်လုံး ငိုနေရင်လဲ အဘိုးက မကြိုက်ဘူးကွ၊ ကိုယ့်ဘာသာ တခြားသွားနေတာပဲ ကောင်းတယ်၊ အခုလိုပေါ့၊ ကဲ နောက် တစ်ပုဒ်နှစ်ပုဒ်လောက်ပြီးရင် အိပ်ရာဝင်ကြရအောင် ကွာ၊ ဒါလေး နားထောင်ကြည့်စမ်းပါဦး၊ နည်းနည်းတော့ လွမ်းစရာလေးကွ၊ ဒီညမျိုးနဲ့ လိုက်တာပေါ့"

လူနှစ်ယောက် အိမ်အဝင်လမ်းကြောင်လေးအတိုင်း လျှောက်လာကြတာ သူတို့ မကြားမိကြ။ ပီတာ့အဖေ၏ လက် တစ်ဖက်က ဟိုမိန်းမကို ဖက်ထားသည်။ အမျိုးသမီးမျက်နှာက တောက်တောက်ပပ။ သို့သော် ပျော့ပျောင်းမှု မရှိ။ ကစားစရာ အရုပ်မနှင့်တူသည်။ အဲသည် မိန်းမရယ်သံကို သူတို့နှစ်ယောက် လုံး ကြားလိုက်ရသည်။ ရုတ်တရက် တယောက လက်ကွက် မှားပြီး ရပ်သွားသည်။

ပီတာ့အဖေက ဘာစကားမှမဆို။ ဟိုမိန်းမကတော့



ဘိုးဘိုးဆီသွားပြီး အသံချိုချိုနှင့် စကားပြောသည်။ "မနက်ဖြန် အဖေသွားတဲ့အချိန် ကျွန်မ ရှိမှာမဟုတ်လို့ အခုလာပြီး နှုတ်ဆက် တာ"

"ဝမ်းသာပါတယ်ကွယ်" အဘိုးက မျက်လွှာအောက် ချ၍ ဆိုသည်။ အဲသည်အခိုက် ခြေရင်းမှာ ကျနေသည့်စောင်ကို မြင်သွားကာ ကောက်ယူသည်။ "ဒီမှာ ကြည့်စမ်းပါဦးကွဲ့" အဘိုးက အနေရခက်ဟန်ဖြင့် စကားရှာ၍ပြောသည်။ "ကောင်း လိုက်တဲ့ စောင်၊ သားက အဖေသွားရင် ယူသွားဖို့ ပေးထားတာ"

"ဟာ၊ စောင် သိပ်ကောင်းပါလား" အမျိုးသမီးက ဆို သည်။ သိုးမွေးသားကို ပွတ်သပ်ကြည့်ပြီး အလန့်တကြား ပြော ပြန်သည်၊ "အရမ်းကောင်းပါလား"။ ထို့နောက် ပီတာ့အဖေ ဘက်လှည့်ပြီး ရန်တွေ့ချင်သည့် လေသံမျိုးနှင့်ပြောသည်။ "ရှင် ဒီစောင်ဝယ်တော့ ပိုက်ဆံ အများကြီး ပေးရမှာပေါ့"

"ကိုယ့်အဖေကို အကောင်းဆုံးပဲ ပေးလိုက်ချင်တယ် ကွာ" ပီတာ့အဖေက လေသံပျော့နှင့် ဖြေသည်။

အမျိုးသမီးက သည်အတိုင်း ရပ်နေသည်။ သူ့အာရုံက စောင်မှမခွာ။ "ကြည့်စမ်း၊ နှစ်ယောက်ခြုံစောင်ကြီးပါလား"

"ဟုတ်တယ်၊ နှစ်ယောက်ခြုံစောင်" အဘိုးကဆိုသည်။ "အိမ်က သွားတော့မယ့် အဘိုးကြီးတစ်ယောက်အတွက် သိပ် ကောင်းတဲ့ စောင်ပေါ့"

ရုတ်တရက် ကောင်လေးအိမ်ထဲဝင်သွားသည်။ ဟို မိန်းမက အဖေ့ကို အပြစ်တင်နေသံတွေ သူကြားသည်။ အဖေက

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်စထက်တစ်စ စိတ်တိုလာနေတာ သူသိနေသည်။ သူ့အဖေက သည်လိုပဲ၊ ဒေါသအထွက်နှေးသည်။ ဟိုမိန်းမ ဆူဆူပူပူ ဆောင့်ဆောင့်အောင့်အောင့် လုပ်ပြီး ထွက်သွားပြီ။ ပီတာ အပြင်ထွက်လာသည်။ ဟိုမိန်းမက နောက်ဘက်လှည့်ပြီး လှမ်းအော်ပြောသေးသည်။ "ရှင် ဘာမှပြောမနေနဲ့၊ နှစ်ယောက်ခြုံစောင် လုံးဝမလိုဘူး"။ ပြီးတော့ ဆက်လျှောက်ထွက်သွားသည်။

အဖေက ဘာလုပ်ရမည်လဲ မဆုံးဖြတ်နိုင်သည့်ဟန်ဖြင့် သူမ နောက်ကို လိုက်ကြည့်နေသည်။

"သူပြောတာ မှန်တယ်" ကောင်လေးက အေးစက်စက်လေသံဖြင့် ပြောသည်။ "ဒီမှာ အဖေ" သူက သူ့အဖေလက်ထဲ ကတ်ကြေး ထိုးပေးသည်။ "စောင်ကို နှစ်ပိုင်းဖြတ်လိုက်ပါ"

လူကြီးနှစ်ယောက် သူ့ကို ငေးကြည့်ကြသည်။ "နှစ်ပိုင်းပိုင်းလိုက်ပါ" သူက ထပ်ပြောသည်။ "ပြီးရင် ကျန်တဲ့တစ်ပိုင်းကို သိမ်းထား"

"ဟုတ်တယ်၊ ဒီအကြံ မဆိုးဘူး" အဘိုးက ဆိုသည်။ "အဖေလ် ဒီလောက်အကြီးကြီး မလိုပါဘူး"

"ဟုတ်တယ်" ကောင်လေးအသံက ပြတ်ပြတ်တောင်းတောင်း။ "အဘိုးကြီးတစ်ယောက်ကို တခြားမှာ သွားနေဖို့ပို့တာ စောင်အကြီးကြီး မလိုဘူး၊ တစ်ယောက်ခြုံစောင်ရရင် လုံလောက်တယ်၊ နောက်တစ်ပိုင်းကို ကျွန်တော်တို့ သိမ်းထားရမယ်အဖေ၊ လိုလာတဲ့အခါ အဆင်သင့်ရှိအောင်"

"မင်း ဘာဆိုချင်တာလဲ" အဖေက မေးသည်။



"ကျွန်တော် ဆိုချင်တာက ..." ကောင်လေးက အေးအေးဖြည်းဖြည်း ပြောသည်။ "အဖေ အသက်ကြီးလာလို့ ကျွန်တော် အဖေ့ကို တခြားပို့ရတဲ့အခါ အဲဒါပေးဖို့လိုမှာလို့ ဆိုချင်တာ"

အားလုံး တိတ်ဆိတ်သွားကြသည်။ ထို့နောက် အဖေက အဘိုးရှေ့နား တိုးသွားပြီး ငြိမ်၍ ရပ်နေသည်။ သူ့နှုတ်က ဘာစကားမှ ထွက်မလာ။ သို့သော် အဘိုး နားလည်သည်။ အဘိုး သူ့သားလက်ကို လှမ်းကိုင်သည်။

"ဘာမှ စိတ်မကောင်းမဖြစ်နဲ့သား၊ သား ခံစားချက်တွေ အဖေ နားလည်ပါတယ်"

အဲသည်နောက် ပီတာငိုသည်။ သို့သော် ငိုသည့်ကိစ္စ ဘာမှပြောစရာ မလိုပါ။ အကြောင်းမူ သူတို့သုံးယောက်လုံး အတူငိုနေကြပြီ ဖြစ်သောကြောင့်ပါတည်း။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဝန် ပါဝင်ခဲ့ရသော*

"မဖြစ်ဘူး ဒေါက်တာ၊ မဖြစ်ပါဘူး၊ ကျွန်မ ဘယ်နည်းနဲ့မှ ကလေးယူလို့ မဖြစ်ပါဘူး"

အချိန်က ညနေလေးနာရီ။ လူနာကြည့်၍ အကောင်းဆုံး အချိန်မျိုးဖြစ်သည်။ ကျွန်တော့်အား အကျောက်အကန် ပြောနေသည့် အမျိုးသမီးမှာ အရပ်အမောင်းကောင်းကောင်း၊ ရုပ်ရည်ချောမော၍ ခေတ်ဆန်သားနားသူတစ်ဦး ဖြစ်သည်။ မီးခိုးရင့်ရောင် ဝတ်စုံကို ဝတ်ထားပြီး အနက်ရောင် ဦးထုပ်လှလှလေးတွင်မူ အဖိုးတန် စိန်ကလစ်တစ်ချောင်း ထိုးထား၏။

---

* A.J.Cronin  Adventures in Two Worlds

www.burmeseclassic.com

www.burmeseclassic.com



သူမအား စမ်းသပ်စစ်ဆေးပြီးနောက် ကျွန်တော်က လက်ကို စနစ်တကျ ဆေးကြောသုတ်သင်ကာ ခြောက်သွေ့အောင် သုတ်သည်။ ပြီးလျှင် လက်သုတ်အဝတ်ကို ပြန်ထားလိုက်ပြီးနောက် သူမဘက်သို့ ကျွန်တော်လှည့်သည်။

"မဖြစ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်က နည်းနည်းနောက်ကျသွားပြီ ခင်ဗျ၊ ဒီကိစ္စကို အရင်နှစ်လကျော်လောက်က စဉ်းစားခဲ့ဖို့ကောင်းတာ၊ အခုတော့ ကိုယ်ဝန်က ကိုးပတ်ရှိနေပြီ၊ ခင်ဗျားကလေးဟာ ဇူလိုင်အလယ်လောက် မွေးလိမ့်မယ်"

"မွေးလို့ ဘယ်ဖြစ်မလဲ ဒေါက်တာ၊ ကျွန်မကို ကူညီပါ ဆရာ၊ ဆရာ ကူညီမှ ဖြစ်မယ်"

သည်စကားမျိုး ကျွန်တော် ကြားဖူးပေါင်းများလှချေပြီ။ ဒုက္ခရောက်လာသည့် အရောင်းဈေးသည်မလေးများထံမှ ထိတ်ထိတ်ပျာပျာ ကြားရဖူးသည်။ အရုပ်ကြီး ရုပ်နေသည့် အသက်သုံးဆယ့်ငါးနှစ်အရွယ် အပျိုကြီး၏ နှုတ်မှ သူမ သစ္စာအဖောက်ခံခဲ့ရကြောင်း ရှေးပြဇာတ်ထဲက မင်းသမီးလေး၏ လေသံမျိုးဖြင့် တုန်တုန်ရီရီပြောသည်ကို ကြားရဖူးသည်။ ကျွန်မ အနုပညာဘဝ ဘယ်နည်းနဲ့မှ အပျက်စီးမခံနိုင်ဘူးဟု နှာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ယောက်က မာနတင်းတင်းနှင့် ပြောသည်ကိုလည်း ကြားခဲ့ရဖူးသည်။ ထို့ပြင်လည်း ကလေးမွေးချိန် ဗိုက်နာရမှာကြောက်လှပါသည်၊ ကိုယ်ကာယ အလှပျက်မှာ၊ ကျန်းမာရေးထိခိုက်မှာ၊ အသက်အန္တရာယ်ဖြစ်မှာတွေကို စိုးရိမ်လှပါသည် ဆိုသော မိခင်မေတ္တာနည်းပါးသည့် ဇနီးမယားများ၊ ခင်ပွန်းသည်



၏အချစ် လက်လွှတ်ဆုံးရှုံးခံရမှာ ကြောက်လှပါသည်ဟု ပလီပလာ ဆိုလာသူများ စသည်ဖြင့် အမျိုးမျိုး အပြားပြားသော ဆင်ခြေများနှင့် ပြောကြားသည်ကို ကျွန်တော် ကြားခဲ့ရဖူးပါသည်။

သို့သော် ယခုကိစ္စကတော့ နည်းနည်းပို၍ ထူးခြားသည်။ လူနာအမျိုးသမီး ဘီယားထရစ် ဂလင်ဒင်းနင်းက ကျွန်တော်နှင့် ရင်းနှီးခင်မင်သူ ဖြစ်သည်။ သူမ၏ခင်ပွန်းဟင်နရီနှင့် သူမ၏ လူလားမြောက်နှင့်ပြီဖြစ်သော သားနှစ်ယောက်ပါ ကျွန်တော်နှင့် ရင်းနှီးကြသည်။ သူတို့မိသားစုက ချမ်းသာကြွယ်ဝသည်။ နိုက်တ်(စ)ဘရစ်ချ်မှာ အိမ်တစ်လုံးရှိသည်။ ဟင့်(ပ)ရှိုင်းယားမှာလည်း ကျယ်ဝန်းသော ခြံမြေတစ်ခုရှိသည်။ ဟင့်(ပ)ရှိုင်းယားခြံမှာ ငှက်ပစ်၍ ကောင်းလှသည်။ ရစ်တွေ ပေါသည်။ စနေ တနင်္ဂနွေ အားရက်များမှာ ကျွန်တော် ကြိမ်ဖန်များစွာ သွားရောက်လည်ပတ်ခဲ့ဖူးသည်။

"ဒီမှာဒေါက်တာ ... ပိုက်ဆံသက်သက်တင် မဟုတ်ပါဘူး၊ ဒီကိစ္စ ကျွန်မ ရင်းပစ်မှဖြစ်မယ်၊ အဲဒီအတွက် ကျွန်မ ဘာပဲပေးရ ပေးရ ပေးမှာပါ"

သူ့စကားက အဓိပ္ပာယ်ကောက်လွဲစရာ အကြောင်းမရှိပါ။ စင်စစ် နောက်ပိုင်းတွင် ပြဿနာတွေ မျိုးစုံတက်လာမည့် အလားတူ ကမ်းလှမ်းချက်မျိုးတွေကို ကျွန်တော် ကြုံခဲ့ဖူးပြီး ဖြစ်သည်။ သို့သော် ဒီလောက် ပြောင်ကျကျကြီးတော့ မဟုတ်။ တစ်ခါတုန်းကလည်း ဖက်ရှင်ဝတ်စုံလောကမှ အမျိုးသမီးလေးတစ်ယောက်နှင့် ကြုံရဖူး၏။ အခြားသော သူတစ်ယောက်နှင့် ဖောက်ပြားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားနှင့်ကွဲခဲ့သည့် ပြင်သစ်မလေး။ ညို့ယူဖမ်းစားတတ်သောမျက်နှာနှင့် ယဉ်ကြော့ကြော့ သွယ်လျလျ ကိုယ်ကာယပိုင်ရှင်လေး။ လုပ်သည့် သူ့မျက်ဝန်းထဲမှာ မျက်ရည်ဥကြီးတွေ တွဲခိုလျက်၊ သူက အတင်းရှေ့တိုးကာ ကျွန်တော့်လက်နှစ်ဖက်ကို ဆုပ်ကိုင်မည်ပြုသည်။

စင်စစ်ဆရာဝန်များသည်လည်း လူသားများသာ ဖြစ်သည်။ အခြားယောက်ျားများနည်းတူ သဘာဝစိတ်ကို ခံယဉ်းစွာ ချိုးနှိမ်ကြရသောသဘော ရှိပါသည်။ သို့သော် လူမှုကျင့်ဝတ်များကို ထားဦးတော့၊ သာမန်ကျိုးကြောင်းဆင်ခြင်ဉာဏ်သက်သက်ဖြင့်ပင် ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းနိုင်ခဲ့မြဲ ဖြစ်ပါသည်။ ဆရာဝန်တစ်ဦးသည် ကိုယ်ဝန်ဖျက်ချသောအလုပ်ကို တစ်ကြိမ်တစ်ခါ လုပ်ပေးမိသည်ဆိုလျှင်ပင် သူ၏လုပ်ငန်းမှာ ပြန်၍ အဖတ်ဆယ်မရအောင် ပျက်စီးသွားတော့မည် ဖြစ်သည်။

သို့သော် ကျွန်တော်တို့အနီးဝန်းကျင်၌ပင် သည်ကိစ္စကို တိုးတိုးတိတ်တိတ် လုပ်ကိုင်နေကြသူတွေ အများအပြား ရှိနေသည်။ ယောက်ျားလည်းရှိသည်။ မိန်းမလည်းရှိသည်။ အန္တရာယ်များလှသည့် ထိုအလုပ်ကို အခကြေးငွေ မတန်တဆယူကာ လျှို့လျှို့ဝှက်ဝှက် လုပ်ကိုင်ပေးနေကြသည်။ သို့သော် သူတို့အတွက် ကံဆိုးမိုးမှောင်ကျသည့် တစ်နေ့ကား မလွဲမသွေရောက်ရှိလာမည်သာ ဖြစ်သည်။ ဒုက္ခသည်မလေးတစ်ယောက်တလေ သေဆုံးသွားသည့်ကိစ္စမျိုးမှ စတင်ကာ ဟိုလေးတကျော်ဖြစ်ပြီး အခြေအနေအားလုံး ပျက်စီးသွားရမည်၊ နှစ်ရှည်လများ ထောင်



ကျခံရမည် ဖြစ်သည်။

ကျွန်တော့်ထံ ရောက်ရှိလာသည့် ဖော်ပြခဲ့သည့် လူနာမျိုးများမှာ သည်ကိစ္စကြီး ပြီးလျှင်ပြီးရော ဟူသောသဘောမျိုးဖြင့် မျက်ကန်းတစ္ဆေမကြောက် ရောက်လာကြခြင်း ဖြစ်သည်။ စင်စစ်ယင်းသို့ တိတ်တိတ်ကျိတ်၍ ကိုယ်ဝန်ဖျက်ချခြင်းကြောင့် မည်မျှဆိုးဝါးသော ဘေးအန္တရာယ်များ ပေါ်ပေါက်နိုင်သည်ကိုမူ စဉ်းစားသိမြင်သူ အလွန်နည်းပါးလှသည်။ ပစ္စည်းပစ္စယ ပြည့်စုံသည့် ဆေးရုံ၌ ကျန်းမာရေးဆိုင်ရာ လုပ်သင့်လုပ်ထိုက်သည့်အကြောင်းကြောင့် တရားဝင်လုပ်ကိုင်ရသည့် အခါမျိုး၌ပင် အန္တရာယ်က အနည်းနှင့်အများ ရှိပေသေးသည်။ အိမ်နောက်ဖေးဘက်အခန်းများတွင် မကျွမ်းကျင်သူ အကြင်နာတရားမရှိသူတို့က မသန့်ရှင်းသောပစ္စည်းများဖြင့် လုပ်ကိုင်ကြသည့်အခါမျိုးတွင်မူ သွေးလွန်ခြင်း၊ ရောဂါပိုးဝင်ခြင်း၊ ဝမ်းတွင်းမြွေး ရောင်ရမ်းခြင်း စသည့် နောက်ဆက်တွဲဖြစ်ရပ်များ မလွဲမသွေ ပေါ်ပေါက်လာရသည်။

အချို့သူများမှာလည်း ဖြစ်နိုင်မည် ဆင်ရသည့် မဟုတ်ကဟုတ်က နည်းလမ်းမျိုးစုံကို မကြောက်မရွံ့လုပ်ကိုင်ခဲ့ကြပြီးဖြစ်ကြောင်း သူတို့ကိုယ်တိုင်၏ ဖွင့်ဟပြောဆိုချက်များအရ သိရှိရသည်။ အလွန်ပူပြင်းသော ရေနွေးထဲတွင် စိမ်၍ ရေချိုးခြင်းမှသည် လှေကားပေါ်မှ လေးဖက်ထောက်၍ နောက်ပြန်ဆင်းသည်ဆိုသည်မျိုးအထိ မျိုးစုံကြားရဖူးသည်။ ကြံရာမရဖြစ်ကာ ပြောသံကြားဖူးသမျှကို လိုက်၍ လုပ်ကိုင်ကြသူများမှာ တစ်ခါတစ်ရံ ငိုအားထက် ရယ်အားသန်စရာပင် ကောင်းလှသေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အထဲတွင် တကယ်ပင် သနားကရုဏာသက်စရာ ကောင်းသူ ကူညီဖေးမမှု လိုအပ်နေသူများလည်း ရှိကြပါသည်။ သူတို့အား ကျွန်တော် တတ်နိုင်သမျှ ဖေးမကူညီမှု ပြုခဲ့ပါ၏။ သို့သော် ကျွန်တော့်အကူအညီကား အကြံဉာဏ်ကောင်းပေးခြင်း မျှသာ ဖြစ်သည်။ သည့်ထက် လုံးဝမပိုခဲ့။

ဘီယားထရစ်ကား မျက်ကလဲဆန်ပြာဖြစ်တတ်သည့် မိန်းမမျိုး၊ အသိဉာဏ်ခေါင်းပါးသည့် မိန်းမမျိုး မဟုတ်ပါ။ စိတ်ဓာတ်ကြံ့ခိုင်သူ ဉာဏ်ပညာ ဗဟုသုတရှိသူတစ်ဦးဖြစ်သည်။ အထက်တန်းအကျဆုံး အသိုင်းအဝိုင်းထဲတွင် လေးစား အသိအမှတ် ပြုမှု ခံရသူတစ်ဦးလည်း ဖြစ်သည်။

ယခုအခြေအနေတွင် ကျွန်တော့်ဘက်က လုပ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းကား သူ့စကားကို မသိကျိုးကျွန် ပြုရန်သာပဲ ဖြစ်သည်။ သို့နှင့် ကျွန်တော်က အကျိုးသင့်အကြောင်း သင့် နှစ်သိမ့်ပြောဆိုသောသဘောဖြင့် ပြောရသည်။

"ဟုတ်တာပေါ့ဗျာ၊ သားနှစ်ယောက်ကလဲ အရွယ်ရောက် နေပြီဆိုတော့ နည်းနည်း ကသိကအောက်ဖြစ်စရာတော့ ရှိနေ တာပေါ့ဗျာ၊ လန်ဒန် အလည်သွားမယ့်ခရီးလည်း ပျက်သွားနိုင် တာပေါ့၊ ဒါပေမဲ့ ဟင်နရီကတော့ ဝမ်းသာမှာပေါ့ဗျာ"

"အိုရှင်... ဒေါက်တာကလဲ နားလေးမနေစမ်းပါနဲ့၊ ဟင်နရီက ကလေးအဖေ မဟုတ်ဘူးရှင့်"

သည်အတိုင်းဖြစ်နိုင်သည်ဟူ၍တော့ ကျွန်တော် တစ်ဝက် တစ်ပျက် မျှော်လင့်ထားပြီးဖြစ်၏။ သို့သော် သူ့နှုတ်က ဖွင့်ပြော



သည့်စကားကို ကြားရသည့်အခါမှာတော့ ကျွန်တော် ဘာမှပင် ပြန်မပြောနိုင်အောင် ဖြစ်သွားရသည်။

ဟင့်(ပ)ရှိုင်းယားသို့ ကျွန်တော်ရောက်တိုင်းပင် သူတို့ မိသားစုတစ်ပိုင်းလို ဖြစ်နေသည့် ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရ လေ့ရှိခဲ့သည်။ သူက ဟင်နရီ၏ မိတ်ဆွေအရင်းအချာ တစ် ယောက်ဖြစ်၍ ငါးမျှားဖက် အမဲပစ်ဖက်လည်း ဖြစ်သည်။ လူက ပျော်ပျော်ပါးပါး နေတတ်သလို သဘောကောင်းသလို ဘာလို ပုံစံမျိုးဖြစ်၏။ ကျွန်တော်ကမူ လူပုံကို မြင်သည်နှင့်ပင် အလိုလို ခနှစ်မြို့ ဖြစ်မိသည်။ ဟင်နရီ၏ဇနီးနှင့် ၎င်းတို့ ရင်းနှီးလွန်း ကြောင်းကား သိသာထင်ရှားလှသည်။

"အင်း၊ ပြဿနာပဲပေါ့လေ၊ ဒါပေမဲ့ ကျွန်တော်ကတော့ ဘာမှ တတ်နိုင်မယ် မထင်ဘူးဗျာ"

"ဆရာ ကျွန်မကို မကူညီတော့ဘူးလားဟင်"

"ကျွန်တော် မတတ်နိုင်ပါဘူးဗျာ"

ခဏမျှ ငြိမ်သက်သွားသည်။ သူမပါးပြင်မှာ သွေးရောင် လျှမ်းလာတာ မြင်ရသည်။ ထို့နောက် ဒေါသရောင်တောက်သော မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်သည်။ လက်အိတ်ကို စွပ် သည်။ လက်ကိုင်အိတ်ကို ကောက်ကိုင်သည်။

မိန်းမတစ်ယောက်အား ငြင်းပယ်လိုက်ခြင်းသည် တစ် သက်တာအတွက် ရန်သူတစ်ယောက် မွေးလိုက်ခြင်းပင် ဖြစ် သည်။

"ကောင်းပါပြီ ဒေါက်တာ၊ နောက်ထပ် ဘာမပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ဘူးပေါ့”

“ခင်ဗျား မသွားခင် တစ်ခုတော့ ပြောချင်တယ် … ရမ်းကုတစ်ယောက်လက်ထဲတော့ ခင်ဗျားကိုယ်ခင်ဗျား မအပ်လိုက်ပါနဲ့၊ နောက်တော့မှ နောင်တရမိလိမ့်မယ်”

သူက ကျွန်တော့်စကားကို ကြားဟန်မရှိ။ ဘာတစ်ခုမျှ မပြောတော့ဘဲ အခန်းထဲမှ တစ်ရှူးထိုး ထွက်သွားသည်။

သည်အတွေ့အကြုံအတွက် ကျွန်တော့်ရင်ထဲတွင် အော်ဂလီဆန်ချင်သလို ဖြစ်သွားမိသည်။ စိတ်က တကယ်ပင် မသက်မသာ ခံစားရမိသည်။ ကျွန်တော့်အဖို့ ဖောက်သည်ကောင်းတစ်ယောက် လက်လွှတ်လိုက်ရသလို သဘောကောင်းသော အိမ်ရှင်မတစ်ယောက် ဆုံးရှုံးခံလိုက်ရခြင်းလည်း ဖြစ်၏။ ထို့ပြင် နှစ်စဉ် ဆောင်းဦးပေါက်တိုင်း ကျွန်တော် ရနေကျဖြစ်သည့် ရစ် အဖိုးအမ ခြောက်စုံခန့်ကိုလည်း သည်နှစ် ရနိုင်မည် မဟုတ်တော့။

မစ္စစ်ဂလင်ဒင်းနင်းကို ကျွန်တော် နောက်ထပ်တွေ့ရလိမ့်မည်ဟု မမျှော်လင့်တော့ပါ။

သို့သော် ကျွန်တော် ဘယ်လောက်လွဲလိုက်ပါသနည်း။ ထို မိန်းမ၏ တားဆီးမရနိုင်သည့် စိတ်ဓာတ်ကို ကျွန်တော် လုံးဝ အကဲမခတ်တတ်ခဲ့ချေတကား။

နောက် ဆယ်ရက်ခန့်အကြာတွင်ပင် ကျွန်တော့်ထံသို့ တယ်လီဖုန်းလာသည်။ ဆက်သူက ဂလင်ဒင်းနင်း ဖြစ်သည်။ ဘီယားထရစ်သည် အအေးမိပြီး ဖျားနေကြောင်း၊ သာမန်မဟုတ် အလွန်ဆိုးသည့် တုပ်ကွေးဖျားဖြစ်ကြောင်း ပြောဆိုပြီး ကျွန်တော့်



အား ကျေးဇူးပြု၍ အမြန်ဆုံး နိုက်တ်(စ)ဘရစ်ချ်သို့ ကြွရောက်ကြည့်ရှုပေးပါဟု မေတ္တာရပ်ခံလာလေသည်။ ဆက်ဆံရေး မပျက်သေးသည့်အတွက် ကျွန်တော် ဝမ်းသာသွားမိပြီး နောက်တစ်နာရီခန့်အတွင်းမှာပင် ဂလင်ဒင်းနင်းတို့၏ မြို့ပိုင်းနေအိမ်သို့ ကျွန်တော် အရောက်သွားခဲ့သည်။

ကျွန်တော့်အား ဘီယားထရစ်၏အခန်းသို့ တစ်ခါတည်း ခေါ်ဆောင်သွားသည်။ လူနာခန်းဆောင်တွင် သူနာပြုတစ်ယောက် ရှိနေသည်။ လူလတ်ပိုင်းအရွယ် တုတ်တုတ်ခိုင်ခိုင် မိန်းမတစ်ယောက်။ မျက်နှာရိပ် မျက်နှာကဲ ကြည့်ရသည်မှာ စိတ်မချမယုံကြည့်ချင်စရာ။

လူနာက ခုတင်ပေါ်မှာ ပက်လက်ကလေး။ ရုတ်တရက် လှမ်းမြင်လိုက်ရသည့်အခိုက်မှာပင် ကျွန်တော် မျှော်လင့်ထားသည်ထက် အများကြီး ပို၍ နေမကောင်းဖြစ်နေသည်ကို သတိပြုမိလိုက်သည်။ လူတစ်ကိုယ်လုံး ကြောက်စရာကောင်းလောက်အောင် သွေးဆုတ်သလို ဖြစ်နေသည်။ နှုတ်ခမ်းတွေက ဖွေးဖွေးလှုပ်လျက်။ ပြီး အပျင်းဖျားနေသည့် လက္ခဏာများလည်း အပြည့်အဝ ရှိနေသည်။

ကျွန်တော် ဇဝေဇဝါ ဖြစ်သွားသည်။ အပေါ်က ခြုံလွှာကို ဆွဲခွာကြည့်လိုက်သည့်အခါ၌မူ အဖြစ်မှန်က ဘွားခနဲ ပေါ်လာသည်။ ဟိုကိစ္စလုပ်ထားပြီး ဖြစ်နေပြီ။ မတတ်တတတ် ပစ်စလက်ခတ်လုပ်ထားခြင်း ဖြစ်သည်။ မသန့်ရှင်းသဖြင့် ပိုးဝင်ကာ အကြီးအကျယ် မန်းတက်လျက်ရှိပြီး သွေးဆင်းနေသည်မှာလည်း

www.burmeseclassic.com



အနည်းဆုံး ၁၂နာရီမျှ ကြာခဲ့ပြီ ဖြစ်သည်။

"ကျွန်မ အားလုံးအဆင်သင့်ပြင်ထားပါတယ် ဒေါက်တာ" သူနာပြုအမျိုးသမီးက ကျွန်တော့်အား ခံစားချက်ကင်းသည့် လေသံဖြင့် ပြောပြီး ဂွမ်းတို့ဖတ်နှင့် ဆေးဝတ်စများ ထည့်ထားသည့် ဇလုံကို ပေးသည်။

ကျွန်တော် ရုတ်တရက် အကြီးအကျယ် ဒေါသထွက်ကာ ဆတ်ခနဲ နောက်ဆုတ်လိုက်မိသည်။ အခန်းထဲမှ ချက်ချင်း ထွက်သွားချင်စိတ် ပေါက်သွားသည်။ သို့သော် အဘယ်မှာ ထိုသို့လုပ်နိုင်ပါမည်နည်း။ လူနာက အချိန်မရွေး အသက်ဆုံးရှုံး သွားနိုင်သည့် အခြေအနေမှာ ရှိသည်။ သည်မိန်းမမိုက်အတွက် ကျွန်တော် တစ်စုံတစ်ခု လုပ်မှဖြစ်တော့မည်။ ကျွန်တော့် ကျကျ နနကြီး ချောင်ပိတ်အဖမ်းခံလိုက်ရခြင်း ဖြစ်သည်။

ကျွန်တော် လုပ်စရာရှိတာတွေ စ လုပ်သည်။ ကျွန်တော့် နည်းလမ်းက သိပ်ညာညာတာတာလည်း လုပ်၍မရ။ သို့သော် သူမက လုံးဝ ညည်းညူခြင်း ငြင်းဆန်ခြင်း မပြု။ အပြင်းထန်ဆုံး ဝေဒနာကိုပင် ကြိတ်မှိတ်မျိုသိပ်ခံရှာသည်။ သွေးဒလဟော ဆင်းနေခြင်းကို ထိန်းလိုက်နိုင်ပြီးသည့်အခါ၌ ကျွန်တော် အိမ် ပြန်ဖို့ ပြင်ဆင်သည်။

လူနာက ကျွန်တော် လုပ်ကိုင်နေစဉ်တစ်လျှောက်လုံး ကျွန်တော့်မျက်နှာကိုသာ မခွာတမ်း စိုက်ကြည့်နေခဲ့သည်။ ယခု ကျွန်တော် ပြန်တော့မည်ဆိုတော့မှ သူက လေသံသဲ့သဲ့လေးဖြင့် ကြိုးစားအားယူ၍ ပြောသည်။



"ဒေါက်တာ ကျွန်မဖြစ်တာ တုပ်ကွေးနော်၊ ဟင်နရီက တုပ်ကွေးလို့ပဲ သိထားတယ်၊ ညဘက်လဲ လာပါဦး ဒေါက်တာ"

အောက်ထပ်စာကြည့်ခန်းထဲတွင် ဟင်နရီက ကျွန်တော့် အား ရှယ်ရီတစ်ဖန်ခွက်နှင့် အသင့်စောင့်နေသည်။ ဇနီးသည် အတွက် စိုးရိမ်သောက ရောက်နေသည့် ကြားကပင် ထုံးစံအတိုင်း ဖော်ဖော်ရွေရွေ ဧည့်ဝတ်ကျေနေပေသေးသည်။ လူက သေးသေး ကွေးကွေး၊ ဟိတ်ဟန်မရှိ၊ ရက်ရွဲ့တတ်သည့် အမူအရာမျိုးသာ ရှိ၏။ ဖခင်ထံမှ အမွေအမြောက်အမြားရခဲ့သူဖြစ်ပြီး၊ သူ့ချမ်းသာ ခြည်းစိမ်အများအပြားကို တစ်ပါးသူတို့၏ ပျော်ရွှင်မှုအတွက် သုံးစွဲနေသူလည်း ဖြစ်၏။ ရိုးသားပွင့်လင်း၍ ခင်မင်ကြင်နာဟန် ရှိသည့် သူ့မျက်နှာကို ကြည့်မိသည့်အခါ စောစောက ကျွန်တော် ပြောမည်ဟု စိတ်ကူးခဲ့သမျှ စကားတွေသည် နှုတ်ဖျားမှာပင် ချုပ်ငြိမ်းသွားခဲ့သည်။ သူ့ကို ကျွန်တော် မပြောနိုင်တော့။ ဘယ် နည်းနှင့်မျှ ပြောမထွက်နိုင်တော့။

"ဒီ တုပ်ကွေးဆိုတဲ့အကောင် အတော်ဆိုးတာဗျနော်"

ကျွန်တော် သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် ဟင်နရီ"

"အခု ကျွန်တော့်အမျိုးသမီး ဖြစ်တာလဲ တော်တော့်ကို ဆိုးတယ် ပြောရမှာပေါ့ဗျာ"

"ဟုတ်တယ်၊ ဆိုးတယ် ပြောရမှာပေါ့"

"သေသေချာချာ ကောင်းသွားတဲ့အထိ ကြည့်ပေးပါ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ခဏ ငြိမ်သက်နေသည်။

"ကြည့်ပေးပါ့မယ်ဗျာ၊ ကောင်းသွားတဲ့အထိ ကျွန်တော် ကြည့်ပေးပါ့မယ်"

ထိုနေ့ ညနေပိုင်းတွင် ကျွန်တော် တစ်ကြိမ်ထပ်ရောက်သည်။ နောက်ထပ် ဆယ်ရက်ခန့် နေ့စဉ် တစ်ရက်နှစ်ကြိမ် မှန်မှန်သွားကြည့်သည်။ လူနာအခြေအနေက နည်းနည်းမှ အတိမ်းအစောင်းမခံနိုင်သည့် အနေအထားမျိုးဖြစ်ရာ အမြဲသတိထား စောင့်ကြည့်နေရသည်။

ဟင်နရီ မသိအောင် ဖုံးကွယ်ရသည့်ကိစ္စတွင်မူ ကျွန်တော်လည်း ပါဝင်သွားခဲ့သည် ဟုဆိုရပါမည်။ သို့သော် တကယ့်လှည့်ကွက်များကိုကား ဘီယားထရစ်နှင့် သူနာပြုအမျိုးသမီးတို့က ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဟင်နရီဂလင်ဒင်းနင်းကား တစ်ချိန်လုံး အိမ်တွင်အတူနေကာ ညတိုင်းလည်း လူနာခန်းနှင့် ကပ်လျက်အခန်းတွင် အိပ်နေပါလျက် တကယ့်ရောဂါအစစ်အမှန်ကို တစိုးတစိမျှပင် မရိပ်စားမိခဲ့ချေ။ ပြော၍ယုံနိုင်စရာပင် မရှိ။ သို့သော် တကယ်မသိခဲ့သည်ကား အမှန်ပင် ဖြစ်သည်။

လကုန်ပိုင်းလောက်တွင် နောက်ဆုံးအခေါက်အဖြစ် ကျွန်တော် သွားရောက်ရသည်။ ဘီယားထရစ်က ထနိုင်နေပြီ။ ဓာပြုအနွားတပ် နှင်းဆီသွေးရောင် လက်ဖက်ရည်ပွဲဝတ်စုံကို ဆင်မြန်းကာ ဧည့်ခန်းဆိုဖာ၌ ထိုင်နေပုံမှာ အလုကျက်သရေဖြာဝေနေသကဲ့သို့ ရွှင်ပျလန်းဆန်းဟန်လည်း ပေါ်လွင်လှ၏။ တစ်ခန်းလုံးတွင်လည်း ပန်းတွေဝေ၍ နေပေသည်။ ဇနီးသည်



အား မြတ်နိုးမြဲ မြတ်နိုးဆဲဖြစ်သည့် ဟင်နရီကား အထူးဝမ်းသာရွှင်လန်းလျက်ရှိပြီး ကြင်နာယုယ၍ မဆုံးနိုင်အောင် ရှိနေတော့သည်။

လက်ဖက်ရည်ပွဲကို သပ်ရပ်သန့်ပြန့်သည့် အိမ်စေတစ်ယောက်က ယူဆောင်တည်ခင်းပေးသည်။ မျက်နှာကြောတင်းတင်းနှင့် သူနာပြုအမျိုးသမီးကား မရှိတော့တာ အတော်ကြာပြီဖြစ်၏။

ကိတ်မုန့်တစ်ချပ်ကို လက်ထဲတွင် တကိုင်ကိုင်လုပ်နေရင်း ဘီယားထရစ်က အလိုဆန္ဒပြည့်ဝသေးဟန်မတူသည့် မျက်လုံးများဖြင့် ကြည့်၍ပြောသည်။

"နောက်အပတ်ကျရင် ဟင်နရီက ကျွန်မကို မဒီရာကို ခေါ်သွားမယ်တဲ့ ဒေါက်တာ၊ သူက ကျွန်မအတွက် အပြောင်းအလဲတစ်ခုခု ရှိသွားအောင် လုပ်ပေးရမယ်တဲ့"

"ဟုတ်တယ်၊ ဒါလင့်မှာ လိုအပ်နေတာကိုး"

"ကျေးဇူးတင်ပါတယ် မောင်ရယ်"

ဘုရား ... ဘုရား ... တတ်လည်း တတ်နိုင်သည့် မိန်းမပါတကား။ သွေးအေးအေးနှင့် စနစ်တကျကြံစည်ကာ ပက်ပက်စက်စက် လိမ်လည်လှည့်ဖြားတတ်သော မိန်းမမျိုး၊ အလွန်တရာ သစ္စာမဲ့သော မိန်းမမျိုးပါတကား။

"ပထမတစ်ပတ်တော့ ကျွန်မတို့နှစ်ယောက်တည်း အတူတူ သွားမှာပါလေ" သူက လေသံချိုချိုဖြင့် ဆက်ပြောနေပြန်သည်။ "ဒုတိယ ပတ်ကျမှ ဟန်းနီးမွန်းပေါ့၊ နောက်တော့ ဂျော့ချ်လိုက်လာမယ်၊ သူ့ကိုတော့

www.burmeseclassic.com



ကျွန်မတို့ နှစ်ယောက်လုံး သိပ်ခင်ကြတယ်လေ”

သူမ၏ မျက်လုံးများက ကျွန်တော့်ကို မခွာတမ်း စိုက်ကြည့်လျက်ရှိနေသည်။ စကားသံက တစ်ချက်ကလေးမျှပင် ထစ်ငေါ့သွားသည် မရှိ။

“လက်ဖက်ရည် ယူပါဦး ဒေါက်တာရဲ့၊ ကျွန်မတို့ ပြန်ရောက်တဲ့အခါ အလည်လာပြီး ၄က်အတူပစ်ရဦးမယ်နော်”

ကျွန်တော် ပြန်မည်ပြုတော့ ဟင်နရီက တံခါးဝအထိ လိုက်ပို့ပြီး ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်သည်။

“ဒေါက်တာ အခုလိုဂရုစိုက်ကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီတုပ်ကွေးဆိုတဲ့အကောင်က အတော့်ကို ဆိုးတာဗျနော်” သူက မှတ်ချက်ချလိုက်သေးသည်။

ကျွန်တော်က ကင်ဆင်တန် ပန်းခြံကို ဖြတ်ကာ အိမ်သို့ လမ်းလျှောက် ပြန်လာသည်။ တစ်လမ်းလုံး အံတကြိတ်ကြိတ်နှင့် တစ်ယောက်တည်း မြည်တွန်တောက်တီးလာခဲ့မိသည်။

“ခွေးမသား တော်တော် အသုံးမကျတဲ့ သတ္တဝါ၊ ဒီလောက်... သုံးမကျတဲ့ သတ္တဝါမျိုးကွာ”

သို့သော် နိဝင်ဘာလတွင်ကား ကျွန်တော့်စံချိန်အတိုင်း ရစ်အဖိုအမခြောက်စုံ ကျွန်တော် ရရှိခဲ့ပါသည်။ တကယ် နူးညံ့ အရသာရှိလှသည့် သတ္တဝါများပင်။

❖❖❖

## တစ်သက်တာအတွင်းမှာ ဘဝပေါင်းများစွာ*

ပြီးခဲ့သည့်နွေက ကျွန်တော် ဆွစ်ဇာလန်သို့ အလည်အပတ် ထွက်ခဲ့သည်။ မိမိဘာသာ မဟုတ်။ ခရီးသွားလုပ်ငန်းတစ်ခု၏ အစီအစဉ်အတိုင်း လိုက်ပါခြင်း ဖြစ်၏။

ဘန်းမြို့တွင် တစ်မနက် ထုံးစံအတိုင်း အုပ်စုကြီးထွက်ကြတော့ ကျွန်တော်တစ်ယောက်တည်း ကျန်နေခဲ့သည်။ ကားပေါ် ကျွန်တော် မရောက်သေးတာ ဘယ်သူမျှ သတိမပြုမိကြဘဲ ဘတ်(စ်) ကားကြီးထွက်သွားခြင်း ဖြစ်ပါသည်။

ကျွန်တော် အတော်ပဲ စိတ်ညစ်သွားသည်။ သို့သော်

* A.J.Cronin A Thousand and One Lives

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က မနက်ဖြန် ပြန်ကြမည်ဖြစ်ရာ သည်မှာ မလွှဲမရှောင်သာ နေခဲ့ရသည့် အချိန်လေးကို တတ်နိုင်သမျှ တန်ဖိုးရှိအောင် အသုံးချမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ မြို့ထဲက ရှေးဟောင်းနာရီကြီးကို ကျွန်တော် သွားကြည့်သည်။ နာရီထိုးလိုက်သည့်အခါတိုင်း နာရီအိမ်ကြီးထဲက ရှေးခေတ်အရုပ်တွေ စီတန်းလှည့်လည်ပြီး ထွက်လာသည်။ အဲသည်နောက် လူပြောများလှသည့် ဝက်ဝံရှာသို့ လျှောက်လာခဲ့သည်။

အဲသည်မှာ အနီးရှိ လူတစ်ယောက်ကို နေ့လယ်စာ ဘယ်မှာ သွားစားလို့ရနိုင်သလဲ မေးမိသည်။ ဆွစ်လူမျိုး ငှင်းပုဂ္ဂိုလ်က ကျွန်တော့်ကို ခဏတစ်ဖြုတ် အလည်ရောက်သူမှန်း သိသွားပြီး ဖော်ဖော်ရွေရွေပြန်ပြောသည်။ "ကျွန်တော်လဲ အိမ်ပြန် နေ့လယ်စာ စားတော့မလို့၊ တစ်ပါတည်း လိုက်ခဲ့ပါလား"

မထင်မှတ်ဘဲ ဖိတ်ခေါ်ခြင်းခံလိုက်ရတော့ ကျွန်တော် အံ့အားသင့်သွားသည်။ သို့သော် သူ့ဖိတ်ခေါ်ချက်ကို လက်ခံပြီး လိုက်သွားခဲ့ပါသည်။ အိမ်ရောက်တော့ ကျွန်တော့်ကို သူ့ဇနီးသည်ရယ် ကလေးနှစ်ယောက်ရယ်နှင့် မိတ်ဆက်ပေးသည်။ ခဏကြာလျှင်ပဲ ကျွန်တော်ကိုယ့်အိမ်ကိုယ်ရောက်သလို နေသာထိုင်သာရှိသွားသည်။

ဆွစ်မိတ်ဆွေက နာရီလုပ်ငန်း လုပ်ကိုင်သူတစ်ဦး ဖြစ်သည်။ နေ့လယ်စာစားပြီးသည့်အခါ သူက ကျွန်တော့်ကို သူ့အလုပ်ရုံလေးထဲလိုက်ပြသည်။ နာရီတွေ ဘယ်လိုတပ်သည် ဆင်သည်ဆိုတာ ရှင်းပြသည်။ သူ့အလုပ်သမားတွေနှင့်လည်း



ပြောဆိုမေးမြန်းခွင့်ရသည်။

နှုတ်ဆက်ခွဲခွာကြသည့်အချိန်၌ သူနှင့်ကျွန်တော် တကယ်ပင် ရင်းနှီးကျွမ်းဝင်သွားခဲ့ပြီ။ နောင်လည်း တစ်ယောက်နှင့် တစ်ယောက် မပြတ်ဆက်သွယ်ကြရန် ကတိစကားတွေ ဆိုဖြစ်ကြသည်။

နောက်နေ့မှာ ညှော်လမ်းညွှန်ခေါ်ရာ လိုက်ပါရသည့်အဖွဲ့နှင့် ပြန်လည်ပူးပေါင်းမိသည့်အခါ၌ မနေ့က တစ်ရက်လွတ်သွားခြင်းအတွက် ကျွန်တော် လုံးဝ ဝမ်းနည်းခြင်း မဖြစ်ခဲ့။ ကျွန်တော့်မှာ မိတ်ဆွေကောင်းတစ်ယောက်တိုးခဲ့ပြီ။ ပြီး လူတွေ၏ဘဝကို ကျဉ်းမြောင်းကြဲ့လှီအောင် ပိတ်ဆို့ဟန့်တားတတ်သည့် မှားယွင်းသော လူ့စိတ်သဘောတစ်ခုကိုလည်း ကျွန်တော် ကောင်းကောင်းကြီး မြင်ခဲ့ပြီ။

ကျွန်တော်တို့တစ်တွေသည် ဘဝခရီးဟူသည်ကို ဧည့်လမ်းညွှန်နှင့်သွားသော ခရီးစဉ်လို သဘောထားတတ်ကြသည်။ ဘတ်(စ)ကားကြီးထဲ အတူပါလာသူတွေလောက်ကိုသာ မိတ်ဆွေဖွဲ့ကြသည်။ ဧည့်လမ်းညွှန်ခေါ်ဆောင်သွားသည့် အဓိကလမ်းမကြီးတွေအတိုင်း လိုက်ကာ သမားရိုးကျ အများသိပြီးနေရာများသို့ ရောက်ကြသည်။ အတော်ကြီး နောက်ကျပြီးတော့မှသာ တို့တစ်တွေ နယ်ပယ်ကျဉ်းကျဉ်းကလေးထဲ ကျင်လည်နေမိပါကလား၊ ဘဝကို ပြည့်ပြည့်ဝဝ မနေခဲ့ရပါတကားဟု နောင်တရမိတတ်ကြသည်။ သည်အတွက် ကုစားရန်ဆေးက ကျွန်တော်တို့လက်ထဲမှာပဲရှိသည်ဆိုတာ သတိမမူမိကြ။ အကယ်၍သာ သူ့ားရိုး

www.burmeseclassic.com



သွားစဉ်လမ်းမှ ဘေးဖဲ့ဆင်းကာ လုပ်ငန်းအမျိုးမျိုး ဘဝ အထွေထွေ ရှိကြသည့် အခြားအခြားသော သူများနှင့် မိတ်ဆွေ ဖွဲ့မည်၊ ရင်းနှီးသိကျွမ်းအောင် လုပ်မည်ဆိုက ကျွန်တော်တို့ဘဝ တွေသည် အကန့်အသတ်မရှိ ဖွံ့ဖြိုးကြွယ်ဝလာမည် ဖြစ်သည်။

သည်သဘောကိုပင် အာရပ်ရိုးရာစကားတစ်ခုက "အထွေထွေ အပြားပြားသော မိတ်သင်္ဂဟများရှိနှင့်ထားသူကား တစ်သက်တာအတွင်းမှာ တစ်ထောင့်တစ်ဘဝ နေထိုင်ရသူ ဖြစ်လိမ့်မည်" ဟူ၍ဆိုခဲ့ပါသည်။

မိတ်ဆွေပေါများခြင်းကား ကျန်းမာခြင်း ပညာပါရမီကြီးခြင်းတို့ထက် အရေးပါသည့်ဘဝ၏ အကြီးမားဆုံး ဆုလာဘ်ချမ်းသာဖြစ်ကြောင်း အရှေ့တိုင်းတိုတာယမ်မှစ၍ တွေးခေါ်ရှင်များ လက်ခံသိမှတ်ခဲ့ကြပါသည်။ သည်ဆုလာဘ်ကြီး ရရှိခံစားနိုင်ခွင့် ရှိမရှိ ဟူသည်လည်း ကျွန်တော်တို့လက်ထဲတွင်ပင် လုံးလုံးလျားလျား တည်ရှိနေပါသည်။ သို့သော် နေ့စဉ်လူမှုဘဝ၌ သည်အချက်ကို အာရုံထား၍ လှုပ်ရှားကျင်လည်သူ မည်မျှနည်းပါးလှပါသနည်း။

အင်္ဂလိပ်ပညာရှင်ကြီး ဆင်မြူရယ်ဂျွန်ဆင်က "မိတ်ဆွေသစ်တစ်ယောက် တိုးအောင် မလုပ်နိုင်ခဲ့တဲ့နေ့ကို မအောင်မြင်တဲ့နေ့လို့ ကျွန်တော်သဘောထားတယ်" ဟူ၍ပြောခဲ့ဖူးသည်။ ဒေါက်တာဂျွန်ဆင်၏ စိတ်ဓာတ်မျိုးဖြင့် မိမိမိတ်ဆွေအသိုင်းအဝိုင်းကို မပြတ်တိုးချဲ့ရန် ကြိုးစားသူကား အလွန်ရှားပါးလှသည်။ လုပ်ငန်းလောကမှာ အောင်မြင်နေသူတွေ၊ ဘဝကို ပြည့်ပြည့်ဝဝ နေထိုင်ကြရသူတွေကို ကြည့်လျှင်မူ ဒေါက်တာဂျွန်ဆင်နည်းတူ မိတ်



သင်္ဂဟပေါများလှကြောင်း တွေ့ရမည်ဖြစ်သည်။ ဂျွန်ဆင့်မိတ်ဆွေတွေက အလွှာစုံသည်။ လုပ်ငန်းနယ်ပယ်စုံမှ ပုဂ္ဂိုလ်တွေဖြစ်သည်။ ဘာကြောင့် လူစုံပေါင်းရသနည်း။ လူ့အတန်းအစား စုံလင်အောင် မသိဘဲ လူ့ဘဝဟူသည်ကို မသိနိုင်ဟု သူယုံကြည်ထားသောကြောင့် ဖြစ်သည်။

စင်စစ် မိတ်ဆွေဖွဲ့ခြင်းဟူသည်က ကျွန်တော်တို့ထင်တာထက် အများကြီး လွယ်ကူသောအလုပ် ဖြစ်သည်။ အမေရိကန်နိုင်ငံရေး သုခမိန်ကြီး ဒင်နီယယ်ဝက်(ဘ)စတာဆိုလျှင် ဆိုင်တစ်ဆိုင် ဝင်မိသည်နှင့်တစ်ပြိုင်နက် ဆိုင်ရှင်နှင့် ရင်းနှီးခင်မင်သွားမြဲဖြစ်သည်။ သူက ဆိုင်ရှင်အား သူ့ကုန်ပစ္စည်းနှင့်ပတ်သက်သည့်၊ ဥပမာ ကော်ဖီမှုန့်ကြိတ်တာ၊ ဆေးပြင်းလိပ်အကောင်းအညံ့ခွဲခြားတာ စသည့် အသေးစိတ်ကိစ္စလေးများ မေးမြန်းခြင်းဖြင့် စကားစတင်လေ့ရှိသည်။ မည်သူမဆို မိမိကျွမ်းကျင်သည့် လုပ်ငန်းအကြောင်း စကားစလာလျှင် ပြန်မပြောဘဲ နေနိုင်ခဲသည်ဆိုတာ သူသိထားပြီး ဖြစ်သည်။ တစ်ဖက်လူ သိပ်ပြောချင်သည့် အကြောင်းအရာမျိုးနှင့် စကားစမိလိုက်ပြီဆိုလျှင် ရှေ့ဆက်ဆပေးဖြောင့်သွားဖို့ရာ သေချာပေပြီ။

နောက်ထပ်စတင်ရန်နည်းလမ်းတစ်ခုကား တစ်စုံတစ်ယောက်က မိမိအတွက် တစ်ခုခုဆောင်ရွက်ပေးသည့်အခါတိုင်း လှိုက်လှဲစွာ ကျေးဇူးစကားဆိုခြင်း ဖြစ်သည်။ တာဝန်အရဖြစ်စေ အခကြေးငွေဖြင့်ဖြစ်စေ လုပ်ဆောင်ရသူအား ကျေးဇူးတင်စကားဆိုသည့်အခါ ကြားမှာရှိနေသည့် "အလုပ်သဘော" အတားအဆီး

www.burmeseclassic.com

www.burmeseclassic.com



ပြိုပျက်သွားကာ ပကတိလူက ရှေ့သို့ထွက်လာသည်။ သည်အခါမျိုးတွင် သာမန်ယဉ်ကျေးမှုအရ အာလာပ သလ္လာပ တစ်နာရီပြောသည်ထက် အများကြီး ပို၍ ရင်းနှီးမှု ရသွားတတ်သည်။

အဲသည်လို ကျေးဇူးတင်စကားဆိုမိသဖြင့် ကျွန်တော်ကိုယ်တိုင် အလွန်စိတ်ဝင်စားစရာကောင်းသည့် ဘဝစုံသူတစ်ဦးနှင့် ရင်းနှီးသိကျွမ်းခွင့် ရခဲ့ဖူးသည်။ လန်ဒန်မြို့ ပစ်ကာဒီလီအဝိုင်းကြီးအနီးမှ ဖိနပ်တိုက်သမားတစ်ယောက်။ အရပ်ရှည်ရှည်၊ နေဒဏ်လေဒဏ် ခံထားရသည့် အသားအရေနှင့် တိတ်ဆိတ်ငြိမ်သက်သော အသွင်အပြင်ရှိသူတစ်ယောက်။ သူ့ဖောက်သည်အများစုက သူ့အား စကားတစ်ခွန်းတစ်ပါဒပင် ပြောလေ့မရှိကြ။ သည်အတွက် သူတို့ဘယ်လောက်ဆုံးရှုံးခဲ့ကြသည်ဆိုတာလည်း မသိကြ။ ဗီဗီယင်ဒဂါး စိန့်ဂျော့ချ်အမည်ရသည့် ၎င်းဖိနပ်တိုက်သမားသည် နာမည်ကြီး ကနေဒါ မြင်းစီးရဲတပ်ဖွဲ့တွင် အမှုထမ်းခဲ့သူဖြစ်သည်။ သူသည် ဘာသာစကားငါးမျိုး တတ်ကျွမ်းပြီး၊ နားထောင်သူ ငေးမောအံ့သြသွားရမည့် ဇာတ်လမ်းပေါင်း မြောက်မြားစွာ ပြောပြနိုင်သူလည်း ဖြစ်သည်။ သူကား လန်ဒန်မြို့ရှိ စိတ်ဝင်စားစရာ အကောင်းဆုံး လူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်ချေသည်။

အမှတ်မထင် တွေ့ဆုံသည့်နေရာများတွင် တစ်ပါးသူနှင့် မိမိသဘောချင်း တိုက်ဆိုင်မိသည့် အချက်တစ်ခုကို ဖော်ထုတ်ဖွင့်ဟခြင်းသည်လည်း ရင်းနှီးကျွမ်းဝင်စေသည့် အထိရောက်ဆုံးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ပုံမှန်ယူသည့် သတင်းစာချင်းတူ



တာ၊ စီးသည့်ကားအမျိုးအစားချင်းတူတာ၊ အစားအသောက်ကြိုက်တာ မကြိုက်တာချင်း တိုက်ဆိုင်တာ စသည့်အချက်ကလေးများက လူနှစ်ဦးအကြား ရင်းနှီးခင်မင်စွာ ကူးလူးဆက်ဆံဖြစ်အောင် ကုန်းဆောင်ထိုးပေးလိုက်သလို ဖြစ်သွားတတ်သည်။

မိတ်ဆွေပေါများခြင်းကြောင့် အကျိုးကျေးဇူးကြီးစွာ ရရှိနိုင်ပါလျက် လူအများအပြားပင် သည်ဆုလာဘ်ကို ယူခံစားမှုမပြုဘဲ ရှိတတ်ကြသည်။ ဆက်ဆံနေကျ အုပ်စုထဲမှာ မနေဘဲ အပြင်လူများနှင့် ရောရောယှက်ယှက်သွားလုပ်လျှင် မိမိတန်ဖိုးကျသွားမလို ထင်ကြသူတွေလည်း ရှိသည်။ စင်စစ် သည်လူတွေသည် ပတ်ဝန်းကျင်လောကအတွက် ပေးစရာ ဘာမျှမရှိသောလူမျိုးတွေ ဖြစ်တတ်ကြသည်။ သူတစ်ပါးနှင့် မရောယှက်သည့် အဓိကအကြောင်းသည် ၎င်းတို့၌ သူတစ်ပါးအပေါ် မိတ်ဆွေကောင်းပီသစွာ ဆက်ဆံတုံ့ပြန်နိုင်မည့် မြင့်မားသော စိတ်ထားမျိုး မရှိကြောင်း လူသိသွားမှာ စိုးသောကြောင့်သာ ဖြစ်သည်။

သမိုင်းဝင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများကိုကြည့်လျှင် ခည်သူ့ကိုမှ မတူမတန်ဟု သဘောမထားတတ်သူများ၊ တစ်စုံတစ်ယောက်နှင့် ဆက်ဆံလိုက်ခြင်းကြောင့် မိမိအဆင့်အတန်းကျဆင်းသွားနိုင်သည်ဟု မယူဆကြသူများသာ ဖြစ်ကြောင်း တွေ့ရလိမ့်မည်။ ၎င်းပုဂ္ဂိုလ်ကြီးများသည် တွေ့သမျှလူနှင့် ရင်းရင်းနှီးနှီး အရောတဝင် ဆက်ဆံပေါင်းသင်းတတ်သူများချည်း ဖြစ်သည်။ ဗြိတိသျှဝန်ကြီးချုပ် ဒစ္စရေးလီဆိုလျှင် နိုင်ငံရေးသမားကြီးများကြားမှ အသာလစ်ထွက်ကာ ပို့က်ချာပယ်ဆင်းရဲ

www.burmeseclassic.com



သားရပ်ကွက်များရှိ ချို့တဲ့မွဲတေသူများထံ သွားရောက်ပြီး ၎င်းတို့၏ ပြဿနာများကို နားထောင်မှတ်သားလေ့ရှိသူဖြစ်သည်။ ဒတ်ချ်ပန်းချီကျော်ကြီး ရင်းဘရန့်သည်လည်း သူနေထိုင်ရာ အမ်စတာဒမ်မြို့တွင် မြို့တော်ဝန်ရယ် သူဖုန်းစားရယ် မခွဲခြားတန်းတူ ရင်းနှီးစွာ ဆက်ဆံလေ့ရှိသူဖြစ်သည်။

အချို့ကလည်း စိတ်ဝင်စားတာချင်းတူညီသူ ဦးတည်ချက်တစ်မျိုးတည်းရှိသူမျိုးသာ မိတ်ဆွေများ ဖြစ်လာနိုင်သည်ဟုထင်ကြသည်။ သူတို့အထင် မှားယွင်းသည်။ စင်စစ်လုပ်ငန်းဘဝ မတူညီသူများသာ ပို၍ ရင်းနှီးသော မိတ်ဆွေရင်းချာများဖြစ်သွားတတ်ကြပါသည်။ သူနှင့် မိမိ အလုပ်အကိုင် မတူညီခြင်း၊ သူကြီးပြင်းခဲ့သည့် ပတ်ဝန်းကျင်နှင့် သူ့ဘဝလမ်းကြောင်းက ကိုယ့်အတွက် အထူးအဆန်း အံ့ဩဖွယ်ဖြစ်နေခြင်း စသည့် အကြောင်းများကြောင့်ပင် တစ်ယောက်အပေါ်တစ်ယောက် ပို၍ စိတ်ဝင်စားစရာ ရင်းနှီး သိကျွမ်းချင်စရာ ဖြစ်ရတတ်ပေသည်။

များမကြာမီက ပြင်သစ်ပြည်တွင် ဘုန်းတော်ကြီးတစ်ပါးနှင့် ကျွန်တော် ဆုံမိသည်။ စကားပြောကြည့်တော့ သူက အမေရိကအကြောင်း အသေးစိတ်တွေ သိနေတာ သွားတွေ့ရသည်။ "အမေရိကန်ပြည် ဘယ်တုန်းက သွားလည်ခဲ့သလဲ" မေးကြည့်တော့ သူကပြုံးကာ "ဟင့်အင်း၊ တစ်ခေါက်မှ မရောက်ဖူးပါဘူး" ဟုဆိုသည်။ "၁၉၄၄ ခုနှစ်မှာ မဟာမိတ်တပ်တွေ ပြင်သစ်မြေ ပေါ်တက်လာတော့ အမေရိကန်တွေ ကျွန်တော်တို့ ရွာမှာ စခန်းချကြတယ်လေ၊ အမေရိကန် စစ်ဗိုလ်



တစ်ယောက် ကျွန်တော့်ယာခင်း ရောက်လာပြီး ရေတောင်းတော့ ကျွန်တော် ရေတွင်းလိုက်ပြရင်း သူနဲ့ စကားလက်ဆုံကျသွားတယ်။ စစ်ပြီးတော့ သူက စာလှမ်းရေးတာနဲ့ အဲဒီကစပြီး သူနဲ့ ကျွန်တော် အပြန်အလှန် ဆက်သွယ်ဖြစ်နေကြတယ်။ သူက ဆန်ဖရန်စစ္စကိုမှာ နေတယ်။ သူစာရေးရင် အဲဒီမှာ သူတို့နေထိုင်ရပုံအကြောင်းတွေ အမြဲထည့်ရေးတော့ ကျွန်တော့်စိတ်ထဲမယ် တကယ်ရောက်ဖူးသလို ဖြစ်နေတယ်"

တချို့ကလည်း၊ တစ်ယောက်နှင့်တစ်ယောက် မပြတ်ဆုံတွေ့နေနိုင်သူများသာ မိတ်ဆွေဖြစ်နိုင်ကြသည်ဟု အထင်ရှိကြသည်။ သည်ဟာလည်း မဟုတ်ပေ။ ရာသက်ပန် တည်တံ့သည့် အပြန်အလှန်ရင်းနှီးပွင့်လင်းမှုမျိုး ရှိမည်၊ နားလည်မှု စာနာမှု တုံ့ပြန်မှု ရှိမည်ဆိုလျှင် အချိန်ကာလနှင့် နေရာဒေသ အတားအဆီးတွေကို ကျော်လွှားကာ မိတ်ဆွေစစ်များ ဖြစ်နိုင်ကြပါသည်။ နယ်သစ်ပယ်သစ် စူးစမ်းရှာဖွေသူကြီး ဒေးဗစ်လစ်ဗင်းစတုန်းလောက် လူသူကင်းဝေးရာ အခေါင်အဖျားဒေသများသို့ လျှောက်သွားနေခဲ့သူမျိုး ရှိမည်မဟုတ်။ သို့သော် လစ်ဗင်းစတုန်းမှာ မိတ်ဆွေတွေ မရေမတွက်နိုင်လောက်အောင် ပေါများလှသည်။

"ကျွန်မ မှတ်မိသလောက်တော့ ဖေဖေက အမြဲစာတွေ ရေးနေတာပဲ" လစ်ဗင်းစတုန်း၏ အငယ်ဆုံးသမီးက ဆိုသည်။ သူက ကမ္ဘာတစ်လွှားရှိ သူ့မိတ်ဆွေများထံသို့ ပေးစာတွေ နှစ်စဉ်အစောင်ပေါင်းရာချီ၍ ရေးပို့လေ့ရှိသည်။ သည်မိတ်ဆွေများထဲမှ အများစုက တစ်ကြိမ်တစ်ခါ ကြုံကြိုက်၍တွေ့ရတာ ခဏတာဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လေး တွေ့ဆုံသိကျွမ်းဖူးလိုက်တာတွေ ဖြစ်သည်။

တချို့က၊ ငါတို့မှာ နှစ်ပေါင်းများစွာ ပေါင်းလာတဲ့ သူငယ်ချင်းအရင်းအချာ နှစ်ယောက်သုံးယောက်ရှိတယ်၊ အိမ်နီးချင်း အသိအကျွမ်းတွေ ရှိတယ်၊ လုပ်ငန်းကိစ္စနဲ့ ဆက်ဆံရတဲ့ မိတ်ဆွေအပေါင်းအသင်းတွေလည်း ရှိတယ်၊ တော်ပြီ၊ ဒါဆို လုံလောက်ပြီ။ ဒီတစ်ဘဝအတွင်းမှာ ဒီထက်မက လိုက်ပေါင်းနေဖို့ အချိန်မရှိဘူး ဟုဆိုတတ်ကြသည်။ ဤသည်လည်း မှားယွင်းပါသည်။ တစ်ယောက်အကြောင်းတစ်ယောက် နားလည်ပြီးသား၊ ဘယ်ကိစ္စနှင့်ပတ်သက်၍ သူ့ပါးစပ်က ဘာစကားထွက်မည် ဆိုတာ သိပြီးသား၊ ဘယ်သူ့ကိုတော့ ဘယ်ပုံ၊ ဘယ်သူနှင့်တော့ ဘယ်လို စသဖြင့် ဆက်ဆံရေးပုံသဏ္ဌာန် ပုံမှန်ရှိပြီးသားဟူသော မူဆေမိတ်ဆွေ အဝန်းအဝိုင်းထဲတွင်ချည်း ကျင်လည်မည်ဆိုက မိမိ၏ဘဝ ကျဉ်းမြောင်းလွန်းနေမည် ဖြစ်သည်။

ဆေးသိပ္ပံပညာရှင်ကြီး ဆာဝီလျံအော့စလာက၊ "လူတစ်ယောက် နောက်ထပ် မိတ်သစ်မဖွဲ့တော့သောနေ့သည် ၎င်းလူ စတင်အိုမင်းသောနေ့ဖြစ်သည်" ဟုဆိုခဲ့သည်။ အကြောင်းမူ မိတ်ဆွေသစ်များ တိုးပွားနေခြင်းဟူသည် အတွေးသစ် အမြင်သစ်များ စုစည်းရယူနေဆဲ၊ ဖွံ့ဖြိုးတိုးတက်နေဆဲ၊ ဘဝ၌ မွေ့ပျော်ထက်သန်ဆဲ ဟူသည်ကို ပြသသည့်လက္ခဏာတစ်ရပ် ဖြစ်သောကြောင့်ပေတည်း။

လူစိမ်းသူစိမ်းနှင့် တွေ့ဆုံပြောဆိုရမည်ကို ဝန်လေး သောစိတ်ကြောင့် ကျွန်တော်တို့ တိမ်းတတ် ရှောင်တတ်ကြတာ



တွေ ရှိသည်။ မလုပ်သင့်။ တစ်ခါက မိတ်ဆုံပွဲတစ်ခုတွင် ကျွန်တော် မှတ်မိသေးသည်။ ဂီတပညာသင်လူငယ်တစ်ယောက်အား နာမည်ကျော် စန္ဒရားဆရာကြီး ဗလာဒီမာပတ်(ခ)မင်းကို ကိုယ်တိုင်သွားနှုတ်ဆက်ပြီး စကားနည်းနည်းပါးပါး ပြောကြည့်ရန် ကျွန်တော် တိုက်တွန်းသည်။ မိတ်ဆုံပွဲက ဆရာကြီးကို ဂုဏ်ပြုကျင်းပသည့်ပွဲ။ လူငယ်က ငြင်းသည်။ သည်လောက် ကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးအနေနှင့် သူလိုလူမျိုးတွေ မိတ်ဆက်ရတာ စိတ်ပျက်ငြီးငွေ့နေလိမ့်မည်ဖြစ်ကြောင်း သူက ရှိုးတိုးရှန့်တန့်နှင့် ပြောဆိုသည်။

မိတ်ဆုံပွဲအပြီး ညစာစားချိန်၌ စန္ဒရားဆရာကြီးက ကျွန်တော့်အား မေးသည်။ "ညနေက ခင်ဗျား လူငယ်တစ်ယောက်နဲ့ စကားပြောနေတာ ကျွန်တော် သတိပြုမိလိုက်တယ်၊ သူ့ကြည့်ရတာ စိတ်ဝင်စားစရာဗျ၊ လက်က ဂီတသမားလက်ပဲ၊ ကျွန်တော်တောင် တွေ့လိုက်ချင်တာ" ဟုဆိုသည်။

ကြည့်စမ်း။ အဖိုးတန် အခွင့်အရေးတစ်ခု ဆုံးရှုံးသွားပြီ။ ညဏ်ဘတိက္ကမရှိသော ပုဂ္ဂိုလ်တစ်ဦးနှင့် ရင်းနှီးသိကျွမ်းခွင့်။ သည်အခွင့်အရေးက နောက်တစ်ခါ ထပ်၍ ပေါ်မလာတော့ပါ။

မိတ်ဆွေအများနှင့် ပေါင်းသင်းဆက်ဆံခြင်းကြောင့် ကျွန်တော်တို့ မိုးကုပ်စက်ဝိုင်းတွေ ကျယ်ဝန်းကာ အတွေ့အကြုံတွေ များပြားစုံလင်နေသည့်အခါ ကျွန်တော်တို့ လူရည်လူသွေးတွေ တက်လာသည်။ လောကဓံကို မယိမ်းမယိုင် ခံယူနိုင်သည့် ကြံ့ခိုင်တည်ကြည်သောစိတ်ဓာတ်မျိုး ရှိလာသည်။ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဂဟဟူသည်ကို အလေးမထား မိမိတစ်ကိုယ်တည်းကိုသာ စိတ်ဝင်စားသော အတ္တဗဟိုပြုသမားတို့၌ နျူရိုးဆစ် စိတ်ရောဂါ ဖြစ်လွယ်တတ်ကြောင်း စိတ်ပညာရှင်တို့က ဆိုပါသည်။ အတ္တဗဟိုပြုသမားသည် မိမိ၏ဒုက္ခက ရောမဒုက္ခဟု ပုံကြီးချဲ့၍ မြင်တတ်သည့်အပြင်၊ သူ့၌ သူတစ်ပါးထံမှ စာနာဖေးမမှုလည်း မရသည်ဖြစ်ရာ အခက်အခဲကို ရင်ဆိုင်တွန်းလှန်မှု မပြုနိုင်ဘဲ ကယောင်ချောက်ချား ဖြစ်သွားရလေ့ရှိသည်။ ပတ်ဝန်းကျင်ရှိ မိတ်ဆွေအပေါင်းအသင်းများ၏ ရင်းနှီးခင်မင်မှုဆိုင်းကြိုးများ ယှက်သွယ်ချိတ်တွဲထားသူကား လောကဓံ၏ ရိုက်ပုတ်ချက်ကို ခံနိုင်သည်၊ မတ်စောက်သော ဘဝတောင်တက်ခရီးသည်လည်း သူ့အတွက် များစွာ မခက်ခဲတော့။

လူတို့၏ မသိစိတ်များထဲတွင် အဖျက်စိတ် အဖျက်စွမ်းအားများ ပုန်းလျှိုးကိန်းအောင်းနေတတ်ကြသည်။ သည်အဖျက် သဘာဝတွေသည် ပွင့်လင်းသော နှလုံးသား လူသားချင်း ရင်းနှီးချစ်ခင်စိတ် စသည်တို့ဖြင့်သာ လွှမ်းမိုးအောင်မြင်နိုင်သော အရာများ ဖြစ်သည်။ လူသားချင်း ချစ်ခင်စိတ်ကား အထူးသဖြင့် ယနေ့ကာလလူများ မွေးမြူရန် အများဆုံး လိုအပ်နေသည့် အကောင်းဆုံးသော လူ့အရည်အသွေးတစ်ရပ် ဖြစ်သည်။

ကျွန်တော်တို့တစ်ဦးစီ၌ လူသားချင်း ရင်းနှီးချစ်ကြည်မှု တိုးတက်ရေးအတွက် ဖြည့်ဆည်းပေးနိုင်သည့် သီးခြားလက္ခဏာ ကိုယ်စီ ရှိကြပါသည်။ ထူးခြားသော စရိုက်သဘာဝတစ်ခု ဖြစ်ချင် ဖြစ်မည်၊ ဘဝနှင့်ပတ်သက်၍ သူတစ်ပါးမမြင်သည့် အမြင်သစ်



တစ်မျိုး ဖြစ်ချင်ဖြစ်မည်၊ ဒါမှမဟုတ် ရယ်စရာ ဟာသပုံတိုပတ်စတွေ သိပ်ပြောတတ်သည်ဆိုတာမျိုး ရိုးရိုးအရည်အသွေးလေး တစ်ခုတလေ ဖြစ်ချင်ဖြစ်မည်။ ဘယ်အရာမျိုးပဲ ရှိသည်ဖြစ်စေ၊ လူသစ်တစ်ယောက်နှင့် အသိမိတ်ဆွေဖွဲ့သည့်အခါတိုင်း ကျွန်တော်တို့မှာရှိသည့် အဲသည်အရည်အသွေး အဲသည်ထူးခြားသော သဘာဝတွေကိုတော့ ကျွန်တော်တို့ ဖောဖောသီသီကြီး လက်ဆောင်ပေးဖြစ်စမြဲ ဖြစ်သည်။ တစ်ဖက်တွင်လည်း မိတ်ဆွေအပေါင်းအသင်း ကျယ်ဝန်းခြင်းကြောင့် ကျွန်တော်တို့ဘဝတွေ ပိုပြီး ပြည့်စုံကြွယ်ဝရသည်။ အဲသည် ကြွယ်ဝမှုသည် နောင်ကျွန်တော်တို့ သိကျွမ်းမိသည့် မိတ်ဆွေသစ်များ၏ ဘဝတွေ ပြည့်စုံကြွယ်ဝအောင် ဆင့်ပွားပေးရန်အတွက် ဖြစ်ပေသည်။

နေ့စဉ်နေ့တိုင်းသည် ကျွန်တော်တို့အား မျက်နှာစိမ်းများကို ရင်းနှီးခင်မင်သူများ ဖြစ်လာအောင် ပြောင်းလဲရန် ဖိတ်ခေါ်တောင်းဆိုလျက်ရှိသည်။ သည်ဖိတ်ခေါ်ချက်ကို လက်ခံကာ အသစ်တွေ့ရှိရခြင်းက ပေးလာသည့် ရင်ခုန်လှုပ်ရှားရမှု ဝမ်းမြောက်ပျော်ရွှင်ရမှုတို့ကို ခံစားမည်၊ အခြားအခြားသော သူတို့၏ ဘဝပေါင်းများစွာထဲ ဝင်ရောက်နေထိုင်ကြည့်မည်ဆိုက ကျွန်တော်တို့ဘဝတွေ အကန့်အသတ်မရှိ ဖွံ့ဖြိုးတိုးတက်သွားမည် ဖြစ်ပေသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# မင်နိုလီတေး၏ ပြဇာတ်နိဂုံးသော ဘဝ*

မင်နိုလီတေးက ကမ္ဘာတွင် အထင်ရှားဆုံး နွားရိုင်းသတ်သမား တစ်ဦး ဖြစ်သည်။

လူနှင့် နွားရိုင်းတို့ အသေတိုက်ကြသည့်ပွဲများကို အသွေးထဲ အသားထဲက စွဲလမ်းကြသည့် စပိန်လူမျိုးများနေထိုင်ရာ ဥရောပ နှင့် တောင်မြောက်အမေရိကတို့တွင်ကား သူက သူ့ရဲ့ကောင်း တစ်ဦး ပမာပင် လေးစားမြတ်နိုးခြင်း ခံခဲ့ရသည်။

မင်နိုလီတေးက တည်ငြိမ်အေးဆေးလှသူတစ်ယောက်။

သို့သော် ပီရူးရှိ စာရေးသူ၏အခန်းမှာ ဆုံမိကြသည့်

---

* **Barnaby Conrad - Death of Manolete**

www.burmeseclassic.com

www.burmeseclassic.com



အဲသည့်နေ့ကတော့ သူ့အတော် စိတ်လှုပ်ရှားနေသည်။

"တော်ပြီဗျာ၊ ကျွန်တော် နားတော့မယ်၊ ကျွန်တော့်မှာ ငွေကြေးလဲ ဘိုးစဉ်ဆောင်ဆက် ရှာခဲ့တာထက်မက စုမိနေပြီ၊ ဒါတွေ သုံးစွဲဖို့တောင် အချိန်မပေးနိုင်ဘူး၊ အသက်နှစ်ဆယ့်ကိုး နှစ်ဆိုတာ ကြီးတော့ မကြီးသေးပါဘူး၊ ဒါပေမဲ့ ကျွန်တော် အရိုးတခြား အသားတခြား ဖြစ်မသွားခင် ဒီကထွက်မှ ဖြစ်မယ်"

သည်စကား သူပြောသည့်အချိန်က အနီးမှာ သူ့ဇနီးလောင်း အန်တိုနီယာလည်း ရှိနေသည်။

"ဘယ်လိုလဲ၊ သူတကယ် ထွက်မယ် ထင်သလား"

အန်တိုနီယာကိုမေးတော့ အမျိုးသမီးက ခေါင်းခါသည်။

"သူ ထွက်ချင်ပေမယ့် သူ့လူတွေက ဘယ်တော့မှ ထွက်ခွင့်ပြုမှာ မဟုတ်ဘူး၊ သူ့ကို အရင်သတ်ကြမှာ၊ သေမှ ထွက်ခွင့်ရမှာ"

အန်တိုနီယာပြောတာ အမှန်ပဲ ဖြစ်သည်။ အဲသည်နှစ်နွေဦးရာသီမှာ သူ ပီရူးမှ စပိန်သို့ ပြန်သွားသည်။ ၁၉၄၇ ခုနှစ်။ သူ့ကို အုန်းအုန်းကျွက်ကျွက် ကြိုဆိုကြသည်။ စာနယ်ဇင်းများကလည်း သူ့အား ၁၆ ရာစုနှစ် နယ်သစ်ပယ်သစ်ရှာသူ လူစွမ်းကောင်းများနောက်တွင် အကြီးကျယ်ဆုံး စပိန်ဂုဏ်ဆောင်ပုဂ္ဂိုလ်ဟူ၍ အမွှမ်းတင်ရေးသားကြသည်။

သို့သော် သူတို့ အဲသလို အထွတ်အထိပ်ထိ ချီးမြှောက်ကြိုဆိုထားသော ပုဂ္ဂိုလ်က မိမိအနားယူပါတော့မည်ဟု ကြေညာလိုက်သည့်အခါ၌မူ အကြီးအကျယ် မကျေမနပ်ဖြစ်ကြလေသည်။



သူ့ကို အရင်ထွက် ထွက်ခွင့်မရအောင် စီမံလာကြသည်။

မင်နိုလီတေးသည် သာမန် နွားရိုင်းသတ်သမားမဟုတ်။ နိုင်ငံတကာမျက်နှာစာမှာ စပိန်တွေ ဂုဏ်ယူနေရသည့် ရှားရှားပါးပါး ပုဂ္ဂိုလ်။ နိုင်ငံ့သူရဲကောင်း။ သူရဲကောင်းအဖြစ် သူ့ကို ထိုက်တန်စွာ မြှောက်စားခဲ့ကြသည်။ သူ ကျော်ကြားလာသည့် ရှစ်နှစ်တာကာလအတွင်း သူ့အား ဒေါ်လာငွေ သန်းချီ၍ ပေးအပ်ခဲ့ကြပြီ။

နောက်ပိုင်းနှစ်များ၌ မင်နိုလီတေးသည် နွားရိုင်းသတ်ပွဲ တစ်ပွဲလျှင် ဒေါ်လာနှစ်သောင်းကျော်မျှထိ ရရှိခဲ့သည်။ ပွဲစဉ်သွေကလည်း သတ်ပွဲရာသီတစ်လျှောက်လုံး နေ့စဉ်ရက်ဆက်ဆိုသလို ရှိနေသည်။

သို့သော် ငွေအတွက်သက်သက်တော့ လူတွေ ကိုယ့်အသက်ကို အရင်းအနှီး ပြုခဲ့လှပါသည်။ မင်နိုလီတေးကို နွားဦးချိုများကြား အသက်ဆံဖျား ကစားရသည့်ဘဝမှ ထွက်မရအောင် ချည်နှောင်ထားသည့်အရာက ကြီးကျယ်ကျော်ကြားမှု။ 'မင်နိုလီတေး' 'မင်နိုလီတေး'... ဟူသော ကြွေးကြော်ချီးမြှောက်မှု။ ထို့နောက် သည်အသံများ၏ စွန့်ပစ်ခြင်းခံရမှာကို စိုးရိမ်ပူပန်မှု။

မင်နိုလီတေးအမည်ဖြင့် ကျော်ကြားလာမည့် စပိန်လေး မင်နွယ်ယယ်ကို ၁၉၁၇ ခုနှစ်တွင် စပိန်ပြည် ကော်ဒိုဗာနယ်၌ မွေးသည်။ ကော်ဒိုဗာက နွားရိုင်းသတ်ကစားခြင်းကို အကြီးအကျယ် ဝါသနာပါသည့်နယ်။ မင်နွယ်ယယ့်အဖေ ကိုယ်တိုင်က နွားရိုင်းသတ်သမား။ သို့သော် သူ့အသက်ငါးနှစ်သားမှာပင် အဖေ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သွားခဲ့ရာ ဆင်းဆင်းရဲရဲ တေင်တေင်မွတ်မွတ်နှင့်ပင် ကြီးပြင်းရသည်။

ငယ်စဉ်တုန်းက သူက ခပ်ပျော့ပျော့။ သို့သော် ဇွဲရှိသည်။ အလေးအပင် နည်းနည်းပါးပါး မနိုင်သည့် အရွယ်လောက်မှာပင် အုတ်သယ်သဲသယ် အလုပ်တွေ ဝင်လုပ်သည်။ သူ့စိတ်ထဲမှာ သူ့မိသားစု ယခုလို ဆင်းရဲပူပန်ရသည့်ဘဝမှ လွတ်မြောက်ရမည်ဟု စွဲမြဲထားသည်။ ငွေကြေးအတွက် မပူပင်ရမည့်အလုပ်က နွားရိုင်းသတ်သမားအလုပ်။ သူ တစ်နေ့ကျလျှင် နွားရိုင်းသတ်သမားလောကမှာ သရဖူဆောင်းသူဖြစ်ရမည်ဟု မင်နွယ်ယယ် သန္နိဋ္ဌာန်ချခဲ့သည်။

မင်နွယ်ယယ် အသက် ၁၂ နှစ်၊ ပန်းရုံဆရာဆီမှာ လက်ထောက်အဖြစ် လိုက်ပါနေစဉ် တစ်နေ့မှာ သူ့အတွက် အခွင့်အရေး စရသည်။ သတ်ပွဲသို့သွင်းသော နွားရိုင်းကြီးတွေ မွေးသည့် 'ဆိုတိုမေယာ' နွားခြံမှာ သူတို့ပန်းရုံသွားလုပ်ရခြင်း ဖြစ်သည်။ နွားခြံမှာ နွားရိုင်းပေါက်ကလေးတွေနှင့်တွေ့တိုင်း အပေါ်အင်္ကျီတိုကို ချွတ်၍ ဝှေ့ယမ်းရန်စကာ လေ့ကျင့်ကစားသည်။

နောက်တော့ ခြံတစ်ဝိုက်က ဝါသနာအိုးတွေ စုဝေးလာကြပြီး သူ့ကို အားပေးကြ သင်ကြပြကြသည်။ ဆရာတွေက ကွင်းထဲဆင်းပြီး သင်ကြသည်တော့ မဟုတ်။ လွတ်ရာကျွတ်ရာ ခြံစည်းရိုးနောက်က တစ်အော်လမ်းညွှန်ကြခြင်းသာ ဖြစ်၏။

နွားရိုင်းသတ်ပညာကို လျင်မြန်စွာ သူတတ်မြောက်လာခဲ့သည်။ လူက ဟန်ပန်မူရာတော့ သိပ်မကောင်း၊ သို့သော် သတ္တိ



ကောင်းသည်။ ပြီး ရည်ရွယ်ချက်နှင့် အလေးအနက် ကြိုးစား လေ့ကျင့်နေခြင်းဖြစ်ရာ များမကြာမီ တကယ့်သတ်ပွဲတစ်ပွဲ ဆင်နွှဲခွင့်ရသည်။ ကော်ဒိုဗာမြို့မှာပင် ကျင်းပသည့်ပွဲ။ လူသစ်ဆိုတော့ နွား ခပ်သေးသေးနှင့် တိုက်ရသည်။ နွားရိုင်းသတ်သမားအဖြစ် နာမည်ရွေးတော့ 'မင်နိုလီတေး' ဟူ၍ ပေးခဲ့သည်။

အဲသည်နောက်ပိုင်းတွင် နွားရိုင်းသတ်ပွဲ ခပ်သေးသေး ကလေးများမှာ ပါးဝင်ကစားခွင့်ရလာသည်။ လူက ပိန်ပိန်၊ မျက်နှာက ခပ်ညိုးညိုးဆိုတော့ နွားရိုင်းသတ်သမား၏ ဝင့်ဝင့် ကြွားကြွား ဝတ်စုံနှင့် သူက သိပ်မလိုက်ဖက်ချင်။ ပြီး နွားနှင့် အတွေ့အရှောင်ကစားရာမှာ အချို့လူများလို ကိုယ်ဟန်အမူအရာ မသပ်ရပ်မလှပတော့ ပရိသတ်တချို့က သူ့ကို ရယ်ချင်ကြသည်။ သို့သော် နောက်ဆုံး ပွဲသိမ်းအဖြစ် နွားကို အသေထိုးသတ်ချိန်တွင်တော့ ကြောက်စရာကောင်းလှသည့် သူ့သတ်ပုံသတ်နည်းကြောင့် မူလ ရယ်မောသူများပင် အသက်ရှူမှားသွားလေ့ရှိသည်။

ဦးခေါင်းအောက်စိုက်ကာ တစ်ဟုန်ထိုးဝှေ့ရန် ပြေးလာသည့် နွားရိုင်း၏ ချိုဖျားပေါ်က လွှားခနဲ ခုန်ပုံကျော်လျက် ပခုံးနှစ်ဖက်ကြားသို့ ဓားသွားကို တအားစိုက်ထည့် သတ်သည့် သူ့သတ်ကွက်ကို ကြည့်ကာ 'ဒီကောင်လေး တစ်နေ့ကျရင် ဒီ သတ်ကွက်နဲ့ သေမှာ' ဟူ၍ ကျွမ်းကျင်သူများ မှတ်ချက်ချလေ့ ရှိခဲ့ကြသည်။

မင်နိုလီတေးအား အနိမ့်တန်း နွားရိုင်းသတ်သမားဘဝမှ ထိပ်တန်းအဆင့်သို့ရောက်အောင် ဆွဲတင်ပေးခဲ့သူက ညီးပြ

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဟိုဆေးကာမာရာ ဖြစ်သည်။ ကာမာရာက ဝါရင့်နွားရိုင်း သတ်သမားဟောင်းကြီးတစ်ယောက် ဖြစ်သည်။ မင်နိုလီတေးကို ကြည့်ကာ အလားအလာရှိသူ ဟုမြင်သဖြင့် သူပင် ရွေးချယ် လေ့ကျင့်ကာ ပွဲကြီးများထဲ သွင်းပေးခဲ့သည်။

အဇော့အရှောင် ကစားကွက်တွေကို လှလှပပ သပ်သပ် ရပ်ရပ် လုပ်တတ်အောင် သူ လေ့ကျင့်သင်ကြားပေးသည်။ သတ်ပွဲတိုင်းမှာလည်း သူအမြဲလိုက်ပါကာ ကြီးကြပ်ပေးသည်။ နွားတစ်ကောင် သတ်ကွင်းထဲ ဝင်လာသည်နှင့် တစ်ပြိုင်နက် အမူအရာကို သေသေချာချာ အကဲခတ်ကာ 'မင်နူယယ် သတိ ထား၊ အဲဒီကောင် ဘယ်ဝိုက်ရေ့လိမ့်မယ်''ကွင်းလယ်မှာနေ၊ ဒီကောင် စည်းရိုးနဲ့နီးရင် ရုတ်တရက် ချိုးကွေ့လိမ့်မယ်' စသည် ဖြင့် လမ်းညွှန်ပေးတတ်သည်။

သည်လိုဖြင့် မင်နိုလီတေး တဖြည်းဖြည်း ပညာရည်ပြည့်ဝ လာသည်။ ပရိသတ်ကလည်း သူ့ကို ပညာသည်အဖြစ် ပို၍ပို၍ လေးစားသိမှတ်လာသည်။ နွားရိုင်းကို အပေါ်ရုံအင်္ကျီဖြင့် ဇော့ယမ်း မျှားခေါ်ပြီး တစ်ဟုန်ထိုး ဇော့တိုက်သည့်အချိန် လူက ခြေလှမ်း လုံးဝမရွှေ့ဘဲ နွားကိုသာ ဆောင်ဆိုဝဲသွားအောင် အင်္ကျီဖြင့် လမ်းလွှဲ ကစားပြသည့်အခါမျိုးတွင် သူ့လက်ထဲရှိအင်္ကျီက နွားရိုင်းသာမက ပွဲကြည့်သူတွေပင် ယောင်မှားပြီး ဇော့ချင်စရာကောင်းလောက် အောင် မျက်စိနောက်စရာ သတ္တဝါတစ်ဦးအသွင် အသက်ဝင် လှုပ်ရှားနေတတ်သည်။ အသာအယာ လွင့်မျောသွားသည့် အင်္ကျီစ နောက်တွင် ကပ်ပါလာသည့် နွားဦးချိုဖျားက သူ့ပေါင် သူ့ဝမ်း



ိုက်တို့နှင့် သီသီလေးကပ်၍ကပ်၍ လွဲသွားပုံမှာ ကြည့်ရသူများ အတွက် သည်းထိတ်ရင်ဖိုစရာကောင်းလှသည်။ သည့်အပြင် ပရိသတ်ကိုဖမ်းစားသည့် နောက်အချက်တစ်ခုက အေးစက်သော သူ့မျက်နှာပေး ဖြစ်သည်။ လေးနက်တည်ငြိမ်သော သူ့အသွင် အပြင်က နွားရိုင်းသတ်ပွဲဟူသည် ပျော်စရာပါးစရာ မဟုတ်။ ကြေကွဲစရာသာဟု ညွှန်းဆိုနေသယောင်ပင်။

ကာမာရာနှင့်တွေ့သည့် ပထမနှစ်အတွင်း သူ တောက် လျှောက်တက်လာသည်။ ဒုတိယနှစ်မှာ နာမည်ကျော်လာပြီ။ အသက် ၂၂ နှစ်မှာ အကြီးတန်းနွားရိုင်းသတ်သမားအဖြစ် အကြီး စား နွားရိုင်းတွေနှင့် သတ်လာပြီ။ သည့်နောက်မှာတော့ အောင် မြင်ကျော်ကြားမှုတွေ အတောမသတ်တော့။

၁၉၄၆ ခုနှစ်ရောက်သောအခါ၌ မင်နိုလီတေးက နွားရိုင်း သတ်ပွဲလောက၏ ဧကရာဇ်ဖြစ်ခဲ့ပြီ။ စပိန်အနွယ်ဝင်များ အဓိက နေထိုင်ရာ မက္ကဆီကိုပြည်က သူတို့ဆီတွင် လာရောက်ကစား ပြသရန်အတွက် ယခင်အစဉ်အဆက် မကြုံစဖူးသည့် အမြင့်ဆုံး ဈေးပေး၍ ခေါ်သည်။ မက္ကဆီကိုစီးတီးမြို့တွင် မင်နိုလီတေး ကစားပြသည့် ပထမဆုံးပွဲစဉ်၌ လက်မှတ်တစ်စောင်ကို ဒေါ်လာ ၁၀၀ ထိ ဈေးတင်ထားသည့်ကြားကပင် ပရိသတ်က ကားမနိုင် ဆီးခရ၊ မက္ကဆီကိုမှာ အဲသည်တုန်းက ဒေါ်လာ ၁၀၀ ဆိုတာ နည်းနည်းနောနော ငွေကြေးမဟုတ်။ သို့သော် ပရိသတ်အဖို့ ၁၁၀ ထက်မက တန်ဖိုးရှိလှသည့် ပွဲတစ်ပွဲ အဲသည်နေ့က ကြည့်ခဲ့ ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်း အဇေ့ အရှောင် ကစားကွက်ကို ပရိသတ် အသည်းယားအောင် ကစားပြရင်းက မင်နိုလီတေး ဒဏ်ရာရသွားသည်။ သတိမေ့သွားသော သူ့ကို ကွင်းဘေး အရေးပေါ်ဆေးခန်းဆီ သယ်လာစဉ် သူ သတိရလာပြီး အများ တားဆီးနေသည့်ကြားထဲက ကွင်းထဲ ပြန်ဝင်သည်။ ဆက်ကစားသည်။ နွားရိုင်းကို အသေထိုးသတ်ပြသည်။ ပြီးတော့မှ သူပါ ပုံလျက်သား လဲကျသွားသည်။

သည်ပွဲမှ ဒဏ်ရာသက်သာသွားပြီးသည့်နောက် မက္ကဆီကိုပြည်နယ်တစ်ခွင်ရှိ မြို့များတွင် လှည့်လည်ပြသသည်။ မက္ကဆီကိုမှာ နှံ့ပြီးသောအခါ နောက်ထပ်စပိန်လူမျိုးတွေရှိရာ တောင်အမေရိကတိုက်သို့ လှည့်လည်သည်။

ပွဲစဉ်တွေ ဆက်တိုက်ဖြစ်လာတော့ လူက ပင်ပန်းလာသည်။ ရောက်ရာအရပ်မှာ ပရိသတ်က အုန်းအုန်းကျွက်ကျွက်ဆိုတော့ ပရိသတ်အားရကျေနပ်ကြအောင် သူက ပွဲစဉ်တိုင်းကို အစွမ်းကုန်အားထုတ်ပြီး ကစားပြနေရသည်။ ကြာတော့ ခန္ဓာကိုယ်က မလိုက်နိုင်တော့။ သူ့အသက် ၂၉ နှစ်က ၄၀ အရွယ်လောက် အိုစာလာသည်။ စိတ်ပင်ပန်းလွန်းသဖြင့် အရက်တွေ ဖိသောက်ဖြစ်သည်။ အရက်နှင့် ပင်ပန်းမှု ပေါင်းစပ်လိုက်သည့်အခါ အချိန်အဆတွေ တိမ်းစောင်းချွတ်ချော်စ ပြုလာသည်။ ပီရူးမှာ ကစားပြသည့် ပွဲတစ်ပွဲ၌ နွားရိုင်းကို ဓားနှင့် ကိုးချက်တိတိ ထိုး၍ နွားရိုင်းကြီး လဲကျသွားသည်။ ကွင်းထဲက ထွက်လာတော့ သူ့ပါးပြင်မှာ မျက်ရည်တွေ စီးကျနေသည်။



သည်ပွဲမျိုးတွေ ကြုံပြီးသည့်နောက်မှာ သူကိုယ်တိုင် သာမက ဆရာကာမာရာကပါ သူအနားယူသင့်ပြီ ဟုမြင်လာသည်။ သို့သော် စပိန်ပြည် ပြန်ရောက်၍ သူအနားယူတော့မည့် အကြောင်း ကြေညာသည့်အခါ၌မူ ပရိသတ်က မကျေမနပ်ဖြစ်ကြသည်။ အနားမယူရန် တောင်းဆိုကြ ကန့်ကွက်ကြသည်။ အချို့က ပြစ်ဆင်ရှုတ်ချမှုတွေပင် ပြုလာကြသည်။

သည်ဒဏ်တွေကို သူ မခံနိုင်။ သည်အနေအထားမျိုးနှင့် အနားယူရန်မသင့်ဟု သူ ယူဆလာသည်။

သို့နှင့် နှုတ်ဆက်ပွဲအဖြစ် နောက်ဆုံးတစ်ရာသီ ပရိသတ်ကျေနပ်အောင် အကောင်းဆုံးကစားပြပြီးမှ ဂုဏ်သိက္ခာ ပြည့်ပြည့်ဝဝနှင့် အနားယူမည်ဟု သူ ဆုံးဖြတ်လိုက်သည်။

နှုတ်ဆက်ပွဲစဉ်များအတွက် စပိန်ပြည်မှာ အကြီးဆုံး အထွားဆုံး နွားရိုင်းကြီးများကို ရွေးချယ်ကစားပြသည်။ ဘာစီလိုနာတွင် သတ်ပြသည့် ပထမပွဲမှာ သူ့သက်တမ်းတစ်လျှောက် အကောင်းဆုံးပွဲဟု ဝေဖန်သူတို့ မှတ်ချက်ချခြင်း ခံရသည်။ ပမ်ပလိုနာမှာ ကစားသည့်အခါ ပို၍ပင် ကောင်းနေပြန်သည်။ သည့်နောက် မက်ဒရစ်မြို့တော်မှာ ကစားသည့်ပွဲဘွင်မှ သူ ဒဏ်ရာရပြန်သည်။

ဒဏ်ရာက မပြင်းထန်၊ သို့သော် ရှင်းရှင်းမပျောက်သေးမီ ပွဲစဉ်တွေ သူပြန်လက်ခံခဲ့သည်။ နွားရိုင်းသတ်ပွဲ သမိုင်းတစ်လျှောက်မှာ သူသာ အတော်ဆုံး အကောင်းဆုံးဆိုတာ သူ ပြသွားချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နောက်မှာတော့ လီနာရိစ်မှာ ကျင်းပသည့်ပွဲ။ ဩဂုတ်လ ၂၇ ရက်။

သည်ပွဲက အထူး အရေးကြီးသည့်ပွဲ။ သည်ပွဲမှာ အကောင်းဆုံး ပြနိုင်ရမည်။ တစ်ချက်က သူ့ဇာတိမြို့ ကော်ဒိုဗာနှင့် နီးနေပြီ ဖြစ်သောကြောင့်။ နောက်တစ်ချက်က အဲသည်နေ့ ကစားပြမည့် သူများထဲတွင် ယခုနှစ် နာမည်တက်နေသည့် လူငယ်လူသစ် ဒိုမင်ဂွင်လည်း ပါမည်ဖြစ်သောကြောင့်။

အဲသည်နေ့က ပွဲစဉ် ၁ မှာ တစ်ယောက်ကစားသည်။ ဒုတိယက မင်နိုလီတေးပွဲ။

ပွဲစသည်နှင့် သူ အစွမ်းပြသည်။ နွားချိုများနှင့် အလွန်အမင်း နီးကပ်စွာ အကြိမ်ကြိမ်တိမ်းရှောင်ကစားပြသည့်အခါ ယခင် သူ့ကို ဆဖန်ရှုတ်ချနေသူများပင် အကြီးအကျယ် သဘောကျကာ ထိုင်ခုံမှထပြီး ဟစ်အော်အားပေးကြသည်။ သို့သော် ထိုးသတ်မည့်အချိန်၌ ပထမတစ်ချက်မှာ မအောင်မြင်လိုက်။ ဒုတိယအချက်ကျမှ မိမိရရထိုးမိကာ နွားရိုင်းလဲကျသွားသည်။ ပရိသတ်က ဩဘာပေးကြသည်။ ပွဲက ပွဲကောင်း။ သို့သော် သူ နားရွက်မရ။

နားရွက်က အကောင်းဆုံး တိုက်ခိုက်ကစားပြသွားနိုင်သည့် နွားရိုင်းသတ်သမားများအား ချီးမြှင့်လေ့ရှိသည့် ဆုလာဘ်။ တစ်နည်းဆိုရသော် သူခါတိုင်းရရှိနေကျ ဆုလာဘ်။

သည်အခိုက်မှာပဲ နောက်တစ်ပွဲအတွက် ခရာမှုတ်သံကြားရသည်။ ကွင်းထဲသို့ ဒိုမင်ဂွင် ဝင်လာသည်။ ရုပ်ရည်က



သားသားနားနား၊ သွင်ပြင်မူရာက ဝင့်ဝင့်ကြွားကြွား၊ လူကလည်း ငယ်သေးသည်။ အသက် ၂၀။ အရိုန်တက်စ အရွယ်။

ဒိုမင့်ဂွင်အတွက်လည်း သည်ပွဲက အရေးကြီးသည့်ပွဲ။ လီနာရိစ်က သူ့ဇာတိနယ် ဖြစ်သည်။ ပြီး ဝါရင့်ဆရာကြီး မင်နိုလီတေးကိုလည်း မိမိသာလျှင် နွားရိုင်းသတ်ပွဲလောက၏ ရှင်ဘုရင်သစ်ဖြစ်ကြောင်း ပြရမည်။

ပရိသတ်ကလည်း အားပေးသည်။ အစပထမပိုင်း ဝတ်ရုံဖားဖားကြီးနှင့် မြူးပြီး ကစားပြသော အချိန်မှာပင် တစ်ကွင်းလုံး သောသောညံနေသည်။ နောက်ပိုင်း ဓားပေါ်အုပ်ထားသည့် ဝတ်ရုံသေးသေးလေးနှင့် ကစားသည့်အခါ၌မူ သူက ပရိသတ် ခိုက်သွားမည့် အကွက်တွေ စုံအောင်လုပ်ကာ အစွမ်းပြသေးသည်။ အနီးကပ်ရှောင်ချိန်မှာ ဒူးပင်ထောက်ပြသည်။ တစ်ကြိမ်မှာ နွားရိုင်းနဖူးကိုပင် နမ်းပြသည်။ ပရိသတ် ဟစ်ကြွေးသံတွေက ကွင်းလုံးလျှံသွားသည်။ ပြိုင်ပွဲကြီးမှူးသည့် ပုဂ္ဂိုလ်က ဒိုမင်ဂွင်အား နားရွက်တစ်ခု ဆုချီးမြှင့်လိုက်လေသည်။

သည်နောက် မင်နိုလီတေးအတွက် ဒုတိယအလှည့် ရောက်လာသည်။ သူနှင့်သတ်ရန်ထွက်လာသည့် နွားရိုင်းက အနက်ရောင်၊ ဧရာမအကောင်ကြီး။ ဦးချိုကားကားကြီး၏ ထိပ်ဖျားနှစ်ဖက်က အပ်သွားလို ချွန်မြနေသည်။ သူက ဥမင်လမ်းမှ ထွက်ကာ သတ်ကွင်းထဲ ရောက်လာသည်နှင့်တစ်ပြိုင်နက် တစ်ဆောင်တည်း ဒေါသကြီးစွာ ဆော့လိုက်တိုက်လိုက် လုပ်နေသည်။

သည်ကောင်မြင်သည်နှင့် ဆရာကာမာရှော သတိ

www.burmeseclassic.com

ပေးသည်။ 'ဆိုးတယ်နော်၊ ဆိုးတယ်၊ သတိထား၊ ညာဝိုက်က ကြောက်စရာကောင်းတယ်၊ အနားသိပ်မကပ်နဲ့ နည်းနည်း ခွာထား'

ဆရာ သတိပေးသော်လည်း မင်နိုလီတေး သတိမထားနိုင်။ ခပ်ခွာခွာကစား၍မဖြစ်။ သူတစ်သက်တာအတွက် အကောင်းဆုံးပွဲအဖြစ် ကစားပြသွားရန် သူ ဆုံးဖြတ်ပြီးဖြစ်နေ၏။ စည်းရိုးတံခါးပေါက်မှနေ၍ သတ်ကွင်းထဲ သူဝင်သွားသည်။ နွားရိုင်းကြီးကို အသံပေးပြီး ခေါ်သည်။

အသံကြားတော့ နဂိုကတည်းက ဒေါမာန်ပွားနေသည့် အကောင်ကြီး လှည့်လာသည်။ အမြီးကို ဆတ်ခနဲထောင်ကာ ကွင်းထဲဖြတ်ပြီး တရကြမ်း ပြေးချလာသည်။ မင်နိုလီတေးက နေရာမှာပင် ခြေမြဲမြဲရပ်ကာ ကြက်သွေးရောင် အပေါ်ရုံအင်္ကျီကို နွားနှာခေါင်းရှေ့က အသာလေး ဇွေ့ရမ်းလမ်းလွှဲပေးလိုက်သည်။ လူကို မိမိရရ မတွေ့ရဘဲ နွားဦးခေါင်းကြီး အင်္ကျီစနှင့်အတူ သားချော်ထွက်သွားသည်။ သို့သော် ဦးချိုဖျားတစ်ဖက်ကတော့ သူ့ပေါင်နှင့် တစ်ထွာသာသာလောက်ပဲ ကပ်လွဲသွားသည်။ နွားရိုင်းက ခေါင်းငုံ့ကာ ချိုနှစ်ဖက်ရှေ့သို့တန်း၍ ထိုးလာခြင်းဖြစ်ရာ အကောင်ကြီးက မြင့်သော်လည်း ချိုဖျားကတော့ အောက်နားဆီတွင် ရောက်နေသည်။

နွားကြီး ဘေးချော်သွားပြီးနောက် သူက ခြေလှမ်းမရွှေ့၊ နဂိုနေရာမှာပဲ ဆက်ရပ်ကာ နောက်တစ်ကြိမ် အတွေ့ခံသည်။ သည်လိုပဲ အနီရောင်စနှင့် အတွေ့အရှောင်ကစားခြင်းကို နောက်



သပ် ငါးကြိမ်မျှ သပ်သပ်ရပ်ရပ် လှလှပပ လုပ်ပြသည်။ နွားချိုများက အသည်းယားစရာ။ တစ်ကြိမ်ထက်တစ်ကြိမ် နီးကပ်လာသည်။ နောက်ဆုံးတစ်ကြိမ် သည့်ထက် အဆင့်မြင့် ကစားပြသည့်အခါမှာတော့ ချိုဖျားနှင့်ကပ်လွတ်သွားသော်လည်း လည်တိုင်ရှင်းနှင့် ဒိုင်းခနဲ ဆောင့်မိသည်။ သို့သော် ဘာမှတော့ မဖြစ်။

အဲသည်နောက်တွင် သူ အမြော်ပညာစွမ်း ပိုပြနိုင်လေ့ရှိသည့် အင်္ကျီစအသေးနှင့် ကစားပြသည်။ သည်အခန်းတွင် နွားနှင့်လူ လုံးလားထွေးလားဆိုရလောက်အောင်ပင် အနီးကပ် သည်းထိတ်ရင်ဖိုတွေ ကစားပြရာ ပရိသတ်ကပင် မလုပ်နဲ့မလုပ်နဲ့ သူ့တားဆီးယူရသည်။ သူက တားဆီး၍ မရတော့။ အင်္ကျီကို ပြန့်ဘဲ တွဲလောင်းချထားသည့် အနေအထားလေးနှင့်ပင် နွားရိုင်းကို မျက်စိလှည့်ကာ ၁၅ ကြိမ်တိတိ အနီးကပ် အရှောင်အတိမ်း လုပ်ပြသည်။ အကြိမ်တိုင်းပင် ချိုဖျားမှာ အသက်ပါသွား ာ့မလား အောက်မေ့ရသည့် အသက်စွန့်ပြကွက်တွေချည်း ဖြစ်သည်။

ပွဲသိမ်းချိန် ရောက်လာပြီ။

ဒေါသထွက်လုပြီဖြစ်သည့် နွားရိုင်းကြီးက သူ့ကို အသေချေမှုန်းရန် ခွာသံတဖြောင်းဖြောင်းနှင့် ကဆုန်စိုင်းပြေးချလာသည်။ သူက ထိမထင်သည့် အမူအရာနှင့် ပရိသတ်ရှိရာ စင်မြင့်များဆီသို့ လှည့်၍ ကြည့်နေသည်။ ဒါက သူ့အမှတ်အသော်တ။ ပွဲသိမ်းခါနီးအချိန် အမြဲလုပ်လေ့ရှိသည့် သူ့သရုပ်ဆောင်ချက်။ ပရိသတ်က ဟစ်အော်အားပေးရလွန်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အသံတွေ အက်ကွဲကုန်ကြပြီ။

နွားရိုင်းကို သူ သတ်ရတော့မည်။ ဓားကို အသင့်ချိန်ရွယ်သည်။ ခြေဖျားတစ်ဖက်မှာ အားပြုရပ်သည်။ ခုန်လွှားရန် အသင့်။

နွားရိုင်းကြီးက သူ့ကို ထိုးအဝေ့မှာ ညာချိုဖျားပေါ်လွှားခနဲ ပစ်ကျော်သည်။ နွားပခုံးသားထဲ ဓားသွားအဝင် ဦးချိုဖျားက သူ့ပေါင်ကြားမှအဖြတ် နွားကဆတ်ခနဲ ညာဘက်ပင့်ဝိုက်၍ ဝှေ့လိုက်သည်။ ချွန်မြနေသော ဦးချိုက ပေါင်ခြံထဲထိုးစိုက်ဝင်သွားသည်။ သူလေထဲ မြောက်သွားသည်။ နွားချိုမှ လွတ်အောင် ရုန်းကန်သည်။ ထို့နောက် သဲပြင်ပေါ်ပစ်ကျသည်။ နွားရိုင်းက မြေပေါ်ကျနေသော သူ့ကို မှိန်းခွချိုနှင့် နှစ်ကြိမ်ဆက်တိုက်ထိုးသည်။ ထို့နောက်တွင်မှ ဒယီးဒယိုင်ဖြစ်လာပြီး လဲကျသေဆုံးသွားလေသည်။

သူ့ဆရာ ကာမာရာနှင့် သူ၏သတ်ပွဲလက်ထောက်များ ပြေးထွက်လာပြီး မေ့မြောနေသော သူ့ကိုသယ်ကာ ဆေးခန်းဆီသို့ ပြေးကြသည်။ ခွဲစိတ်စားပွဲပေါ်ရောက်တော့ သတိလည်လာကာ လေသံသဲ့သဲ့လေးနှင့် ကြိုးစားပြီး သူမေးသည်။ "ကောင်ကြီး သေသွားလား"

"သေပါတယ်ကွ၊ သေပါတယ်"

ဆရာကာမာရာက ဖြေသည်။ ဆရာ့ပါးပြင်မှာ မျက်ရည်တွေ စီးကျနေသည်။

"သေတာတောင် သူတို့ ကျွန်တော့်ကို ဘာမှမပေးကြ



ပါ လား" မင်နိုလီတေးက မေးသည်။

"ပေးပါတယ် ခင်ဗျာ၊ အားလုံးပေးပါတယ်၊ နားရွက်နှစ်ဖက်လုံးရော အမြီးပါ ပေးပါတယ်" သူ့လက်ထောက်တစ်ယောက်က ပြောသည်။

မင်နိုလီတေး ပြုံးသည်။ ထို့နောက်မှ စိတ်အေးသွားသည့် ဟန်ဖြင့် လှဲနေလိုက်သည်။

နောက်နေ့မနက်မှာ သူ ကွယ်လွန်သည်။

အနီးမှာ စောင့်ကြည့်နေသည့် သူ့အဖွဲ့သားကြီးတစ်ယောက်က ကြေကွဲစွာ မှတ်ချက်ချသည်။

"သူတို့က သူ့ကို တစ်ဆင့်ထက်တစ်ဆင့်တက်ပြီး တောင်းဆိုကြတာကိုး၊ သည့်ထက် တိုးတောင်းလာတဲ့အခါ သူပေးစရာဆိုလို့ အသက်ပဲ ရှိတော့တာပေါ့၊ အဲဒါကို သူ နောက်ဆုံးပေးသွားခဲ့တာပဲ"

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ဗီရိုနာမြို့က
# လေးစားအပ်သော ပုဂ္ဂိုလ်နှစ်ယောက်*

မော်တော်ကားက အဲလ်ပ်စ်တောင်တန်းကြီး၏ ခြေရင်းပိုင်းဆောင်ကုန်း တောင်ပူစာများကြားမှ ဖြတ်သန်းမောင်းနှင်လာခဲ့သည်။ ဗီရိုနာမြို့စွန်ပိုင်းနား ကျွန်တော်တို့ ရောက်လာတော့ ကောင်လေးနှစ်ယောက် ကားကို ဖမ်းတားသည်။ သူတို့က တောဘယ်ရီသီးရိုင်းတွေ ရောင်းကြခြင်း ဖြစ်သည်။ လက်ဆွဲခြင်းထဲမှာ စိမ်းညို့ညို့သစ်ရွက်တွေခံပြီး ထည့်ထားသည့် ကြက်သွေးရောင်တောက်ပသော ဘယ်ရီသီးများက အားရှင့်စဖွယ်။

"မဝယ်နဲ့ဗျ" ကျွန်တော်တို့ကားဆရာ လွီဂီက သတိပေး

* A.J.Cronin  Two Gentlemen of Verona

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက သိပ်သတိထားတတ်သည့်သူ။ "ဗီရိုနာရောက်ရင် ဒီထက် အများကြီးကောင်းတဲ့ အသီးတွေ တွေ့လိမ့်မယ်၊ ပြီးတော့ ဒီကောင်လေးတွေက ..." ဆိုပြီး ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။ သူတို့၏ စုတ်ချာသော အသွင်အပြင်ကို မနှစ်သက်သည့်သဘော။

ကောင်လေးတစ်ယောက်က ဂျာစီအင်္ကျီဟောင်းတစ်ထည်နှင့် အရှည်ကိုဖြတ်ထားသည့် ကာကီဘောင်းဘီတိုကို ဝတ်ထားသည်။ နောက်တစ်ယောက်၏ ပိန်တပ်ကပ်ကိုယ်ပေါ်တွင်တော့ စစ်သား အင်္ကျီတစ်ထည်။ အောက်နားကို ဖြတ်ကာ ကိုယ်ထည်ကိုလည်း အတော်များများကြီး သိပြီး ချုပ်ထားသည်။ ကောင်လေးနှစ်ယောက်ကိုကြည့်ရင်း ဘာကြောင့်မှန်းမသိ ကျွန်တော် စိတ်ဝင်စားမိသည်။ အသားက ညိုညို၊ ဆံပင်တွေက ဖုတ်သိုက်။ သို့သော် သူတို့မျက်နှာများပေါ်မှာတော့ ထက်သန်မှုမျက်လုံးတွေ ကိုယ်စီနှင့်။

ကျွန်တော့်အဖော်ဖြစ်သူက မေးမြန်းသဖြင့် သူတို့တွေ ညီအစ်ကိုတော်မှန်းသိရသည်။ အကြီးကောင်လေး နီကိုလာက အသက် ၁၃ နှစ်၊ အငယ် ဂျကိုပိုက ၁၂ နှစ်မပြည့်သေး။ သူ့အရပ်က ကားတံခါးလက်ကိုင်လောက်ပင် မမြင့်ချင်မြင့်ချင်။ သူတို့ ဆီက အကြီးဆုံးခြင်းတစ်ခြင်း ဝယ်လိုက်ပြီး မြို့ဘက်သို့ ကျွန်တော် တို့ ဆက်လက်ထွက်ခွာလာခဲ့သည်။

ဗီရိုနာက ခင်တွယ်ချင်စရာကောင်းသောမြို့တစ်မြို့ ဖြစ် သည်။ ရာဇဝင်သမိုင်းရှိသည်။ ဥရောပအလယ်ခေတ်ကတည်းက လမ်းမတွေ ရှိသေးသည်။ လမ်းတွေက ခပ်ရှင်းရှင်း ခပ်တိတ် တိတ်။ ပျားရည်ရောင်ဖျော့ဖျော့ အဆောက်အဦးတွေက တကယ်



င် လှပခမ်းနားသည်။ ရိုမီယိုနှင့်ဂျူလိယက် ချစ်သူနှစ်ဦး နေထိုင်ခဲ့ရာမြို့။ ပြီးခဲ့သည့် စစ်အတွင်းကတော့ ဗုံးကြဲခံရသဖြင့် မြို့ထဲက တံတားတွေ ကျိုးပဲ့ပျက်စီးခဲ့ရသည်။ သို့သော် မြို့၏ အလှအပနှင့် ဆွဲဆောင်မှုများကတော့ လျော့ပါးမသွား။

နောက်တစ်နေ့နံနက် တည်းခိုရာဟိုတယ်မှအထွက်မှာပင် ကျွန်တော်တို့ တို့ခံနဲ့ ရပ်သွားမိကြသည်။ ဟိုတယ်ဝင်းအပြင် ဘက်လပ်ရှိ ရေပန်းတိုင်အနီးမှာ ဖိနပ်တိုက်သည့် ခုံနှစ်လုံးနှင့် ကုန်းကုန်းအလုပ်လုပ်နေသူတွေက မနေ့က သိကျွမ်းခဲ့ရသည့် ကျွန်တော်တို့ မိတ်ဆွေလေး နှစ်ယောက်။ လုပ်ငန်းက အတော် သွက်နေသည်။ သူတို့ အလုပ်နည်းနည်းပါးသွားသည်အထိ စောင့်ကြည့်နေပြီးမှ ကျွန်တော်တို့ ချဉ်းကပ်သွားကြသည်။

"မင်းတို့ သစ်သီးခူးရောင်းတဲ့အလုပ်ပဲ လုပ်တယ် အောက်မေ့တာ" ကျွန်တော်က မေးသည်။

"ကျွန်တော်တို့ အလုပ်မျိုးစုံလုပ်ပါတယ် ခင်ဗျာ"

နီကိုလာက အလေးအနက် ဖြေသည်။ ပြီး ကျွန်တော် တို့ကို မျှော်လင့်ဟန်နှင့်ကြည့်ပြီး ပြောသည်။ "ဧည့်သည်တွေလဲ ကြာခဏတော့ မြို့ထဲလိုက်ပြရပါတယ်၊ ဂျူလိယက်သချိုင်းတို့၊ နောက် တခြားစိတ်ဝင်စားစရာ နေရာတွေရောပေါ့"

"ဟုတ်လား၊ ဒါဖြင့် တို့ကိုလဲ လိုက်ပြကွာ" ကျွန်တော် ပြောလိုက်သည်။

မြို့ထဲအတူ လျှောက်ကြည့်ရင်းက သူတို့၏ ထူးခြား သော မျက်နှာသွင်ပြင်ကို ကျွန်တော် စိတ်မဝင်စားဘဲ မနေနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ သူတို့နှစ်ယောက်လုံးပင် ကလေးဆန်ပါသေး
သည်။ ပြောဆိုလုပ်ကိုင်ရာတွေမှာ ပရိယာယ်နည်းပါသေးသည်။
ဂျူကိုပိုလေးက နှုတ်ခမ်းဖြူရော်ရော်နှင့် အားနည်းပုံပေါက်သော်
လည်း ရှဉ့်ကလေးတစ်ကောင်လို သွက်လက်လှသည်။ နီကိုလာ
ကလည်း ရိုးဖြောင့်စင်ကြယ်သောအပြုံးနှင့် ခင်မင်ချင်စရာ
ကောင်းသည်။ သို့သော် သည်ကြားထဲကပင် သူတို့နှစ်ယောက်လုံး
မျက်နှာမှာ မြင်ရသူအလေးဂရုပြုစရာ လေးနက်တည်ကြည်သည့်
အသွင်မျိုး၊ အရွယ်နှင့်မလိုက်အောင် ကြီးကျယ်သော လုပ်ငန်း
ကြီးတစ်ရပ် ဆောင်ရွက်နေသည့် သဏ္ဌာန်ဟန်ပန်မျိုး ပေါ်လွင်
လျက် ရှိနေသည်။

အဲသည်နောက် ရက်သတ္တတစ်ပတ်လုံးပင် သူတို့နှင့်
မကြာခဏ တွေ့ဆုံခဲ့ရသည်။ သူတို့က ကျွန်တော်တို့အတွက်
အလွန်ပဲ အသုံးဝင်လှပါသည်။ အမေရိကန်စီးကရက် သောက်
ချင်တာ၊ ဓာတ်ပွဲလက်မှတ်ဝယ်ချင်တာ၊ အီတလီစာ ရာဗီယိုလီ
ကောင်းကောင်းရသည့် စားသောက်ဆိုင်သို့ သွားချင်တာ –
စသဖြင့် တိစ္ဆမှန်သမျှ သူတို့ကိုသာ အားကိုးလိုက်၊ အလိုဆန္ဒ
အားလုံး ပြည့်ဝအောင် သွက်လက်ချက်ချာစွာ ဆောင်ရွက်ပေး
သွားမည် ဖြစ်သည်။

တကယ် အံ့ဩချီးမွမ်းစရာကောင်းသည့် တစ်ချက်က
အလုပ်ကိစ္စနှင့်ပတ်သက်၍ အမြဲစိတ်အားထက်သန်နေခြင်း ဖြစ်
၏။ နေ့အချိန် နေရှိန်ပူပြင်းပြီး ရှည်လျားသော ညချမ်းကာလ
တစ်လျှောက် တောင်ပေါ်ကလာသည့် လေများဖြင့် စိမ့်အေးလှ



သည့် ဗီရိုနာ၏ ထိုနွေရက်များအတွင်း တစ်နေကုန် တစ်နေခန်း
ပင် သူတို့ညီအစ်ကို ဖိနပ်တိုက်သည်၊ သစ်သီးရောင်းသည်၊
သတင်းစာ လက်ပွေ့ရောင်းသည်၊ တိုးရစ်တွေကို မြို့ထဲ လည်ပြ
သည်၊ တိုလီမိုလီ ခိုင်းတာစေတာလေးတွေလည်း လုပ်ပေးသည်။
ဆင်းပွားရေးမကောင်းလှသည့် သူတို့မြို့ကလေးမှာ သူတို့ဝင်ရောက်
လုပ်ကိုင်၍ရသည့် အလုပ်မှန်သမျှ တစ်ခုမှ ချန်မထား။

တစ်ညသ၌ ဟိုတယ်ရှေ့ပလက်ဖောင်းမှာ သူတို့အား သွား
တွေ့သည်။ ကွက်လပ်ထဲတွင် လူသူကင်းမဲ့နေပြီး လေကလည်း
တဟူးဟူးတိုက်နေသည်။ မီးရောင်မှိန်မှိန်အောက်၌ သူတို့ထိုင်
နေကြခြင်း ဖြစ်သည်။ နီကိုလာက ခပ်မတ်မတ်ပင်။ သို့သော်
တစ်နေကုန် ပင်ပန်းထားသဖြင့် မျက်နှာက ညှိုးနေပြီ။ သူ့ခြေရင်း
မှာ သတင်းစာတစ်ထပ်ရှိနေသည်။ ညီငယ်ဂျူကိုပိုက သူ့ပခုံးကို
မှီအုံးရင်း အိပ်ပျော်နေသည်။ အချိန်က သန်းခေါင်တိုင်လုပြီ။

"မင်းတို့ ညဉ့်နက်လှချည်လား နီကိုလာ"

သူ ရုတ်တရက် နိုးနိုးကြားကြား ဖြစ်သွားပြီးနောက်
ကျွန်တော့်ကို လှမ်းကြည့်သည်။ အမှိအစိုကင်းသူ၏ တည်ငြိမ်
အေးဆေးသော အကြည့်။

"ပါဒွါအာကလာမယ့် နောက်ဆုံးဘတ်စကားကို စောင့်
တာပါ၊ အဲဒီကားလာရင် ကျွန်တော်တို့ သတင်းစာတွေ အားလုံး
ရောင်းရမယ်"

"မင်းတို့ ဒီလောက်ကြီး ဒုက္ခခံဖို့ လိုသလားကွာ၊ မင်းတို့
ကြည့်ရတာ နှစ်ယောက်လုံး ပင်ပန်းနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဒုက္ခရောက်တယ်မထင်ပါဘူး ခင်ဗျာ"

သူ့လေသံက လုံးဝယဉ်ကျေးသော်လည်း နောက်ထပ်မမေးမြန်းဖို့ တားမြစ်သည့်သဘော ပါသည်။

ဘာပဲဖြစ်ဖြစ် နောက်နေ့မနက်မှာတော့ သူတို့ရှိရာ စားသောက်ဆိုင်နားသို့ ဖိနပ်တိုက်ရန်သွားရင်း ကျွန်တော် မေးမိပြန်သည်။

"နီကိုလာ၊ မင်းနဲ့ဂျကိုပို အလုပ်လုပ်ပုံအတိုင်းဆိုရင် မင်းတို့မှာ အတော်တော့ စုမိရမယ်ကွ၊ မင်းတို့ အဝတ်အစားအတွက်လဲ ပိုက်ဆံမသုံးဘူး၊ စားတော့လဲ နည်းနည်းလေးပဲ စားတယ်၊ မင်းတို့စားရင် ငါမြင်တာတော့ အမြဲ ပေါင်မုန့်မည်းနဲ့ သဖန်းသီးချည်းပဲ၊ မင်းတို့ ဒီပိုက်ဆံတွေ ဘာလုပ်သလဲကွ"

နေလောင်၍ ညိုနေသော သူ့မျက်နှာလေး နီသွားသည်။ သည့်နောက်တော့ ဖြူရော်ရော်ဖြစ်သွားပြန်သည်။ သူက အောက်ဘက်ကိုပဲ စိုက်ကြည့်နေသည်။

"မင်းတို့ အမေရိကားသွားဖို့ ပိုက်ဆံစုနေတယ်ထင်တယ်" ဟူ၍ ပြောလိုက်သည့် အခါတွင်တော့ ကျွန်တော့်ကို ဆောင်းတစောင်းလေး လှည့်ကြည့်သည်။ ပြီးမှ မလွှဲသာ၍ ပြောရသည့် လေသံမျိုးဖြင့် ဆိုသည်။

"စတိတ်(စ)ကို ကျွန်တော်တို့ သိပ်သွားချင်တာပေါ့ဗျာ၊ ဒါပေမဲ့ လောလောဆယ် ဒီမှာ တခြားအစီအစဉ်တွေ ရှိနေသေးတယ်"

"ဘာအစီအစဉ်တွေလဲ"

သူက စိတ်မသက်မသာ အမူအရာနှင့်ပြုံးသည်။ ပြီးမှ



ကျွန်တော် နောက်ထပ် ဆက်မမေးအောင် ဟန့်တားသည့် ခပ်ခြေးခြိမ်းလေသံဖြင့် ပြောသည်။

"ဒီလိုအစီအစဉ်တွေပါပဲ" သူ့လေသံက ခပ်တိုးတိုး။

"အေးကွာ၊ တို့လဲ တနင်္လာနေ့ကျတော့ ပြန်မယ်ကွ၊ ငါ သွားခင် မင်းတို့အတွက် လုပ်ပေးစေချင်တာရှိရင်တော့ ပြောကွာ"

နီကိုလာက ခေါင်းခါသည်။ သို့သော် ဂျကိုပိုကတော့ မှတ်တရက် သူ့နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ပြီးနောက် အသံစူးစူးနှင့် လှမ်းပြောသည်။

"ဦး၊ ကျွန်တော်တို့ တနင်္ဂနွေနေ့တိုင်း နယ်ကိုသွားတယ် ခင်ဗျ၊ ပိုလီတာဆိုတာ၊ ဒီက ကီလိုမီတာ ၃၀ လောက် ဝေးပါတယ်၊ ကျွန်တော်တို့ ခါတိုင်း စက်ဘီးငှားပြီး သွားကြတယ်၊ ဒါပေမဲ့ မနက်ဖြန်တော့ ဦးက ကူညီမယ်ဆိုရင် ကားနဲ့လိုက်ပို့ပါလား"

ကျွန်တော်က ဒရိုင်ဘာ လွိုဂီအား တနင်္ဂနွေနေ့ကို ရက်အားပေးထားပြီး ဖြစ်နေသည်။ သို့သော် ကျွန်တော် မငြင်းတော့။

"အေးကွာ၊ ငါကိုယ်တိုင် မောင်းပို့ပါ့မယ်" ဟူ၍ပဲ ပြောလိုက်သည်။

ခဏတော့ ဘယ်သူမှ ဘာမှမပြောကြ။ နီကိုလာက သူ့ညီကို စိတ်ဆိုးသည့်မျက်နှာနှင့် ကြည့်နေသည်။ ပြီးမှ

"ဦးတို့ကို ဒုက္ခပေးသလို ဖြစ်နေမှာပေါ့ဗျာ" ဟုဆိုသည်။

"ဘာမှ ဒုက္ခမရောက်ပါဘူးကွာ"

သူက နှုတ်ခမ်းကို ကိုက်နေသည်။ ထို့နောက် ခိတ်လျှော့လိုက်ဟန်ဖြင့် "ကောင်းပြီလေ" ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ နေ့လယ်မှာ ပိုလီတာရွာကလေးသို့ ကားဖြင့် ကျွန်တော်တို့ သွားကြသည်။ အရိပ်ကောင်းသော သစ်အယ်ပင်တွေကြားက လှပသော ရွာကလေး။ အတော်မြင့်သော တောင်စောင်းတစ်ခုထက်မှာ ရှိနေသည်။ ရွာအထက် တောင်စောင်း ထိပ်ပိုင်းမှာ ထင်းရှူးပင် ခပ်ကျဲကျဲပေါက်နေသည်။ အောက်ဘက် တောင်ခြေမှာတော့ ရေပြာပြာကန်တစ်ခု ရှိသည်။ ကျွန်တော့်စိတ်တွင် အိမ်ကလေးသေးသေးတစ်ခုဆီသို့ သွားရလိမ့်မည်ဟု ထင်မှတ်ထားသည်။ သို့သော် ဂျကိုပို၏ အသံ ရှုးရှုးသေးသေးလေး လမ်းညွှန်သည့်အတိုင်း လိုက်ရင်း ရောက်သွားသည်က အုတ်တံတိုင်းမြင့်ကြီး ကာရံထားသည့် ခြံဝင်းကြီး တစ်ခုရှေ့။ ခြံထဲမှာ ခေါင်မိုးနီနီနှင့် စံအိမ်ကြီးတစ်အိမ်။

ကိုယ့်မျက်စိ ကိုယ်မယုံနိုင်အောင် ကျွန်တော် အံ့အားသင့်နေဆဲမှာပဲ ပါစင်ဂျာလေးနှစ်ယောက်က ကားပေါ်မှ ဖျိုးဖျိုးဖျတ်ဖျတ် ခုန်ဆင်းလိုက်ကြသည်။

"ကျွန်တော်တို့ မကြာပါဘူး ဦး၊ အလွန်ဆုံး တစ်နာရီလောက်ပါ၊ ဦး ရွာထဲက ကဖေးဆိုင်မှာ တစ်ခုခုသွားသောက်ချင် သောက်ပါလား" ဟုပြောပြီး လှစ်ခနဲ ပျောက်သွားကြသည်။

မိနစ်အနည်းငယ်ကြာတော့မှ ကျွန်တော် သူတို့နောက်သို့ လိုက်ကြည့်သည်။ သံတံခါးတပ်ထားသည့် ဆေးဝင်ပေါက် တစ်ခု တွေ့ရပြီး အဲသည်က ခေါင်းလောင်းကိုတီးလိုက်တော့ သဘောကောင်းပုံရသည့် အမျိုးသမီးတစ်ယောက်ပေါ်လာသည်။ နီစပ်စပ်မျက်နှာမှာ စတီးကိုင်းမျက်မှန်တပ်ထားသည်။ ဝတ်ထား



သည်က သူနာပြုဆရာမဝတ်စုံ။ ကျွန်တော် အံ့သြသွားရပြန်သည်။

"ဟိုရွာဝိတ်ကလေးနှစ်ယောက် ကျွန်တော် လိုက်ပို့တာပါ"

"သြော် ... ဟုတ်လား နီကိုလာနဲ့ ဂျကိုပို" သူမမျက်နှာ လင်းလက်သွားသည်။ သူက ကျွန်တော့်ကို တံခါးဖွင့်ပေးသည်။ "လာပါ၊ ကျွန်မ လိုက်ပို့ပါ့မယ်"

သူမက အုတ်ကြွပ်မိုးထားသည့် စမုတ်ဆောင်မှတစ်ဆင့် ဆေးရုံအတွင်းပိုင်းသို့ ကျွန်တော့်အား ခေါ်ဆောင်သွားသည်။ ဆေးရုံက ယခင်တစ်စုံတစ်ယောက်၏ အိမ်ဂေဟာကြီးကို အသွင်ပြောင်းလဲသုံးစွဲထားခြင်း ဖြစ်သည်။ ဖယောင်းတွေ ပြောင်နေအောင် ကြမ်းတိုက်ထားသည့် ကော်ရစ်ဒါတစ်ခုကို ဖြတ်သန်းပြီးနောက် အခန်းငယ်လေးတစ်ခု၏အဝမှာ အမျိုးသမီးရပ်လိုက်သည်။ သူက အသံမထွက်စေနဲ့နော်ဟု အမူအရာပြပြီးနောက် အသာပြုံးကာ ကျွန်တော့်အား မှန်ခန်းဆီးနောက်က ရှုခင်းကို ကြည့်ခိုင်းသည်။

ခေါင်းအုံးတွေမှီ၍ လှဲနေသည့် အသက် ၂၀ အရွယ် မိန်းကလေးတစ်ဦး၏ ခုတင်နံဘေးတွင် ကောင်လေးနှစ်ယောက် ထိုင်ကာ စကားတွေ တတွတ်တွတ်ပြောနေကြတာ တွေ့ရသည်။ မိန်းကလေးက ဇာအကျီလှလှလေးတစ်ထည် ဝတ်ထားသည်။ သူတို့ပြောသမျှ နားထောင်နေသည့် သူမ၏ မျက်လုံးအစုံ၌ ချစ်ခင်ကြင်နာမှု အရိပ်လက္ခဏာများ ယှက်သန်း၍နေသည်။ ဝါးပြင်အထက်ပိုင်းတွေက နီထွေးထွေးဖြစ်ကာ ခန္ဓာကိုယ်

www.burmeseclassic.com



ကလည်း မလှုပ်မယှက် အနေအထားကြီးနှင့် ဖြစ်နေသော်လည်း တစ်ချက်ကြည့်ရုံဖြင့်ပင် ကောင်လေးတွေနှင့် မောင်နှမဆိုတာ ပြောနိုင်လောက်အောင် ရုပ်ချင်းက အတော်ဆင်သည်။

"ဝင်သွားလိုက်ပါလား၊ လူစီယာလဲ ဝမ်းသာမှာပါ" သူနာပြု ဆရာမက တိုးတိုးပြောသည်။

ကျွန်တော် ခေါင်းခါကာ အသာလှည့်ပြန်လာခဲ့သည်။ သူတို့ မောင်နှမတစ်တွေ၏ ပျော်ရွှင်ဖွယ် တွေ့ဆုံပွဲကလေးကို ကျွန်တော် ဝင်ရောက်နှောင့်ယှက်ခြင်း မပြုလိုပါ။ သို့သော် လေ့ကားအိမ်ခြေရင်းနား အရောက်တွင်တော့ ခဏရပ်ကာ ဆရာမအား သည့်ကလေးတွေအကြောင်း သူသိသမျှ ပြောပြပါရန် မေတ္တာရပ်ခံမိသည်။

သူမကလည်း စိတ်ပါလက်ပါပင်။ သည်ကောင်လေးတွေမှာ လူစီယာဆိုသည့် အဲသည်အစ်မကလွဲ၍ အခြားဆွေမျိုးညာတိတစ်ယောက်မျှ မရှိသည့်အကြောင်း သူ ပြောပြသည်။ သူတို့မှာ စောစောကတည်းက အမေ မရှိ၊ ဖခင်မုဆိုးဖိုနှင့် နေရသည်။ ဖခင်က လာစကလာမှ နာမည်ကြီး အဆိုတော် တစ်ယောက်။ စစ်ကြီးအစပိုင်းလောက်မှာပင် ကွယ်လွန်ခဲ့သည်။ နောက်များမကြာမီ ဗုံးကျ၍ သူတို့အိမ်တစ်ခုလုံး ပျက်စီးသွားတော့ မောင်နှမသုံးယောက် အိမ်ခြေယာခြေ မဲ့သွားတော့သည်။ တစ်လျှောက်လုံး သက်သောင့်သက်သာ နေလာခဲ့ရသူ လူယဉ်ကျေးလေးတွေ။ လူစီယာဆိုလျှင် တစ်နေ့မှာ အဆိုတော်ဖြစ်ဖို့ လေ့ကျင့်သင်ကြားနေသူလေး။ ရုတ်တရက် လုံးဝ ဝတ်ပြတ်သလောက်



နီးပါး အခြေအနေမျိုးရောက်သည်အထိ သူတို့ဘဝက ဆိုးဝါးသွားခဲ့သည်။ သည်ကြားထဲ ဗီရိုနာ၏ ပြင်းထန်လှသော ဆောင်းအအေးဒဏ်ကိုလည်း ခံကြရသေးသည်။

ပြိုပျက်သွားသည့် အိမ်နေရာ၌ အကာအရံလေးတစ်ခု သူတို့တတ်စွမ်းသမျှ ဆောက်လုပ်ကာ အဲသည်မှာ လပေါင်းအတော်ကြာ အသက်မသေအောင် ကြိုးစားပြီး နေခဲ့ကြသည်။ သို့သော် အဲသည်နောက်တွင် ဂျာမန်တွေ၏ အထူး အစောင့်တပ်ဖွဲ့က ဗီရိုနာ၌ ဌာနချုပ်လာဖွင့်သည်။ ဂျာမန်တွေ သည်မြို့ကို သုံးနှစ်တိုင်တိုင် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခဲ့သည်။ သည်ကာလအတွင်း ကောင်လေးများစိတ်၌ ထိုမလိုလားအပ်သော အရှင်သခင်ဆိုးများအပေါ် မုန်းတီးမှုတွေ တစ်နေ့တခြား တိုးပွားလာခဲ့သည်။ ခုခံတော်လှန်ရေးလှုပ်ရှားမှုများ လျှို့ဝှက်စွာ ဆါပေါက်လာသည့်အချိန်၌ သည်ကောင်လေးတွေက သည်လှုပ်ရှားမှုထဲတွင် ကနဦး ပါဝင်သူများ ဖြစ်လာကြသည်။ ကလေးများမို့ ကြံကြံဖန်ဖန်တုန်းစစ်တိုက်တမ်း ဝင်ကစားကြခြင်း မဟုတ်။

သိပ်ငယ်သေးသော တလေးတွေဖြစ်တာ၊ လူကောင်သေးကွေးသဖြင့် တော်ရုံတန်ရုံနှင့် မထင်သာ မမြင်သာတာ၊ ပြီး ပတ်ဝန်းကျင်ရှိ တောင်ကုန်းတောတန်းမှန်သမျှနှင့် အကျွမ်းတဝင်ရှိကြတာတွေကြောင့် သည်ကောင်လေးနှစ်ယောက်က မြေအောက်လှုပ်ရှားမှုအတွက် အလွန်အမင်း တန်ဖိုးရှိသည့် ပုဂ္ဂိုလ်လေးတွေ ဖြစ်ခဲ့သည်။

သဘောကောင်းသော သူနာပြုဆရာမက စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ရပ်သွားသည်။ သူမ မျက်လုံးတွေ စွတ်စို၍လာသည်။ နောက်မှ တစ်ဖန် ပို၍လှိုက်လှဲသော ခံစားမှုနှင့် ဆက်၍ ပြောပြန်သည်။

"ဒီကလေးတွေ ဘယ်လောက်တော်တယ်ဆိုတာ ကျွန်မ ပြောဖို့တောင်လိုမယ် မထင်ဘူး၊ မှောင်မှောင်မည်းမည်းထဲမှာ တောင်တွေတောတွေ ကျော်ပြီး ဖိနပ်ထဲ စာတွေဖွက်ပြီး အဆက်အသွယ်လုပ်ပေးကြတာ၊ မိရင် ချက်ချင်းပစ်သတ်ခံရမှာ၊ ... အဲဒါတွေပြီးသွားလို့ ငြိမ်းချမ်းပြီဆိုတဲ့အခါကျမှ သူတို့သိပ်ချစ်တဲ့ အစ်မဆီ ပြန်လာကြတာ၊ အဲဒီမှာ အစ်မက ကျောရိုးတီဘီရောဂါ ဖြစ်ပြီး လဲနေတာ သူတို့သွားတွေ့ရတယ်"

"အဲဒီတော့ကော သူတို့ စိတ်ပျက်သွားကြသလားတဲ့၊ ဟင့်အင်း လုံးဝပဲ၊ ကောင်မလေးကို ဒီကိုယူလာတယ်၊ ကျွန်မတို့ ဆေးရုံက လက်ခံပေးဖို့ မရရအောင် ပြောပြီး အပ်ကြတယ်၊ အခုဆိုရင် သူ ဒီရောက်နေတာ ဆယ့်နှစ်လရှိသွားပြီ၊ အများကြီး တိုးတက်မှု ရှိပါတယ်၊ တစ်နေ့ကျရင် သူလမ်းပြန်လျှောက်နိုင်မှာပါ၊ သီချင်းလဲ ဆိုနိုင်မှာပါ၊

"လောလောဆယ် ဒီမှာက အစစအရာရာ အင်မတန် ခက်ခဲကျပ်တည်းပါတယ်၊ စားသောက်ကုန်တွေက ရှား၊ ဈေးတွေက အဆမတန်ဆိုတော့ ကျွန်မတို့ ဆေးရုံအနေနဲ့လည်း ဘယ်လူနာမှ အခမဲ့တင်မထားနိုင်တဲ့အခြေအနေ၊ ဒါပေမဲ့ လူစီယာ မောင်လေးတွေက အပတ်တိုင်း မပျက်မကွက်လာပြီး သူတို့ အစ်မအတွက် ကျသင့်တဲ့ စရိတ်စကကို ပေးကြပါတယ်၊ ...



သူတို့ ဘာတွေလုပ်ကိုင်ကြသလဲတော့ ကျွန်မ မသိဘူးပေါ့၊ မေးလဲ မမေးပါဘူး၊ ဗီရိုနာမှာ အလုပ်အကိုင်ကလဲ သိပ်ရှားပါးနေတယ်၊ ဒါပေမဲ့ ဘာအလုပ်ပဲလုပ်လုပ် သူတို့ကတော့ တကယ်ကောင်းအောင်လုပ်ကြမှာ သေချာပါတယ်"

"မှန်တာပေါ့ဗျာ၊ ဒီထက်မက ကောင်းအောင်တော့ သူတို့လဲ တတ်နိုင်မယ် မထင်တော့ဘူးဗျ" ကျွန်တော် ထောက်ခံလိုက်သည်။

ကောင်လေးတွေ ပြန်ရောက်လာသည်အထိ ကျွန်တော် အပြင်မှာပဲ စောင့်နေလိုက်တော့သည်။ ပြီး မြို့ကို ပြန်မောင်းလာခဲ့သည်။

သူတို့ ကျွန်တော့်ဘေးတွင် ထိုင်လာသည်။ သို့သော် စကားမပြောကြ။ ကြည်နူးမှု အတွေးကိုယ်စီနှင့် တိတ်ဆိတ်ငြိမ်သက်နေကြသည်။ ကျွန်တော်လည်း စကားတစ်ခွန်းမျှ မဆိုပါ။ သူတို့ လျှို့ဝှက်ချက်ကလေး လုံခြုံစွာပဲရှိနေတာ သူတို့ ပိုလိုလားလိမ့်မည်ဟု ကျွန်တော် သဘောပေါက်သည်။ သို့သော် ကျွန်တော့်ရင်ထဲတွင်ကား သိပ်သည်းသိုဝှက်လှသော သည်လူငယ်လေးတွေ၏ ကြီးကျယ်မြင့်မြတ်လှသော တွယ်တာမှု ချစ်မြတ်နိုးမှု စွန့်လွှတ်မှုတို့အတွက် အတော်ပင် ထိခိုက်ခံစားခဲ့ရသည်။

ကမ္ဘာစစ်ကြီးသည်လည်းကောင်း၊ စစ်နှင့်အတူ ပါလာသည့် စက်ဆုပ်ဖွယ် တုန်လှုပ်ချောက်ချားဖွယ်ရာများသည်လည်းကောင်း၊ သူတို့၏ စိတ်ဓာတ်ကို ချိုးဖျက်ခြင်း မပြုနိုင်ခဲ့။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကား အရွယ်မတိုင်မီ အတင်းအဓမ္မ ရင့်ကျက်ခဲ့ရသူများ့ဟုဆိုချင် ဆိုနိုင်၏။ သို့သော် အဓမ္မထိုးအပ်လာသည့် ထိုရင့်ကျက်မှုကို ဂုဏ်သိက္ခာရှိစွာ ရဲရင့်စွာပင် သူတို့ ခံယူခဲ့ကြသည်။ သူတို့၏ ကိုယ်ကျိုးမဖက်သော ဆောင်ရွက်ချက်မျိုးကား လူသား၏ဘဝမှာ ဂုဏ်ကျက်သရေအသစ်တွေ တိုးပွားစေသည့် ဆောင်ရွက်ချက်မျိုး၊ အနာဂတ် လူ့အသိုင်းအဝိုင်းအတွက် မျှော်လင့်ချက်တွေ ပို၍ ကြီးမားလာစေသည့် ဆောင်ရွက်ချက်မျိုးဟု ကျွန်တော် ဆိုလိုက်ချင်ပါသည်။

❖❖❖

## စစ်မှန်သော လွတ်လပ်မှုနှင့် သုခချမ်းသာ*

လွန်ခဲ့သော နှစ်ပေါင်း ၃၀ခန့်၊ ဆရာဝန်ပေါက်စဘဝဖြင့် လန်ဒန်မှာ ကျွန်တော် နေထိုင်စဉ်က ဖြစ်သည်။ ထိုစဉ်က ကျွန်တော့်လူနာများထဲတွင် အငြိမ်းစား ကျောင်းဆရာကြီးတစ်ယောက်လည်း ပါဝင်သည်။ သူက ဆေးကု၍မရနိုင်သည့် ရောဂါဝေဒနာတစ်ခု စွဲကပ်နေသူ ဖြစ်သည်။ ပက်ဒင်တန်ရပ်ကွက်ရှိ အလုပ်သမားမိသားစု နေအိမ်တစ်ခုမှာ အခန်းတစ်ခန်းငှားပြီး သူနေသည်။

အမြဲရွှင်ပျသော သူ့အမူအရာကြောင့်လားမသိ။ သည်အဘိုးအိုကို ကျွန်တော် သူများထက် ဂရုထားမိခဲ့သည်။ လူက

---

* **A.J.Cronin Unless You Deny Yourself**

www.burmeseclassic.com



သေးသေးကွေးကွေး၊ ပိန်ပိန်လှီလှီ။ သို့သော် မျက်လုံးများက တောက်ပသည်။ သူ့ကို စေတနာပိုကာ တကယ်လိုအပ်သည်ထက် အကြိမ်များများ ပို၍ ကျွန်တော် သွားရောက်ကြည့်ရှုဖြစ်ခဲ့သည်။

ထိုနှစ်နွေရာသီတွင် ကျွန်တော်က လူမှုဖူလုံရေး အသင်းအဖွဲ့တစ်ခုထံမှ အဘိုးအိုအတွက် ထောက်ပံ့ငွေ ပေါင် ၂၀ ရှာရအောင် စီစဉ်ပေးသည်။ သည်ငွေဖြင့် သူ့အား မွန်းကျပ်သော မြို့ပြကို ခေတ္တရှောင်ခွာကာ ပင်လယ်ကမ်းခြေ၌ တစ်လခန့်သွားရောက်အနားယူခွင့်ရစေမည်ဟု ကျွန်တော် ရည်ရွယ်ခဲ့သည်။

ပင်လယ်ပြင်ကို သူ ခင်တွယ်လှကြောင်း ကျွန်တော် သိထားသည်။

သို့သော် ငွေပေးပြီး ၁၀ ရက်ခန့်အကြာ၌ ပက်ဒင်တန်ရပ်ကွက်ရှိ ညစ်ပေစုတ်ပြတ်သော သူတို့လမ်းကလေးထဲမှာပင် သူ့ကို ကျွန်တော် သွားတွေ့ရသည်။ လူက ပင်ပန်းနွမ်းနယ်နေသည့် အသွင်မျိုး။

ကျွန်တော် အံ့အားသင့်သွားသည်။ ဘာကြောင့် အပန်းဖြေခရီးမထွက်သေးတာလဲမေးတော့ သူ့ဆီက အဖြေချက်ချင်းမရ။ အတော်မေးမြန်းယူတော့မှ အကျိုးအကြောင်း ကျွန်တော် သိရသည်။ အပန်းဖြေခရီး သူမထွက်ဘဲ အိမ်ရှင်၏ ကလေးနှစ်ယောက်ကို သူ့ကိုယ်စား သွားခိုင်းလိုက်သည် ဟူ၍။

ကျွန်တော် ဆူပူပြစ်တင်ပြောဆိုတော့ သူ ငြိမ်၍ နားထောင်သည်။ ပြီးတော့မှ သူက အားနာပြုံးကလေးပြုံးကာ စကား



တစ်ခွန်းဆိုသည်။

"စွန့်လွှတ်ခြင်းဟာလဲ တစ်ခါတစ်ရံ လူကို ကောင်းကျိုးပြုတတ်ပါတယ် ဒေါက်တာ" တဲ့။

သူ့စကား မှန်ပါသည်။ သူပြောသည့် သဘောကိုပင် ဆယ့်ငါးရာစု ဂျာမန်ဘုန်းတော်ကြီးသောမတ်(စ)အာကဲင်(မ)ပစ်ဘ ပို၍ ရှင်းလင်းပီပြင်စွာ ဤသို့ဆိုခဲ့သည်။

"စွန့်လွှတ်ခြင်းမပြုဘဲ တကယ်စစ်မှန်သော လွတ်လပ်မှုဘဝကို သင် မရနိုင်" ဟူ၍။

စင်စစ် အလိုဆန္ဒတို့ကို ထိန်းသိမ်းနိုင်မှု စွမ်းအားသည် သင်လျှင် လူ၏ကောင်းမြတ်သော ဂုဏ်အရည်အသွေးအားလုံးတို့ မြစ်ဖျားခံရာ ဖြစ်သကဲ့သို့ လွတ်မြောက်မှုအပေါင်းတို့ ထွက်ပေါ်ရာ ဗဟိုဌာနလည်း ဖြစ်ချေသည်။ ထို့ကြောင့် စိတ်ဓာတ်ရေးရာအရ လွတ်လပ်သန့်စင်သူ ဖြစ်လိုမူ လူသည် မိမိဇာတိစိတ်တို့၏ တောင်းဆိုမှုများကို ထိန်းသိမ်းကွပ်ကဲနိုင်စွမ်း ရှိရပေမည်။

အလိုဆန္ဒများကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ မည်သူမျှ စိတ်ဓာတ်ကြံ့ခိုင်သူ၊ လေးစားလောက်သော စာရိတ္တရှိသူတစ်ဦး ဖြစ်မလာနိုင်။ ထိုနည်းတူ တစ်စုံတစ်ရာအရေးပါသည့် မည်သည့်အလုပ်ကိုမဆိုသည်လည်း ကိုယ်ပိုင်စည်းကမ်းကို ထိန်းသိမ်းနိုင်စွမ်း မရှိဘဲ ဖြစ်မြောက် အောင်မြင်မလာနိုင်ပေ။ လောက၌ ကြီးကျယ်သော လုပ်ငန်းဘဝ မှန်သမျှ အလွယ်တကူ မရ။ မိမိကိုယ်တိုင် တင်းကျပ်တိကျစွာ ထိန်းသိမ်းကွပ်ညှပ်မှု ပြုခဲ့ခြင်းမှသာ ရရှိလာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားပညာကျော်ကြီး ပက်ဒရူးစကီးက မဆုတ်မနစ်သော ဇွဲဖြင့် နှစ်ရှည်လများ ကြိုးပမ်းခဲ့ရသော သူ၏ဘဝကို ဤသို့ အနှစ်ချုပ် သုံးသပ်ပြောဆိုသည်။

"အရှင်သခင် ဖြစ်မလာခင်က ကျေးကျွန်ဘဝမှာ ကျွန်တော် ကျင်လည်ခဲ့ရတာပါ"

မှန်သည်။ ဤသည်က သဘာဝပင်။

ဂေါက်သီးကျော် ဘော်ဘီဂျုံးစ် ဗြိတိသျှအိုးပင်းပြိုင်ပွဲကြီးသို့ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်စဉ်က သူ့ကို ကျွန်တော် အနီးကပ်လိုက်ကြည့်ခဲ့ဖူးသည်။ အဲသည်ပွဲတုန်းက သူ့ရိုက်ချက်တွေ အတော်ဆိုးသည်။ ရိုက်ချက်နေရာမကျသည့်အခါ သူ့စိတ်တိုစိတ်ပျက်လာကာ တဖြည်းဖြည်း ပို၍ပို၍ အပေါက်အလမ်းမတည့် ဖြစ်လာသည်။ နံပါတ်ဆယ့်လေးကျင်းအရောက်တွင်မူ သူက လုံးဝစိတ်မထိန်းနိုင်ဖြစ်ကာ သူ့ကတ်ပြားကို ဆုတ်ဖြဲပြီး လွှင့်ပစ်လိုက်လေသည်။

သို့သော် နောက်ပိုင်းတွင်မူ သူက မူလအားနည်းချက်ကို ကုစားအနိုင်ယူကာ စိတ်ရှည်ဇွဲရှိသူ၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်သူတစ်ဦး ဖြစ်လာခဲ့သည်။ ဂျုံးစ်သည် သူ့ခေတ်သူ့အခါက အကြီးကျယ်ဆုံး ဂေါက်သီးသမားကောင်းတစ်ယောက် ဖြစ်လာရုံမက စိတ်ဓာတ်ရင့်ကျက်ပြည့်ဝသူတစ်ဦးအဖြစ် အများ လေးစားအားကျရသည့် အဆင့်ထိ ရောက်ရှိခဲ့ပေသည်။

လူတစ်ယောက်အား လူရည်လူသွေး ပြည့်ဝသူတစ်ဦးအဖြစ် ထင်ရှားဖြစ်ပေါ်လာစေသည့် အဓိကအရာသည် မိမိ

1



ကိုယ်ကို အောင်နိုင်မှုဖြစ်သည်။ ကိုယ်ပိုင်စည်းကမ်းဖြင့် နေကျင့်ရလာသူတွင် ယင်းအတွင်း အောင်နိုင်မှုစွမ်းအားများ ရရှိလာသည်။ သည်စွမ်းအား ရှိလာသောအခါ ပြုမူလုပ်ကိုင်သည့်နေရာမှန်သမျှ၌ သင့်မသင့် ရာမရာကို သူ ပိုင်းခြား ဝေဖန်တတ်လာသည်။ အကောင်းအမှန်ကို သူ ရွေးတတ်လာသည်။

လူသားတိုင်းမှာပင် လောကကြီးထဲ လှုပ်ရှားကျင်လည်ရာ၌ ရွေးချယ်စရာနှစ်ခုနှင့် အမြဲရင်ဆိုင်ရတတ်သည်။ တစ်နည်းပြောရသော် လွတ်လပ်မှုနှစ်မျိုး။

တစ်မျိုးက ကိုယ်လုပ်ချင်ရာ၊ ကိုယ်နှစ်သက် တိမ်းညွတ်ရာကို အတားအဆီးမရှိ လုပ်တတ်သည့် မှားယွင်းသော လွတ်လပ်မှု။ နောက်တစ်မျိုးက လုပ်သင့်လုပ်ထိုက်သည့် အရာကို စဉ်းစားရွေးချယ်လုပ်ကိုင်တတ်သည့် မှန်ကန်သော လွတ်လပ်မှု။

မိမိကိုယ်ကို အောင်နိုင်လာသော ပုဂ္ဂိုလ်သည် နေရာတကာ၌ မှန်ကန်သော လွတ်လပ်မှုကို ရွေးချယ်တတ်လာသည်။ သတ်တလော အလိုဆန္ဒကို ချိုးနှိမ်ကာ အသိဉာဏ်၏ စေစားရာသို့ ဦးတည်လှုပ်ရှားတတ်လာသည်။

မှန်ကန်သော လွတ်လပ်မှုမျိုးကို ရွေးချယ်တတ်လာအောင် ပျိုးထောင်လေ့ကျင့်ရန် နည်းလမ်းများလည်း ရှိလာသည်။

ရူပဗေဒပညာရှင် နီကိုလာ တက်စလာက သူ ငယ်စဉ်အခါက မိမိကိုယ်ကို ဆိုင်းချုပ်နိုင်စွမ်းရှိလာအောင် လေ့ကျင့်ခဲ့ပုံကို ဤသို့ ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပ်ကြိုက်တဲ့ ကိတ်မုန့်တို့ ချောကလက်တို့ ရလာတယ်ဆိုပါတော့၊ ငါ မစားဘူးကွာဆိုပြီး သူများပေးပစ်လိုက်တယ်၊ အခိုက်အတန့်အဖို့မှာ စိတ်ထဲ ကျိတ်ပြီး ခံစားရတာတော့ ရှိတာပေါ့၊ ဒါပေမဲ့ လုပ်တယ်၊ ဒီလိုပဲ ကျွန်တော်မလုပ်ချင်တဲ့ အလုပ်မျိုး၊ စိတ်မပါတဲ့ လေ့ကျင့်ခန်းမျိုး ကြုံလာရတယ်ဆိုပါတော့၊ စိတ်က ဘယ်လောက်ပဲ တစ်ဖက်ကို ဆွဲနေပေမယ့် ကျွန်တော် ဖြစ်အောင် လုပ်တယ်၊ လေ့ကျင့်တာ နှစ်နဲ့ချီ ကြာလာတဲ့အခါကျတော့ စိတ်တွင်းပဋိပက္ခက လျော့သွားတယ်၊ လုပ်ချင်တာနဲ့ လုပ်သင့်တာ ဆန္ဒနဲ့စိတ်ဓာတ် တစ်ထပ်တည်း ကျလာတယ်"

အဲသည်လို လုပ်ချင်တာနှင့် လုပ်သင့်တာ တစ်သားတည်း ဖြစ်လာသည့်အခါ လူ့ဘဝသည် ပျော်ရွှင်ချမ်းမြေ့မှု ရှိလာသည်။ ကျေနပ်အားရစရာလည်း ဖြစ်လာသည်။ တချို့လူများမှာ ဘယ်တော့မှ သည်လို တစ်သားတည်း မကျ။ အမြဲနှစ်ခွဖြစ်နေသည်။ ကိုယ့်စိတ်ဓာတ် ကိုယ့်စည်းကမ်းက ဒါလုပ်သင့်သည်ဟု ပြဋ္ဌာန်းသည်။ ကိုယ့်ဆန္ဒက ဟိုဘက်ကို တိမ်းညွတ်နေသည်။ သည်လိုလူမျိုးသည် ဘယ်သောအခါမျှ စိတ်မချမ်းသာနိုင်။

ဆေးလိပ်တစ်လိပ်ကောက်၍ မီးညှိမည်ပြုသည်။ ငါ သောက်တာများနေပြီလား စဉ်းစားပြီး ပြန်ချမလိုပြုသည်။ ညှိရမလို မညှိရမလို။ ဆေးလိပ်သောက်တိုင်း သည်လို၊ အစာစားတိုင်းလည်း သည်လို၊ အိပ်ရာဝင်ရာမှာလည်း ထိုနည်းၡင်း။ အိပ်သင့်ပြီလား၊ မအိပ်သင့်သေးဘူးလား။ ထတော့မည်လား



နည်းနည်း ဆက်မှိန်းနေဦးမည်လား။ အသေးအဖွဲကအစ ချီတုံချတုံ။ အလွန်ဒုက္ခကြီးသည့်ဘဝ။

လူတိုင်းပင် ချို့ယွင်းချက်၊ အားနည်းချက် ကိုယ်စီရှိကြတာတော့ အမှန်ပင်။ ဖျောက်မရသောအစွဲများ သို့မဟုတ် မကောင်းသော အမူအကျင့်များ။ တချို့က ဆေးလိပ်သောက်သည်။ တချို့က အရက်။ တချို့ကျတော့ အဖိုးတန်သော အချိန်များကို တီဗွီရှေ့မှာ အလဟဿ ဖြုန်းတီးပစ်တတ်သည်။

သည်အမူအကျင့်တွေကို ကုစားပြုပြင်ဖို့က အလွန်အမင်း ခဲယဉ်းလှသည် မဟုတ်။ ယခု သည်အချိန်ကစ၍ တစ်ချင်း ထိန်းကျောင်းပြုပြင်လျှင် ရနိုင်သည်။ အရေးကြီးသည်က ပြုပြင်မည်ဆိုသော စိတ်ဓာတ်ပင်။ ဆေးလိပ်နောက်ဘစ်လိပ် မသောက်တော့ဘူး။ အရက်သည်တစ်ခွက် နောက်ဆုံးပဲ စသဖြင့် တိတိကျကျ ထိန်းချုပ်ကန့်သတ်သည့်အကျင့် မွေးရမည်။ တီဗွီ အစီအစဉ်တစ်ခု သိပ်ကြည့်ချင်သည် ဆိုပါစို့။ ကိုယ့်မှာ မလွှဲရှောင်သာ လုပ်စရာရှိသည့် အလုပ်တစ်ခုကို အရင်ပြီးအောင် လုပ်မည်။ အဲသည်အလုပ်ပြီးမှ ၎င်းအစီအစဉ်ကို ကြည့်မည်ဟု ပိုင်းဖြတ်ပြီး အဲသည်အတိုင်း လက်တွေ့လေ့ကျင့်လိုက်နာရမည်။ အစားကိစ္စမှာလည်း ထိုနည်း၎င်း။ ကိုယ့်မှာ လိုတာထက် ပိုစားတတ်သည့်အကျင့် ရှိနေသည်ဆိုပါစို့။ ကျန်းမာရေးနှင့် ညီညွတ်အောင် ဘယ်ဟာကိုတော့ ရှောင်မည်၊ ဘာတွေတော့ လျှော့စားမည် ဟူ၍ သတ်မှတ်ချက်ထားကာ ၎င်းအတိုင်း လိုက်နာသွားလျှင် အစားအသောက်၌ စည်းကမ်းရှိသူတစ်ဦး ဖြစ်လာပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်၌ စည်းကမ်းရှိလာသည့်အခါ ပထမဆုံး ရလာသည့် ဆုလာဘ်က ကျန်းမာခြင်း ဖြစ်သည်။ ခန္ဓာကိုယ်အား နှိပ်စက်နေသည့် အစားရမ္မက်ကို နှိပ်ကွပ်နိုင်ပြီးသည့်နောက်၌ ယခင်ကထက် နေကောင်းထိုင်သာရှိလာခြင်းကို သိသာစွာပင် ခံစားရပေမည်။

အလိုဆန္ဒကို ထိန်းချုပ်သည့် အလေ့အကျင့် စတင်မိလာပြီဆိုလျှင် အသေးအဖွဲ့မှသည် အလေးအနက်ပိုင်းသို့ ဖြည်းဖြည်းချင်း မြှင့်တင်ကာ စာရိတ္တသတ္တိ ကြီးမားသူတစ်ဦး ဖြစ်အောင် မိမိကိုယ်ကို ဖန်တီးတည်ဆောက်လာနိုင်ပေမည်။ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်အတွက် ထမ်းဆောင်ရမည့် ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်တတ်သူ၊ သူတစ်ပါးက မိမိအား နာအောင်ပြုသော်လည်း သူတစ်ပါး နာအောင်ပြန်၍ မပြုသူ၊ အမျက်ဒေါသထွက်အောင် သူတစ်ပါး မည်မျှ နှိုးဆွသော်လည်း သည်းခံထိန်းသိမ်းနိုင်သူ စသဖြင့် ဖြစ်လာအောင် အားထုတ်မည်ဟူသော အဓိဋ္ဌာန်မျိုးဖြင့် မိမိကိုယ်ကို စောင့်ကြပ်ထိန်းသိမ်းရပေမည်။

အသေးအဖွဲ့များမှ စတင်ကာ ပို၍ကြီးမားသော အခက်အခဲများကို ကျော်လွှားအောင်နိုင်ရင်း တစ်နေ့သောအခါ၌ ငါကား ငါ၌ရှိခဲ့သည့် ငါ့ဘာသာဗင် မကြာခဏ ကဲ့ရဲ့မိရသည့် အကျင့်ဆိုး စရိုက်ဆိုးများကို ကင်းပအောင် ဖယ်ခွာချနိုင်သည့်တကား။ စိတ်ဓာတ်ရေးရာအရ ကြံ့ခိုင်သန်စွမ်းသူတစ်ဦးဖြစ်အောင် ငါ့ကိုယ်ငါ တည်ဆောက်နိုင်ခဲ့သည်တကားဟူ၍ မိမိ



ဘာသာ ဝမ်းမြောက်ကြည်နူးစွာ ကြေညာသိမှတ်နိုင်သည့် အဆင့်သို့ ဆိုက်ရောက်လာပေမည်။

"ဘဝကို ကောင်းစွာ ဆောက်တည်ပါ၊ ကောင်းသောဆိုအကျင့်က ဘဝအား သာယာချမ်းမြေ့ဖွယ်ဖြစ်အောင် ဖန်တီးပေးလိမ့်မည်" ဟူ၍ ရောမတွေးခေါ်ရှင်ကြီး အီပစ်တက်တပ်(စ) ဆိုခဲ့ဖူးသည်။

မှန်သည်။ အောင်မြင်စွာ ထိန်းကျောင်းဆောက်တည်လာခဲ့သော ဘဝ၏ အသီးအပွင့်များ ဟုဆိုရမည့် ကျေနပ်တင်းတိမ်ခြင်း အရသာနှင့် မိမိ၏စွမ်းအားအပေါ် စိတ်ချယုံကြည်နိုင်ခြင်း အရသာများကား ထူးခြားကြီးကျယ်လှပါသည်။ မိမိကိုယ်ကို စိတ်ဓာတ်စည်းကမ်း၊ စာရိတ္တစည်းကမ်းများဖြင့် ထိန်းသိမ်းနေထိုင်ခဲ့သူများသာ စစ်မှန်သော ထိုချမ်းသာသုခကို သိရှိခံစားခွင့်ရကြမည် ဖြစ်ပါသည်။

ယနေ့ခေတ်လူသားကား ထိုသုခမျိုးနှင့် အလွန်ပင်အလှမ်းဝေးလျက်ရှိ၏။ သူ၌ အကြီးကျယ်ဆုံး အမှားကား ဥစ္စာပစ္စည်းတွေ ပို၍ပေါများပြည့်စုံမှသာ ချမ်းသာသုခ ပို၍ရနိုင်မည်ဟူသော အယူအဆဖြစ်၏။ ခေတ်ကလည်း လိုတရခေတ် ဆိုရသောက်အောင် ဘာမဆို ခလုတ်နှိပ်တာနှင့် အဆင်သင့်ဖြစ်တာတွေ အများကြီး ရှိလာနေရာ ရုပ်ဝတ္ထုတွေ အလျှံပယ်ကြွယ်ဝမှ စိတ်ချမ်းသာမှု အပြည့်အဝ ရရှိလိမ့်မည်ဟူသော အယူအဆကြီးထွားလာနေခြင်းမှာလည်း သိပ်တော့မဆန်း ဟုဆိုရချေမည်။

www.burmeseclassic.com

www.burmeseclassic.com



မရှိဆိုတာ လူတွေ မကြားချင်ကြ။ မရှိဘဲ နေတတ်အောင် ဆိုသောစကားက လူအများနားမှာ အဓိပ္ပာယ်မဲ့သော စကားတစ်ခု ဖြစ်လာသည်။ ခေတ်သစ်သိပ္ပံပညာက အလျှံပယ်ဖန်တီးပေးလိုက်သည့် အသုံးအဆောင်ပစ္စည်းတွေ၊ သက်သာလွယ်ကူမှုတွေကြောင့် ကျွန်တော်တို့တစ်တွေသည် အလိုလိုက်ခံရလွန်းသော ကလေးများလို ပျက်စီးချင်လာသည်။ စိတ်ဓာတ်တွေ ပျော့ညံ့လာသည်။ ကျွန်တော်တို့ ဘိုးဘေးတွေ၏ စိတ်ဓာတ်တွေနှင့် ဆန့်ကျင်ကွဲလွဲလာသည်။

စွန့်လွှတ်မှု၊ ချုပ်တည်းမှုမရှိဘဲ ရပ်တည်နေထိုင်နိုင်မှု စွမ်းရည်တွေ ကျွန်တော်တို့မှာ လျော့နည်းလာသည်။ ကျွန်တော်တို့ အတွေးအခေါ်တွေကိုယ်ကပင် ဥစ္စာပစ္စည်း ပိုင်ဆိုင်ခွင့်ဆိုတာ ငါတို့ရဲ့ မွေးရာပါ လူ့အခွင့်အရေးဆိုတာမျိုး ဖြစ်လာသည်။

လူ့ဘဝ၏ အမြင့်မားဆုံးချမ်းသာသုခကို ရှာဖွေခဲ့သည့် ရှေးရှေးပညာရှိတို့၏ အယူအဆများနှင့် လုံးဝခြားနားခဲ့ပြီ။

ရောမစာဆိုကြီး ဟော်ရေ့စ်က "ခြိုးခြံချွေတာခြင်း၊ ချုပ်ထိန်းခြင်း မပြုသူကား နတ်ဘုရားတို့၏ မျက်နှာသာပေးမခြင်းကို မခံရနိုင်" ဟူ၍ဆိုခဲ့သည်။ သူ့ခေတ်ကာလ ရောမသား တွေ ရောမအင်ပိုင်ယာကြီး၏ ကြွယ်ဝမှုများကို အလျှံပယ် ခံစားကာ သုံးကြ၊ ဖြုန်းကြ၊ ယစ်မူးအပျော်ကြူးကြတာတွေ ကြည့်ပြီး သည်အတိုင်းဆိုလျှင်ဖြင့် အင်ပိုင်ယာကြီး ပျက်စီးတော့မှာပဲဟု တွေးတောပူပင်ကာ ဟော်ရေ့စ်က သတိပေးပြောကြားခဲ့ခြင်း ဖြစ်သည်။



ရုပ်ဝတ္ထု ပိုင်ဆိုင်လိုမှုများနှင့် တစ်ဒင်္ဂပျော်ရွှင်မှုများ၏ လွှမ်းမိုးမှုအောက်မှ ရုန်းမထွက်နိုင်ကြသူများမှာ နောက်ဆုံး၌ မိမိတို့ လိုက်ခဲ့မိသမျှသည် ဘာမှတန်ဖိုးမရှိ အချည်းနှီး အလဟဿ ပါတကား ဆိုသည်ကို တွေ့သိကြရမည် ဖြစ်သည်။ သို့သော် ယနေ့ကာလအဖို့မူ သန်းပေါင်းများစွာသော လူတို့၏စိတ်ထဲတွင် "ငါ ဘယ်လိုပျော်ရပါ့မလဲ" ဟူသော အတွေးသာ ကြီးစိုးလျက်ရှိနေသည်။

အလုပ်ဟူသည် မလွှဲမရှောင်သာ ထမ်းပိုးရသည့် ဝန်ထုပ် ဖြစ်နေပြီး ပျော်ပါးမြူးတူးမှုက ဘဝ၏ အဓိကနေရာကို ရယူလျက်ရှိသည်။ အထူးသဖြင့် လူငယ်လူရွယ်များ၏ စိတ်တွင် ပျော်ပျော်ပါးပါး သုံးစွဲနေထိုင်မှုကိုသာ လိုချင်တမ်းတလျက် ရှိကြ၏။ မိဘအုပ်ချုပ်မှုဆိုသည်မှာ သူတို့အတွက် ရယ်စရာဖြစ်နေပြီး စည်းကမ်းကလနားဆိုသောစကားကို သူတို့မေ့လျော့နေကြ၏။ ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်းဆိုသည်ကိုကား ဘာမှန်းပင် မသိကြပေ။ မိဘများကလည်း သားသမီးကို ဆိုဆုံးမခြင်းမရှိ။ စိတ်ထင်တိုင်းကြဲခွင့်ပြုထားကြ၏။ သူတို့စိတ်၌ အလိုလိုက်ခြင်းကို ချစ်ခြင်းဟု လွဲမှားယုံကြည်လျက် ရှိကြပေသည်။

ပျက်စီးနေသော ယနေ့ကမ္ဘာကို ကယ်တင်နိုင်မည့် အရာကား လူ့ခန္ဓာကိုယ်ရော၊ ဝိညာဉ်ကိုပါ ပျက်စီးချည့်နဲ့စေသည့် စည်းစိမ်များ မဟုတ်။ ပျော်ဖြေမှုများ မဟုတ်။ သတ္တဝါ သက်သာစေမှု အထောက်အကူပြု ဝတ္ထုများ ဟုဆိုကြသည့် စိမ်း ပစ္စည်းများလည်း မဟုတ်။ လူတိုင်း လူတိုင်း၏ ရင်ထဲ၊ ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာရှိသည့် ဦးနှောက်နှင့် နှလုံးသားများသာ ဖြစ်၏။ လူအသီးသီးတို့၏ စိတ်ဓာတ်များသာ ဖြစ်၏။

မိမိ၏ ကံကြမ္မာ အဆိုးအကောင်းကို ဖန်တီးနိုင်သော စွမ်းပကား ရရှိထားသည့် လူသားသည် ကမ္ဘာမြေရှိ ဒြပ်ဝတ္ထုအစုစုတို့ကို ထိန်းချုပ်စေစားနိုင်ခဲ့ပြီ ဖြစ်၏။ သူသည် ရေအထုကိုလည်းကောင်း၊ လေအထုကိုလည်းကောင်း လွှမ်းမိုးအောင်နိုင်ခဲ့သကဲ့သို့ ကမ္ဘာမြေပေါ်ရှိ တောရိုင်းသတ္တဝါကြီးငယ်တို့အားလည်း ယဉ်ကျေးအောင် ဆုံးမနိုင်ခဲ့၏။ သို့သော် မိမိကိုယ်ကို ဆုံးမပဲ့ပြင်ခြင်း မပြုနိုင်သေးသရွေ့ကား လူသားသည် စစ်မှန်သော လွတ်လပ်မှုနှင့် ချမ်းသာသုခ ဟူသည်ကို သိရှိခံစားနိုင်ဦးမည် မဟုတ်ပါချေ။

❖❖❖

# ပို၍ မြင့်မားသော ဆုလာဘ်*

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ခန့်က အီတလီပြည်တောင်ပိုင်း အစွန်အဖျားဒေသတစ်ခုတွင် ကောင်လေးနှစ်ယောက်ရှိခဲ့သည်။

တစ်ယောက်က မာရီယို။ ကြွယ်ဝသော မြေပိုင်ရှင်တစ်ဦး၏ သား။ ဉာဏ်ကောင်းသူ၊ ကိုယ့်ကိုကိုယ်လည်း ယုံကြည်စိတ်အပြည့်ရှိသူ။ သူက ခေါင်းဆောင်။

သူ့နောက်မှ သစ္စာရှိစွာ မစွာတမ်းလိုက်ပါသူက အင်ဆယ်(လ)မို။ သူက ကျောင်းစာသိပ်လိုက်နိုင်သူ မဟုတ်။ ပြီးတော့ သူ့အဖေက ရွာမှ ဖိနပ်ချုပ်သမား။

---

* A.J.Cronin The Greater Gift

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား တောနားတောင်နား လျှောက်သွားကြရင်း မာရီယိုက သူကြီးလာရင် ဘာတွေလုပ်မည်ဆိုသည့်အကြောင်းတွေ အလေးအနက် ပြောကြားလေ့ရှိသည်။ ဘာသာတရား ကိုင်းရှိုင်းသော သူ့မိဘတွေက သူ့ကို အသင်းတော်သို့ဝင်စေဖို့ ရည်မှန်းထားကြ၏။ ဤသည်ကို သူကလည်း မလိုမလား မရှိပါ။ သူက အဆောင်အယောင် အခမ်းအနားကို နှစ်သက်တတ်သူမျိုးဖြစ်သည်။ ဣန္ဒြေသိက္ခာကြီးမားလှသည့် ပုဂ္ဂိုလ်ကြီးတွေ ဘာသာရေးပွဲလမ်း အခမ်းအနားများမှာ ထည်ဝါခံ့ညားစွာ ဦးစီး ဆောင်ရွက်နေပုံများ မြင်ရသည့်အခါတိုင်း ကြည်ညိုစိတ် အားကျစိတ်ဖြင့် သူ့ အလွန်အမင်း တက်ကြွနေတတ်သည်။ အထူးသဖြင့် သူဖြစ်ချင်လှသည်က အဟောအပြောနှင့် ကျော်ကြားသည့် တရားဟောဆရာဘဝ။

တစ်နေ့ နေ့လယ်ခင်း သူတို့ စပျစ်ချုံတွေကြားမှာ လဲလျောင်းနေကြစဉ် မာရီယိုက ရုတ်တရက် ကောက်ကာငင်ကာ ထပြောသည်။

"တကယ် လျှာစွမ်းထက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ဖို့ အတွက်ဆိုရင် ငါ ဘာပေးရပေးရ ပေးဖို့အသင့်ပဲ"

အင်ဆယ်(လ)မိုက သူ့သူငယ်ချင်းကို ချစ်ခင်ကြည်ညိုလေးစားစွာ မော့ကြည့်နေသည်။ ပြီးတော့မှ မကွဲတကွဲလေသံနှင့် ခပ်တိုးတိုး ပြောသည်။

"အဲဒီဆုလာဘ်ကို မင်းရအောင် ငါ နေ့တိုင်း ဆုတောင်းပေးပါ့မယ် မာရီယို"



အင်ဆယ်(လ)မို ပြောလိုက်သည့် စကားက သူ့နဂိုသဘာဝနှင့် ဆန့်ကျင်လှသဖြင့် မာရီယို ရုတ်တရက် တဟားဟားနှင့် ထရယ်လိုက်မိသည်။ အင်ဆယ်(လ)မိုက ဘာသာတရားကိုင်းရှိုင်းလှသူ မဟုတ်။ အဲသည်လို ဘုရားထံ နေ့စဉ်ဆုတောင်းသည် ဆိုတာမျိုး လုပ်တတ်သည့် အမျိုးအစားထဲက မဟုတ်။ သို့သော် ဘာပဲပြောပြော သူလည်း သူငယ်ချင်းကို ချစ်သည်ပင်။ အင်ဆယ်(လ)မို့ ပခုံးသေးသေးကို သိုင်းဖက်ကာ

"သူငယ်ချင်း၊ မင်း စေတနာထားတာ ငါ အားကြီးကျေးဇူးတင်တယ်ကွာ၊ ဒါပေမဲ့ မင်းဆုတောင်းတာလဲ ဆုတောင်းပေါ့၊ ငါ့ဘာသာလဲ အဟောအပြောပညာတော့ သင်ရမယ်" ဟူ၍ ပြောလိုက်သည်။

အချိန်တန်သောအခါ၌ ကာပူချင်းဘုန်းတော်ကြီးကျောင်းသို့ မာရီယို ဝင်ရောက်ခဲ့၏။ မာရီယို သွားခါစ လအနည်းငယ်အဖို့မူ အင်ဆယ်(လ)မိုက ရွာမှာပင် အဖော်မဲ့စွာ ကျန်ရစ်လျက်ရှိ၏။ သို့သော် နောက်ပိုင်း၌မူ သူငယ်ချင်းနှင့် ဆက်လက်ခွဲခွာ မနေနိုင်တော့သဖြင့် မာရီယိုရှိရာ ကာပူချင်းကျောင်းသို့ သူပါ လိုက်ပါသွားခဲ့သည်။ ကျောင်းတော်အတွက် ဝေယျာဝစ္စများကို ဆောင်ရွက်ရသည့် အစေပါးဘဝကို ခံယူကာ လူဝတ်ကြောင်အဖြစ်နှင့်ပင် ကျောင်း၌ နေထိုင်လေသည်။

ငယ်သူငယ်ချင်းနှစ်ယောက် အလွှာအဝန်းအဝိုင်းချင်း ကွာခြားသွားခဲ့ပြီ။ သို့သော် ဘာပဲဖြစ်ဖြစ် မာရီယိုနှင့် တစ်မိုးတစ်ကာတည်းအောက်တွင် နေခွင့်ရခြင်းအတွက် အင်ဆယ်(လ)မို

www.burmeseclassic.com



ကျေနပ်သည်။ ကျောင်းပိုင်လယ်မြေမှာ အလုပ်လုပ်ရင်း၊ ကျွဲနွားများ ထိန်းကျောင်းရင်း၊ ဆွမ်းစားဆောင်တွင် ကြမ်းတိုက်ရင်းက သူ အလွန်ချစ်သော သူငယ်ချင်းကို လှမ်းမြင်ကာ အကြည့်ဖြင့် နှုတ်ဆက်ရတတ်သည်။ တစ်ခါတစ်ရံ စကားတစ်ခွန်းနှစ်ခွန်းပင် ပြောခွင့်ရသည်။

အချိန်ကာလစေ့ရောက်သောအခါ မာရီယိုက လက်တင် မင်္ဂလာခံယူကာ ဘာသာရေးဝန်ထမ်းပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်ရှိလာသည်။ အီစတာ တနင်္ဂနွေနေ့တွင် သူ၏ပထမဆုံး တရားကို ဟောကြားရမည် ဖြစ်သည်။ အဲသည်နေ့မတိုင်မီ အဖိတ်နေ့၌ ကျောင်းတော်ကြီးအတွင်း စင်္ကြံလမ်းတစ်ခုအတိုင်း သူ လျှောက်လာစဉ် မထင်ရှားမထည်ဝါသော အသွင်သဏ္ဌာန်တစ်ခု သူ့အား တိတ်တဆိတ် စောင့်မျှော်နေတာ သူ တွေ့ရသည်။... အင်ဆယ်(လ)မို။

"ကံကောင်းပါစေ မာရီယို၊... ငါလဲ အဲဒီမှာရှိမယ်၊... နင့်အတွက် ဆုတောင်းပေးနေပါ့မယ်" သူက ပြောသွားသည်။

နောက်တစ်နေ့ နံနက် တရားဟောစင်ပေါ်တက်သည့် အခါ မာရီယို ပထမဆုံး မြင်တွေ့ရသည့် ပုဂ္ဂိုလ်က စင်အောက် ဘက်နားက နံရံမှာ တိုင်တစ်လုံးနားကပ်၍ ရပ်နေသည့် အင်ဆယ်(လ)မို။ သူ့ကို စိတ်ချယုံကြည်သောအကြည့် သူ့ ဟောပြောချက်ကို ထက်သန်စွာ ငံ့လင့်လျက်ရှိသော အကြည့်ဖြင့် ငေးမျှော်၍နေသည့် သူငယ်ချင်း အင်ဆယ်(လ)မို။



တိတ်ဆိတ်သော ချိုးကျိုးထောမနာမှုကြောင့် အားတက်ကာ မာရီယို အဲသည်ပွဲမှာ စွမ်းအားရှိသမျှ အပြည့်အဝ ဟောပြောနိုင်ခဲ့သည်။ အဲသည်နေ့ သူ့တရားက အလွန် ထက်မြက်စူးရှသည့် တရား။ အဲသည်ကျောင်းတော်ကြီးမှာ နှစ်ပေါင်းများစွာအတွင်း သည်လောက်ကောင်းသည့် တရားကြားရခဲ့သည် ဆိုရလောက်အောင် ဆွဲဆောင်အားကောင်းလှ သည့် တရား။

အဲသည့်နောက်မှာတော့ သည်ထက်မက ပို၍အာဝဇ္ဇန်းရှင်သော ဆွဲဆောင်လွှမ်းမိုးနိုင်သော တရားတွေ သူ ဟောပြောနိုင်လာခဲ့သည်။ သူတို့ သာသနာနယ်မြေရှိ ဘာသာဝင်တွေကြားမှာ အုန်းအုန်းကျွက်ကျွက် ဖြစ်ရသလို သူငယ်ချင်း ကျောင်းစေကြီး အင်ဆယ်(လ)မို ခမျာလည်း မျက်ရည်လည်သည်အထိ ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။ သူ့နေရာကတော့ အမြဲတရားဟောစင် အောက်နားက တိုင်ထောင့်မှာ။

BURMESE CLASSIC

တဖြည်းဖြည်း မာရီယိုက တရားဟော အကျော်အမော်တစ်ဦးအဖြစ် ထင်ရှားလာရာ နယ်ပယ်တစ်ခွင်ရှိ အခြား အသင်းတော်များ ကျောင်းတိုက်များကပါ ၎င်းတို့ကျောင်းများတွင် ဟောပြောပေးရန် ဖိတ်ကြားလာကြသည်။ ကျောင်းအကြီးအကဲ ပုဂ္ဂိုလ်က ခွင့်ပြုသဖြင့် ဓမ္မခရီးထွက်ရသည့်အခါ၊ တပည့်ကျောင်းသား မပါဘဲ ခရီးမသွားရသည့် ထုံးစံရှိသည်နှင့် သူငယ်ချင်း အင်ဆယ်(လ)မိုအား အဖော်ခေါ်သည်။ အင်ဆယ်(လ)မိုက ဝမ်းမြောက်ဝမ်းသာပင်။

သည်လိုဖြင့် နှစ်တွေကြာခဲ့သည်။ နှစ်ဦးသား အီတာလီ

www.burmeseclassic.com

www.burmeseclassic.com



မြည် တစ်နံ့တစ်လျှား ခရီးသွားခဲ့သည်။ သည်နောက်မှာတော့ ထုံးစံအတိုင်း ဖာသာ မာရီယို ရာထူးအဆင့်ဆင့် တိုးမြင့်ခဲ့သည်။ ဘုရင်မင်းမြတ်၏ ဓမ္မဆရာအဖြစ် ချီးမြှောက်ခံရသည်။ ထို့နောက်၌ အဗရပ်ဗိုဂိုဏ်းအုပ်ဘုန်းတော်ကြီး (ဘစ်ရှော့) ဖြစ်သည်။ ဂိုဏ်းအုပ်ကြီး၏ စံအိမ်ဗိမာန်တော်မှာ ဘစ်ရှော့မာရီယို ခမ်းနားထည်ဝါစွာ နေထိုင်ခဲ့ရသည်။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းက မြှောက်စားသည်။ သာသနာနယ်မှ အဓိကရပုဂ္ဂိုလ်များက အရေးတယူပြုကြသည်။ မင်းစိုးရာဇာတွေ ချဉ်းကပ်ကြသည်။ သူက ဩဇာအာဏာကြီးမားသူတစ်ဦး ဖြစ်လာခဲ့သည်။ လူက ခံ့ညားဝဖြိုးလာသလို သွင်ပြင်မူရာကလည်း ပို၍ အရှိန်အဟုန်ကြီးလာသည်။

ယခုအချိန်မှာတော့ သူက သူ့အား တထယ်ရိုကျိုးလှသကဲ့သို့ သူ့အတွက် ဝတ်ကြီးဝတ်ငယ်ပြုစုရမှာကိုလည်း အလွန်လိုလားထက်သန်လှသော သူငယ်ချင်း ကာပွိယကို ကောင်းစွာပင် ဂရုမမူမိချင်တော့ပေ။ အင်ဆယ်(လ)မိုက ခါးကိုင်းကျုံ့လှီသည့် အဘိုးအိုတစ်ယောက်ဖြစ်ခဲ့ပြီ။ သို့သော် ပြုမြဲဝတ္တရားများကိုကား ခါတိုင်းလိုပင် ကျေပွန်စွာ ထမ်းဆောင်ဆဲ။ အခါကြီးရက်ကြီးများမှာ ဝတ်သည့် ခမ်းနားလှသော ဘစ်ရှော့ဝတ်ရုံတော်ကြီးကို တရိုတသေ ထိန်းသိမ်းမည်၊ ကျောက်မျက်တွေ စီခြယ်ထားသည့် ခြေနင်းတော်ကို အရောင်တဖိတ်ဖိတ်တောက်အောင် ပွတ်တိုက်မည်။ ဥပုသ်ဖြေချိန်တွင် သုံးဆောင်ရန် ပြင်သစ်ချော့ကလက်ကို စိတ်တိုင်းကျအနေအထားရအောင် ဖျော်မည်။



သို့သော် အဲသည်လိုနေလာရင်းက တစ်ခုသော တနင်္ဂနွေနေ့မှာတော့ တရားဟောနေရင်းက ဘစ်ရှော့မာရီယိုစိတ်တွင် တစ်ခုခု လိုနေပါသည် အောက်မေ့၍ ဆားဘီကို အမှတ်မဲ့ အကဲခတ်မိသည်။ ဘာလဲ၊ တစ်မျိုးကြီးပဲ၊ တစ်ခုခု ပုံစံမကျတာ အမှန်ပဲ တွေးရင်း အောက်ဘက်ငုံ့ကြည့်လိုက်တော့၊ ဟာ... အင်ဆယ်(လ)မို။

ခါတိုင်း ရပ်နေကျ တိုင်ဆားမှာ အင်ဆယ်(လ)မို မရှိပါလား။

ရုတ်တရက် သူ အမ်းသွားသည်။ ကြိုးတိုးကြောင်ဆောင်နှင့် ခဏမျှ ရပ်နေမိပြီးမှ စောစောက ပြတ်သွားသည့် စကားစကို မနည်းပြန်ကောက်ရသည်။ ကံအားလျော်စွာ တရားက ပြီးဆုံးခါနီး ဖြစ်နေပြီ။

ဟောပြောပြီးသည်နှင့်တစ်ပြိုင်နက် အဝတ်လဲခန်းသို့ တန်းသွားသည်။ ထို့နောက် ထိုမှာရှိ သူတို့အား အင်ဆယ်(လ)မိုကို သူ့ထံ အမြန်ခေါ်ပေးရန် ခိုင်းစေသည်။

ရုတ်တရက် မည်သူမျှ စကားမဆိုကြ။ ထို့နောက်မှ အသက် အရွယ်ကြီးရင့်သည့် ဘာသာဝန်ထမ်းပုဂ္ဂိုလ်တစ်ဦးက "သူ လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်က ကွယ်လွန်သွားပါတယ်" ဟု၍ တည်ငြိမ်စွာ ပြောလိုက်သည်။

ဘစ်ရှော့၏မျက်နှာမှာ အလွန်အမင်း အံ့အားသင့်သွားသည့် အသွင်သဏ္ဍာန်တွေ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ကုသမရနိုင်တဲ့ ရောဂါဝေဒနာတစ်ခု စွဲကပ်နေခဲ့တာ လပေါင်းအတော်ကြာပါပြီ၊ ဘစ်ရှော့ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ သူ အသိမပေးခဲ့တာပါ" ဟူ၍ ပြောပြသည့်အခါ မာရီယို့ရင်ထဲတွင် ဝမ်းနည်းကြေကွဲစိတ်တွေ လှိုက်တက်လာသည်။ သို့သော် ပူဆွေးသောကထက်ပို၍ ထိခိုက်စူးရှသည်က သူ့ထံမှ တစ်စုံတစ်ခု လျော့သွား ပဲ့သွားသလို ခံစားလိုက်ရခြင်း ဖြစ်သည်။

"ကျွန်တော့်ကို သူ့ဆီ ခေါ်သွားပေးပါ" ဟုပြောလိုက်ချိန်၌ သူ့အသံက နဂိုသံမဟုတ်တော့။

သူ့အား မြင်းဇောင်းတွေနောက်ဘက်မှနေ၍ တိတ်ဆိတ်စွာ ခေါ်ဆောင်ကာ စုတ်ချာသေးကွေးသော အခန်းကျဉ်းလေးတစ်ခုဆီသို့ပို့ပေးသည်။ သစ်သားကွပ်ပျစ်ပေါ်တွင် ကောက်ရိုးကိုမွေ့ရာပြုကာ ဝတ်နေကျ ဝတ်ရုံဟောင်းနှင့်ပင် လဲလျောင်းလျက်ရှိနေသည့် ငယ်သူငယ်ချင်း၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို မာရီယို တွေ့ရှိရသည်။ သူက လိုက်ပို့သည့် ပုဂ္ဂိုလ်အား စူးစမ်းသည့် အမူအရာဖြင့် ကြည့်ကာ မေးမိသည်။

"သူ ဒီမှာပဲ နေတာလား"

"ဟုတ်ပါတယ် အရှင်"

"သူ တစ်နေ့လုံးတွေကျတော့ ဘာတွေလုပ်နေလဲ"

"ဘစ်ရှော့ကြီး ခင်ဗျား..." ဖြေသူက အံ့အားသင့်ဟန်ဖြင့် ဆိုသည်။ "သူ ဘစ်ရှော့ကြီးအတွက် ဝတ်ကြီးဝတ်ငယ်တွေ ပြု နေပါတယ်"



"ဒီအပြင် ပြောတာပါ"

"မှန်ပါ၊ သူ့မှာ ဒီပြင်တော့ ကိုယ်ပိုင်အချိန် သိပ်မကျန်ပါဘူး၊ ဒါပေမဲ့ အဲဒီအချိန်အတွင်းမှာ သူ ပန်းခြံထဲထွက်ပြီး ငှက်တွေကို သူစားတဲ့ ပန်းကန်ပြားနဲ့ပဲ အစာကျွေးလေ့ရှိပါတယ်၊ တစ်ခါတလေ ဗိမာန်တံခါးဝနားမှာ ကလေးတွေနဲ့ သူ သွားစကားပြောတတ်တယ်၊ စားဖိုဆောင်မှာ သူတောင်းစားတစ်သိုက် စုမိနေတာလဲ သူ စောင့်ရှောက်နေလို့ပဲ ထင်ပါတယ်၊ အဲဒါတွေအပြင် ကျန်တဲ့အချိန်မှန်သမျှတော့ သူ ဘုရားသခင်ဆီမှာ ဆုတောင်းပတ္ထနာပြုနေတာပဲ တွေ့ပါတယ်"

"သူ ဆုတောင်းတယ်... ဟုတ်လား" သူက ဆုတောင်းသည်ဆိုသော စကားကို အထူးအဆန်းပမာ ထပ်ဆင့် ရေရွတ်လိုက်မိသည်။

"ဟုတ်ပါတယ် အရှင်၊ လူဝတ်ကြောင်တစ်ယောက်အနေနဲ့တော့ သူဟာ အင်မတန့်ကို ဝတ်ပြုဆုတောင်းတဲ့ ပုဂ္ဂိုလ်ပါ၊ တပည့်တော်က သူ့ကို ဘာတွေများ ဒီလောက်တောင် ဆုတောင်းနေရတာလဲ မေးတိုင်း သူကပြုံးပြီး တိုးတိုးပြောလေ့ရှိတယ်၊ 'ကောင်းသော ရည်ရွယ်ချက်နဲ့ပါ' တဲ့"

ဘစ်ရှော့၏ မျက်နှာအမူအရာက အပြင်လူ မှန်းဆ၍ ရနိုင်သော်လည်း သူ့ရင်ထဲတွင်ကား ဓားတစ်ချောင်း ထိုးစိုက်ဆွဲသလို ပြင်းပြင်းထန်ထန် စူးစူးဝါးဝါး ခံစားနေရသည်။ သို့သော် အင်ဆယ်(လ)မို၏ တန်ဖိုးကို သူ မသိတတ်ခဲ့တာ ပြီးခဲ့သော နှစ်ပိုင်းများအတွင်း အင်ဆယ်(လ)မိုအား အသိမ်

www.burmeseclassic.com



အမွှားပုံစံမျိုး သူဆက်ဆံခဲ့မိတာတွေအတွက် သူ့ကိုယ်သူ မကျေမနပ်ဖြစ်မည် ကဲ့ရဲ့ရှုတ်ချမိမည်ဆိုလျှင်လည်း၊ သူ့မှာ အေးအေးဆေးဆေး ရှုတ်ချဖို့ အချိန်မပေးနိုင်သေး။ ယခု လတ်တလောပင် ရောမသို့ သွားစရာရှိနေသည်။ ရောမရှိ နာမည်ကျော် စိန့်ပီတာ ကျောင်းတော်ကြီးမှာ ဂိုဏ်းချုပ်ဘုန်းတော်ကြီး (အာ့ချ်ဘစ်ရှော့)တွေ အစုံအညီရှေ့၌ တရားဟောကြားရမည် ဖြစ်သည်။

နောက်နေ့ ဟောပြောစင်ပေါ် သူတက်သည့်အခါ စိန့်ပီတာ တရားခန်းမကြီးတစ်ခုလုံး၌ ပရိသတ် ပြည့်ကျပ်လျက်ရှိနေ၏။ သည်ပွဲက သူ နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ရသည့်ပွဲ၊ တရားဟောဆရာတစ်ဦးအနေနှင့် အထွတ်အထိပ်ဟု ဆိုရမည့်ပွဲ ဖြစ်သည်။ ပရိသတ်က သူ့ကို စောင့်မျှော်ကာ တိတ်ဆိတ်နေကြပြီ။

သို့သော် သူစပြောသည့်အခါ စကားလုံးတွေက ခါတိုင်းလို သွက်သွက်လက်လက် မထွက်၊ အထစ်ထစ်အငေါ့ငေါ့တွေ ဖြစ်နေသည်။ ချက်ချင်းပင် ပရိသတ်၏ မျက်နှာ၌ အံ့အားသင့်ဟန် စိတ်ပျက်ဟန်တွေ ပေါ်လာတာ သူ သတိပြုမိလိုက်သည်။ သူ့နဖူးမှာ ချွေးစို့လာသည်။ အားငယ်သလိုဖြစ်ကာ တရားဟောစင် အောက်ဘက်နားသို့ သူ စောင်းငဲ့ကြည့်မိသည်။ သို့သော် အဲသည်ချောင်ကလေးမှာ သူ ခါတိုင်းမြင်နေကျ ချီးကျူးအားပေးသည့် မျက်လုံးအစုံကို မမြင်ရ။

သူ့ခေါင်းက မကြည်မလင် ဖြစ်လာသည်။ မချော့မမွေ့နှင့်ပင် ဟောစာတစ်ပုဒ်လုံးဆုံးအောင် သူဟောလိုက်ရသည်။ ပြီးလျှင်



ရှုက်စိတ်ဖြင့် တစ်ကိုယ်လုံး ထူပူကာ စိန့်ပီတာ ဘုရားရှိခိုးကျောင်း ပရိဝုဏ်အတွင်းမှ အမြန်ဆုံး ထွက်ခွာလာခဲ့သည်။

သိက္ခာမာန ချိုးချခံရသလိုဖြစ်ကာ သူ အကြီးအကျယ် ထိခိုက်ခံစားသွားရသည်။ ဘာမဟုတ်သည့် ကိစ္စလေးတစ်ခုအတွက် စိတ်ကမောက်ကမ ဖြစ်ရလောက်အောင် ထိန်းချုပ်ဆင်ခြင်ဉာဏ် နည်းရကောင်းလားဟု ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိသည်။ သည်ပွဲက သိက္ခာကို ပြန်ဆယ်တင်နိုင်ရန် နောက်တစ်ပွဲအတွက် သူ အသေးစိတ် အကြိတ်အနယ်ပြင်ဆင်သည်။ အီတလီတစ်ပြည်လုံးမှာ တရားဟောအကောင်းဆုံး ဟုကျော်ကြားသည့် အဖရုပ်ဖိုဂိုဏ်းအုပ်ဘုန်းတော်ကြီး မာရီယို၏ အပြောအဟောစွမ်းရည်သည် ဉာဏ်ရည်နည်းပါးလှသော မထင်မရှား လူဝတ်ကြောင် သာသနာ့ဝန်ထမ်းတစ်ဦး၏ စွမ်းအားကြောင့်ပါဟု ယူရမည်ဆိုက လုံးဝရှုံးသွပ်မိုက်မဲရာရောက်မည် မဟုတ်လား။ သို့သော် နောက်တစ်ပွဲ စင်ပေါ်တက်သည့်အခါမှာလည်း သူ့စကားလုံးတွေက အသက်မဝင် အင်အားမရှိ ဖြစ်နေပြန်သည်။

သူ့ခေါင်းထဲမှာ သူ့ကို ဖျက်ဆီးမည့် အစွဲကြီး ဆက်လက် ကြီးထွားကာ သူ့အနေအထားက ဆိုးသထက်ဆိုးလာသည်။ တစ်နေ့မှာတော့ ဘစ်ရှော့မာရီယို ဟောပြောရင်းတန်းလန်းက လုံးဝ ရပ်တန့်သွားကာ သူ့အား အောက်သို့ တွဲခေါ်လာရလေသည်။ သူက ဖေးမခေါ်ငင်လာကြသူများဘက်သို့ လှည့်ကာ စကားတွေ အဆက်အစပ်မရှိ ဖွင့်ဟမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ် ... သူက အနှစ်သာရ ... ငါက အခွံသက်သက်ပဲ"

သမားတော်ကြီးများကတော့ ဂိုဏ်းအုပ်ကြီး အလုပ်ပင်ပန်းလွန်း၍ ဤသို့ဖြစ်ရသည်ဟု တညီတညွတ်တည်း မှတ်ယူကြသည်။ သူ အနားယူရမည်။ ပိုင်ရီးနီးစ် တောင်ပေါ်ဒေသမှာ သွားအပန်းဖြေ အနားယူတာ အသင့်တော်ဆုံးဖြစ်မည်။ အဲသည် သွားလျှင် မျှားမကြာမီ ကျန်းမာရွှင်လန်းကာ နဂိုစွမ်းအားများ ပြန်ရလာမည် စသဖြင့် အကြံပြုကြသည်။

သို့သော် မာရီယို လက်မခံ။ သူက သူ ရဟန်းအဖြစ် ပထမဆုံး သိက္ခာတင်ခဲ့ရာ ကာပူချင်းကျောင်းသို့ပဲ ပြန်သွားချင်နေသည်။ သူ့သူငယ်ချင်း အင်ဆယ်(လ)မို သူ့အား အလုပ်အကျွေးပြုရန် လိုက်လာခဲ့သည့် ကျောင်း၊ သူ့သူငယ်ချင်းကို မြှုပ်နှံသင်္ဂြိုဟ်ရာ ကျောင်း။

ကာပူချင်းကျောင်းမှာ မာရီယိုတစ်ကိုယ်တည်း တိတ်ဆိတ်စွာ နေထိုင်သည်။ ကျောင်းဥယျာဉ်ထဲမှာ တစ်ကိုယ်တော် တွေးတောဆင်ခြင်ရင်း လမ်းလျှောက်သည်။ သံလွင်ပင်တွေ အုပ်ဆိုင်းလျက်ရှိသည့် သူ့သူငယ်ချင်း၏ သင်္ချိုင်းမြေသို့ သူ နေ့စဉ်သွားသည်။ တဖြည်းဖြည်း သူ့အရှုတ္တသဏ္ဌာန်မှာ ဇရာမအပြောင်းအလဲကြီးတစ်ခု ဖြစ်ပေါ်လာသည်။ ပုထုဇဉ်၏ မာန်မာနတွေ တဖြည်းဖြည်း လျော့ပါးပျက်ပြယ်လာသည်။ သူ့အမူအရာတွေက တဖြည်းဖြည်း သိသိပ်နူးညံ့လာသည်။



တစ်နေ့ အင်ဆယ်(လ)မို့သင်္ချိုင်းမြေပုံဆားမှာ သူ ပုဆစ်ဒူးတုပ်နေစဉ် ကျောင်းအကြီးအကဲ ဖာသာကြီး သူ့အနီးသို့ မထင်မှတ်ဘဲ ရောက်လာသည်။ မာရီယို ထမည်ပြုသည့်အခါ ဖာသာကြီးက သူ့ပခုံးပေါ် လက်တင်သည်။

"နေပါ၊ နေပါ" ဖာသာကြီးက လေးစားစိတ် သနားချစ်ခင်စိတ်ဖြင့် ပြုံး၍ဆိုသည်။ "ငါ့သား ဘာတွေ ဆုတောင်းနေသလဲ၊ အဟောအပြော စွမ်းရည်တွေ ပြန်ရလာအောင်လို့လား"

"မဟုတ်ပါဘူး ဖာသာ" မာရီယိုက လေးနက်တည်ကြည်စွာ ပြန်၍ဖြေသည်။ "ဒီထက် ပိုမြင့်မားတဲ့ဆုလာဘ်ကို တောင်းခံနေတာပါ" ဟုဆိုပြီးနောက် ပို၍ တိုးတိုးအသံဖြင့် ဖြည့်စွက်ပြောဆိုသည်။ "နှိမ့်ချရိုကျိုးတဲ့စိတ်ပါ" ဟူ၍။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ဟယ်လင်ကဲလား၏ ဆရာမ*

## နှစ်ထပ်ကွမ်း ဒုက္ခိတဘဝမှလွတ်မြောက်ခဲ့သူ ဟယ်လင်ကဲလား

မျက်စိလည်းမမြင် နားလည်းမကြားသူအတွက် မျှော်လင့်ချက်ဟူသည်မရှိတော့။ နက်ရှိုင်းသော အမှောင်ထုနှင့် ကြီးမားလေးလံသော တိတ်ဆိတ်မှုအောက်တွင် အားကိုးရာမဲ့စွာ ပျက်သုဉ်းပျောက်ကွယ်သွားရမည် ဖြစ်၏။

မျက်မမြင် နားမကြားသူများနှင့် ပတ်သက်လျှင် ယေဘုယျအားဖြင့် သည်သဘောအတိုင်းပင် မှတ်ယူကြစရာအကြောင်း ရှိပါသည်။

---

* Helen Keller ၏ Teacher

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူ့လောက၌ သက်ရှင်ရပ်တည်ရန်ပင် မဖြစ်နိုင်လောက်အောင် နွမ်းပါးနိမ့်ကျလှသည့် နှစ်ထမ်းကွမ်း ဒုက္ခိတဘဝမှ တစ်ကမ္ဘာလုံး လေးစားရ အံ့ဩချီးမွမ်းရသည့် ဧရာမ ပုဂ္ဂိုလ်ထူးဘဝသို့ တက်လှမ်းနိုင်ခဲ့သော အမျိုးသမီးကြီး တစ်ယောက် ရှိ၏။

သူ့အမည်ကား ဟယ်လင်ကဲလား *(Helen Keller)* ဖြစ်သည်။

သူမကို အမေရိကန်ပြည်ထောင်စု အယ်လဘားမား ပြည်နယ် တပ်စ်ကမ်ဘီယာမြို့ကလေးတွင် ၁၈၈၀ ခုနှစ်က မွေးသည်။ အသက်တစ်နှစ်ခွဲခန့်တွင် ဦးနှောက်အာရုံကြောများ ထိခိုက်သည့် အဖျားရောဂါတစ်ခုကြောင့် အမြင်အာရုံရော အကြားအာရုံပါ လုံးဝ ပျောက်ကွယ်သွားခဲ့သည်။

နားမကြား၍ ဆွံ့အရသူသည် *lip reading* ခေါ် နှုတ်ခမ်းလှုပ်ရှားမှုကို ကြည့်ဖတ်သောနည်းဖြင့် သူတစ်ပါးစကားကို နားလည်နိုင်၏။ ဆရာ၏ အာ လျှာ နှုတ်ခမ်း လှုပ်ရှားမှုများကို ကြည့်ကာ စကားပြောတတ်အောင် သင်ယူနိုင်၏။ မျက်စိမမြင်သူသည်လည်း အကြားအာရုံဖြင့် လောကကို ခံစားနားလည်နိုင်၏။ စကား အလွယ်တကူ တတ်၏။ လက်ဖြင့် စမ်းသပ်ဖတ်ရှုရသည့် မျက်မမြင် စာဖတ်နည်း *(Braille system)* ကို သင်ယူကာ စာရေးနိုင်၊ စာဖတ်နိုင်၏။

မျက်စိလည်း မမြင် နားလည်း မကြားသူအားမူ စာသင်ပေးရန် စကားသင်ပေးရန် (ဝါ) လောကကြီးကို အဓိပ္ပာယ်ဖွင့်



ပေးရန် လုံးဝ မဖြစ်နိုင်သလောက် ခက်ခဲသွားလေသည်။

သို့သော် ထိုကြားထဲမှပင် ဟယ်လင်ကဲလားသည် သူမ၏ ကြံ့ခိုင်ပြည့်ဝသော စိတ်ဓာတ်၊ စေတနာရော ပါရမီပါ ထူးကဲလှသည့် ဆရာမ၊ သူ့အပေါ် သံယောဇဉ်နှင့် မေတ္တာတရား ကြီးမားလှသည့် မိဘ၊ မိတ်သင်္ဂဟများ၏ ကျေးဇူးတို့အားဖြင့် စကားပြောနိုင်ခဲ့သည်။ စာတတ်မြောက်ခဲ့သည်။ တက္ကသိုလ်မှ အဆင့်မြင့် ဘွဲ့ထူး ဂုဏ်ထူးများ ရရှိခဲ့သည်။ စာအုပ်စာတမ်း ကျမ်းဂန်များ ပြုစုနိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာအနှံ့အပြားရှိ တစ်ပန်းရှုံးသော ဘဝတွင်နေရသူ ဒုက္ခိတများအတွက် ကူညီ ဆောင်ရွက်သော လုပ်ငန်းများကို သေတစ်ပန် သက်တစ်ဆုံး လုပ်သွားနိုင်ခဲ့ပေသည်။

***

## ဆရာမ

အယ်လ်ဘားမားပြည်နယ် တပ်စ်ကမ်ဘီယာမြို့ကလေးရှိ ကျွန်မတို့ အိမ်သို့ အင်နီဆာလီဗန် ရောက်မလာမီကဆိုလျှင် လူတချို့က အမေ့အား ကျွန်မသည် ဦးနှောက်ပြည့်ပြည့်ဝဝ ပါမလာသူ ကျပ် မပြည့်သူလေးဟူ၍ ဆောင်းပါးရိုပ်ခြည်ပြောဆိုခြင်းမျိုး ရှိခဲ့ပါသည်။

၎င်းသည်ကို ကျွန်မ နားလည်နိုင်ပါသည်၊

ဆယ့်ကိုးလသမီး အရွယ်လေးမှာပင် ရုတ်တရက် အလင်းရောင်လောကမှနေ၍ အမှောင်ထုထဲသို့လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



သံစုံလောကမှ အသံတိတ်ဘဝထဲသို့လည်းကောင်း ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလောက်အောင် လျင်မြန်သော နှုန်းထားဖြင့် ကျွန်မ ပြောင်းလဲရောက်ရှိသွားခဲ့ရသည်။

မပီကလာ စကားလေးတစ်ခွန်းနှစ်ခွန်းက တဖြည်းဖြည်း ဆွဲ့ရှားပျောက်ကွယ်သွားပြီး သိစိတ်အာရုံကလည်း အမှောင်ထုနှင့် တိတ်ဆိတ်မှုကြီးထဲတွင် နှောင်တည်းခံလိုက်ရသည်။ အသက်အလျောက် ကြီးထွားလာနေသည့် ကျွန်မ၏ ခန္ဓာကိုယ်သည် သတ္တဝါ၏ အလိုအလျောက် တုံ့ပြန်မှု ယန္တရားများဖြင့်သာ အဓိက ထိန်းချုပ်အုပ်စိုးထားသကဲ့သို့ ရှိနေရာ အခြားသူများ၏ အထင်အမြင်ကိုလည်း အပြစ်မဆိုသာပါချေ။

ကျွန်မ၏ သိစိတ်အာရုံကို တစ်ဖန်ပြန်၍ လွတ်လပ်ခွင့်ပေးခဲ့သောအရာသည် ကံကြမ္မာမဟုတ်။ ပါရမီထူးလှသည့် မွေးရာပါ ဆရာမတစ်ဦးဖြစ်သူ အင်နီဆာလီဗန်သာ ဖြစ်သည်။

အင်နီကား ကျွန်မ ဖတ်ဖူးသည့် စာအုပ်အချို့တွင် ပါတတ်သည့် ဆရာမကြီးမျိုး မဟုတ်။ သွက်လက်ထက်မြက်သော အမျိုးသမီးငယ်တစ်ယောက်သာ ဖြစ်ပြီး၊ သူမ၏ စိတ်အာရုံကမူ ကျွန်မတည်းဟူသော မျက်မမြင် နားမကြား သတ္တဝါမလေးအား သာမန်လူအများနည်းတူ ဘဝကို ပြည့်ပြည့်ဝဝ ခံစားခွင့်ရသူ တစ်ယောက် ဖြစ်လာအောင် မည်သို့ ပုံသွင်းဖန်တီးလိုက်မည်ဟူသော စိတ်ကူးရည်မှန်းချက်များဖြင့် အမြဲလှုပ်ရှားတက်ကြွလျက်ရှိသည်။

အလွန်မြင့်မြတ်သော စိတ်စေတနာဖြင့် ရောက်ရှိလာခဲ့



သူ အင်နီအဖို့ ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာက ကြီးလွန်းလှသည်။ ဘာအနက်အဓိပ္ပာယ်မှ ကျွန်မ ဖော်မရနိုင်သည့် စကားလုံးများကို ကြေးနန်းရိုက်သလို ပုံစံမျိုးဖြင့် ကျွန်မ လက်ကလေးထဲသို့ အကြိမ်ကြိမ် အထပ်ထပ် စာလုံးပေါင်းပြီး ထည့်ပေးသည်ကို ကျွန်မ အမှတ်ရမိပါသည်။

အစပိုင်းမှာ သူကြိုးစားသမျှအတွက် ဘာရလဒ်မျှ မမြင်ရခဲ့။ သူ ကျွန်မကို စာသင်ပေးနေတာပဲဟူ၍ လုံးဝ သဘောမပေါက်နိုင်ခဲ့။ သို့သော် သူမ ရောက်ရှိပြီး တစ်လခန့်အကြာ မှတ်မှတ်ရရ ၁၈၈၇ ခုနှစ် ဧပြီလ ၅ ရက်နေ့မှာတော့ ကျွန်မ၏ သိစိတ်အတွင်းသို့ 'ရေ'ဟူသော စကားလုံးဖြင့် ဆရာမ စတင်ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

ထိုနေ့က ရေဘုံဘိုင်မှာ ကျွန်မ မတ်ခွက်တစ်ခုဖြင့် ရေခံရသည်။ အင်နီက ရေကျအောင် မောင်းတံကို ဆွဲသည်။ ခွက်ကိုင်ထားသော လက်ပေါ် ရေတွေ ဒလဟော စီးကျလာနေစဉ် ကျွန်မ၏ အခြားလက်တစ်ဖက်ထဲသို့ သူက 'ရေ' (W.A.T.E.R)... ဟူသောစကားလုံးကို အကြိမ်ကြိမ် စာလုံးပေါင်းပြီး ထည့်ပေးသည်။

ရုတ်တရက် ကျွန်မ သဘောပေါက်သွားသည်။ ဝမ်းသာလှိုက်လှဲစိတ်ဖြင့် အင်နီ့လက်ကို ကျွန်မ တအား ဖမ်းဆုပ်ထားလိုက်မိသည်။ နေမကောင်းဖြစ်ပြီးသည့် နောက်ပိုင်းတွင် ကျွန်မအဖို့ ပထမဆုံးအကြိမ်အဖြစ် တကယ်ဝမ်းသာကြည်နူးရခြင်းဖြစ်သည်။ ထို့နောက်တွင်တော့ ကျွန်မ ထိမိကိုင်မိသည့် အရာမှန်

www.burmeseclassic.com

www.burmeseclassic.com



သမျှကို စကားလုံးလေးများဖြင့် အဓိပ္ပာယ်ဖော်ပေးရန်သာ ကျွန်မ ဆက်၍ဆက်၍ တောင်းခံနေမိတော့သည်။

အင်နီ၏လက်ကလည်း အမြဲအဆင်သင့်။ အင်နီ၏ လက်မှသည် ကျွန်မလက်ဆီသို့ ... အဓိပ္ပာယ်ကြယ်ပွင့်လေးတွေ လင်းပြက်ဝင်ရောက်ခဲ့သည်။ သူနှင့်ကျွန်မအကြား ချစ်ခင်မြတ်နိုးမှုတစ်ရပ် အံ့ဩဖွယ်လျင်မြန်စွာ ပေါက်ဖွားလာခဲ့သည်။

ရေဘုံဘိုင်မှ အိမ်သို့ အပြန်လမ်းတွင် ကျွန်မတို့နှစ်ယောက်လုံး ဝမ်းသာပီတိတွေဖုံးကာ 'ဟယ်လင်' ... 'ဆရာမ' ဟူ၍ တစ်ယောက်ကိုတစ်ယောက် ထပ်တလဲလဲ အပြန်အလှန် ခေါ်ဝေါ်နေမိကြတော့သည်။

ထိုအချိန်က စတင်သိကျွမ်းခွင့်ရလိုက်သည့် စကားလုံးကလေးများသည် ပထမဆုံးနေခြည်က ဆောင်းတွင်းဆီးနှင်းများကို အရည်ဖျော်ချလိုက်သည့်ပမာ ကျွန်မ၏ မသိခြင်း အမှောင်ထုကို ထိုးခွဲဖျော်ချခဲ့သည်။ ရုပ်ဝတ္ထုပစ္စည်း အမည်နာမများကို သင်ကြားပြီးသည့်နောက်တွင် နာမဝိသေသနများ၊ ထို့နောက် ကြိယာများကို သိလာရသည်။ အမှောင်ထု လွင့်ပြယ်နှုန်းကပို၍လျင်မြန်လာသည်။ ကျွန်မ ထိတွေ့ရသမျှ အရာအားလုံးပင် ပြောင်းလဲသွားသည်။ ဆရာမ၏ တီထွင်ဖန်တီးတတ်သောလက်များအောက်တွင် ရေ-လေ-မြေတို့ ပို၍ အသက်ဝင်ရှင်သန်လာကြသည်။ လူ့ဘဝ၏ အဓိပ္ပာယ်အနှစ်သာရတွေ ကျွန်မအပေါ် ဒလဟော သွန်ဖြာကျလာလေသည်။

အစဦးကာလ ဆရာမသင်ပေးသည့် အရာများထဲတွင်



ကစားခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ နားမကြားဖြစ်ပြီးကတည်းက ကျွန်မ မရယ်မောမိဘဲ နေသည်။ တစ်နေ့တွင် ဆရာမက အခန်းထဲသို့ အားပါးတရ ရယ်မော၍ ဝင်လာပါသည်။ ထို့နောက် ကျွန်မလက်တစ်ဖက်ကို သူ့မျက်နှာပေါ်တင်ကာ စမ်းသပ်ကြည့်စေပြီး၊ တစ်ချိန်တည်းတွင် ကျွန်လက်တစ်ဖက်၌ 'ရယ်မောသည်' ဆိုသောဝေါဟာရကို စာလုံးပေါင်းပြသည်။ ထို့နောက် ကျွန်မအား ကလိထိုးကာ ခိုးခိုးခစ်ခစ် ရယ်စေသည့်အခါ ကျွန်မရယ်ရွှင်သံကို ကြားရသည့် မိသားစုတစ်စုလုံး စိတ်ချမ်းသာပျော်ရွှင်ကြရသည်။

ရယ်တတ်အောင် လုပ်ပြီးနောက် မြူးထူးခုန်ပေါက်တတ်အောင် သင်ပြန်သည်။ ဒန်းစီးခြင်း၊ တွဲလဲလွဲခြင်း၊ ကျွမ်းထိုးခြင်း၊ ကြိုးခုန်ခြင်း စသည်များကို ပြုလုပ်စေကာ တစ်ခုစီနှင့် သက်ဆိုင်သော အခေါ်အဝေါ် စကားလုံးများကို သင်ပေးသည်။

ရက်အနည်းငယ်အတွင်းမှာပင် ကျွန်မက အခြားကလေးများနည်းတူ ကလေးတစ်ယောက် ဖြစ်လာသည်။ ဆရာမ၏ လက်ချောင်းစာလုံးပေါင်း မှော်ပညာဖြင့် ကျွန်မ လောကသစ်တွေကို စူးစမ်းရှာဖွေနိုင်စွမ်း ရှိလာသည်။

ဆရာမက သူ့အခန်းထဲတွင် ခိုကလေးများ လှောင်အိမ်တစ်ခုနှင့် မွေးထားသည်။ ၎င်းတို့ကို လှောင်အိမ်မှ လွှတ်ပေးသည့်အခါ သူတို့ တောင်ပံခတ်ကြသဖြင့် လေတိုးနှေ့သည်ကို ကျွန်မ ခံစားရကာ ငှက်များ ပျံသန်းကြပုံအကြောင်း၊ တောင်ပံဖန်ခိုးအာနိသင်များအကြောင်း ကျွန်မ သိခွင့်ရသည်။ ခိုကလေး

www.burmeseclassic.com

www.burmeseclassic.com



များက ကျွန်မ ဦးခေါင်းထက်၊ ကျွန်မ ပခုံးထက်တို့တွင် လာနားကြသည်။ ကျွန်မ သူတို့ကို အစာကျွေးရင်း သူတို့အချင်းချင်း ဘာသာဘာဝ နှုတ်သီးချင်း ပွတ်သပ်ကြ၊ တဂုဂု တွတ်ထိုးကြ၊ တစ်ကောင့် တစ်ကောင် ထိုးကြ ဆိတ်ကြ၊ တောင်ပံ တဖျတ်ဖျတ် ခတ်ကာ ထပျံသူ ပျံကြသည်များကို ကျွန်မ တွေ့သိရသည်။ သည်လိုဖြင့် ငှက်များသည်လည်း ကျွန်မမျက်စိဖြင့် မမြင်ရသော်လည်း ပန်းပွင့်များ၊ ကျောက်စရစ်ခဲလေးများနည်းတူပင် ကျွန်မကမ္ဘာ ကျွန်မလောက၏ တစ်စိတ်တစ်ဒေသ ဖြစ်လာခဲ့ပါသည်။

ဆရာမသည် ကျွန်မ၏ ပတ်ဝန်းကျင်လောကကို တိတ်ဆိတ်ချင်တိုင်း တိတ်ဆိတ်နေခွင့် မပေးခဲ့ပါ။ ကျွန်မတို့ မြင်းကြီးပရင့်စ်၏ ဟီသံ၊ နွားမများ၏ အော်မြည်သံ၊ ဝက်ပေါက်ကလေးများ၏ စူးစူးဝါးဝါး အော်သံတို့ကိုပါ ကျွန်မ လက်ချောင်းကလေးများဖြင့် 'ကြား'ခွင့် ရခဲ့သည်။

ကျွန်မမှာရှိသည့် အာရုံများဖြင့် ထိတွေ့ခံစားနိုင်သမျှကို ထိတွေ့ခံစားခွင့်ရအောင် ဆရာမ စီစဉ်ဖန်တီးပေးခဲ့သည်။ နေရောင်ခြည်၊ ပလုံစီနေသည့် ဆပ်ပြာပူဖောင်းကလေးများ၊ ပိုးထည်သံ တရှမ်းရှမ်း၊ လေမုန်တိုင်း၏ ဒေါမာန်၊ အင်းဆက်ပိုးမွှားကလေးများ၏ အော်မြည်သံ၊ တံခါးမှ ကျွီခနဲ မြည်သံ၊ ချစ်ခင်ကြင်နာသူ၏ သိမ်မွေ့ညှို့သက်သောလေသံ၊ စသဖြင့် မသိရှိမခံစားရတာ မရှိရလေအောင် နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးသည်။ ယနေ့ထက်တိုင်ပင် ကျွန်မ နှလုံးသားထဲတွင် ခံစားမှု



တစ်ခုဖြစ်ပေါ်တိုင်း ကျွန်မ ဦးနှောက်ထဲတွင် အတွေးတစ်ခု ပေါ်ပေါက်တိုင်း ကျွန်မလက်ဝါးပြင်က ဆရာမ၏ လက်ချောင်းထိပ်ဖျားကလေးများဆီမှ လျှပ်စစ်ဓာတ်ပါသော အထိအတွေ့ကို တွဲဖက်သတိရနေမိတတ်ဆဲ ဖြစ်သည်။

ကျွန်မကို ဆရာမ လေ့ကျင့်သင်ကြားပေးပုံ၊ စည်းကမ်းကလနားရှိအောင် ဆုံးမသွန်သင်ပုံက မျက်စိမြင် နားကြားသည့်ကလေးများနှင့်မခြားပင် ဖြစ်သည်။ ကျွန်မ စကားလုံးလေးတွေ အတော်အတန် တတ်လာပြီ၊ အမှန်အမှားဆိုတာ ခွဲခြား နားလည်တတ်လာပြီ ဆိုသည့်အချိန်မှ စတင်ကာ၊ ကျွန်မ မဟုတ်တာတစ်ခုခု လုပ်သည်နှင့်-တစ်ပြိုင်နက် ကျွန်မအား ဒဏ်ပေးတော့သည်။ ဒဏ်ပေးပုံက ကျွန်မအား အိပ်ရာထဲတွင် နေစေခြင်းဖြစ်သည်။ ပျင်းတာ၊ ပေါ့တီးပေါ့ဆလုပ်တာ၊ သပ်သပ်ရပ်ရပ်မရှိတာ၊ ပြီး ကိုယ်လုပ်တာသာ ကိုယ်အမှန် ထင်တတ်တာ၊ သည်ချို့ယွင်းချက်တွေ အပြစ်အနာအဆာတွေအားလုံးကို ဆရာမက အသော့အထေ့လေးများ သရော်လှောင်ပြောင်မှုကလေးများဖြင့် ပညာသားပါပါ ချေဖျက် ပြုပြင်စမြဲ ဖြစ်သည်။

ကျွန်မကို လွတ်လပ်ပျော်ရွှင်စွာ လှုပ်ရှားသွားလာနေစေသည့် တစ်ချိန်တည်းမှာပင် ကျွန်မလက်နှင့် ထိတွေ့မိသမျှကို သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာ ကိုင်တွယ်တတ်အောင်လည်း လေ့ကျင့်သင်ကြားပေးသည်။

စာဝါငှက်ငယ်၊ ကြောင်ပေါက်စကလေး၊ နှင်းရည်ဆွတ် ဖျန်းထားသည့် နှင်းဆီပန်းပွင့် စသည်များ၊ ပြီး ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်လေး မိုင်းလ်ဒရက်။ သူတို့ကို ကျွန်မ ယုယုယယ ကြင်ကြင်နာနာ ကျွမ်းဝင်ထိတွေ့တတ်လာသည်။ ဆရာမနှင့်သာ သင်ကြားခွင့်မရလျှင် ကျွန်မ၏ ကြမ်းတမ်းမှုကြောင့် ထိခိုက်ပျက်စီးရတာတွေ၊ ထိတ်လန့်နာကျင်ကြရတာတွေ ဘယ်လောက်ရှိလေမည် မသိ။

***

ဆရာမ အင်နီဆာလီဗန်ကို အမေရိကသို့ ရွှေ့ပြောင်းလာသူ အိုင်းရစ်ရှ်လူမျိုး မိဘများမှ မွေးဖွားသည်။ မွေးသက္ကရာဇ်မှာ ၁၈၆၆ ခုနှစ်၊ ဧပြီလ ၄ ရက် ဖြစ်ပြီး၊ ဖွားရာဇာတိက အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် ဖီဒင်းဟေးစ်မြို့ကလေး ဖြစ်သည်။

ငယ်စဉ်ကတည်းက အလွန် ဆင်းရဲသည်။ ထို့ပြင် သူ မှတ်မိသမျှအချိန်မှစ၍ သူ့မှာ အမြင်အာရုံ ချို့တဲ့ခဲ့သည်။ အင်နီ ရှစ်နှစ်သမီးအရွယ်တွင် မိခင်ကွယ်လွန်သည်။ နောက်နှစ်နှစ်အကြာတွင် ဖခင်က အင်နီတို့ မောင်နှမသုံးယောက်ကို စွန့်၍ ထွက်ပြေးသည်။ နောက်ပိုင်း သူ့အဖေ ဘာဖြစ်သွားသလဲ ဆိုတာ အင်နီ လုံးဝမသိရတော့။

အင်နီ့အောက်က ညီမ မေရီကို ဆွေမျိုးသားချင်းများက ယူ၍ မွေးကြသည်။ အင်နီနှင့် မောင်အငယ်လေး ဂျင်မီကိုမူ လူမွဲရုံသို့ ပို့လိုက်ကြသည်။ လူမွဲရုံသို့ရောက်ပြီး လအနည်းငယ် အကြာမှာပင် ဂျင်မီလေး တီဘီရောဂါဖြင့် ကွယ်လွန်သည်။



လူမွဲရုံရှိ မိဘမဲ့ကလေးများ အခြေအနေမဲ့သူများကြားတွင် လေးနှစ်မျှကြာအောင် နေထိုင်ရပြီး၊ တစ်နေ့တွင်မူ လူမွဲရုံသို့ လာရောက်ကြည့်ရှုသည့် လူမှုဝန်ထမ်းတစ်စုထံ ကျောင်းနေပါရစေဟု အတင်းချဉ်းကပ်တောင်းပန်ကာ လိုက်ပါနိုင်ခဲ့သည်။

လူမှုဝန်ထမ်းများ ပို့ပေးသဖြင့် ပါကင်းစ် မျက်မမြင်ကျောင်းသို့ အင်နီရောက်သည်။ ပါကင်းစ်ကျောင်းတွင် ဘ ရေးလ် (Braille) နည်း၊ လက်အက္ခရာ (manual alphabet) နည်းများဖြင့် သူ စာဖတ်တတ်လာသည်။

နောက်ပိုင်းတွင် ခွဲစိတ်ကုသမှုတစ်ခု ခံယူရပြီး မျက်စိက အတော်အတန် ပြန်မြင်လာသည်။ သို့သော် ခွဲစိတ်ပြီးသည့်နောက်တွင်လည်း ပါကင်းစ်ကျောင်းတွင် နောက်ထပ်ခြောက်နှစ်မျှ ဆက်နေကာ ပါကင်းစ်မှ ပေးနိုင်သည့် နည်းနိဿယများ ကုန်စင်အောင် သင်ယူနေခဲ့သည်။

သည်ကာလအတွင်း သူက မျက်မမြင် နားမကြားသူတစ်ဦးဖြစ်သည့် လော်ရာဘရစ်ချ်မင်းကို ပါရဂူဆရာကြီး ဒေါက်တာ ဆင်မြူရယ် ဂရစ်ဒလေဟောင်း လေ့ကျင့်သင်ကြားပေးခဲ့ပုံများအကြောင်း အထူးစိတ်ဝင်စားစွာ လေ့လာမှတ်သားသည်။ ဒေါက်တာဂရစ်ဒလေမှာ ပါကင်းစ်သို့ အင်နီ မရောက်မီကပင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော်လည်း လော်ရာကမူ ပါကင်းစ်ကျောင်းမှာပင် ဆက်လက်နေထိုင်လျက်ရှိသည်။

ထို့ကြောင့် အဖေက ကျွန်မအတွက် ဆက်သွယ်လာသည့်အခါတွင် အင်နီက ကျွန်မအား လော်ရာကို နမူနာထား၍

www.burmeseclassic.com

သင်ကြားပေးရမည့် သူတစ်ယောက်အဖြစ် စိတ်ဝင်စားမှုဖြင့် လက်ခံခဲ့ခြင်း ဖြစ်သည်။ လော်ရာကို နမူနာထားသည်ဆိုသော် လည်း လော်ရာ့အခြေအနေသည် စိတ်ကျေနပ်လောက်စရာ (ဝါ) စံပြုလောက်စရာ အနေအထားမျိုးမဟုတ်။ လော်ရာ့ဘဝသည် အခြားသူများနှင့် လုံးဝကင်းကွာသည့် တစ်ကိုယ်တည်းဘဝပင် ဖြစ်သည်။ မိန်းမကြီးတစ်ယောက် ဖြစ်လာသည့်အချိန်ထိ လော်ရာ သည် ပတ်ဝန်းကျင် လူမှုလောကထဲတွင် အသင့်အတင့် ဝင် ရောက်လှုပ်ရှားနိုင်လောက်အောင်အထိ မိမိကိုယ်ကို ပြုပြင် ပြောင်းလဲနိုင်ခြင်း မရှိခဲ့။

ဤသည်ကား မျက်မမြင်များ ရင်ဆိုင်ကြုံတွေ့ရမြဲဖြစ် သည့် အစဉ်အလာ အတားအဆီးကြီးတစ်ခုကြောင့် ဖြစ်သည်။ မျက်မမြင်ကို သနားကရုဏာသက်တတ်ကြသည်။ သို့သော် သူ့ကို သူ့ဘာသာပင် အထီးတည်း ထားတတ်ကြသည်။ သည် အနေအထားသည် မျက်မမြင်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် အနှောင့်အယှက် အဟန့်အတားတစ်ခု ဖြစ်ကြောင်း ကနဦး သိမြင်ကြသူများထဲတွင် အင်နီလည်း ပါဝင်သည်။ ကိုယ်လ အင်္ဂါချို့တဲ့သူအဖြစ်သာ အမြဲဆက်ဆံခြင်း ခံနေရသူသည် ချို့ သူ့ဘဝမှ တက်လာလိမ့်မည် မဟုတ်။ သူ့မှာ ချို့တဲ့မှု သိသ သာသာ ရှိနေလင့်ကစား သူ့အား ပုံမှန်လူကောင်းတစ်ယော ကဲ့သို့ တန်းတူဆက်ဆံမည်၊ သူ့ဘဝ ကံကြမ္မာကို သူ့ဘာသ ဖန်တီးနိုင်အောင် ကြိုးစားအားထုတ်ရန် အားပေးတိုက်တွန်း ပြုမည်ဆိုမှသာ သူ့ကိုယ်တွင်းမှာ ပုန်းလျှိုးတည်ရှိနေသည့်



အားများကို သူ တွေ့လာသိလာမည် ဖြစ်သည်။

အင်နီကမူ မျက်မမြင်သည်လည်း အခြားသောသူသား နည်းတူ ပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်နှင့် အပန်းဖြေ အနားယူခွင့်တို့ ရှိသူသာ ဖြစ်သည် ဟုခံယူသည်။ ထိုသို့ ခံယူ သည့်အားလျော်စွာလည်း ကျွန်မဘဝကို ဖြစ်သင့်ဖြစ်ထိုက်သည့် အတိုင်းအတာအထိ ဖြစ်လာအောင် စီမံဆောင်ရွက်ပေးနိုင်ရန် သူ ကြိုးပမ်းသည်။ သူ ကျွန်မကို ဘယ်သောအခါမျှ ပစားမပေး။ ကျွန်မ၏ စွမ်းဆောင်ချက်သည် အခြားပုံမှန်ရွယ်တူလူများ၏ အတော်ဆုံး အကောင်းဆုံး စွမ်းဆောင်ချက်များနှင့် ဘန်းတူ ယှဉ်နိုင်ဘဲလည်း ကျွန်မအား ချီးမွမ်းစကား ပြောကြားလေ့ မရှိပေ။

***

အသက် ၁၆ နှစ်ပြည့်ချိန်၌ ကျွန်မ တက္ကသိုလ်တစ်ခုခု သို့ တက်ရောက်ပညာသင်ကြားရန် ဆုံးဖြတ်ခဲ့သည်။ အခြား သော မျက်စိမြင်သူ နားကြားသူ ရွယ်တူမိန်းကလေးများနှင့်အတူ ယှဉ်ပြိုင်၍ တက္ကသိုလ်ပညာရှာမှီးလိုသောစိတ်များ ကျွန်မ ပြင်းပြ ထက်သန်ခဲ့သည်။

ကျွန်မ၏ ဆုံးဖြတ်ချက်ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ အခက်အခဲများကို ဆရာမ မည်မျှအထိ ခါးစည်း ရင်ဆိုင်ခဲ့ပုံကို ယနေ့ ပြန်ပြောင်းစဉ်းစားမိတိုင်း ကျွန်မ လေးစား အံ့သြမဆုံးအောင် ဖြစ်မိရသည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်အကြိုအဖြစ် တက်ရသည့် ဂီးလမင်း မိန်းကလေးများကျောင်းနှင့် နောက်ပိုင်းတက်ရသည့် ရက်ဒ်ကလစ်ဖ်ကောလိပ်ကျောင်းစာသင်နှစ်များအတွင်း တစ်ချိန်လုံးပင် ဆရာမကျွန်မန်ဘေးမှာ လိုက်ထိုင်ကာ သင်ကြားပို့ချချက်မှန်သမျှကို စာလုံးပေါင်းဖြင့် ကျွန်မလက်ထဲ ပေါင်းထည့်ပေးရသည်။ တက္ကသိုလ်ကျောင်းသုံးစာအုပ်တိုင်းကို ဘရေးလ် (မျက်မမြင်စာ) ဖြင့် ရနိုင်သည် မဟုတ်ရာ၊ ဘရေးလ်ဖြင့် မရှိသည့် စာမှန်သမျှကို ဆရာမကိုယ်တိုင် မျက်စိမကောင်းသည့်ကြားမှ ပင်ပန်းခံကာ ဖတ်ရှုပေးရသည်။

ဆရာမ၏ မျက်စိများက နောက်ပိုင်းတွင် ပို၍ဆိုးရွားလာခဲ့သည်။ "ငါလဲ ရှေ့ကို တစ်လက်မလောက်တောင် မမြင်ရတော့ဘူး" ဟူ၍ သူတစ်ကြိမ် ဖွင့်ဟပြောဖူးသည်။ သို့သော်သည်ကြားထဲကပင် အားခဲကာ ကျွန်မအတွက် ရူပဗေဒနှင့် အက္ခရာသင်္ချာဆိုင်ရာ ပုစ္ဆာများကို ဘရေးလ်ဖြင့် ကူးပေးသည်။ ဂျီဩမေတြီဘာသာမှ ပုံများကို စက္ကူကတ်ပြားများဖြင့် ပုံဖော်ပြုလုပ်ပေးသည်။

ကျွန်မအတွက် သူ တစ်နေ့တစ်နေ့ စာဖတ်ပေးရသည့် အချိန်မှာ ငါးနာရီ ခြောက်နာရီမျှရှိနေရာ၊ သူ့ကို စစ်ဆေးကြည့်ရှုရသည့် မျက်စိကုဆရာဝန်ကပင် အံ့သြထိတ်လန့်ကာ "ခင်ဗျားလုပ်ပုံက လုံးဝ အဓိပ္ပာယ်မရှိဘူး မစ္စ ဆာလီဗန်" ဟူ၍ ပြောဆိုတားမြစ်ခဲ့ဖူးသည်။ သူ စာဖတ်ရတာ ခက်ခဲပင်ပန်းလှကြောင်း သိသဖြင့် တစ်ခါတစ်ရံ ကျွန်မ သေသေချာချာ မဖတ်မိလိုက်



သည့် စာများကိုပါ သူ နောက်ထပ်တစ်ခေါက် ဖတ်မနေစေရန် အတွက် ရပြီးပြီ ဟူ၍ပင် လိမ်ညာပြောဆိုရတတ်သည်။

ဆရာမသည် ကျွန်မအား ရိုးရိုးလူများနည်းတူ သဘာဝအတိုင်း ပါးစပ်ဖြင့် စကားပြောတတ်အောင် သင်ကြားလိုစိတ်ပြင်းပြခဲ့သည်။ သို့နှင့် ဘော်စတွန်မြို့ရှိ ဆရာမ ဆာရာဖူးလားထံတွင် သင်ခန်းစာ ဆယ့်တစ်ခု သင်ယူကြပြီးသည့်နောက်တွင် ကျွန်မအား သဘာဝစကား သင်ကြားသော အလုပ်ကို ဆရာမ သဲသဲမဲမဲ ဇွဲနပဲဖြင့် ပြုလုပ်လေသည်။ ကျွန်မအား စကားသင်စဉ်က ဆရာမ၏ စိတ်ရှည်ဇွဲရှိပုံမျိုးကို အခြားသော လူသာမန်များထံတွင် တွေ့ရနိုင်စရာ အကြောင်းမရှိဟု ကျွန်မ ယနေ့တိုင် စွဲမြဲယုံကြည်ဆဲဖြစ်သည်။

သူ စကားပြောစဉ်တွင် သူ့နှုတ်ခမ်းနှင့် လည်ချောင်းလည်ပင်းများ တုန်ခါလှုပ်ရှားပုံကို သိရှိရန်အတွက် ကျွန်မ လက်နှစ်ဖက်လုံးကို သူ့မျက်နှာနှင့် လည်ပင်းပေါ်တွင် တင်ထားစေသည်။ ထို့နောက် သူနှင့်ကျွန်မ ဝေါဟာရစကားလုံးများ၊ ဝါကျများကို အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဆိုကြသည်။

သည်နေရာတွင် စိတ်မကောင်းစရာတစ်ခုက ဆရာမရော မစ္စဖူးလားပါ ဆန္ဒစောခဲ့သည့်အချက် ဖြစ်သည်။ သူတို့က ကျွန်မ၏ အသံထွက်ပေါ်ရာ အင်္ဂါအစိတ်အပိုင်းများကို ဦးစွာပထမ ဖွံ့ဖြိုးအောင် မပြင်ဆင်ဘဲ၊ စကားပြောသင်သည့်အလုပ်ကို အဆင့်ကျော်၍ လုပ်ခဲ့မိကြသည်။ သည်အတွက် အခက်အခဲတွေ ပိုခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ကျွန်မ စကားပြောနိုင်လာခဲ့သည်။ ကျွန်မ စကားသံက ကြားရသူ နားတွင် မသာယာလှပါ။ သို့သော် ဂူးဂူးဝါးဝါးပင် ဖြစ်လင့်ကစား ကျွန်မ မိသားစုနှင့် မိတ်ဆွေအချို့ နားလည်သည့် စကားအနည်းငယ်ပြောလာနိုင်ပြီဆိုသည့်အခါ ကျွန်မအတွက် ဝမ်းသာအားတက်စရာ ဖြစ်လာခဲ့သည်။ ပီပီသသ မဟုတ်သေးဦးတော့၊ စကားပြောနိုင်လာပြီဆိုခြင်းသည် ကျွန်မ၏ လုပ်ဆောင်နိုင်မှုစွမ်းအား များစွာ တိုးပွားလာခြင်းပင် ဖြစ်သည်။ အဖိုးမဖြတ်နိုင်သော သည်လက်ဆောင်အတွက် ဆရာမအပေါ် ကျွန်မ ကျေးဇူးကြီးစွာ တင်မိရပါသည်။

ဆရာမကား မပြည့်မစုံနှင့် ကျေနပ်တင်းတိမ်နိုင်သူမျိုး မဟုတ်ပါ။ သူ့မျက်စိတွေ မှုန်ဝါးဝေသီနေသည့်ကြားကပင် ကျွန်မ၏ နှုတ်ခမ်းအနေအထားများ မေးရိုးလှုပ်ရှားပုံများ မှန်ကန်အောင် သဘာဝကျကျဖြစ်အောင် နေ့စဉ်မပြတ် ကြည့်ရှုပြင်ဆင်ပေးခဲ့သည်။ ဤသည်မှာ သူ နောက်ဆုံးအကြိမ် နာမကျန်းဖြစ်သည့်နှစ်အထိ ဖြစ်သည်။

ကျွန်မဘဝမှာ ဝမ်းအနည်းဆုံးအချက်က ဆရာမွန်တစ်ဦး၊ ဖန်တီးမှု အနုပညာရှင်တစ်ဦးအနေနှင့် သူ သင်ကြားပုံသွင်းသူ ကျွန်မအပေါ် ဆရာမ ရည်မှန်းထားခဲ့သည့် အတိုင်းအတာထက် ကျွန်မ များစွာ အလှမ်းဝေးခဲ့ နောက်ကျခဲ့သည်ဆိုသော အချက် ဖြစ်သည်။

သို့သော် ဆရာမ၏ စိတ်ဓာတ်၊ ဆရာမ၏ ကူးလူး ဆက်သွယ်နိုင်မှု စွမ်းအားတွေက ကျွန်မအပေါ် စွဲမြဲလွှမ်းမိုးခဲ့



သည်။ ထို့ကြောင့်လည်း ဆရာမ ကွယ်လွန်ပြီးသည့်နောက်တွင် ကျွန်မကိုယ်တိုင် ရဲဝံ့ယုံကြည်စိတ်တွေ ထက်သန်ကာ အမှောင်လောက တိတ်ဆိတ်မှုလောကထဲမှ အခြားသော ယောကျ်ား မိန်းမများအတွက် ဘဝသစ်ဖန်တီးပေးနိုင်မည့် နည်းလမ်းအထွေထွေ ရှာဖွေသောအလုပ်ကို ကျွန်မ ဇွဲသန်သန် ပြုလုပ်နိုင်ခဲ့သည်။ ကျွန်မအပေါ် ဆရာမ ယုံကြည်အားထားခဲ့သည့်အတိုင်း ဆရာမ၏ ယုံစားချက် မပျက်ရအောင် ထိန်းသိမ်းရန် ကျွန်မ သန္နိဋ္ဌာန်ချ ဖြစ်ခဲ့သည်။

ဆရာမ ပြောလေ့ရှိသော စကားတစ်ခွန်း ရှိသည်။

"ဘာပဲ ဖြစ်သွား ဖြစ်သွား အစကပြန်စ၊ တစ်ကြိမ် မအောင်မြင်ရင် နောက်တစ်ကြိမ် အသစ်ထပ်လုပ်၊ တဖြည်းဖြည်း ပိုပိုပြီး စွမ်းရည်တက်လာလိမ့်မယ်၊ နောက်ဆုံးမှာ တစ်စုံတစ်ခု ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ပြီဆိုတဲ့ အနေအထားကို ရောက်ရလိမ့်မယ်၊ အဲဒီအောင်မြင်ပြီးမြောက်တဲ့အရာဟာ ကိုယ်မူလ စတင်စဉ်က ရည်မှန်းခဲ့တဲ့အရာ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမဲ့ … နောက်အချိန်တွေမှာ ပြန်ပြီး သတိရတိုင်း ဝမ်းသာဂုဏ်ယူစရာတစ်ခု ဖြစ်မှာတော့ သေချာတယ်" ဟူ၍ ဖြစ်သည်။

သည်စကားအတိုင်း ဆရာမကိုယ်တိုင် အောင်မြင်မှုမရမီ စပ်ကြား၌ မြောက်မြားစွာသော အရေးနိမ့်မှုတို့ကို အန်တုကာ ကြိုးစားအားထုတ်ခဲ့သည့် အကြိမ်ပေါင်း ကုဋေကုဋာတို့ကိုကား ရေတွက်ခြင်းငှာ စွမ်းသာလိမ့်မည် မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# သုံးရက်သာ မျက်စိမြင်ရခဲ့ပါလျှင်*

ကျွန်မစိတ်ထဲတွင် မကြာခဏ တွေးမိသော အရာတစ်ခု ရှိသည်။ လူတိုင်းလူတိုင်းပင် အရွယ်ရောက်ပြီးစကာလ၌ ရက်အနည်းငယ်မျှ မျက်မမြင် နားမကြား ဖြစ်ခဲ့ဖူးပါက သူ့အတွက် အလွန် အကျိုးကျေးဇူးကြီးလိမ့်မည် ဟူသောအတွေး ဖြစ်သည်။ အဲသည်အချိန် ကြုံရမည့် အမှောင်ထုက သူ့အား အလင်းရောင်၏ ကျေးဇူးကို ပို၍တန်ဖိုးထားမိစေလိမ့်မည်၊ တိတ်ဆိတ်ခြောက်ကပ်ခြင်းကလည်း အသံ၏ နှစ်သက်ဖွယ်အရသာကို ခံစားသိရှိအောင် သင်ကြားပေးပေလိမ့်မည်။

* **Helen Keller Three Days to See**

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏဆိုသလိုပင် ကျွန်မ၏ မျက်မြင် မိတ်ဆွေများအား သူတို့မြင်နေရသော အရာတွေကို တကယ်တွေ့ရှိမိအောင် နှိုးဆွပေးသည့်အနေနှင့် စမ်းသပ်မှုတွေ ကျွန်မ ပြုလုပ်လေ့ရှိသည်။ များမကြာမီကပင်၊ သစ်တောထဲ အကြာကြီး လမ်းလျှောက်ထွက်ပြီး ပြန်လာသော မိတ်ဆွေအား ဘာတွေ တွေ့မိခဲ့သလဲ မေးသည့်အခါ ဘာမှထူးထူးခြားခြား မတွေ့မိပါဘူးဟု သူမက ဖြေသည်။

ကြည့်စမ်း၊ မဖြစ်နိုင်လိုက်တာ... ဟု ကျွန်မဘာသာ တွေးမိသည်။ တောထဲ တစ်နာရီလောက် လမ်းလျှောက်ထွက်တာ ပြောလောက်စရာ ဘာတစ်ခုမှ မတွေ့ခဲ့ရဘူးတဲ့။ မျက်စိမမြင်နားလည်းမကြားရသော ကျွန်မပင် အထိအတွေ့အာရုံလေးတစ်ခုတည်းနှင့် တွေ့လိုက်ရသည့် စိတ်ဝင်စားစရာတွေ ရာချီ၍နေသည်။

ဘယ်ညာနှစ်ဖက် ညီညာစွာနှင့် ပုံပန်းကျနလှသည့် သစ်ရွက်ကလေးကို ကျွန်မ စမ်းသပ်မိသည်။ ငွေရောင် ဘုဇ္ဇပတ်ပင်ကြီး၏ ချောမွတ်သော ပင်စည်၊ ဖုထစ်အက်ကွဲ၍ ကြမ်းရှသော ထင်းရှူးပင်၏အခေါက် စသည့်ဟာတွေကို နှစ်သက်စွာပင် ကျွန်မလက်နှင့်စမ်းသပ်၍ ကြည့်မိသည်။ နွေဦးပေါက်ဆိုလျှင် သစ်ပင်သစ်ကိုင်းများမှာ ပုရစ်ဖူးလေးတွေ တွေ့ရလေမလားဟူ၍ စူးစမ်းရှာဖွေမိရတာ အမော။ သည်ဟာလေးတွေက တစ်ဆောင်းတွင်းလုံး အိပ်စက်ခဲ့သည့် သဘာဝပတ်ဝန်းကျင်၏ ကနဦးနိုးထမှု လက္ခဏာများဖြစ်သည် မဟုတ်လား။ ရှားရှားပါးပါး ကျွန်မ ကံသိပ်ကောင်းသည့် အခါများဆိုလျှင် သစ်ပင်ငယ်ကလေး



တစ်ပင်ပေါ်မှာ ပျော်ရွှင်မြူးကြွစွာ တေးသီကြွေးနေသည့် ငှက်ကလေးတစ်ကောင်၏ သံစဉ်လှိုင်းတွေကိုပင် ကျွန်မ ထိတွေ့ခံစားခွင့်ရတတ်သည်။

မကြာခဏပင် ကျွန်မရင်ထဲ အဲသည်အရာတွေအားလုံးကို ကြည့်ချင်မြင်ချင်စိတ်တွေ တအား ပြည့်လျှံကာ အော်ဟစ်ဖွင့်ထုတ်ပစ်လိုက်ချင်သလို ဖြစ်သွားတတ်သည်။ အထိအတွေ့လေးများနှင့်ပင် နှစ်သက်ကြည်နူးစရာတွေ အဲသည်လောက်တွေ့သိခံစားနေရပြီဆိုလျှင် အမြင်အာရုံသာ ရလိုက်ပါက နောက်ထပ် အလှအပတွေ ဘယ်ရွေ့ဘယ်မျှများ ကိုယ်ထင်ပြလာချေမည်နည်း။

ကျွန်မ အတွေ့ချင် အမြင်ချင်ဆုံးအရာတွေ ကျွန်မဘာသာ ကျိတ်ပြီးမှတ်သားထားတာရှိသည်။ အကယ်၍ ကျွန်မသာ ကျွန်မမျက်လုံးတွေကို သုံးစွဲခွင့်၊ များများမဟုတ် သုံးရက်လောက်ပဲ ရမည်ဆိုလျှင် ကျွန်မ အထူး ဦးစားပေး ကြည့်ရှုချင်သည့် အရာတွေ။

ကြည့်ခွင့်ရမည့် အဲသည်အချိန်ကလေးကို သုံးပိုင်းခွဲထားမည်။

ပထမနေ့မှာ၊ ကျွန်မဘဝကို နေရကျိုးနပ်သော ဘဝတစ်ခုဖြစ်အောင် ကြင်နာမှု ရင်းနှီးခင်မင်မှုများဖြင့် ပေးမ ထောက်ကူပေးခဲ့ကြသည့် ပုဂ္ဂိုလ်များကို ကျွန်မ ကြည့်ချင်မြင်ချင်သည်။ "နှလုံးသား ပြတင်းပေါက်" ဟုတင်စား ခေါ်ဝေါ်ကြသည့် မျက်စိလုံးအစုံကို ထွင်းဖောက်ကာ မိတ်ဆွေ၏ ရင်ထဲအသည်းနှလုံးထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ကြည့်ရှုရသည့်အရသာကို မြည်းစမ်းကြည့်ချင်လှပါသည်။ ကျွန်မက လက်ထိပ်ဖျားကလေးများ၏ အထိအတွေ့ဖြင့်သာ မျက်နှာတစ်ခု၏ ကောက်ကြောင်းပုံကြမ်းကို မှန်းဆကြည့်မြင်ရသူ ဖြစ်သည်။ ရယ်ရွှင်တာ၊ ဝမ်းနည်းတာတွေနှင့် အခြား သိသာထင်ရှားသော စိတ်လှုပ်ရှားခံစားမှု အများအပြားပင် ကျွန်မ တွေ့ထိသိမြင်နိုင်ပါသည်။ သူတို့မျက်နှာတွေ၏ အထိအတွေ့ဖြင့် မိတ်ဆွေများကို ကျွန်မ သိရှိရပါသည်။

သို့သော် တစ်ဖက်လူ၏ အမူအရာ အသေးစိတ်ကလေးတွေ၊ ကြွက်သားတစ်ခု လှုပ်ရှားတာ၊ လက်နည်းနည်းတုန်တာကအစ တစ်ချက်အကဲခတ်ရုံဖြင့် သိလိုက်နိုင်သည့် အမြင်အာရုံကို ရထားသော စာဖတ်သူ၏ အနေအထားက ကျွန်မထက် မည်မျှ သက်သာလွယ်ကူလှပါသနည်း။ မည်မျှ အားရကျေနပ်ဖွယ် ကောင်းလိုက်ပါသနည်း။ သို့သော် အဲသည် အမြင်အာရုံကို အသုံးပြုကာ မိတ်ဆွေတစ်ဦး၏ စိတ်ဓာတ်အရင်းခံကို စူးစမ်းကြည့်ရှုမည်ဟူသော အတွေးမျိုး သင်၌ ဖြစ်ပေါ်ဖူးပါသလား။ စာဖတ်သူတို့ မျက်စိမြင်သူအများစုသည် မျက်နှာတစ်ခုကို အပေါ်ယံကြောလောက်သာ ကြည့်ရှုပြီး အဲသည်ဟာနှင့်ပဲ ဆုံး ဖြတ်သတ်မှတ်ထားလိုက်တတ်ကြသည် မဟုတ်ပါလား။

ဆိုပါစို့၊ သင့်ရင်းနှီးခင်မင်ဆုံး မိတ်ဆွေငါးဦး၏ မျက်နှာကို တိတိကျကျ ပြောပြစမ်းပါဆိုလျှင် သင်ပြောနိုင်ပါမည်လား။ ကျွန်မ သိသော အမျိုးသားများအား ရှင့်ဇနီးမျက်လုံးက ဘယ်လို



အရောင်လဲဟူသော မေးခွန်းကို ကျွန်မ မေးစမ်းလေ့ရှိသည်။ အတော်များများပင် ခွတီးခွကျ ဖြစ်သွားကြပြီး၊ မမှတ်မိဘူးဆိုတာမျိုး ဝန်ခံသွားတတ်ကြသည်။

***

ကျွန်မသာ သုံးရက်လောက် မျက်စိမြင်ခွင့်ရလျှင် ကြည့်လိုက်ချင်တာတွေ များလှပါဘိ။

ပထမနေ့ကတော့ အရမ်းအလုပ်များမည့်နေ့။ ကျွန်မချစ်သော ခင်သော မိတ်ဆွေတွေအားလုံးကို အိမ်သို့ ဖိတ်ခေါ်မည်။ သူတို့ မျက်နှာတွေကို အကြာကြီး ကြည့်မည်။ သူတို့၏ အတွင်းစိတ်အလှများ အပြင်မှာ ထင်ဟပ်ပေါ်လွင်နေပုံကို ကျွန်မ အာရုံထဲ စွဲမြဲသွားအောင် မှတ်သားမည်။

နို့စို့သူငယ်၏ မျက်နှာလေးကိုလည်း ကျွန်မ သေသေချာချာ ကြည့်ဖူးချင်သည်။ လူတစ်ဦးချင်း၏ သဏ္ဌာန်၌ ဘဝကြောင့် ဖြစ်ပေါ်သည့် ပဋိပက္ခတွေ ခုခံဆန့်ကျင်မှုတွေ မထင်ဟပ်စွဲကပ်သေးမီရှိနှင့်သည့် ထက်သန်မှု ရှင်းသန့်ကြည်လင်မှုအလှကို ရှုမြင်ချင်လှသည်။ ကျွန်မ နားထောင်မှတ်သားခဲ့ရသည့် စာအုပ်စာတမ်းများကိုလည်း ကျွန်မ မြင်ရချင်သည်။ သည်စာအုပ်တွေက ကျွန်မအား လူ့ဘဝ၏ အနက်ရှိုင်းဆုံး ကဏ္ဍရပ်များကို ဖွင့်လှစ်ပြသပေးခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ ကျွန်မ၏ သစ္စာရှိသော ခွေးတွေ။ စကော်တီလေးရယ်၊ ထွားကျိုင်းသန်မာလှသည့် ဂရိတ်ဒိန်းကြီးရယ်။ သူတို့၏ ယုံကြည်ကိုးစားသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများကို ကျွန်မ ကြည့်ချင်သည်။
နေ့လယ်ပိုင်းရောက်လျှင် ကျွန်မ သစ်တောထဲ လ
လျှောက်မည်။ သဘာဝလောက၏ အလှအပတွေကို မူးယစ်ရီ
သွားသည်အထိ ကြည့်ရှုခံစားပစ်မည်။ ညနေစောင်းရောက်လျှ
အသွေးအရောင်စုံလင်သည့် နေဝင်ဆည်းဆာအလှမျိုး ကြည့်ခွ
ရဖို့ ဆုတောင်းမည်။ အဲသည်ည ကျွန်မ အိပ်ပျော်နိုင်လိမ့်မည်
မထင်ပါ။

နောက်တစ်နေ့ အရုဏ်ဦးနှင့်အတူ ကျွန်မ အိပ်ရာက
မည်။ ညအမှောင်မှ နေ့အလင်းရောင်သို့ ကူးပြောင်းသည့် ရင်
လှုပ်ရှားဖွယ် ထူးခြားသော မြင်ကွင်းကို ကျွန်မ စောင့်ကြ
မည်။ အိပ်စက်နေသော ကမ္ဘာမြေကို နိုးထစေသည့် နေမင်း
ရောင်ခြည်များ ခမ်းနားထည်ဝါစွာ ဖြန့်ကြက်ယှက်ဖြာလာပုံ
ရင်သပ်ရှုမော အံ့သြခံစားမည်။

သည်ဒုတိယနေ့မှာတော့ ဟောသည်ကမ္ဘာကြီး၏ အတိ
ကာလနှင့် ပစ္စုပ္ပန်ဘဝကို ကျွန်မ အပြေးအလွှား လိုက်ကြည့်မည်
လူတွေ၏ တိုးတက်မှုဖြစ်စဉ်သမိုင်းကို ရှုကြည့်နိုင်ရန်အတွ
ပြတိုက်ကြီးများသို့ ကျွန်မ သွားရမည်။ တိရစ္ဆာန်တွေ လူသ
မျိုးနွယ်တွေကို သူတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်အသီးသ
မှာ မြင်တွေ့ရမည်။ အကောင်အထည် သေးသလောက် ဦးနှော
စွမ်းအား ကြီးမားလှသည့် လူသားဆိုသော သတ္တဝါ သတ္တလော
ကို လွှမ်းမိုးရန် ပေါ်ပေါက်မလာသေးမီကာလက ဤကမ္ဘာ
တွင် လှည့်လည်ကျက်စားနေထိုင်ခဲ့ကြသည့် ဒိုင်နိုဆောကြီးတွေ



...တ်စတိုဒွန်ဆင်ကြီးတွေ၏ ရုပ်ကြွင်းများကို လေ့လာခွင့်ရမည်။
...တစ်နည်းပြောရလျှင် ကမ္ဘာ့သမိုင်း၏ လိုရင်းအနှစ်ချုပ်ကို ကိုယ်
...တိုင် မျက်စိနှင့် ရှုမြင်ခွင့်ရခြင်း ဖြစ်ပေမည်။

အဲသည်နောက် ကျွန်မ ဆက်သွားရမည်က အနုပညာ
...ပြတိုက် ဖြစ်သည်။ ရှေးခေတ်ကာလ နိုင်းမြစ်ဝှမ်းဒေသမှ နတ်
...သား နတ်သမီးများကို လက်ဖြင့် စမ်းသပ်ကြည့်၍ရသော ပန်းပု
...ရုပ်များအား ကျွန်မ ကောင်းစွာ သိကျွမ်းပြီး ဖြစ်သည်။ အေသင်
...မြို့ ရှိုပါသီနွန် နတ်ကွန်းကြီး၏ တိုင်၊ တန်း၊ ထုပ်၊ လျှောက်တွေကို
...ငယ်များမှ ကျွန်မ ကိုင်တွယ်ကြည့်ရှုဖူးပြီး ဖြစ်သည်။ စစ်ထိုး
...ကြသည့် အေသင်သား စစ်သည်တွေ၏ အချိုးအစားကျသော
...အလှကိုလည်း ကျွန်မ တစေ့တစောင်း သိဖူးခဲ့ပြီ။ ဟိုးမား၏
...တ်ဆိတ်ထူလပျစ်နှင့် ဖုထစ်ရှုတ်တွ မျက်နှာကား ကျွန်မနှင့်
...အားစွာ ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်။ သူသည်လည်း မျက်မမြင်
...ဘဝကို သိကျွမ်းဖူးသူ မဟုတ်လား။

သည်လိုနှင့် ဒုတိယနေ့မှာ လူသား၏ဝိညာဉ်ကို သူ၏
...အနုပညာများမှတစ်ဆင့် ထွင်းဖောက်သိမြင်ခွင့်ရအောင် ကျွန်မ
...ကြိုးစားဖြစ်လိမ့်မည်။ အထိအတွေ့ဖြင့် သိခဲ့ပြီးသော အရာတွေ
...ကို သည်နေ့မှာ ကျွန်မ မျက်မြင်ဒိဋ္ဌ ကြုံတွေ့ရလိမ့်မည်။ အဲ
...သည်နေ့မှာ အင်မတန်မှ အားရစရာကောင်းမည့်အချက်က ကြီး
...ကျယ်ခမ်းနားလှသည့် ပန်းချီလောကကြီးထဲ ကျွန်မ ဝင်ရောက်
...ရမည့်အရေး ဖြစ်သည်။ သို့သော် ပန်းချီကားတွေကို အပေါ်ယံ
...ကြာလေးလောက်ပဲ ကျွန်မ မြင်နိုင်ခဲ့ပါမည်။ ဘာကြောင့်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ပန်းချီဆရာတွေ ကျွန်မကို ပြောဖူးသည်။ မည်သူမဆို ပန်းချီကားတစ်ချပ်ကို တကယ် အလေးအနက် ခံစားနားလည်လိုလျှင် ဦးစွာပထမ မျက်စိကို လေ့ကျင့်သင်ကြားရဦးမည်တဲ့။ အတွေ့အကြုံရှိလာမှသာ ကောက်ကြောင်းတွေ၊ ဖွဲ့စည်းမှုတွေ၊ ပုံသဏ္ဍာန်တွေ၊ အရောင်သုံးစွဲထားပုံတွေ၏ အရည်အသွေး အဆင့်အတန်းကို ချိန်ဆတတ် တန်ဖိုးသိတတ်လာမည်တဲ့။ ကျွန်မသာ မျက်စိအကောင်းတိုင်းရှိမည်ဆိုက သည်လောက်နှစ်သက်စွဲလမ်းစရာ ကောင်းလှသည့် ပညာကို ဘယ်လောက် ပျော်ပျော်ပါးပါးကြီး စူးစိုက်လေ့လာမိလိုက်ပါမည်နည်း။

ဒုတိယညမှာတော့ ကျွန်မ ဇာတ်ရုံ သို့မဟုတ် ရုပ်ရှင်ရုံတစ်ခုခုမှာ ရောက်ရှိနေလိမ့်မည်။ ဟင်းမလက်၏ စိတ်ဝင်စားဖွယ် ရုပ်သွင်ကို မြင်ချင်လှသည်။ အယ်လစ်ဇဘက်ခေတ် အင်္ဂလိပ် အဆောင်အယောင် အခမ်းအနားများကြားမှ ဟာသဇာတ်ဆောင်ကြီး ဖောလ်စတပ်ဖ်ကိုကြည့်ကာ တဝါးဝါး တဟားဟား ရယ်ရမည်။ စည်းကျဝါးကျ လှုပ်ရှားမှုများ၏အလှကို ကျွန်မ၏ အထိအတွေ့ ကမ္ဘာကျဉ်းကျဉ်းလေးက ခွင့်ပြုသည့် အတိုင်းအတာထက်ပို၍ ကျွန်မ မမြင်တွေ့ မခံစားဖူးခဲ့။ ကြမ်းပြင်၏ တုန်ခါမှုမှတစ်ဆင့် ဂီတစည်းချက်တွေ ကျွန်မ တွေ့ထိကာ နရီစည်းဝါး၏ အရသာကို တစ်စွန်းတစ်စ သိရှိထားသော်လည်း ဘဲလေး ကချေသည်၏ ကြော့မော့သော အသွင်သဏ္ဍာန်နှင့် သွက်လက်ညွတ်ပျောင်းသော မူရာဟန်ပန်တို့ကိုကား ကျွန်မ ဝိုးတဝါးမျှသာ မှန်းဆ၍ရသည်။ သံစဉ်တေးသွားနှင့် ညီညွတ်



လိုက်ဖက်စွာ လှုပ်ရှားလျက်ရှိသည့် အသွင်သဏ္ဍာန်ဟူသည်ကား လောက၌ နှစ်သက်ဖွယ်အကောင်းဆုံး ရှုခင်းရှုကွက် ဖြစ်လိမ့်မည်ဟု ကျွန်မ ကောင်းစွာ မြင်ယောင်မှန်းဆနိုင်ပါသည်။ ကျောက်သားနှင့် ထုလုပ်ထားသော ပန်းပုရုပ်များ၏ ကောက်ကြောင်းပုံကို လက်နှင့် စမ်းသပ်ပုံဖော်ကြည့်၍ ရပါသည်။ သည်လို သက်ငြိမ်ဝတ္ထုသည်ပင်လျှင် သည်မျှ သဘောကျစရာ လှပနေလျှင် လှုပ်ရှားနေခိုက်ဆိုက မည်မျှ အသည်းအူလှိုက် နှစ်ခြိုက်မိရပါမည်နည်း။

နောက်နေ့နံနက်တွင်လည်း လင်းအရုဏ်ကို ကျွန်မ ကြိုဆိုပါဦးမည်။ အသစ်အသစ်သော ဝမ်းမြောက်ကြည်နူးစရာတွေ မနေ့က မမြင်မိခဲ့ရသည့် အလှရှုခင်းသစ်တွေ တွေ့ရလိုတွေ့ရငြား စောင့်မျှော်ကြည့်ရှုရပါဦးမည်။ သည်တတိယနေ့မှာတော့ လူတွေ၏ နိစ္စဓူဝဘဝကို လေ့လာစူးစမ်းဖို့ ကျွန်မ အချိန်ပေးရပါမည်။ စားဝတ်နေမှုအတွက် လူတွေ စုဝေးရောက်ရှိရာ လှုပ်ရှားကျင်လည်ရာ နေရာဌာနများသို့ ကျွန်မသွားရပါမည်။ သည်မြို့ပြထဲပဲပေါ့။

ပထမဆုံး ကျွန်မ လူစည်းကားသော လမ်းထောင့်တစ်ခုမှာ ရပ်ကာ လူတွေကို အကဲခတ်မည်။ သူတို့အသွင်အပြင်တွေမှတစ်ဆင့် သူတို့၏ နေ့စဉ် နေမှုဘဝကို တစ်စွန်းတစ်စ ဖော်ထုတ်၍ ရလေမလား ကြိုးစားကြည့်မည်။ သူတို့မျက်နှာတွေက အပြုံးတွေကိုမြင်ကာ ကျွန်မ ဝမ်းမြောက်ကြည်နူးမည်။ လေးနက်ခိုင်မာသော အသွင်အပြင်တွေအတွက် အားတက်ဂုဏ်ယူမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခဆင်းရဲများအတွက် သနားကရုဏာသက်မည်။

အဲသည်နောက်၊ လမ်းမကြီးအတိုင်း ကျွန်မ လျှောက်လာမည်။ မျက်စိအကြည့်ကို အရာတစ်ခုတည်းမှာ မစူးစိုက်ဘဲ အားလုံးအပေါ် ဖြန့်ထားဝါးထားကာ ပတ်ဝန်းကျင်တစ်ခုလုံး ပန်းစကြာမှန်ပြောင်းထဲကလို အသွေးအရောင်စုံတွေ ဖြန့်ကြက်ယှက်ဖြာနေတာကို အာရုံခံစားမည်။ အမျိုးသမီးတွေ၏ ဝတ်စုံများမှ အဆင်အသွေးမျိုးစုံတွေ တိုးဝှေ့လှုပ်ရှားသွားနေပုံ ရှုခင်းကား ကျွန်မအဖို့ ငြီးငွေ့နိုင်စရာ မရှိသည့် အလွန် လှပခမ်းနားသော မြင်ကွင်းတစ်ခုဖြစ်မှာ သေချာသည်။ သို့သော် တစ်ခုတော့လည်း ရှိသည်။ ကျွန်မသာ အမြင်အာရုံရလျှင် အခြားမိန်းမအများစုနည်းတူ လူစုလူဝေးထဲမှ အသွေးအရောင်စုံတို့၏ ခမ်းနားလှပမှုထက် တစ်ခုချင်းသော အဝတ်အထည်ပုံစံတွေ တစ်ယောက်ချင်း၏ ဝတ်စားမှုဟန်ပန်တွေကိုပဲ အရမ်းစိတ်ဝင်စားချင်ဝင်စား နေမိပါလိမ့်မည်။

အဲသည်နောက်မှာတော့ မြို့လုံးအနှံ့ ကျွန်မ လျှောက်လည်မည်။ ဆင်းရဲသားရပ်ကွက်တွေ၊ စက်ရုံအလုပ်ရုံတွေ၊ ကလေးသူငယ်များ ဆော့ကစားကြသည့် ပန်းခြံတွေ စုံနေအောင် လိုက်ကြည့်မည်။ ကိုယ့်မြို့ကိုယ့်ရွာကို မခွာဘဲ ပြည်ပရောက်ဖူးအောင် နိုင်ငံခြားသားရပ်ကွက်များသို့ သွားရောက်လည်ပတ်မည်။ ရောက်လေရာမှာ ကျွန်မမျက်လုံးတွေကို အကျယ်ဆုံး ဖွင့်ထားမည်။ စိတ်ချမ်းသာစရာ ရှုခင်းရော စိတ်ညစ်စရာ မြင်ကွင်းများကိုပါ အနက်ရှိုင်းဆုံး ထိုးဖောက်ကြည့်ရှုကာ လူတွေ၏ အလုပ်



အကိုင်နှင့် နေထိုင်မှုဘဝများအကြောင်း ကျွန်မ သိနားလည်မှုတွေ ပိုမိုလာစေမည်။

တတိယနေ့ ကုန်ဆုံးမည့်အချိန် နီးကပ်လာနေပြီ။ ကျန်ရှိသည့် နာရီပိုင်းလေးမှာ အလေးအနက် ရှုစမ်းလေ့လာသင့်သည့် အရာတွေ များစွာ ရှိပါဦးမည်။ သို့သော် ကျွန်မစိတ်ကူးတွင် အဲသည်နောက်ဆုံး ညကလေးမှာလည်း ဇာတ်ရုံတွေဆီပဲ ပြေးလိုက်ရမည် ထင်ပါသည်။ အရမ်းအရမ်း ရယ်မောပျော်ရွှင်ရသော ဟာသဇာတ်မြူးတစ်ခု ကျွန်မ ကြည့်လိုက်ချင်သည်။ လူတွေ၏ အဇ္ဈတ္တသဏ္ဍာန်မှာ ဟာသဓာတ်ဆိုတာလေးလည်း တွယ်ကပ်မှီခိုလျက် ရှိသေးသည်ဆိုတာ ကျွန်မ မျက်မြင်ဒိဋ္ဌ သိချင်လှပါသည်။

သန်းခေါင်ဆိုလျှင် ကျွန်မဘဝ၌ ထာဝရအမှောင်ညပြန်၍ ကြီးစိုးလာတော့မည်။ တိုတောင်းလှသော သုံးရက်တာကာလအတွင်းမှာ ကျွန်မမြင်လိုသမျှ အရာအားလုံးတော့ မြင်ခွင့်မရနိုင်တာ သေချာပြီး ဖြစ်ပါသည်။ သို့သော် ဘာတွေ ဘယ်လောက် မမြင်လိုက်ရဘဲ ကျန်ခဲ့သလဲဆိုတာတော့ အမှောင်ထုပြန်ဖုံးသွားသည့် အချိန်ကျမှဘဲ ကောင်းကောင်း သိရပါလိမ့်မည်။

***

အကယ်၍ သင်သာ မကြာမီ မျက်စိကွယ်တော့မည်ဆိုက သင် ဘာတွေ ကြည့်သွားပါမည်နည်း။ ကျွန်မ အစောက ပြောခဲ့သည့် အစီအစဉ်အကျဉ်းလေးနှင့်တော့ ကွဲလွဲကောင်း ကွဲ

www.burmeseclassic.com

www.burmeseclassic.com



လွဲပါလိမ့်မည်။ သို့သော် အဲသည်လို ကံကြမ္မာမျိုးသာ ရင်ဆိုင်ရမည်ဆိုက သင့်မျက်စိကို သင် ယခင်ကနှင့် လုံးဝခြားနားစွာ အရေးတယူအသုံးပြုမိမှာ သေချာသည်။ သင် မြင်သမျှ အရာအားလုံးသည် သင့်အတွက် နှစ်သက်ကျွမ်းဝင်စရာများ ဖြစ်လာလိမ့်မည်။ သင့်မျက်လုံးများသည် မြင်ကွင်းထဲ ဝင်လာသည့် အရာမှန်သမျှကို ထိတွေ့တွေးပိုက်မိလိမ့်မည်။ တဖြည်းဖြည်းနှင့် အလှကမ္ဘာသစ်တစ်ခု သင့်ရှေ့မှာ လှစ်ဟ ပေါ်ပေါက်လာမည်။ အဲသည်နောက်တွင်မှသာ သင်က တကယ်စက္ခုနှစ်ကွင်း အလင်းရသူ စစ်စစ် ဖြစ်လာပေမည်။

မျက်စိမမြင်သော ကျွန်မက မြင်သောသူများကို တစ်ချက်လေးပဲ ညွှန်းချင်ပါသည်။ သင့်မျက်စိတွေ မနက်ဖြန်မှာ လုံးဝ ကွယ်သွားတော့မည်ဟု သဘောထားကာ သည်ကနေ့ အပြည့်အဝ အသုံးချစမ်းပါ။ အခြားသော အာရုံများနှင့် ပတ်သက်၍လည်း ထိုနည်းအတိုင်း သဘောထား သုံးစွဲပါ။ စကားသံတွေထဲက ဂီတ၊ ငှက်ကလေး တေးဆိုသံ၊ သံစုံတီးဝိုင်း၏ အင်အားကြီးသော တီးခတ်သံများ … သည်ဟာတွေကို မနက်ဖြန်ကစပြီး သင် နားမကြားတော့မည့်ပမာ အမိအရ ခံစားနားထောင်ပါ။ အရာဝတ္ထုတိုင်းကိုလည်း မနက်ဖြန် သင့်အထိအတွေ့အာရုံတွေ ပျက်ယွင်းသွားတော့မည့်ပမာ တယုတယ ထိတွေ့ကိုင်တွယ်ပါ။ ထိုနည်းတူ ပန်းတို့၏ ရနံ့၊ တစ်ကိုက်ချင်း တစ်လုတ်ချင်းသော မြိန်ရှက်ဖွယ်တို့၏ အရသာများကိုလည်း မနက်ဖြန်မှာ သင်



အနံ့အရသာတွေ မခံစားနိုင်တော့မည့်ပမာ တမက်တမော ရှူရှိုက်မြည်းစမ်းပါ။

လှတိုင်းပင် အလုံးစုံသော အာရုံများကို အပြည့်ဝဆုံး သုံးစွဲစေချင်လှပါသည်။ ကမ္ဘာလောကက လှစ်ဟလာသည့် ထူးခြားအံ့ဖွယ်သော အလှအပနှင့် ရသ အသွင်အပြင်စုံကို သဘာဝကပေးသည့် ဆက်သွယ်ရေးလမ်း အဖုံဖုံဖြင့် ထိတွေ့ခံစားကြစမ်းပါ ဟုတိုက်တွန်းချင်လှပါသည်။ သို့သော် အာရုံတွေအားလုံးထဲမှာတော့ စက္ခုအာရုံသည်သာ လိုလားနှစ်ခြိုက်ချင်စရာ အကောင်းဆုံးပါဟု ကျွန်မ ဆိုလိုက်ပါမည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# နိုရာ့အတွက် ကမ္ပည်းကျောက်စာ*

ကျွန်တော့်မိတ်ဆွေ အမျိုးသမီးကြီးတစ်ဦး ရှိသည်။ သူ့နာမည်ကို မစ္စစ်အယ်လ်ဟူ၍ပဲ အတိုကောက် ပြောပါမည်။ သူက ဘဏ် အမှုထမ်းတစ်ဦး။ သူ့ဘဏ်အမည်ကိုလည်း နယူးယောက် ကွန်မြူတား(စ)ဘဏ် ဟူ၍ပဲ ထားလိုက်ပါစို့။

သူမမှာ ခင်ပွန်းသည်ဆုံးတော့ သားလေးနှစ်ယောက်နှင့် ကျန်ခဲ့သည်။ မုဆိုးမဘဝနှင့် သည်ကလေးတွေ လူလားမြောက်အောင် ခက်ခဲပင်ပန်းစွာ ပြုစုပျိုးထောင်ခဲ့ရသည်။ ယခုတော့ နှစ်ယောက်လုံး ရာထူးရာခံတွေရကာ အိမ်ထောင်ရက်သားလည်း ကျနေကြပြီ။

---

* A.J. Cronin A Tombstone for Nora Malone

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဆံကေသာတွေက ငွေရောင်ယှက်သန်းလျက်ရှိပြီ။ သို့သော် မျက်လုံးပြာများကတော့ ပတ်ဝန်းကျင်လောကကြီးကို စိတ်မဝင်စားဘဲ လုံးဝနေ၍မရသည့် မျက်လုံးများ။ သို့သော် အဲသည်စပ်စုသည့်မျက်လုံးများထဲမှာပင် သူတစ်ပါးအကျိုး သယ်ပိုးချင်တတ်သည့် သူမ၏ ပင်ကိုစိတ်ဓာတ်ကို တစ်စွန်းတစ်စ မြင်နေရသည်။ သင့်ငွေကြေးပြဿနာတွေ သူ့ဘဏ်သို့ ယူဆောင်လာလျှင် သူက သင့်ကို ဆူပူလိမ့်မည်။ ထိုနောက်တွင်ကား သင့်ကိစ္စအဆင်ပြေအောင် သူ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည် ဖြစ်သည်။

တစ်နေ့က မစ္စစ်အယ်လ်နှင့်တွေ့တော့ သူက ကျွန်တော့်ကို သည်ဓာတ်လမ်း ပြောပြသည်။

***

သာယာသော နွေဦးကာလ၊ တစ်ခုသော တနင်္လာနံနက်ခင်းတွင် မစ္စစ်အယ်လ်ထံသို့ သူတို့ဘဏ်မှ သန့်ရှင်းရေးအလုပ်သမတစ်ဦးဖြစ်သူ နိုရာမလုန်း ရောက်လာသည်။ နိုရာက ခင်မင်ချင့်စရာကောင်းသော အမျိုးသမီးတစ်ယောက်။ လူကအမြဲ သွက်သွက်လက်လက် ရွှင်ရွှင်ပျပျ။ ပြီး အိုင်းရစ်လူမျိုးပီပီ ရယ်စရာနှောပြီး စကားပြောတတ်သည်။ သို့သော် နိုရာမှာ ချို့ယွင်းချက်က အလွန်ချွေတာစေနဲ့လွန်းခြင်းပင်။

သူက တစ်ပတ်မှာ ၅၅ ဒေါ်လာ ရသည်။ တနင်္လာနေ့တိုင်း အဲသည်အထဲက ဒေါ်လာ ၂၀ ကို ဘဏ်မှာ အပ်သည်။



နိုရာ၏ ဆင်းရဲပင်ပန်းခံနိုင်မှု ကုတ်ကုတ်ကတ်ကတ် သုံးစွဲတတ်မှုက အံ့လောက်စရာပင်။ ကိုယ်ပေါ်ရှိအဝတ်က ဟောင်းမြင်းညစ်နွမ်းလှပြီး ဖိနပ်ကလည်း ချုပ်ရာတွေ ဗရပွဖြစ်နေသော်လည်း တကယ်၌ နိုရာက ဒေါ်လာ ၈၀၀၀ တိတိ ချမ်းသာသူတစ်ဦး ဖြစ်သည်။

"ဘယ်လိုလဲ နိုရာ၊ ခါတိုင်းလိုပဲလား" မစ္စစ်အယ်လ်က နိုရာ့ငွေစုစာအုပ်ကလေးကို လှမ်းယူကာ ထုံးစံအတိုင်း မေးလိုက်သည်။

"မဟုတ်ဘူး မစ္စစ်အယ်လ်၊ ကျွန်မ စုငွေတွေအားလုံး ထုတ်ချင်လို့" နိုရာက ဖြေသည်။

"ဟဲ့ နိုရာ၊ ဘာလုပ်မလို့တုန်း"

နိုရာ့မျက်လွှာချသွားသည်။ ပါးပြင်က အနီရောင်လေး သန်းလာသည်။ ပြီးတော့မှ ပြတ်ပြတ်သားသားပင် သူ ဖြေသည်။

"သင်္ချိုင်းဂူအတွက်ပါ"

နှစ်ယောက်လုံး တိတ်ဆိတ်သွားသည်။ နောက်တော့မှ မစ္စစ်အယ်လ်က အကြောင်းစုံလင်ကို တဖြည်းဖြည်းချင်း မေးယူရသည်။ ပထမဆုံး သိလိုက်ရသည်က ခြောက်လအတွင်း နိုရာ သေဆုံးတော့မည် ဆိုသည့်အချက်။ သူမအား ကသိုလ်ဖြစ်ဆေးခန်းမှ ဆရာဝန်များက ဖွင့်ဟပြောဆိုလိုက်ကြခြင်း ဖြစ်သည်။

သေမည်ဆိုသည့်အခါ သူစုထားသော ငွေတွေနှင့် ပတ်သက်၍ နိုရာ တွေးတောပူပန်လာသည်။ သူ့မှာ ကျွန်ခံ

www.burmeseclassic.com

www.burmeseclassic.com



အငတ်ခံပြီး စုဆောင်းခဲ့ရတာ။ နေတော့ အလွန်ကျဉ်းကျပ်သည့် အခန်းလေးထဲမှာ။ အသုံးအဆောင်ပစ္စည်းဟူ၍လည်း မည်မည်ရရ မရှိခဲ့။ အလုပ်သွား အလုပ်ပြန်မှာပင် ကားခ သက်သာရန်အတွက် မိုင်ချီဝေးသော ခရီးကို လမ်းလျှောက်၍ သွားသည်။ ယခုတော့ အဲသည်လို ခြစ်ခြစ်ကုတ်ကုတ်ခဲ့သမျှသည် အချည်းအနှီး ဖြစ်တော့မည်။ သည်ငွေကို တမလွန်သို့ သူ ယူမသွားနိုင်။ သည်ကမ္ဘာမှာ သူ့ဆွေမျိုးသားချင်း ဟူ၍လည်း တစ်ယောက်မျှ မရှိ။ အဲသည်တော့ သူ့ရှိသမျှငွေကို အသုဘကိစ္စမှာပဲ သုံးစွဲသွားတော့မည်။ သင်္ဂြိုဟ်တာကို အထက်တန်းစားနည်းဖြင့် သင်္ဂြိုဟ်မည်။ သချိုင်းဂူကို အလှပဆုံး အသားနားဆုံး ပြုလုပ်မည်။

သူကိုင်သည့် လက်ကိုင်အိတ်ဟောင်းကြီးထဲက ရုပ်ပုံစာရွက်တစ်ခု သူထုတ်လာသည်။ ကတ်တလောက် တစ်အုပ်မှ ဖြဲယူလာသည့် စာရွက်။ သံခြစ်စည်းရိုး ကာရံထားသည့် သချိုင်းဂူတစ်ခုပုံ။ အတွန့်အလိပ် အပြောက်အမွမ်းတွေ လွန်လွန်ကဲကဲနှင့်။ ကျောက်ဖြူသား အတုနှင့် ပြုလုပ်ထားသည့် နတ်တမန်က တောင်ပံချင်း ထပ်လျက်။ အနုပညာမျက်စိဖြင့် ကြည့်လျှင်တော့ သူ့ပုံက လုံးဝ နေရာမကျ။ စင်စစ် တခြားရှုထောင့်တွေက စဉ်းစားမည်ဆိုလျှင်လည်း သည်အတိုင်းသာပင်။ ဂူရယ် မြေကွက်ရယ် သင်္ဂြိုဟ်စရိတ်ရယ်အတွက် ဒေါ်လာ ၇၅၀၀ သုံးစွဲဖို့ နိုရာ စဉ်းစားထားသည်။



ဟာ… မဟုတ်တာ။ မကျန်းမာသည့် သန့်ရှင်းရေးအလုပ်သမတစ်ယောက်က သူတစ်သက်လုံး စုဆောင်းထားသမျှငွေကို သည်လို ပုံစံမျိုးနှင့် သုံးစွဲပစ်ဖို့ဆိုသည်မှာ လူရယ်စရာကောင်းသလို ကရုဏာသက်စရာလည်း ကောင်းလှသည်။

သို့သော် နိုရာ့အကြောင်းလည်း မစ္စစ်အယ်လ် သိနေသည်။ နိုရာက အလွန်ခေါင်းမာသည့် မိန်းမ။ သူ့ခေါင်းထဲ အယူအဆတစ်ခု စွဲသွားမိလျှင် တူရွင်းနှင့် တူးထုတ်၍မရသည့် အမျိုးအစား။

“အုတ်ဂူလေးက အတော်လှတယ် နိုရာ… ဒါပေမဲ့ ပိုက်ဆံတွေအားလုံး ထုတ်ချင်ရင် ဘဏ်ကို တစ်ပတ်တော့ ကြိုတင်အသိပေးရတယ်၊ နောက်တနင်္လာနေ့မှာ ထပ်လာခဲ့နော်”… နိုရာ့ကို သူပြောလိုက်သည်။

နောက်တနင်္လာနေ့တွင် မစ္စစ်အယ်လ် နိုရာ့ကို အတော်အချိန်ကြာကြာ စကားပြောသည်။ ငွေတွေ အများကြီး လက်ထဲကိုင်ထားလျှင် အန္တရာယ်ရှိသည့်အကြောင်း၊ တစ်နေ့တစ်နေ့ ရိုက်လုခံရသူတွေ အများကြီးရှိကြောင်း ပြောပြသည့်အခါ နိုရာ လန့်သွားသည်။

အဲသည်နောက် သူက နိုရာ့ကို လှောင်ရယ်သည်။ အထက်တန်းစား ဖောက်သည်တွေနှင့် ဆက်ဆံနေကျ သူဘရာဇာက ညည်း သူ့ဆီ ငွေထုပ်ကြီး လာအပ်တော့ ပြုံးမှာပေါ့၊ ညည်းကိုယ်ပေါ်က အဝတ်အစားတွေလည်း ပြန်ကြည့်ဦးလေ စသဖြင့် သူစိတ်ဓာတ်ကျအောင် ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုရာ့စိတ်ထဲ ဝေခွဲမရ ဖြစ်နေသည့်အချိန်မှာ သူက အကြံပေးသည်။ သည်ကိစ္စကို ဘဏ်က ကိုင်တွယ်ဖြေရှင်းပေးနိုင်သည့်အကြောင်း။

မိမိကိုယ်တိုင် သည်ကိစ္စကို တာဝန်ယူ ဆောင်ရွက်ပေးမည့်အကြောင်း ကတိပေးလိုက်သည်။ သူက လုပ်ငန်းလုပ်နေကျ အမျိုးသမီး မဟုတ်လား။

နိုရာက မစ္စစ်အယ်လ်ကို လုံးဝ စိတ်ချယုံကြည်သည်။ သို့သော် သူ့ကိစ္စ မစ္စစ်အယ်လ်ကို အပ်နှံရန် သဘောတူလိုက်ခြင်းက အဲသည် ယုံကြည်မှုသက်သက်ကြောင့် မဟုတ်။ အဓိက က သူ့ဘာသာလုပ်လျှင် အလိမ်ခံရမှာစိုးသောကြောင့်သာ ဖြစ်သည်။ မစ္စစ်အယ်လ် သူ့ရှေ့ချပေးသည့် စာရွက်တွေမှာ သူ လက်မှတ်ထိုးပေးလိုက်သည်။ သည်နောက် မစ္စစ်အယ်လ်က ဦးထုပ်ကောက်ဆောင်းတော့ သူ အံ့အားသင့်သွားသည်။ သို့သော် မစ္စစ်အယ်လ်နောက် သူ မမေးမမြန်း လိုက်ခဲ့သည်။ ဘဏ်က ထွက်သည်။ တက္ကစီတစ်စီးပေါ် တက်သည်။

"ကျွန်မတို့ သုဘရာဇာဆီ သွားနေတာလား" ကားပေါ်ရောက်မှ သူမေးသည်။

"နောက်ကိစ္စကို အရင်လုပ်လို့ ဘယ်ဖြစ်မလဲ နိုရာရဲ့ ညည်းကို သားသားနားနားဖြစ်အောင် အရင်ပြင်ရဦးမယ်"

စတိုးဆိုင်တွေ လျှောက်ကြည့်ကြသည်။ နိုရာ နဝေတိမ်တောင် ဖြစ်နေသည်။ သည်ကိစ္စ သူ သဘောတော့မကျ။ ပစ္စည်းတွေ ဝယ်စဉ် သူ့အိတ်ထဲက ပိုက်ဆံတစ်ပြားမှ မထုတ်ရသည့်



အတွက်ကြောင့်သာ မငြင်းမဆန် လိုက်ပါနေခြင်း ဖြစ်သည်။

ညနေ ငါးနာရီခန့်တွင် တိတ်ဆိတ်ငြိမ်သက်သော အဆောက်အဦးကြီးတစ်ခုရှေ့သို့ သူတို့ ရောက်လာသည်။ အဲသည်ချိန် နိုရာမှာ ဝတ်စုံအသစ်နှင့်၊ အပေါ်ဝတ်သားမွေးအကျီနှင့် ဖြစ်နေပြီ။ အလှပြင် ပစ္စည်းအချို့ရယ် အခြား တိုလီမိုလီတွေ ရယ်လည်း ဝယ်ခဲ့ပြီး ဖြစ်သည်။

မစ္စစ်အယ်လ်က နိုရာ့လက်မောင်းကိုကိုင်ကာ ဖျောင်းဖျသည့် လေသံနှင့် ပြောသည်။

"နိုရာ၊ ဒါ ဆေးရုံ၊ နင် မငြင်းနဲ့နော်၊ ငါနဲ့လိုက်ခဲ့"

နိုရာက ဆေးရုံတွေအကြောင်း ကောင်းကောင်းသိသည် မဟုတ်။ သူ ရောက်ဖူးသည့် ကုသိုလ်ဖြစ်ဆေးပေးခန်းတွေလို အားလုံး အခမဲ့ချည်း အောက်မေ့သည်။ အဲသည်လို တလွဲထင်ထားတာကို အမှန်မြင်အောင် ပြင်ပေးဖို့တော့ မစ္စစ်အယ်လ် မကြိုးစား။ နိုရာ့အတွက် မစ္စစ်အယ်လ် ရွေးထားပေးသည့် အခန်းက သပ်သပ်ရပ်ရပ် လှလှပပ ပြင်ဆင်ထားသည်။ အပြင်ဘက်ကို ကြည့်လိုက်လျှင် ပန်းခြံကို မြင်ရ၍ ရှုခင်းလည်း ကောင်းသည်။ နိုရာကတော့ စကားတစ်ခွန်းမှ မပြောဘဲ အခန်းကိုသာ အကဲခတ်ကြည့်နေသည်။ စပရင်မွေ့ရာထူကြီးကို လက်နှင့် ဖိကြည့်ပြီး တအံ့တသြ သဘောကျနေသည်။

"ဒီလို မွေ့ရာမျိုးဆိုတာ... အထက်တန်းစားတွေ သုံးတာပဲ" သူတစ်ကိုယ်တည်း ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်လဲခိုင်းတော့လည်း သူက ကျိုးကျိုးနွံနွံပင်။ ဖိနပ်အသစ်လဲစီးသည်။ ပန်းရောင်အင်္ကျီရှည်ကြီး လဲဝတ်သည်။ အခန်းထဲက မှန်မှာ သူ့ရုပ်သွင် သူပြန်မြင်တော့ အထူးအဆန်းဖြစ်နေသည်။ အဲသည်နောက် အခန်းတံခါးခေါက်သံကြားရပြီး သူ့အတွက် ညစာ ရောက်လာသည်။ အငွေ့တထောင်းထောင်းထနေသည့် အမဲစွပ်ပြုတ်၊ ကြက်သားဟင်း၊ လတ်ဆတ်သောအသီးအရွက်၊ မက်မုသီး မယ်လဘာ ... စသဖြင့်။ တောက်ပသော ငွေခွက် ငွေဇွန်းတွေ၊ ဖြူဖွေးသော စားပွဲခင်း လက်သုတ်ပဝါတွေနှင့် စားသောက်ဖွယ်ရာများကို မြင်တော့ နီရာ လန့်ပြီးငြင်းသည်။

"စားမှာ စားစမ်းပါ၊ အဲဒါတွေက ညည်းကို ဘာမှထ မလုပ်ဘူး" မစ္စစ်အယ်လ်က အတင်းကျွေးသည်။

နီရာ့ရောဂါနှင့် ပတ်သက်၍ ကုသိုလ်ဖြစ်ဆေးခန်းမှ ဆရာဝန်ပြောလိုက်သည့်စကားသည် အမှန်ပဲဖြစ်ကြောင်း၊ မစ္စစ်အယ်လ်၏ မိတ်ဆွေ ဒေါက်တာရောဘတ်(စ) အတည်ပြုပြောဆိုသည်။ သူက နီရာသည် အလွန်ဆုံး သည်နွေအကုန်ပိုင်းလောက်အထိပဲ နေရလိမ့်မည် ဟုဆိုသည်။ မစ္စစ်အယ်လ်စိတ်ထဲမှာ လောလောဆယ် သူလုပ်နေသည့်ကိစ္စနှင့် ပတ်သက်၍ နည်းနည်းတော့ စိုးရိမ်မှုရှိတာ အမှန်။ သို့သော် ငါ လုပ်သင့်လုပ်ထိုက်တာကို လုပ်နေတာပဲ ဟူ၍တော့ သူ့စိတ်ထဲ ရှင်းသည်။

ရက်တွေကြာလာပြီးသည့်နောက် ဘယ်သူမှလည်း သူ့ထံ သူ့ပိုက်ဆံ တစ်ပြားတစ်ချပ် လာရောက် မတောင်းခံသည့်



အခါ နီရာ စိတ်အေးလက်အေး ဖြစ်လာသည်။ မစ္စက်အယ်လ် နေရာချပေးထားသည့် ဘဝသစ်ကို သူ နှစ်သက်လာသည်။ ရောဂါကြောင့် နေရထိုင်ရမကောင်းတာ ပင်ပန်းနွမ်းနယ်တာ တစ်ခါတစ်ရံ ခေါင်းထဲ မရှင်းမလင်းတာတွေကလွဲလျှင် သူ့အဖို့ နတ်ပြည်ရောက်သလောက် စိတ်ချမ်းသာစရာ ကောင်းနေသည်။ သာယာလှပသည့် အခန်းလေးရယ်၊ သဘောကောင်းလှသည့် သူနာပြုဆရာမတစ်ယောက်ရယ်၊ သူ တစ်သက်လုံး မမြင်ဖူး သုံးဖူးသည့် အသုံးအဆောင်ပစ္စည်းတွေရယ်နှင့် သူ့ဘဝသည် ပြည့်စုံလွန်းနေသည်။

သည်အထဲမှာ နီရာ အနှစ်သက်ဆုံးက ပန်းရောင်ဝတ်ရုံကြီးဝတ်ပြီး ပြတင်းဝ၌ စိတ်အေးလက်အေးထိုင်ကာ ယိမ်းနွဲ့နေသည့် သစ်ပင်စိမ်းစိမ်းတွေအောက်တွင် လျှောက်သွားနေကြသည့် လူတွေကို ငေးမောကြည့်ရှုရင်းက သည်လောက်သာယာပြည့်စုံလှသည့် ဘဝကို ရုတ်တရက် မမျှော်လင့်ဘဲ ရရှိလာခဲ့သည့် မိမိအဖြစ်ကို တစိမ့်စိမ့်တွေးပြီး အံ့သြကြည်နူးရသည့် အရသာပင် ဖြစ်သည်။ နေပျော်ဖွယ်မရှိသည့် ဘဝတွင်တစ်သက်တော်လုံး ကျင်လည်ဖြတ်သန်းခဲ့ရသည့် နီရာအဖို့ သေတော့မည်ဆိုသည့် အချိန်ကာလကမှ စိတ်ဝင်စားစရာ စိတ်ချမ်းသာချင်စရာ ဖြစ်လာနေချေသည်။ တစ်ခါတလေတော့လည်း မကြာမီ သေဆုံးရတော့မည် ဟူသောအသိက ရုတ်တရက် ဖိစီးဝင်ရောက်ကာ အတင်းခြောက်လှန့်လာတတ်သည်။ သည်အခါမျိုးတွင်တော့ သူ့စိတ်ကူးကို သတိရပြန်ကာ မစ္စစ်အယ်လ်အား "ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



ပေးထားတဲ့ ကတိ မမေ့နဲ့နော်" ဟူ၍ နှိုးဆော်ပြောဆိုတတ်သည်။

မစ္စစ်အယ်လ်က "စိတ်ချ၊ နင် သေရင် ငါလုပ်ပေးမယ်" ဟု အသစ်တစ်ဖန် ကတိပြုတော့မှ သူ စိတ်သက်သာသွားသလို သက်ပြင်းချကာ ကုလားထိုင်မှာ ပြန်ငြိမ်သက်သွားတတ်သည်။

အဲသည်နှစ် နွေဦးရာသီက သာယာလွန်းလှသည်။ သည်နောက်မှာတော့ သိပ်မပူပြင်းလှသည့် နွေရာသီ။ စနေ တနင်္ဂနွေရက်အားများမှာ နီရာအား မစ္စစ်အယ်လ်က အပြင်သို့ ခေါ်လေ့ရှိသည်။ သာသာယာယာနေ့များဆိုလျှင် ကားလျှောက်စီးကြသည်။ မိုးရွာသော နေ့များမှာ ရုပ်ရှင်ကြည့်လျှင် ကြည့်သည်၊ သို့မဟုတ် နေ့လယ်ပိုင်းပြသည့် အဆိုအကပွဲများသို့ သွားကြသည်။ ပြီး နီရာ့အခန်းမှာ ပန်းတွေ အမြဲရှိမည်၊ ချိုချဉ်ဘူး ရှိမည်၊ မဂ္ဂဇင်းတွေရှိမည်။ နီရာ့ကို စာတွေ အများကြီး ဖတ်ခိုင်း၍တော့ မရ။ သို့သော် ခုမှအသစ်ရလာသည့် ရေဒီယိုလေးကိုတော့ သူ အရမ်းသဘောကျသည်။ နီရာ့ကိစ္စနှင့်ပတ်သက်၍ မစ္စစ်အယ်လ်၏ အအောင်မြင်ဆုံး ဆောင်ရွက်ချက်က နီရာ့ကို အလှပြင်ဆိုင်သို့ စည်းရုံးခေါ်ဆောင်သွားနိုင်ခြင်း ဖြစ်၏။ ဆိုင်မှာ ဆံပင်ပုံသွင်းသည်။ ပြီး လက်အလှပြင်သည်။

"တကယ့် လေဒီပုံဖြစ်သွားပြီ" နီရာက မှန်ထဲရှိ သူ့ ရုပ်သွင်ကို ကြည့်ပြီး သူ့ဘာသာ သဘောကျစွာဖြင့် ရယ်၍ ပြောသည်။ "ကိုယ့်ရုပ် ဒီလောက်ရှိမှန်း အစက မသိဘူး"

ဩဂုတ်လ အကုန်ပိုင်းလောက်တွင်တော့ နီရာ အပြင်သို့ မလိုက်နိုင်တော့ပေ။ အိပ်ရာထဲတွင် ခေါင်းအုံးတွေမှီ၍



ထိုင်နေရသည်။ လူက ဖြူရော်ရော် ဖြစ်နေသည်။ အားနည်းလှပြီ။ ဆေးကောင်းဝါးကောင်းတွေနှင့် နိုင်နိုင်နင်းနင်း ထိန်းသိမ်းဆေးထားသဖြင့် နာကျင်မှုဝေဒနာကိုတော့ သူ မခံစားရ။ သူ့ ကြည့်ရတာ ရွှင်ရွှင်ပျပျပင်။

သို့သော် တစ်နေ့မှာတော့ သူ့အတွက် ဘုန်းကြီးပင့်ပေးရန် ပြောသဖြင့် မစ္စစ်အယ်လ် အံ့အားသင့်သွားရသည်။ ဝင်စစ်ရာက ဘယ်တုန်းကမှ ဘာသာတရား ကိုင်းရှိုင်းလှသူတစ်ဦး မဟုတ်ခဲ့။ မစ္စစ်အယ်လ်ကိုယ်တိုင်လည်း သည်သဘောမျိုး ဆောက်ပင် ဖြစ်သည်။ သို့သော် သူတို့ဘဏ်နှင့် ငွေကြေးကိစ္စ အဆက်အစပ်ရှိသည့် ကင်နွန်စတောပဲလ်စ်ကျောင်းမှာ သင်းအုပ်ဆရာအသစ်တစ်ယောက် ရောက်နေတာ သူ သတိရသည်။ နာမည်က ဗန်း(န)။ လူက ငယ်ငယ်ချောချော သဘော ကောင်းသော အပြုံးနှင့်။

နောက်တစ်ရက်နှစ်ရက်အကြာမှာပင် မစ္စစ်အယ်လ်က ဖာသာဗန်း(န)နှင့်အတူ ရောက်ရှိလာသည်။ ဖာသာဗန်း(န)နှင့် အရမ်းအဆင်ပြေသည်။ သူက နီရာ့အား သူ့ဇာတိ ကယ်ရီခရိုင်က အကြောင်းတွေ ပြောပြသည်။

"သူက သိပ်ဟာသရှိတာပဲ" ဟု နီရာက မှတ်ချက်ချသည်။ တစ်နေ့မှာတော့ ဖာသာဗန်း(န)က အိုင်းရစ်ဂျစ်(ဂ)အက တပုံလေးပင် နမူနာလုပ်ပြသည်။ အဲသည်နေ့ကတော့ နီရာ အားရပါးရပင် ရယ်မောမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလအစပိုင်း တစ်ညမှာ နိုရာ အိပ်နေရင်း ကွယ်လွန်သွားခဲ့သည်။ သူ့အတွက် ကုန်ကျခဲ့သမျှ စရိတ်အဝဝ ကို ရှင်းလင်းလိုက်သည့်အခါ သူ့ငွေ ရှစ်ထောင်မှာ နှစ်ရာခဲ ကျန်သည်။ အဲသည် ဒေါ်လာ ၂၀၀ ဖြင့် မစ္စစ်အယ်လ်က အကျဉ်းဆုံး အသုဘပွဲတစ်ခု ပြုလုပ်ခဲ့သည်။

ထို့နောက် သူမ၏ မများလှသော ကိုယ်ပိုင်ငွေထဲမှ အနည်းငယ်ကို ထုတ်ယူသည်။ အဲသည်ငွေဖြင့် သင်္ချိုင်းကမွည်း ကျောက်စာ ထိုးသည့် အများသူငါသုံး ကျောက်ဖြူတုံးကလေး တစ်ခု ဝယ်ယူသည်။ အဲသည် ကျောက်တုံးမှာ လိုအပ်သမျှ စာတွေလည်း အပြည့်အစုံ ထိုး၍ရသည်။

နိုရာ မလုန်း
၁၈၉၉–ဖွား
၁၉၅၁–ကွယ်လွန်
ငြိမ်းချမ်းခြင်း ရှိပါစေ

မစ္စစ်အယ်လ်က သူ နိုရာ့သင်္ချိုင်းကို ကမွည်း ကျောက်စာနှင့်တကွ အမှတ်တရ ဖြစ်စေရမည် ဟူ၍သာ ကတိ ပေးခဲ့ခြင်း ဖြစ်သည်၊ ဘယ်သင်္ချိုင်းအုတ်ဂူမျိုးဟူ၍ ဘယ်ဝှန်း ကမျှ တိတိကျကျ မပြောခဲ့ ဟုဆိုပါသည်။

နိုရာ့အပေါ် သူ ကတိတည်ခဲ့သည် ဟူ၍ပဲ ဆိုရပါချေမည်။

❖❖❖

# နောက်ဆုံးပြုံမ် ကြိုးစားခွင့်*

မည်သူမဆို အမှားတစ်ခု ကျူးလွန်လျှင် ထိုအမှားအတွက် အပြစ် ဒဏ်ကို ခံယူရလိမ့်မည်ဟူသည့် တင်းကျပ်သော ထုံးတမ်းစဉ်လာ အောက်၌ ကျွန်တော် ကြီးပြင်းခဲ့ရသည်။ အဲဒါသည်ပင် တရား မျှတမှု ဟူသောအသိမျိုးဖြင့် ကျွန်တော် ရပ်တည်ခဲ့ပါသည်။

၁၉၂၁ ခုနှစ်တွင် ဆရာဝန်ပေါက်စဘဝနှင့် နော့သမ်ဗာ လင်းဆိုသည့် အစွန်အဖျားဒေသတစ်ခုရှိ ဆေးရုံတစ်ရုံမှာ ကျွန်တော် ကျန်းမာရေးအရာရှိအဖြစ် တာဝန်ယူခဲ့ရသည်။ ကျွန်တော် ရောက်စ တစ်ခုသော ဆောင်းညချမ်းမှာ ဆေးရုံသို့ ဆုံဆို့နာ

* A.J. Cronin    Reward of Mercy

www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည်တစ်ယောက် ရောက်လာသည်။ လူနာက အသက် ခြောက်နှစ်အရွယ် ယောကျ်ားလေးတစ်ဦး။ ဆုံဆို့နာကြောင့် ဖြစ်သည့် ချွဲမြှေးက အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့နေ သဖြင့် ကလေးက မရှူနိုင် မကယ်နိုင် ဖြစ်နေသည်။ လည်ပင်းမှ နေ၍ အရေးပေါ် လေရှူပေါက် အမြန်ဆုံးဖောက်ပေးမှသာ ကေ ကောင်း ဘုန်းကောင်း အသက်ရှင်ချင်ရှင်နိုင်မည့် အနေအထား။

အဲသည်တုန်းက ကျွန်တော်ကလည်း အတွေ့အကြုံ အလွန်နည်းသေးသည့် အချိန်။ အရေးပေါ် လေရှူပေါက်ဖောက် ခြင်းဆိုသည်က လုပ်ရလွယ်သလောက် အလွန်လည်း ထိရောက် သည့် ခွဲစိတ်မှုတစ်ခု ဖြစ်သည်။ သို့သော် ကျွန်တော် တစ်ခါမှ မလုပ်စဖူးခဲ့။

မှန်မီးအိမ် အလင်းရောင်အောက်၌ စစ္စတာအိုကြီးတစ် ယောက်နှင့် အလုပ်သင်စ သူနာပြုဆရာမတစ်ယောက်တို့ လူနာ လေးကို ခွဲစိတ်စားပွဲပေါ်မှာ နေရာချကြသည်။ လူနာကောင်လေး က အသက်ကို ပင်ပင်ပန်းပန်း ရှိုက်၍ ရှူနေရသည်။ သူတို့ လုပ်ကိုင်နေသည်ကို ရပ်ကြည့်ရင်း ကျွန်တော် လက်ဖျားခြေဖျား တွေအေးကာ ကတုန်ကယင် ဖြစ်ချင်လာသည်။

စိုးရွံ့ပူပန်စွာနှင့်ပင် သူ့လည်ပင်လေး သေးသေးကို ကျွန်တော်စ၍ ခွဲလိုက်သည်။ ငါ မကျွမ်းကျင်ဘူးဆိုသော အသိ ကြောင့် လက်က မရဲ။ သို့သော် တွန့်ဆုတ်တွန့်ဆုတ်လုပ်ရင်း ကပင် သည်ကလေးအသက်ကို ရအောင် ကယ်ဆယ်လိုစိတ် ထက်သန်လာသည်။ ခွဲစိတ်မှု အောင်မြင်ရမည်ဟူသော စိတ်ဓာတ်



ဝင်လာကာ ပို၍ ယုံယုံရဲရဲ ဖြစ်လာသည်။

သွေးစတွေ မျက်စိထဲ ဝင်၍ မှုန်တုန်တုန်ဖြစ်နေသည့် ကြားမှ မီးအိမ်အလင်းရောင်မှာ လေပြွန်ကို ထင်ထင်ရှားရှား မြင်လာရသည်။ သည်ဟာကို ခွဲဟပေးလိုက်သည်နှင့် တစ်ပြိုင် နက် လေငတ်နေသော ကောင်လေး၏ ရင်ဘတ်ထဲသို့ သည် အပေါက်မှနေ၍ လေတွေ တစ်ရှူးထိုး တိုးဝင်သွားသည်။ အား ကုန်မောဟိုက်နေသည့် ခန္ဓာကိုယ်လေးမှာ စွမ်းအားသစ်တွေ ပြည့်လျှမ်းလာတာကြည့်ပြီး ကျွန်တော့်ရင်ထဲ အကြီးအကျယ် ပေါ့ပါးသက်သာသွားကာ ဝမ်းသာအားရ ထအော်လိုက်ချင်စိတ် ပင် ပေါက်သွားသည်။ ထို့နောက် လေပြွန်ပေါက်မှာ ပိုက်တစ်ခု တပ်ပြီး ပြန်ပိတ်ချုပ်သည်။ ရေနွေးငွေ့ရှူ၍ရအောင် ကာရံပေး ထားသည့် ခုတင်တွင် လူနာလေး သက်သောင့်သက်သာရှိနေပြီး သည့်နောက်၌ ကျွန်တော့်အခန်းရှိရာသို့ ပြန်ခဲ့သည်။ လူက အောင်မြင်မှုဖြင့် ရွှင်လန်းတက်ကြွ၍နေသည်။

လေးနာရီခန့်အကြာ ညနှစ်ချက်တီးလောက်တွင် အခန်းတံခါးကို အသည်းအသန် လာခေါက်သဖြင့် ကျွန်တော် အိပ်ရာမှ နိုးလာသည်။ သူနာပြုဆရာမလေး။

သူက လူနာခုတင်ဘေးမှာစောင့်ရင်း အိပ်ငိုက်သွား သည်။ နိုးလာတော့ လေပြွန်ပေါက်မှာ တပ်ထားသည့်ပိုက်က ပိတ်ဆို့နေသည်။ သူ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ဒရော သောပါး ပြေးချလာခြင်း ဖြစ်သည်။ "ဒေါက်တာ၊ ဒေါက်တာ... အမြန်လာပါ" သူ့မျက်နှာက ဖြူရော်နေသည်။ စကားက

www.burmeseclassic.com

www.burmeseclassic.com



အထစ်ထစ် အငေါ့ငေါ့။

စင်စစ် သူ လုပ်ရမည်က ပိုက်မှာဆို့လာသည့် ချွဲမြေးကို ဖယ်ရှားပစ်ဖို့ပဲ ဖြစ်သည်။ ဒါက သူနာပြုတို့အဖို့ ဘာမှ မကြီးကျယ် မခက်ခဲသည့် သမားရိုးကျ အလုပ်တစ်ခု။ ယခု သူက လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘဲ မျက်ကလူးဆန်ပျာ ပြေးလာတော့ ခွင့်မလွှတ်နိုင်သည့် ဆိုးကျိုးရလဒ်ကြီးတစ်ခု ဖြစ်ပေါ်ခဲ့ပြီ။

လူနာခန်းထဲ ကျွန်တော် ရောက်သွားသည့်အချိန်တွင် ကလေးက အသက်မရှိတော့။

အချည်းနှီး အလဟဿ ဆုံးရှုံးရလေခြင်းဟု နှမြောသောစိတ်၊ လူ့အသက်တစ်ချောင်းကို သက်သက်မဲ့ ဖြုန်းတီးပစ်သည်ဟု ကြိမ်းမောင်းပစ်တင်ချင်စိတ်တို့ ကျွန်တော့်ကို လွှမ်းမိုးလာသည်။ ကျွန်တော့်အတွက် ထူးထူးခြားခြား အမှတ်တရ အောင်မြင်မှုတစ်ခု ပေါ့ဆပြီးအကြောက်ကြီးသည့် သူနာပြုဆရာမ တစ်ဦးကြောင့် ပျက်စီးခဲ့ရပြီဆိုသော အတွေးက အစူးရှ အပြင်းထန်ဆုံး ဖြစ်သည်။ ကျွန်တော့်ဒေါသက အရှိန်အဟုန် ပြင်းစွာ တောက်လောင်လာလေသည်။ သည်ကိစ္စကို ခရိုင် ကျန်းမာရေး ဘုတ်အဖွဲ့သို့ တင်မည်၊ သည်အမျိုးသမီးကို သည်အလုပ်က ထုတ်ပယ်စေရမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ညနေဘက်တွင် အလွန်ပြင်းထန်သော အစီရင်ခံစာ တစ်စောင် ကျွန်တော် ရေးသည်။ စာ၌ သူ ကျူးလွန်ခဲ့သော ပြစ်ချက်ကို ဖိဖိစီးစီး ဖော်ပြသည်။ ထို့နောက် သူ့အား ရုံးခန်းသို့



ဆင့်ခေါ်ကာ အစီရင်ခံစာကို လေသံပြင်းပြင်းနှင့်ပင် ကျွန်တော် ဖတ်ပြလိုက်သည်။

ကျွန်တော် ဖတ်ပြသမျှကို သနားစဖွယ် တိတ်ဆိတ်စွာပင် သူ နားထောင်နေသည်။ စင်စစ် သူက ဝေလနယ်သူ ရိုးရိုး အအ တစ်ယောက် ဖြစ်သည်။ လူက ပိန်သည်။ သဏ္ဌာန်ဟန်ပန်ကလည်း သိပ်အချိုးမကျ။ အစာအာဟာရ မပြည့်ဝသဖြင့် လူကလည်း အားအင်သိပ်မရှိချင်၊ သည်အထဲမှာ ရှက်တာရယ် ဗမ်းနည်းတာရယ် ကြောက်ရွံ့တုန်လှုပ်တာရယ် ပေါင်းလိုက်တော့ မှုးချင်မေ့ချင်သလိုပင် ဖြစ်နေပုံရသည်။

သူ့ထံမှ ဘာအကြောင်းပြချက်တစ်ခုမှ မရသည့်အခါ ကျွန်တော် မို၍ ဒေါသထွက်လာသည်။ တကယ်ဆိုလျှင် သူ့ အနေနှင့် အလုပ်တွေ ဆက်တိုက်ပင်ပန်းသွားသောကြောင့် ယခုလို မတော်တဆ ဖြစ်သွားရခြင်းပါ ဘာညာစသဖြင့် ဆင်ခြေဆင်လက် ပေး၍ ရနိုင်သည်။ ယခုတော့ ဘာမှမဆို။ "မင်း ဘာတစ်ခွန်းမှ မပြောနိုင်တော့ဘူးလားကွ၊ ဟေ" ကျွန်တော် ဒေါသနှင့် ဟောက်လိုက်မိသည်။

သူက ခေါင်းခါသည်။ ထို့နောက်မှ ရှတ်တရက် မဝံ့မရဲ အသံနှင့် ဆိုသည်။

"ကျွန်မကို နောက်တစ်ကြိမ် ကြိုးစားခွင့်ပေးပါ ဆရာ" တဲ့။

ကျွန်တော် ရုတ်တရက် အမ်းသွားသည်။ ကျွန်တော့် ခေါင်းထဲမှာ အဲသည်စိတ်ကူးမျိုး လုံးဝမရှိခဲ့။ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးနေခဲ့သည့် တစ်ခုတည်းသောအတွေးက သူ့အပြစ်ဒဏ် သူခံရမည်ဆိုတာပဲ ဖြစ်သည်။ ကျွန်တော် သူ့ကို စိန်းစိန်းကြည့် နေမိသည်။ ပြီးမှ သွားတော့ဟု ပြတ်ပြတ်တောက်တောက်ပင် ပြောလိုက်သည်။ အစီရင်ခံစာကို လက်မှတ်ရေးထိုးပြီး ရုံးတံဆိပ် နှိပ်လိုက်သည်။

အဲသည်ည တစ်ညလုံး ကျွန်တော် ကောင်းကောင်း အိပ်မရ။ "ကျွန်ုပ်မကို နောက်တစ်ကြိမ် ကြိုးစားခွင့်ပေးပါ" ဆိုသည့် စကားသံက ခေါင်းထဲတွင် ပဲ့တင်ထပ်နေသည်။ ကျွန်တော့် တရားစီရင်ချက်သည် တကယ် တရားမျှတသော စီရင်ချက် ဟုတ်ရဲ့လား၊ ကနဦးခေတ်လူသားတွေ၏ လက်စားချေစိတ်နှင့် တုံ့ပြန်ဒဏ်ခတ်မှုမျိုးများ ဖြစ်နေမလားဟူသော အတွေးများက ထပ်ပြန်တလဲလဲ ခြောက်လှန့်နှောင့်ယှက်နေခဲ့သည်။

သည့်အတွက်နှင့်များ အိပ်မပျော်နိုင် ဖြစ်ရသလားဟု ကျွန်တော့်ကိုယ်ကျွန်တော် ဒေါသထွက်မိသေးသည်။ သို့သော် မနက်တွင်တော့ စင်ပေါ်တင်ထားသည့်စာကို ကျွန်တော် ပြန်ယူကာ အစီရင်ခံစာကို ဆုတ်ဖြဲပစ်ခဲ့သည်။

***

ဤသည်က လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က အဖြစ် အပျက် ဖြစ်သည်။ အဲသည်တုန်းက လူနာလေးတစ်ယောက် အသက်ဆုံးရှုံးရအောင် မှားယွင်းချွတ်ချော်ခဲ့သည့် သူနာပြု ဆရာမလေးသည် ယခုအခါ၌ ဝေလနယ်ရှိ အကြီးဆုံး ကလေး



သူငယ်စောင့်ရှောက်ရေးဂေဟာတွင် သူနာပြုဆရာမအုပ်ကြီး အဖြစ် အောင်မြင်စွာ တာဝန်ထမ်းရွက်လျက် ရှိနေပေပြီ။ သူမ ကား သူနာပြုသက်တမ်း တစ်လျှောက်လုံးပင် မိမိအလုပ်တွင် ကိုယ်ရောစိတ်ပါ နှစ်မြှုပ်လုပ်ကိုင်သူအဖြစ် သူတကာ စံနမူနာ ယူရသူတစ်ဦး ဖြစ်ခဲ့သည်။

လွန်ခဲ့သောအပတ်က ကျွန်တော် ဓာတ်ပုံတစ်ပုံ ရပါ သည်။ သူနာပြုဆရာမအုပ်ကြီးဝတ်စုံ ဆင်မြန်းထားသည့် သက် လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်။ သူမအနီးမှာ ကလေး တွေ ဝိုင်းရံလျက်။

ဓာတ်ပုံက ဖုံးခိုကျင်းတစ်ခုအတွင်းမှာ ရိုက်ထားခြင်း ဖြစ်သည်။ သူမ မျက်နှာမှာ စိုးရိမ်ပူပန်မှုနှင့် ပင်ပန်းနွမ်းနယ်မှု အရိပ်လက္ခဏာများ ထင်ဟပ်နေသည်။ သို့သော် သူမကို မော့ ကြည့်နေကြသည့် ကလေးများ မျက်နှာမှာတော့ ချစ်ခင်စိတ် အားကိုးယုံကြည်စိတ်တွေအပြည့်နှင့်။

"ကျွန်ုပ်တို့အပေါ် ကျူးလွန်သည့် သူတစ်ပါးတို့၏ ပြစ်မှုကို ကျွန်ုပ်တို့ ခွင့်လွှတ်သကဲ့သို့၊ ကျွန်ုပ်တို့ ပြစ်မှားကျူးလွန် မိသည်များကိုလည်း ခွင့်လွှတ်တော်မူပါ" ဟူ၍ ကျွန်တော်တို့ ဆုတောင်းလေ့ရှိကြပါ၏။ ထိုဆုတောင်းကလေးသည် ရိုးစင်း လွယ်ကူသလောက် လက်တွေ့ကျင့်သုံးရန် ခက်ခဲလှပါသည်။ သို့သော် တကယ်ကျင့်သုံးမည်ဆိုလျှင်ကား တကယ်ပင် အကျိုး ကျေးဇူးကြီးမားလှချေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကိတ်အတွက် နှုတ်ဆက်အနမ်း*

ညတာဝန်ကျ သူနာပြုဆရာမအနေနှင့် ဘိုးဘွားရိပ်သာသို့ ညနေဘက်တွင်ရောက်လာသည့်အခါတိုင်း အခန်းတစ်ခန်းစီရှေ့မှာ ခဏရပ်ကာ နှုတ်ဆက်စကားပြောရင်း အထဲက အခြေအနေတွေကို ကျွန်မ အကဲခတ်လေ့ရှိသည်။ ကိတ်နှင့်ခရစ်(စ)တို့ အခန်း၀ရောက်လျှင် နှစ်ယောက်လုံး မှတ်တမ်းစာအုပ်ကြီးတွေ ကိုယ်စီလှန်လှောကာ ဓာတ်ပုံတွေကြည့်ရင်း အတိတ်ကို အောက်မေ့သတိရနေကြတာ တွေ့ရလေ့ရှိသည်။

---

* **Phyllis Volkens A Kiss for Kate**

www.burmeseclassic.com

www.burmeseclassic.com



ကိတ်က လွန်လေပြီးသော နှစ်ကာလများစွာက ပုံတွေကို ကျွန်မအား ဂုဏ်ယူစွာ ပြသလေ့ရှိသည်။ ခရစ်(စ)က အရပ်ထောင်ထောင်မောင်းမောင်း၊ ရွှေဝါရောင် ဆံပင်နှင့်၊ ခန့်ခန့်ချောချော။ ကိတ်ဆံပင်က အညိုရင့်ရင့်၊ ရယ်ရွှင်မြူးထူးသော အသွင်နှင့် ချစ်စရာ မိန်းမချောလေး။ ချစ်သူလူငယ်နှစ်ဦးတို့ ပြုံးပျော်စွာနှင့်ပင် နှစ်ကာလတွေကို ဖြတ်သန်းခဲ့ကြသည်။

ယခုအချိန်မှာပင် သူတို့ကိုကြည့်ရတာ မည်မျှ နှစ်သက်စရာကောင်းပါသနည်း။ လျှပ်စစ်မီးရောင်က သူတို့ခေါင်းထက်ရှိ ဆံဖြူဖွေးဖွေးများပေါ်မှာ ရောင်ပြန်ဟပ်လျက်ရှိသည်။ အချိန်ကာလကြောင့် အရေတွေ တွန့်ခဲ့လိပ်ခဲ့ရပြီဖြစ်သော သူတို့မျက်နှာများက မှတ်တမ်းစာအုပ်တွေထဲမှာ ထာဝရသိမ်းဆည်းသိုမှီးခဲ့ပြီး ဖြစ်သည့် ကြည်နူးဖွယ်အတိတ်ဖြစ်ရပ်တွေကို ပြန်လည် အမှတ်ရခြင်းဖြင့် ပြုံးရွှင်လျက်ပင် ရှိနေသည်။

ငယ်သူတွေ သိကြသည့် ချစ်ခြင်းမေတ္တာဆိုတာ အစိတ်အပိုင်းမျှသာပါကလားဟု ကျွန်မ တွေးမိသည်။ သည်လောက်အဖိုးထိုက်တန်လှသည့် ပစ္စည်းကို သူတို့တွေချည်း ပိုင်ဆိုင်ခွင့်ရှိသည်ထင်ကြတာ သူတို့ မသိနားမလည်ကြသေး၍ပဲ ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏ အဓိပ္ပာယ်အစစ်အမှန်ကို လူငယ်တွေ ရိုးတိုးရိပ်တိပ်လောက်သာ မှန်းဆနိုင်ကြမည်။ တကယ်တမ်း သိကြသည်ကား လူကြီးများသာတည်း။

ကိတ်နှင့်ခရစ်(စ)က အမြဲ မခွဲအတူရှိကြသည်။ ထမင်းစားခန်းမှာ အတူတူ၊ နားနေခန်းမှာလည်း အတူတူ။ စကြံလမ်းများ ဒါမှမဟုတ် မြက်ခင်းထဲ လမ်းလျှောက်သည့်အခါများတွင်လည်း တစ်ယောက်နှင့် တစ်ယောက် လက်ချင်းဆုပ်လျက် အတူတူ။



ကျွန်မတို့ ရိပ်သာဝန်ထမ်းတွေ ညနေစာ စားကြသည့် အချိန်မျိုးမှာ ကိတ်နှင့်ခရစ်(စ) ထမင်းစားခန်းမကြီးဘေးက ဖြည်းဖြည်းချင်း လျှောက်သွားကြတာ မကြာခဏ တွေ့ရတတ်သည်။ သည်အခါမျိုးတွင် ကျွန်မတို့ တခြားစကားတွေ ပြောနေရာမှ သူတို့မောင်နှံချစ်ကြပုံအကြောင်း၊ တစ်ဦးအပေါ်တစ်ဦး မြတ်နိုးတွယ်တာကြပုံအကြောင်းတွေဘက် ရောက်သွားတတ်သည်။ တစ်ယောက်ယောက်သာ သေဆုံးသွားခဲ့လျှင် ဘယ်လိုဖြစ်လေမလဲ ကျွန်မတို့ တွေးပူမိတတ်ကြသည်။ ခရစ်(စ)က စိတ်ဓာတ်ကြံ့ခိုင်သူ၊ ကိတ်က ခရစ်(စ)ကို အားကိုးမှီတွယ်သူဆိုတာလည်း ကျွန်မတို့ သိထားကြသည်။

ခရစ်(စ)သာ အရင်သေဆုံးသွားခဲ့သော် ကိတ်တစ်ယောက် ဘယ်လို ဆက်လက်ရပ်တည်လေမည်လဲ။

အိပ်ရာဝင်ချိန်တိုင်း သူတို့အခန်းတွင် မြင်တွေ့ရတတ်သည့် ရှုခင်းလေးက ကြည်နူးစရာ။

ညဘက်သောက်ရန်ဆေး ကျွန်မ လာပေးသည့်အချိန်၌ ကိတ်က ညဝတ်အင်္ကျီဝတ်ပြီး ကုလားထိုင်မှာထိုင်ကာ ကျွန်မအလာကို အသင့်စောင့်နေမည်။ ခရစ်(စ)နှင့်ကျွန်မတို့ မျက်စိရှေ့မှာပင် ဆေးကို သူ သောက်မည်။ ပြီးလျှင် ခရစ်(စ)က သူမအား ကုလားထိုင်မှ ခုတင်ပေါ်သို့ ဖေးမတင်ပေးမည်။ သူမ၏

www.burmeseclassic.com



ခန္ဓာကိုယ်လေး မြုလွှာများအောက်မှာ လုံလုံခြုံခြုံရှိအောင် နေရာချပေးမည်။

အဲသည် ကြင်နာမှုလေးတွေ ကြည့်ရမြင်ရတိုင်း ကျွန်မစိတ်ထဲမှာ အားမလိုအားမရ အတွေးတစ်ခု ပေါ်လာတတ်သည်။ ဘိုးဘွားရိပ်သာများမှာ သည်လို မောင်နှံတွေအတွက် နှစ်ယောက်တွဲအိပ်ရာတွေ ဘာကြောင့် စီစဉ်မပေးနိုင်ကြသလဲ ဟူသောအတွေး။

ဘဝသက်တမ်းတစ်လျှောက်လုံး သူတို့ အတူတကွအိပ်စက်ခဲ့သည်ပဲ။ သည်လို အပြုစုခံဘဝရောက်တော့မှ တစ်ခုတင်စီ ခွဲအိပ်နေရရှာသည်။ တစ်သက်ပတ်လုံး ရခဲ့သည့်နွေးထွေးမှုကို ညဘက်ရောက်လျှင် သူတို့ မခံစားကြရတော့။

သူတို့ကို ကြည့်ရင်း အဓိပ္ပာယ်မရှိလိုက်သည့် စည်းစနစ်တွေကို ကျွန်မ အပြစ်တင်နေမိသည်။ ခရစ်(စ)က ကိတ်အိပ်ရာအထက်နားက မီးခလုတ်ကို လှမ်းပိတ်သည်။ ထို့နောက် ကိတ်မျက်နှာနား ငုံ့လာကာ နှစ်ဦးသား သိမ်မွေ့ကြင်နာစွာ နမ်းကြမည်။ ခရစ်(စ)က ကိတ်၏ ပါးကလေးကို အသာကိုင်လိုက်ပြီး တစ်ဦးနှင့်တစ်ဦး အပြုံးချင်း ဖလှယ်ကြမည်။ ပြီးလျှင် ခရစ်(စ)က ခုတင်ဘေးအကာကို ဆွဲတင်ပေးမည်။ ပြီးတော့မှ သူ့နေရာသူသွားကာ သူ့အတွက်ဆေးကို သောက်မည်။ အဲသည်နောက် ကျွန်မအခန်းထဲက အထွက်လောက်မှာပင် အခန်းဟိုဘက်ထိပ်မှ ခရစ်(စ)က "ဂွတ်နိုက် ကိတ်" ဟု လှမ်းနှုတ်ဆက်၍၊ အခန်းသည်ဘက်ထိပ်မှ ကိတ်က "ဂွတ်နိုက် ခရစ်(စ)" ဟု ခွန်းတုံ့ပြန်



သည်ကို ကျွန်မ ကြားရမည်။ အဲဒါက အမြဲပုံမှန်။

***

ကျွန်မ အလုပ်မှ ခွင့်နှစ်ရက်ယူသွားပြီး ပြန်ရောက်သည့်နေ့၊ ပထမဆုံးကြားရသည့် သတင်းက၊ "ခရစ်(စ) မနေ့က မနက်ပိုင်းပဲ ဆုံးသွားတယ်" ဟူ၍ ဖြစ်သည်။

"ဟယ်၊ ဘယ်လိုဖြစ်တာလဲ"

"နှလုံးပေါ့၊ ရုတ်တရက်ဖြစ်တာ၊ သိပ်မြန်တာပဲ"

"အဲဒီတော့ ကိတ်ကော"

"အရမ်း စိတ်ထိခိုက်သွားတာပေါ့"

ကျွန်မ ကိတ်အခန်းထဲ ဝင်သွားသည်။ သူက ကုလားထိုင်မှာ မလှုပ်မယှက်ထိုင်ကာ ကြောင်တောင်ငေးနေသည်။ သူ့လက်နှစ်ဖက်ကို ကျွန်မ ဆုပ်ကိုင်ကာ၊ "ကိတ်၊ ဖိလစ်(စ်)ပါ" ဟုပြောလိုက်သည်။

သူ့မျက်လုံးတွေက နေရာမရွေ့။ တွေတွေကြီး ငေးစိုက်မြဲ ငေးစိုက်နေသည်။ ကျွန်မ သူ့မေးစေ့လေးကို အသာကိုင်ကာ သူ့ခေါင်းကို ကျွန်မဘက် ဖြည်းဖြည်းချင်း လှည့်သည်။

"ကိတ်၊ ကျွန်မ ခရစ်(စ)အကြောင်း ခုလေးတင် သိရတယ်၊ စိတ်မကောင်းလိုက်တာ"

ခရစ်(စ)ဆိုသည့်အသံကြားတော့မှ သူ့မျက်လုံးတွေ ပြန်လှုပ်ရှား အသက်ဝင်လာသည်။ ဇဝေဇဝါနှင့် ကျွန်မကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရုတ်တရက် ကျွန်မ ဘယ်နားက ပေါ်လာလေသလဲ စဉ်းစားမရ ဖြစ်နေဟန်တူသည်။

"ဖိလစ်(စ)လေ့ ကိတ်ရဲ့..."

သူ မှတ်မိသွားသည်။ အားလုံးလည်း ပြန်ပြီး သတိရလာပုံရသည်။ မျက်ရည်တွေ အိုင်လာပြီး ပါးပြင်ပေါ် စီးကျလာသည်။ "ခရစ်(စ) မရှိတော့ဘူး" တိုးတိုးလေး သူဆိုသည်။

"ဟုတ်ကဲ့၊ ကျွန်မ သိပါတယ်"

အဲသည်နောက်ပိုင်း ရက်အနည်ငယ်အဖို့ ကိတ်ကို ကျွန်မတို့ အလိုလိုက်ထားကြသည်။ ထမင်းကို အခန်းထဲမှာ စားခွင့်ပြုသည်။ သူ့ဝေယျာဝစ္စတွေကို ယခင်ကထက် ဂရုစိုက် ဆောင်ရွက်ပေးကြသည်။ သို့သော် ကြာရှည်တော့ မတတ်နိုင်ပါ။ တဖြည်းဖြည်း အများသူငါနည်းတူ ပုံမှန်အစီအစဉ်အတိုင်း ပြန်ပြီးနေစေရသည်။

နောက်ပိုင်း သူ့အခန်းရှေ့က ဖြတ်သွားသည့်အခါများတွင် ကိတ်အား ကုလားထိုင်မှာ မှတ်တမ်းစာအုပ်ကြီးတွေ ပေါင်ပေါ်တင်၍ ထိုင်ကာ ခရစ်(စ)၏ ဓာတ်ပုံများကိုပဲ လွမ်းဆွတ်တမ်းတစွာ ကြည့်နေတာ တွေ့ရတတ်သည်။

ညအိပ်ရာဝင်ချိန်ကတော့ ကိတ်အတွက် အခံစားရဆုံး အချိန်ဖြစ်သည်။ သူ တောင်းဆိုသဖြင့် သူ့အား ခရစ်(စ)အိပ်ခဲ့သော ခုတင်သို့ ပြောင်းရွှေ့ပေးထားကြသည်။ ပြီး ညဘက် သူ့ကို အိပ်ရာထဲ ပြင်ဆင်နေရာချပေးသည့် အချိန်မှာလည်း ဝန်ထမ်းတွေက သူ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် ရယ်ရယ်မောမော



စကားစမြည်တွေ ပြောကြသည်။ သို့သော် သူက မရွှင်ပျနိုင်။ ဝမ်းနည်းကြေကွဲနေဟန်ဖြင့် တိတ်ဆိတ်၍သာ နေတတ်သည်။ အိပ်ရာထဲရောက်ပြီး တစ်နာရီလောက်ကြာသည့်အချိန်အထိ လည်း သူက အိပ်မပျော်နိုင်သေး။ သူ့အခန်းရှေ့ရောက်၍ ကြည့်မိတိုင်း မျက်နှာကြက်ကို မျက်လုံးအကြောင်သားနှင့် ငေးစိုက်ကြည့်နေတာ မြင်ရတတ်သည်။

သည်လိုဖြင့် ရက်သတ္တပတ်တွေသာ ကုန်လွန်လာခဲ့သည်။ ညဘက်တွေမှာ ကိတ်တစ်ယောက် ကောင်းစွာ မအိပ်နိုင်သေး။ သူ့ကြည့်ရသည်မှာ လုံခြုံမှု မရှိသလို၊ စိတ်ထဲ အတည်မကျနိုင်သလိုလို။ ဘာကြောင့် သည်လိုဖြစ်သလဲ ကျွန်မ စဉ်းစားကြည့်သည်။ တစ်နေ့လုံး ဟုတ်သလို အရှိသား၊ ညဘက်ကျမှ ဘာကြောင့် ဂနာမငြိမ်သလို ဖြစ်နေရသလဲ။

တစ်ည သူ့အခန်းထဲ ကျွန်မရောက်သွားတော့ ထုံးစံအတိုင်း သူ့ကို မျက်လုံးအကျယ်သားနှင့်ပဲ တွေ့ရသည်။ "ကိတ်၊ ဘာဖြစ်လို့လဲ၊ ညဘက် နှုတ်ဆက်နမ်းတာ သတိရနေတယ်နဲ့ တူတယ်" ဟု ကျွန်မ အမှတ်မဲ့ ပြောလိုက်မိပြီးနောက် ပါးရေတွန့်လိပ်သော သူ့ပါးပြင်ကို ကျွန်မ ငုံ့၍ နမ်းလိုက်မိသည်။

ရုတ်တရက် ဆည်ကာတာ ရေလွှဲတံခါးကို ဖွင့်ပေးလိုက်သလို ဖြစ်သွားသည်။ ပါးပြင်နှစ်ဖက်အပေါ်သို့ မျက်ရည်တွေ ဒလဟော စီးကျလာသည်။ ကျွန်မ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ "ခရစ်(စ)က ညအိပ်ရာဝင်ခါနီးတိုင်း နမ်းပြီးနှုတ်ဆက်တာ" ဟူ၍ ငိုပြီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိပါတယ်" ကျွန်မ တိုးတိုးပြောမိသည်။

"အမေ သူ့ကို သိပ်သတိရတယ်၊ သူက ညတိုင်း နှုတ်ဆက်နမ်းလာတာ တစ်သက်လုံးပဲ" ကျွန်မ သူ့ပါးပြင်က မျက်ရည်တွေ သုတ်ပေးသည်။ "ခုတော့ အဲဒီလို အနမ်းမခံရဘဲ အိပ်လို့မရသလို ဖြစ်နေပြီ"

သူ ကျွန်မမျက်နှာကို မော့ကြည့်သည်။ သူ့မျက်လုံးတွေထဲမှာ မျက်ရည်များ ပြည့်လျှမ်းဆဲ။

"အမေ့ကို နမ်းတဲ့အတွက် ကျေးဇူးတင်လိုက်တာ"

အဲသည်နောက် သူ့နှုတ်ခမ်းမှာ အပြုံးစကလေးတစ်ခု ထင်လာသည်။ ပြီး ကျွန်မကို နှစ်ကိုယ်ကြား စကားတစ်ခွန်း ပြောသည်။

"ခရစ်(စ)က အမေ့ကို အမြဲဆိုပြတတ်တဲ့ သီချင်းတစ်ပုဒ် ရှိတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ ... အမေ အခု အဲဒါပြန်ပြီး သတိရနေတာ"

"သီချင်းက ဘယ်လိုတဲ့လဲ"

ကိတ်ကပြုံးသည်။ ကျွန်မလက်ကို ကိုင်လိုက်ပြီးနောက် သီချင်းဆိုရန် လည်ချောင်းရှင်းသည်။ အသက်ကြီးပြီဆိုတော့ အသံက သိပ်မပီပြင်တော့၊ သို့သော် တေးသွားအလိုက်ကလေးကိုတော့ မှန်အောင် ဆိုနိုင်သေးသည်။ အော်စကာ ဟမ္မာစတိုင်း၏ တေးသွား ...



"နမ်းလိုက်ပါ အချစ်ရယ် တို့ခွဲရတော့မယ်၊
ကိုယ် အိုမင်းလို့ စိတ်ကူးယဉ်အိပ်မက်တွေ
မမြင်မက်တဲ့အချိန် . . .
ကိုယ့်ရင်ထဲ အဲသည်အနမ်းလေး ရှင်သန်မယ်"။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ထရက်ဂျင်နီက စေတနာရှင်*

ဆေးရုံမှသင်တန်းပြီးဆုံး၍ အလုပ်စဝင်တော့ သူနာပြုအိုလ်ဝင် ဒေးဗီးစ်က အသက် ၂၂ နှစ်ပဲ ရှိသေးသည်။ သူ့အား ထရက်ဂျင်နီနှင့် ၎င်းဝန်းကျင်နယ်တစ်ဝိုက်ကို လှည့်လည်ကြည့်ရှုရမည့် ကျန်းမာရေးဆရာမအဖြစ် ခန့်အပ်လိုက်ခြင်း ဖြစ်သည်။ ထရက်ဂျင်နီက ဝေလနယ်တောင်ပိုင်းရှိ ကျောက်မီးသွေးတွင်းဒေသတစ်ခု ဖြစ်သည်။ ပတ်ဝန်းကျင်က တောတန်းတောင်ကုန်းတွေ ထူထပ်သည်။ အိုလ်ဝင်၏ နေအိမ်က ထရက်ဂျင်နီ၏ တစ်ခုတည်းသော လမ်းမပေါ်မှာ ရှိသည်။ သာသာယာယာ နေချင့်စဖွယ်

---

* A.J.Cronin The Most Unforgettable Character I've Met

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ အိမ်ထောင်ပရိဘောဂ ဟူ၍လည်း မည်မည်ရရမရှိ။ ရွာခံလူများကလည်း လူစိမ်းဆိုလျှင် သိပ်ရောရောနှောနှောမလုပ်ချင်တတ်သူတွေ။ သူတို့အချင်းချင်းပဲ ပေါင်းသင်းကာ သူတို့အစုအဝန်းထဲမှာပဲ အပြန်ပြန်လက်ထပ်ထိမ်းမြားပြီး တစ်ယောက်နှင့်တစ်ယောက် အမျိုးမျိုး လှည့်ပတ်ဆွေမျိုး တော်နေကြသူတွေ။ အိုလ်ဝင်လို အပြင်လူတစ်ယောက် သူတို့ကြား ရောက်လာကြတာ သိပ်နှစ်သက်ကြပုံမရ။

ရွာခံတွေ နွေးထွေးလှိုက်လှဲမှု မရှိသော်လည်း အိုလ်ဝင်ကတော့ သူ့အလုပ်ထဲ စိတ်အားထက်သန်စွာ နှစ်မြှုပ်လုပ်ကိုင်ခဲ့သည်။ ဥတုရာသီမရွေး တောင်ပေါ်တောလမ်းများမှာ ခြေလျင်ခရီးနှင်ကာ လူနာတွေဆီ သွားရောက်ကြည့်ရှုသည်။ ကျေးလက်ကျန်းမာရေးဘုတ်အဖွဲ့က ဖွင့်လှစ်ပေးထားသည့် ပစ္စည်းပစ္စယမပြည့်စုံလှသည့် ဆေးခန်းလေးသို့ လာရောက်ပြသကြသူတွေကို တတ်စွမ်းသမျှ ကုသပေးသည်။ သို့သော် အဲသည်မှာ သူ လုပ်ကိုင်ရသည့် အနေအထားက ခေတ်နောက်ကျလွန်းလှသည်။ ထရက်ဂျင်နီ အပါအဝင် သည်နယ်တစ်ခွင်လုံးကို တာဝန်ယူထားသည့် ဆရာဝန်ကြီး ဒေါက်တာဂယ်လို ဆိုတာကလည်း အရည်အချင်းမပြည့်ဝ၊ အလုပ်ကိုလည်း မလေးစားသည့် အရက်သမားကြီး တစ်ဦး ဖြစ်နေသည်။ သူ့ကို ဘာအကူအညီမျှ မပေး။

အားလျော့စရာ စိတ်ပျက်စရာတွေချည်း အမြဲရင်ဆိုင်နေရသည့်အခါ အိုလ်ဝင် အလုပ်ထွက်ပြီး ပြေးချင်စိတ်ပင် ပေါက်မိသည်။ သို့သော် သည်စိတ်ကို တွန်းလှန်ကာ သည်နေရာမှာ



ကြံ့ကြံ့ခံ၍ နေခဲ့သည်။

ပထမနှစ် နွေရာသီအကုန်ပိုင်းလောက်တွင် ထရက်ဂျင်နီတစ်ဝိုက်၌ စကားလက် အဖျားရောဂါများ အနှံ့အပြားဖြစ်လေသည်။ (စကားလက်အဖျားဆိုသည်မှာ ခန္ဓာကိုယ်ပေါ်၌ ကြက်သွေးရောင် အင်ပျဉ်များ အနှံ့အပြားထွက်ပေါ်သည့် အဖျားရောဂါတစ်မျိုး ဖြစ်သည်။) သည်အဖျားကို ခုခံတွန်းလှန်ရန်နှင့် ဆက်လက် မပြန့်ပွားအောင် ထိန်းချုပ်ရန်အတွက် နည်းပေးလမ်းညွှန်လေမလားဟု ဒေါက်တာဂယ်လိုထံ သွားရောက်ချဉ်းကပ်သည့်အခါ ဆရာဝန်ကြီးထံမှ ဆူပူမောင်းမဲသံသာ နားခံပြီး ပြန်လာခဲ့ရ သည်။ ထရက်ဂျင်နီမှာ ဒါမျိုးတွေဖြစ်တာ အထူးအဆန်း မဟုတ်ဘူး၊ သူ့အလိုလိုဖြစ်တဲ့ကိစ္စကို ဘယ်သူဘာတတ်နိုင်မလဲ၊ ဖျားတဲ့လူနာ ဆေးကု၊ ကူးစက်မှုတွေ အရှိန်သေသွား ရပ်သွားတဲ့အထိ သည်းခံစောင့်ဖို့ပဲရှိတယ် ဟူ၍သာ သူ့ကို မာန်မဲပြောဆိုသည်။

ဒါလောက်တောင်ရှိတာဟု မခံချင်ဖြစ်ကာ စကားလက်အဖျားပြသနာကို ကိုယ့်အားကိုယ်ကိုး ဖြေရှင်းမည်ဟု အိုလ်ဝင်ဆုံးဖြတ်လိုက်သည်။ အနီးဝန်းကျင်မှ နွားနို့နမူနာ၊ သောက်သုံးရေ နမူနာများ ယူပြီးနောက် အခြားလိုအပ်သော စာငင်းဇယားကိန်းဂဏန်းများပါ ပူးတွဲကာ ကာဒစ်(ဖ)မြို့ ကျန်းမာရေးဌာနသို့ စမ်းသပ်စစ်ဆေးရန် ပေးပို့သည်။ နောက်လေးဆယ့်ရှစ်နာရီခန့် အကြာမှာပင် ကာဒစ်(ဖ)မှ ကြေးနန်းတစ်စောင် ရောက်လာသည်။ စကားလက် အဖျားပိုးများသည် မော်ဂင်မွေးမြူရေး

www.burmeseclassic.com

www.burmeseclassic.com



ခြံထွက် နွားနို့များမှ စတင်ပြန့်ပွားခြင်း ဖြစ်ကြောင်းနှင့် ၎င်း နွားနို့ခြံမှ နွားနို့ဖြန့်ဖြူးမှုကို လောလောဆယ် ခေတ္တပိတ်ဆိုင်း ရပ်တန့်ထားရန်လိုကြောင်း သူ့အား ညွှန်ကြားလိုက်သောစာ ဖြစ်သည်။

သည်ကိစ္စအတွက် သူ စတင်လှုပ်ရှားသည်နှင့် တစ်ပြိုင်နက်၊ သူတစ်ပါး လုပ်ငန်းများတွင် ဝင်စွက်သည်၊ ပြဿနာမရှိ ပြဿနာရှာသည် စသဖြင့် ဝေဖန်ကန့်ကွက်သံတွေ ဆူညံလာသည်။ နို့ခြံပိုင်ရှင် အစ်ဒဝေါလ်မော်ဂင်က ထရက်ကျင်နီမှာ ဩဇာတိက္ကမ အလွန်ကြီးမားသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သူက ကျောင်းကော်မတီမှာ ဥက္ကဋ္ဌ။ ရွာရှိ အကြီးဆုံး ဘုရားရှိခိုးကျောင်းမှာလည်း သင်းထောက်ပုဂ္ဂိုလ်။ ရောဂါပိုးတွေက သူ့ခြံက ပြန့်နေသည်ဟု ပြောဆိုသည့်ကိစ္စကို သူ အကြီးအကျယ် မကျေနပ် ဖြစ်သည်။ လမ်းမှာ အိုလ်ဝင်နှင့်တွေ့သည့်အခါ သူက ဒေါသတကြီး ကြိမ်းလားမောင်းလား လုပ်သည်။ ခင်ဗျားတို့ ဘာအမိန့်တွေပဲ ထုတ်ထုတ် ကျုပ် အရေးမစိုက်ဘူး၊ ကျုပ်ခြံက နို့တွေကို ဆက်ဖြန့်မှာပဲ ဟုပင်ဆိုသည်။

သူနာပြုအသစ်ကလေးအတွက် အခြေအနေက အတော်ဆိုးဝါးပြင်းထန်နေသည်။ ရှေ့ ဘာတွေ ဆက်ဖြစ်မလဲ မမှန်းဆနိုင်သည့် အနေအထားမျိုး။ သို့သော် သည်အခြေအနေတွင် မော်ဂင်ကိုယ်တိုင် ရုတ်တရက် အပြင်းဖျားကာ အိပ်ရာထဲ၌ လဲလေသည်။ လူက လူလတ်ပိုင်းအရွယ် လူပျိုကြီး။ အိမ်မှာ ပြုစုစောင့်ရှောက်မည့်သူ ဟူ၍လည်း မျက်စိမွဲမွဲ အစေခံအိုကြီး တစ်



ယောက်သာ ရှိသည်။ ပြီး အသက်ကြီးမှ ဖျားတာဆိုတော့ သူက ရောဂါဒဏ် သူများထက် ပိုခံရသည်။

အိုလ်ဝင် ရောက်သွားသည့်အချိန် သူက မှောင်ကြုတ်ကြုတ် အခန်းထဲရှိ သူ့အိပ်ရာမှာ ဘယ်ပြောင်းညာပြန် လူးလိမ့်နေသည်။ လူက သတိရတစ်ချက် မရတစ်ချက် ကယောင်ကတမ်းနှင့်။ အိုလ်ဝင်က လုပ်စရာရှိတာတွေ ချက်ချင်း ကောက်လုပ်သည်။ သူ့ကို ရေဖတ်တိုက်ပေးသည်။ အာခံတွင်း သန့်ရှင်းအောင် လုပ်ပေးသည်၊ အိပ်ရာပြင်ပေးသည်။ အိပ်ရာခင်း လဲပေးသည်၊ နောက်ကျောက ခေါင်းအုံးခုကာ မှီ၍ လှဲစေသည်။ ထိုနောက် အပူချိန်တိုင်းသည်၊ ဆေးတိုက်သည်။ ပြီးလျှင် အခန်းထဲ လေဝင်လေထွက်ကောင်းအောင် ပြတင်းပေါက်တွေ ဖွင့်သည်။ မီးဖိုချောင်ထဲသွားပြီး လူနာအတွက် အာဟာရဖြစ်မည့် စွပ်ပြုတ်ရည်တစ်ပန်းကန် သူ စီမံလာသည်။ ထိုနောက် အိမ်ဖော်ခြံလုပ်သား အဘိုးအိုကို မှာစရာရှိတာတွေ မှာကြားပြီး ဆေးအိတ်ကို ဆွဲကာ နောက်လူနာတစ်ယောက်ဆီ ဆက်၍ သွားသည်။

မော်ဂင့်အဖျားက အတော်စိုးရိမ်စရာ အခြေအနေ ရောက်ခဲ့သည်။ သို့သော် နောက်ဆုံးတော့ သည်တောင်ကို ကျော်နိုင်ခဲ့သည်။ တဖြည်းဖြည်း အဖျားသက်သာကာ အားအင်လေး နည်းနည်း ပြန်ဝင်လာပြီးသည့်နောက်တွင် သူ့ထံ အိုလ်ဝင် လာရောက်သည့်အခါတိုင်း အခန်းထဲမှာ သူမ လှုပ်ရှားဆောင်ရွက်နေပုံလေးတွေကို မော်ဂင် လိုက်လံငေးမောကြည့်ရှုနေမိတတ်လာသည်။ နှုတ်ကတော့ ဘာမှ ပွင့်ပွင့်ဟဟ မဆို။ သူက နဂို

www.burmeseclassic.com



ကတည်းက စကားနည်းသူလည်း ဖြစ်သည်။ သို့သော် အိုလ်ဝင်ကတော့ မိမိကို သူ သိပ်ကျေးဇူးတင်နေပြီဆိုတာ အလိုလို သိနေသည်။ သူ့ထံ သူမ နောက်ဆုံးအကြိမ်အဖြစ် သွားရောက် ကြည့်ရှုသည့်အခါ၌မူ သူက သူမလက်ကို လှိုက်လှိုက်လှဲလှဲ ဆုပ်ကိုင်ဖျစ်ညှစ်ကာ တောင်းပန်စကားဆိုသည်။ သူ့စကားတွေက သိပ်သဲသဲကွဲကွဲတော့ မဟုတ်။ သို့သော် ဘာပဲဖြစ်ဖြစ် မော်ဂင်နှင့် မိမိ ရန်ဘက်တွေ မဟုတ်တော့ပြီဆိုတာ သေချာသွားကာ အောင်မြင်မှုအတွက် သူ့ရင်ထဲ လှိုက်ခနဲ ခံစားလိုက်ရသည်။

အိပ်ရာက ထပြီး သွားနိုင်လာနိုင်ပြီဆိုသည်နှင့်တစ်ပြိုင်နက် မော်ဂင်က အိုလ်ဝင် သူ့ကို မည်သို့ပြုစုစောင့်ရှောက်ခဲ့သည်ဆိုသည့်အကြောင်းတွေ တွေ့သည့်လူတိုင်းကို ပြောပြသည်။ အိုလ်ဝင့်အပေါ် သူ့ဘက်က လွန်ခဲ့မှားခဲ့သည့် အကြောင်းလည်း ပွင့်ပွင့်လင်းလင်း ဝန်ခံပြောဆိုသည်။ ကိုယ့်အလုပ်ကို နဂိုအတိုင်း ပုံမှန်သွားလာလုပ်ကိုင်ရင်း အိုလ်ဝင်ကိုယ်တိုင်လည်း မိမိအပေါ် ရပ်ရွာလူထု၏ အထင်အမြင် ပြောင်းလဲလာတာ၊ သူ့ကို တဖြည်းဖြည်း ပို၍ လေးလေးစားစား တန်ဖိုးထားလာတာ ခံစားမိလာသည်။ သူ့ကို ယခင်ကလို ခပ်စိန်းစိန်း မကြည့်ကြတော့။ မဆက်ဆံချင်သလို စကားမပြောချင်သလို အမူအရာမျိုး မပြကြတော့။

သူ့ကို တံခါးဖွင့်ကြိုဆိုလာသည်။ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ဆက်ဆံပြောဆိုလာကြသည်။ ကျောင်းသွားသည့် ကလေးတွေက သူ့ကိုမြင်လျှင် လမ်းဖြတ်ကူးပြီး ပြေးလာကြသည်။



အလုပ်သိမ်းပြီး ပြန်လာသည့် သတ္တုတွင်းအလုပ်သမားကြီးတွေ သူ့ကိုပြုံး၍ နှုတ်ဆက်ကြသည်။ မိန်းမကြီးတွေက သူ့ကို မပြန်ပါနဲ့ဦးဟုဆိုကာ မီးဖိုနံဘေး အေးအေးဆေးဆေးထိုင်ပြီး လက်ဖက်ရည်တစ်ခွက်တော့ သောက်ပါဦး၊ မိုကကျစ ကိတ်မုန့် ပူပူနွေးနွေးလေးတစ်ခုလောက် စားသွားပါဦး စသဖြင့် ဧည့်ဝတ်ပြုလာကြသည်။

အဲသည်နှစ် အကုန်ပိုင်းတွင်တော့ တကယ့် အမှတ်တရပွဲတစ်ခု ကျင်းပဖြစ်ကြသည်။ သည်ပွဲ၌ အစ်ဒဝေါလ်မော်ဂင်ဦးဆောင်သည့် ရပ်ရွာကော်မတီက အိုလ်ဝင်အား လက်ဆောင်ပစ္စည်းတစ်ခု ပေးအပ်သည်။ တောလမ်း တောင်လမ်းများမှာ အကြမ်းပတမ်း စီးနိုင်သည့် ဂီယာသုံးချက်ပါ စက်ဘီးတစ်စီး။ သူတို့ရွာမြို့ကလေးက လူတွေအတွက် သည်စက်ဘီးတစ်စီးဖိုးပြည့်အောင် ဝိုင်းဝန်းစုဆောင်းရသည်မှာ လွယ်သည်မဟုတ်။ ထည့်ရတာ တစ်ကျပ်ဓာစ်ပြားလောက်စီဆိုသော်လည်း အဲသည်တစ်ကျပ်တစ်ပြားကိုပင် အတော်ကြီး ခဲခဲယဉ်းယဉ်း ထည့်ဝင်ကြရသည်။ အဲသည်တုန်းက သူတို့ဆီမှာ အတော်ကျပ်တည်းကြသည့်အချိန်။ သတ္တုတွင်းအတော်များများက လုပ်သားတွေအလုပ်လက်မဲ့မဖြစ်ရအောင် လူတိုင်း အဆိုင်းတစ်ဝက်စီပဲ ဆင်းခိုင်းနေသည့်အချိန်။

သူတို့ ကြိုးစားပမ်းစား စုဆောင်းပေးခဲ့သည့် လက်ဆောင်ပစ္စည်းက အိုလ်ဝင်အတွက် အဖိုးမဖြတ်နိုင်လောက်အောင် အသုံးဝင်ခဲ့သည်။ နေ့စဉ် လှည့်ရသည့် ဆယ်မိုင်ခရီးက စက်ဘီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူ့အတွက် အများကြီး သက်သာလွယ်ကူသွားသည်။

သူနာပြုဆရာမအိုလ်ဝင်အေးဗီးစ်ကို ကျွန်တော် ပထမဆုံး စတွေ့တော့ သူက အဲသည်စက်ဘီးနှင့် ဖြစ်သည်။ လူနာတစ်ယောက်ကိစ္စနှင့်ပတ်သက်၍ သူ ကျွန်တော့်ထံ ရောက်လာခြင်း ဖြစ်သည်။ အဲသည်တုန်းက သူ့အသက် ၃၀ ခန့်။ လူက အရုပ်အမောင်းကောင်းကောင်း၊ လုံးကြီးပေါက်လှ။ လူကျန်းမာကြံ့ခိုင်သလို မျက်နှာကလည်း ရင့်ကျက်တည်ငြိမ်သည်။ တောက်ပသော မျက်လုံးများကတော့ စိတ်ထက်သန်မှုနှင့် ရီးဖြောင့်ပွင့်လင်းမှုတို့ကို ဖော်ပြလျက်ရှိသည်။

အဲသည်ချိန် ကျွန်တော်က ဆေးကျောင်းဆင်းခါစ ဆရာဝန် အသစ်ကျပ်ချွတ်။ ဒေါက်တာဂယ်လို့နေရာကို ဆက်ခံရန် ရောက်ရှိလာသူ။ အတွေ့အကြုံ နုနယ်သေးတော့ လူက သိပ်မဝံ့ရဲချင်။ သို့သော် သူ့ကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်မှုတွေ ရခဲ့သည်။ လူနာခုတင်နံဘေးတွင် ရပ်နေသည့် သူ့အသွင်အပြင်၊ ခွဲစိတ်ကိရိယာပစ္စည်းတစ်ခုခု ပေးကမ်းသည့်ဟန်ပန်၊ ကျွန်တော် ဇဝေဇဝါဖြစ်နေသည့် အချိန်မျိုးတွင် တီးတိုးပြောဆိုသည့် အားပေးစကား၊ အဆင်ပြေပြေ ဆောင်ရွက်လိုက်နိုင်သည့်အခါမျိုးတွင် ပြတတ်သည့် သူ့ဆီက ချီးမွမ်းသည့် အမူအရာ စသည်များသည်ပင် ကျွန်တော့်အား စိတ်ချယုံကြည်မှု ပေးခဲ့သည် ဟုဆိုချင်ပါသည်။

မကြာခဏဆိုသလိုပင် သူနှင့်ကျွန်တော် လက်တွဲကာ ဆင်းရဲသား လူနာအိမ်က ကျဉ်းကျဉ်းကျပ်ကျပ် အထပ်ခိုးလေး



များမှာ လူ့အသက်တစ်ချောင်း ကယ်နိုင်ဖို့ ကြိုးပမ်းရလေ့ရှိသည်။ ညဉ့်နက်သန်းခေါင်အချိန် အသည်းအသန် လုပ်ရကိုင်ရသည့် အခါများမှာ သူ့သတ္တိနှင့် စိတ်ရှည်ဇွဲရှိမှုကို ကျွန်တော် အံ့ဩချီးကျူးမိရသည်။

ကျောက်မီးသွေးတွင်းမှာ မတော်တဆ ထိခိုက်မှုတစ်ခုခု ဖြစ်၍ လိုက်သွားရပြီဆိုလျှင် သူက အမြဲမခွာတမ်းရှိသည့် သူ့စက်ဘီးအားကိုးနှင့် ကျွန်တော့်ထက်အရင် ရောက်နှင့်မြဲဖြစ်သည်။ လူက ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ။ လူနာထမ်းစင် သယ်မည့်သူများအနီးမှာ ရဲရဲတင်းတင်း ရပ်လျက်၊ ကျောက်မီးသွေးတွင်းထဲ ဆင်းလိုက်ရန် အဆင်သင့်။ သူမ၏ အထူးခြားဆုံး အရည်အသွေးက ကိုယ်ကျိုးမငဲ့ခြင်းပင် ဖြစ်သည်။ ဟန်ဆောင်ပန်ဆောင် မဟုတ်။ ပင်ကို သဘာဝစိတ်အရင်းခံအရ အလိုအလျောက် လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုး ဖြစ်သည်။ သူ့အတွေးတွေက အမြဲ သူတစ်ပါးအတွက်ချည်း ဖြစ်သည်။ ဘယ်လောက် အလုပ်ရှုပ်နေသည့်ကြားက ဖြစ်စေ သူတစ်ပါးအား ကြင်နာမှု စကားလေးတစ်ခွန်း ထပ်ပြောဖို့ သူ မနှောင့်နှေး။ ဘယ်လောက် ပင်ပန်းနေသည်ဖြစ်စေ ညဘက် အရေးတကြီးလာခေါ်လျှင် ထလိုက်ဖို့ သူ ဝန်မလေး။

သို့သော် စာအုပ်ထဲက စံပြပုဂ္ဂိုလ်များလို သိပ်တော် သိပ်ကောင်းနေတာချည်းတော့ မဟုတ်။ ကော်ဖီသောက်ရင်း စီးကရက်လေး တဖွာဖွာလုပ်နေရတာမျိုးကိုလည်း သူ နှစ်သက်တတ်သည်။ အသက်လေးနည်းနည်းရလာတော့ စတော်က်

www.burmeseclassic.com

www.burmeseclassic.com



ဘီယာပြင်းများ တွေ့လျှင်လည်း တစ်ခွက်တလေ သောက်တတ်လာသည်။ မြို့မှာ ဘုရားကျောင်းတွေ အများကြီးရှိသော်လည်း သူက ဘယ်ကျောင်းကိုမှ သေသေချာချာ ရောက်လေ့မရှိ။ မေးကြည့်လိုက်လျှင် သူက အလုပ်များလွန်းလို့ဟု အပြုံးလေးနှင့် ဖြေတတ်သည်။ သို့သော် ဘုရားကျောင်းမသွားတာက တစ်ကဏ္ဍဖြစ်သည်။ ကျွန်တော်နှင့် တွေ့ကြုံဆက်ဆံရသည့် ကာလတစ်လျှောက် သူ့နှုတ်မှ သူတစ်ပါးအကြောင်း မကောင်းပြောတာဟူ၍ တစ်ခါမျှ မကြားရဖူးခဲ့။

သူက ဉာဏ်ပညာ သိပ်ထက်မြက်လွန်းသူတစ်ဦးတော့လည်း မဟုတ်။ သို့သော် အကျိုးသင့်အကြောင်းသင့် စဉ်းစားတတ်သည့်ဉာဏ် အပြည့်ရှိသည်။ ပြီး ကြံတတ်ဖန်တတ်သည်။ အရေးကြုံလာလျှင် လျှပ်တစ်ပြက် ကြံစည်ဖြေရှင်းတတ်သည့် အရည်အချင်း သူ့မှာ ရှိသည်။ တစ်ခါက အဖြစ်အပျက်ဆိုလျှင် မမေ့နိုင်စရာ။ အဲသည်တုန်းက ကျွန်တော်က ရွာအစွန်အဖျားက အိမ်ငယ်တစ်လုံးမှာ ဆုံဆို့နာကြောင့် အသက်ရှူလမ်းကြောင်းပိတ်သည့် ကလေးတစ်ယောက်ကို လေပြွန်မှ အရေးပေါ် အသက်ရှူပေါက် ဖောက်ပေးနေသည်။ ခွဲစိတ်နေရင်းတန်းလန်း ရုတ်တရက် လျှပ်စစ်မီး ပြတ်သွားတော့ ကျွန်တော် ဘာမှ မတတ်နိုင်တော့ဘဲ မှောင်ကြီးမည်းမည်းထဲမှာ ကြောင်ပြီး ရပ်နေမိသည်။ အဲသည်အချိန် သူက လှစ်ခနဲ ထွက်သွားပြီး မီးရောင်ထိန်ထိန်နှင့် ပြန်ဝင်လာသည်။ အဲသည်မီးရောင်ဖြင့် ကျွန်တော် ခွဲစိတ်မှုကို မြန်မြန်ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ သူ ယူလာသည်က



သူ့စက်ဘီးက မီး။ သည်စက်ဘီးအိုကြီးက သူ့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုလိုပင် ဖြစ်နေပြီ။

အဲသလို ညဘက် လူနာအတူစောင့်ကြည့်ပြီးလျှင် သူက ကျွန်တော့်အတွက် ကော်ဖီပူပူခါးခါးတစ်ခွက် ဖျော်ပေးဦးမည်။ အဲသည်နောက်မှာ၊ ကဲ သွားတော့မယ်ဟု နှုတ်ဆက်ကာ ဆေးခန်းဘေးကပ်လျက်ရှိ သူ့အိမ်ဆီသို့ စက်ဘီးနင်းပြီး ပြန်မည်။ သည်အခါမျိုးတွင် ကျွန်တော်က သူ့ကို တမင်နောက်ပြောင်သောသဘောနှင့် ဒီဆရာမကြီးကတော့ ဘီးကို ခြေထောက်လုပ်ပြီး နေနေတာ၊ နောင်တစ်သက်လုံးလဲ ဒီပုံစံနေသွားမှာဟု ပြောမိတတ်သည်။

သူနှင့်အတူတွဲလုပ်ကိုင်ရသည့် သုံးနှစ်တာကာလက လျင်မြန်စွာပင် ကုန်ဆုံးသွားခဲ့သည်။ သည်နောက်တွင် ကျွန်တော့်အတွက် လန်ဒန်မှာ အခွင့်အရေးကောင်းတစ်ခု ပေါ်လာသည်။ ဆရာမကြီး အိုလ်ဝင်ဒေးဗီးစ်နှင့် ခွဲခွာရသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ ကျွန်တော့်အား လန်ဒန်က အခွင့်အရေးကို အရယူဖို့ သူပင် တိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော့်စိတ်တွင်တော့ သူလည်း သိပ်မကြာခင် ထိုက်ထိုက်တန်တန် ရာထူးတိုးပေးခံရမှာပါလေဟူ၍ နှစ်သိမ့်တွေး တွေးခဲ့မိသည်။

အဲသည်ကာလပိုင်းလောက်တွင်ပင် ယခင်နှစ်ပေါင်းအတော်ကြာအောင် ကျဆင်းနေခဲ့သည့် ကျောက်မီးသွေးတွင်းလုပ်ငန်းက တစ်ကျော့ပြန် ခေတ်ကောင်းလာရာ ထရော်ဂျင်နီ ကုမ္ပဏီအကြီးအကဲများက သူတို့ရွာမြို့ကလေးမှာ ဆေးရုံတစ်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြီး အမြဲထိုင်မည့် ဆရာဝန်တစ်ယောက် ထားရှိရန် ဆုံးဖြတ်ကြသည်။ ဒါဆိုရင်တော့ ဟန်ကျပြီ၊ ဆရာမ အိုလ်ဝင်ပဲ ဒီဆေးရုံမှာ သူနာပြုဆရာမအုပ်ကြီး ဖြစ်မှာပဲဟု ကျွန်တော် ဝမ်းသာအားရ ပြောမိသည်။

ကျွန်တော် လန်ဒန်သို့ ပြောင်းရွှေ့ခါနီး သူ့ကို သွားနှုတ်ဆက်သည့်အခါလည်း "ကဲ ခင်ဗျား အဲဒီစက်ဘီးကြီးလဲ နှုတ်ဆက်တော့ပေါ့ဗျာ၊ ဆေးရုံမှာထိုင်ရရင် ဒါကြီး မလိုတော့ပါဘူး" ဟုပြောမိပြန်သည်။

သူက ကျွန်တော့်ကို မျက်လွှာပင့်ကြည့်သည်။ ပြီး စကားတစ်ခွန်းဆိုသည်။

"ကျွန်မအတွက် ဒီ စက်ဘီးကြီးက လိုအပ်နေဦးမှာပါ၊ ဒီဆေးရုံမှာ ကျွန်မ သူနာပြုဆရာမအုပ် ဖြစ်မှာ မဟုတ်ဘူး"

"ဘာပြောတယ်" ကျွန်တော် အံ့အားသင့်စွာ မေးမိသည်။ "ခင်ဗျား ဒီရပ်ရွာအတွက် အနှစ်နာခံ၊ အပင်ပန်းခံပြီး လုပ်လာတာ၊ ဘာလို့ မခန့်ရမှာလဲ၊ မော်ဂင်တို့ရော တခြားလူတွေပါ အားလုံး ခင်ဗျားကို သဘောကျကြတယ် မဟုတ်လား"

"ဒါကတော့ တစ်ပိုင်းပေါ့၊ ဒါပေမဲ့ အခုအသစ်လာမယ့် ဆရာဝန်က ကာဒစ်(ဖ)က သူစိတ်တိုင်းကျတဲ့ သူနာပြုဆရာမအုပ်ကို ခေါ်လာမှာ၊ အဲဒီဆရာမက ကျွန်မထက် အများကြီးတော်တယ်၊ အရည်အချင်းလဲ အများကြီး မြင့်တယ်၊ အဲဒါကြောင့် သူ့ကိုပဲ ခန့်မယ်"

"ဟာ မဖြစ်နိုင်တာဗျာ"



"ဖြစ်တယ် ဆရာရဲ့၊ ကုမ္ပဏီက သူ့ကိုခန့်ဖို့ သဘောတူလိုက်ပြီးပြီ" သူက ပြုံးပြုံးလေးပင်။ တည်ငြိမ်သော ဖော်ရွေသော သူ့ပင်ကိုအပြုံး။ မနာလိုတာ မပါ၊ မကျေနပ်သံ မထွက်။ "တကယ်လဲ အဲဒီအနေအထားဟာ အကောင်းဆုံးပါ၊ ကျွန်မက လူတွေ သိပ်အုပ်ချုပ်တတ်တာ မဟုတ်ဘူး၊ ခွဲစိတ်ခန်းမှာလဲ မလုပ်ရတာ ကြာတော့ သိပ်ကျွမ်းကျွမ်းကျင်ကျင် ကူနိုင်မှာ မဟုတ်ဘူး" ထို့နောက် သူက ရယ်သလိုအပြုံးနှင့် ဆက်ပြောသည်။ "ကျွန်မက အရင်အတိုင်းပဲ ကိုယ့်နေရာဟောင်းတွေဆီ စက်ဘီးနဲ့ လျှောက်လှည့်နေရတာ ပိုပျော်မှာပါ၊ အဲဒီဘက်မှာပဲ ကျွန်မက ပို အသုံးတည့်မှာ"

***

နှစ်ပေါင်းများစွာကြာပြီးမှပဲ ကျွန်တော် ထရက်ဂျင်နီကို နောက်တစ်ခေါက် အလည်ရောက်ဖြစ်သည်။ တစ်ချိန်က ရင်းနှီးဖူးသည့် ကျောက်ခင်းလမ်းအတိုင်း လျှောက်သွားရင်း အတိတ်က အာရုံတွေ တိုးဝှေ့လာသည်။

ရုတ်တရက် လူတစ်ယောက်တွေ့လိုက်ပြီး ကျွန်တော် တုံ့ခနဲ ရပ်သွားသည်။ အစ်ဒဝေါလ်မော်ဂင်။ သူ့နို့ခြံတံခါးဝမှာ ရပ်နေသည်။ နှစ်ကာလတွေ ကျော်လွန်ခဲ့သော်လည်း သူက ကျန်းမာရွှင်လန်းဆဲ။ ကျွန်တော့်ကို ချက်ချင်းမှတ်မိပြီး အားရပါးရ လက်ဆွဲနှုတ်ဆက်သည်။ ဆရာမဒေးဗီးစ်၏ သတင်းကို

www.burmeseclassic.com



သူ့ဆီမှာ အပူတပြင်းမေးတော့၊ သူက ဆွေးရိပ်သန်းသော မျက်လုံးများဖြင့်ကြည့်ကာ "သူ မတော်တဆ ထိခိုက်မှုဖြစ်တာ ဒေါက်တာ မကြားမိဘဲကိုး" ဟုဆိုသည်။

ကျွန်တော် အလန့်တကြား ဖြစ်သွားသည်။ တုန်တုန် လှုပ်လှုပ်နှင့် ခေါင်းကိုပင် ယောင်မှားယမ်းခါမိသည်။

"ပြီးခဲ့တဲ့ နှစ်နှစ်နီးပါးလောက်က ဖြစ်တာ၊ လေတွေ မိုးတွေ ထန်တဲ့ညတစ်ည၊ လူနာတစ်ယောက်ဆီကို မှောင်ကြီး မည်းကြီးထဲ စက်ဘီးစီးပြီး သွားတာ" သူက နှုတ်ခမ်းစေ့ထား သည့်ကြားက ပြောနေသည်။ "သစ်ပင်တစ်ပင်က လေတိုက်ပြီး လမ်းပေါ် ကန့်လန့်ဖြတ်လဲတာ၊ သူ့အပေါ် တည့်တည့်ကြီးကို ကျတာပဲ၊ ခါးရိုးကျိုးသွားတော့ မထနိုင်ဘူး၊ မိုးထဲလေထဲမှာ နှစ်နာရီလောက်ကြာပြီးမှ သူ့ကို ကျွန်တော်တို့ တွေ့ကြတယ်"

ကျွန်တော် တုန်လှုပ်စွာ သူ့ကို ငေးကြည့်နေမိသည်။

"ပြန်ကောင်းသက်သာတယ် မဟုတ်လား"

သူ မဖြေ။ အတော်ကြီးကြာမှ ကျွန်တော့်လက်မောင်းကို ဆွဲကာ လမ်းအတိုင်း တိတ်ဆိတ်စွာ ခေါ်သွားသည်။ သူ့ဘေးက လျှောက်လိုက်ရင်း ကျွန်တော် သူ့မျက်နှာကို စိုးရိမ်တကြီး လှမ်း၍ လှမ်း၍ အကဲခတ်ကြည့်နေမိသည်။ မျက်နှာက မျက်နှာသေ ဘာမှ မှန်းဆ၍မရ။ သူ ငါ့ကို ဘယ်ခေါ်သွားနေသလဲ ကျွန်တော် စဉ်းစားကြည့်သည်။ မြို့ကလေးကို စီးမိုးမြင်ရသည့် ကုန်းတန်း တောင်စောင်းဆီသို့တော့ မဟုတ်၊ အဲသည်တောင်ကြောပေါ်မှာ သုသာန်လေးရှိသည်။



"ဒေါက်တာတော့သိမှာမဟုတ်ဘူး" သူက ရုတ်တရက် ပြောသည်။ ကျွန်တော့်ဘက်ကိုကား လှည့်မကြည့်။ သူ့မျက်နှာ က ရှေ့တူရူသို့သာ စူးစိုက်နေသည်။ "ကျွန်တော် သူ့ကို လက် ထပ်ခွင့်တောင်းသေးတယ်၊ ဒါပေမဲ့ သူ လက်မခံခဲ့ဘူး၊ သူ့မှာ အလုပ်တာဝန်များတာကိုး ... သူ့အလုပ်ကို အင်မတန် မြတ်နိုးတာ၊ အလုပ်ထဲမှာပဲ တစ်သက်လုံး မြှုပ်နှံထားခဲ့တာ"

သူ့လေသံကြားတော့ ကျွန်တော် အားငယ်သွားမိ သည်။ သို့သော် အဲသည်အခိုက်မှာပင် တင်းမာနေသော သူ့ မျက်နှာက ရုတ်ခြည်း ပြေလျှော့သွားသည်။

"သိပ်လဲ စိတ်ဓာတ်ကျမနေပါနဲ့ ဒေါက်တာရဲ့" သူက ကျွန်တော့်ဘက်လှည့်ကာ ကျွန်တော့်ပခုံးကို လက်နှင့်ပုတ်ရင်း ပြောလိုက်သည်။ "အခြေအနေက ခင်ဗျားထင်သလောက် အဆိုးကြီး မဟုတ်သေးပါဘူးဗျ"

သူက ကျွန်တော့်အား အိမ်အဝင်လမ်းလေးတစ်ခုထဲ ဖို့ခေါ်သွားတော့မှ ရုတ်တရက် အမှတ်ရသည်။ ဆရာမကြီး ဆေးခန်းရှေ့ရောက်နေပြီပဲ။ ကျွန်တော့်မျက်လုံးတွေ ဝေသီနေပြီ။ သူ့ကိုပဲ ရှေ့တင်ကာ နောက်မှ ကျွန်တော် လိုက်ပါခဲ့သည်။ အဲ သည် အခိုက်အတန့်မှာပင် အမြင်ဝိုးတဝါးကြားမှ ထူးခြားသော အသွင်သဏ္ဍာန်တစ်ခု မြင်လိုက်ရပြီး ကျွန်တော့်ရင်တော ခုန်သွား မိသည်။

ဘီးတပ် ကုလားထိုင်တစ်လုံးထဲမှာ ထိုင်နေသူက ထရက်ဂျင်နီ၏ သူနာပြုဆရာမကြီး အိုလ်ဝင်ဒေးဗ်း၏။ ဆံပင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်ဖွေးနေပြီ၊ ခါးလည်းကိုင်းစပြုနေပြီ၊ အရင်တုန်းကနဲ့ စာတော့ အများကြီး ပိန်သွားပြီ။ မလှုပ်ရှားနိုင်တော့သော သူ့ခြေ နှစ်ဖက်ပေါ်မှာ စောင်တစ်ထည် ဖုံးထားသည်။ သို့သော် ကိုယ် ပေါ်မှာတော့ ယခင်ကအတိုင်းပင် ဝတ်စုံအပြည့်နှင့်။

သူ့ဘေးမှာ လူနာတွေ ဝိုင်းနေသည်။ အများစုက ကလေးတွေ။ သည်လူနာတွေကို သူ စိတ်ပါလက်ပါ ပြောဆို ကြည့်ရှုကာ လိုအပ်သမျှကို ဆောင်ရွက်ပေးနေသည်။ ကုလား ထိုင်ဘီးတွေကို ကျွမ်းကျင်လိမ္မာစွာ ထိန်းကျောင်းမောင်းနှင်ကာ အခန်းထဲ လှည့်လိုက်ပတ်လိုက်နှင့် မနားတမ်း လှုပ်ရှားနေသည်။

ကျွန်တော်က အကွယ်တစ်ခုမှာ အသာငြိမ်၍ရပ်ကာ ကြည့်ရှုနေသည်။ နောက်ဆုံး လူနာတစ်ယောက် ထွက်သွားပြီး၍ သူ့ကုလားထိုင်ကို ကျွန်တော့်ဘက် ဆတ်ခနဲ လှည့်ခါနီးတွင်မှ ကျွန်တော် သူ့ဆီ ပြေးသွားကာ သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ထား လိုက်မိသည်။ လက်တွေက အိုမင်းခဲ့ပြီ။ သို့သော် သည်လက် တွေကား တကယ်စွမ်းဆောင်နိုင်သော လက်များသာတည်း။ ပတ်ဝန်းကျင် လူအပေါင်း၏ ဒုက္ခဝေဒနာတွေကို နှစ်ပေါင်း ငါးဆယ်တိုင်တိုင် ကုစားခဲ့ သက်သာမှုပေးခဲ့သော လက်များ ဖြစ်သည်။

“ဆရာမကြီး ဒေးဗီးစ် ... အိုလ်ဝင် ... နေကောင်းတယ် နော်”

သူ ကျွန်တော့်ကို ချက်ချင်းမှတ်မိသည်။

“ဘာလို့ မကောင်းရမှာလဲ၊ တွေ့တယ်မဟုတ်လား...



အလုပ်ဆက်လုပ်နိုင်တုန်းပဲ၊ ပြီးတော့ ဘီးလဲ စီးနေတုန်းပဲ” သူက ပြုံးလျက်ပြောသည်။ သူ့အပြုံးကား ကျွန်တော် မြင်ဖူးသမျှ အတောက်ပဆုံး အပြုံးပါပေ။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# အချစ် ကောက်ရိုးတစ်မျှင်*

ဆောင်းနှောင်းရာသီ၏ နေ့တစ်နေ့၌ ကျွန်တော်သည် နယ်စွန်နယ်ဖျားမှ အပြန်လမ်းခရီးတွင် အအေးမိပြီး ဖျားလေသည်။ အဖျားဝင်သည့်အချိန်၌ ကျွန်တော့်မှာ ကံအားလျော်စွာ တောမြို့ကလေးတစ်မြို့၏ တည်းအိမ်တွင် ရောက်ရှိနေ၏။ ကျွန်တော်က ဆရာဝန်အခေါ် လွှတ်လိုက်ရာ နာရီဝက်ခန့်အတွင်းမှာပင် သူ ရောက်ရှိလာသည်။

ဆရာဝန်က ပိန်ပိန်ပါးပါး၊ အရပ်အမောင်း အနေတော် ဖြစ်၍ ဆံပင်များက နက်မှောင်သည်။ သူက အမြဲသုံးနေကျ

---

* Ivan Turgenev **The District Doctor**

www.burmeseclassic.com

www.burmeseclassic.com



ချွေးထုတ်ဆေးတစ်ခွက် တိုက်သည်။ မှန်ညင်းပလာစတာ အုံခိုင်းသည်။ ထို့နောက် ငါးရူဘယ်တန် ငွေစက္ကူကို အကျီလက်ခေါက်ထဲသို့ ကျင်လည်စွာ ထည့်သည်။ ပြီးလျှင် အပြင်ဘက်သို့ လှည့်ကြည့်လှည့်ကြည့်လုပ်ရင်းက ချောင်းတစ်ချက်နှစ်ချက်ဟန့်ကာ သွားဖို့ပြင်သည်။ နောက်တော့မှ ဘယ်ပုံဘယ်နည်းမသိ စကားလက်ဆုံကျသွားကာ မပြန်သေးဘဲနေသည်။ ကျွန်တော့်မှာ အဖျားသွေးဖြင့် နွမ်းနယ်လျက်ရှိပြီး ညအဖို့လည်း ကောင်းစွာ အိပ်ပျော်မည်မဟုတ်ကြောင်း ကြိုတင်သိရှိနေရာ အဖော် ကောင်းကောင်းတစ်ယောက်နှင့် စကားစမြည်ပြောရမည့်အတွက် ဝမ်းမြောက်မိ၏။ လက်ဖက်ရည်ပွဲရောက်လာသည်။ ကျွန်တော့် ဆရာဝန်က စကားသွက်စပြုလာ၏။ သူသည် စိတ်ထားကောင်းသူ တစ်ယောက်ဖြစ်ဟန်တူပြီး စကားပြောရာ၌ ဟာသကလေးနှောကာ အားပါးတရ ပြောတတ်၏။

လောကကြီးကား အတော်ဆန်းကြယ်၏။ တစ်ယောက်နှင့်တစ်ယောက် ကာလထောင်တာ ပေါင်းသင်းဆက်ဆံ၍ မိတ်ဆွေသူငယ်ချင်းများအဖြစ် အကျွမ်းတဝင်ရှိသော်လည်း မိမိရင်ထဲနှလုံးသားထဲကအကြောင်းကို ပြောချင်မှပြောမိမည်။ ရင်းရင်းနှီးနှီးဖြစ်သည့်အထိ ဆက်ဆံဖို့ အချိန်မရ၊ ခဏလေးတွေ့ရသူနှင့်ကျမှ မိမိရင်ထဲရှိသမျှ မိမိ၏ လျှို့ဝှက်ချက်မှန်သမျှကို တစ်စမကျန် အာပတ်ဖြေသလို ဖွင့်ချမိချင် ဖွင့်ချမိတတ်သည်။ ဘယ်ပုံဘယ်နည်းနှင့် ကျွန်တော့်မိတ်ဆွေသစ်က ကျွန်တော့်အား စိတ်ချယုံကြည်သွားလေသနည်း ဟူသည်ကိုကား ကျွန်တော် မသိပြီ။



မည်သည့်စကားအကြောင်းဆက်မျှ မရှိဘဲ သူက ကျွန်တော့်အား အတော်ပင်စိတ်ဝင်စားစရာကောင်းသည့် အဖြစ်အပျက်တစ်ခုကို ပြောပြသွားခဲ့သည်။ သူပြောသွားခဲ့သော ပုံပြင်ကို ကျွန်တော် ပြန်၍ ဖောက်သည်ချပါမည်။ ဖောက်သည်ချသည်ဆိုရာ၌ ကျွန်တော်က ဆရာဝန်ပြောသွားသော စကားလုံးများအတိုင်း တိတိကျကျ ပြောပြနိုင်အောင် အားထုတ်ပါမည်။

'ခင်ဗျားတော့ သိမလား မပြောတတ်ဘူး' သူက နှာအပြင်းစားကို ရှုလွှန်း၍ ခပ်ပျော့ပျော့ ခပ်တုန်တုန်ဖြစ်နေသော အသံဖြင့် စကားစလေသည်။ 'ကျွန်တော်တို့ ဒီမြို့က တရားသူကြီး မိုင်းလော့ဗ်ဆိုတာ မသိဘူးထင်တယ်၊ ပေဗယ်လ်လူကာစ်ချ်မိုင်လော့ဗ် ဆိုတာ၊ ခင်ဗျား မသိဘူးနော်၊ အင်းလေ ကိစ္စမရှိပါဘူး' သူက လည်ချောင်းရှင်းလိုက်ကာ မျက်စိများကို ပွတ်သပ်နေသည်။ 'အဲဒီတုန်းကအကြောင်း ကျွန်တော် အမှန်အတိုင်း တိတိကျကျ ပြောပြပါမယ်၊ အချိန်က ဝါတွင်းကာလ နှင်းခဲတွေ ပျော်ကောင်းတဲ့အချိန်ပေါ့ဗျာ၊ ကျွန်တော်က သူ့အိမ်မှာ စောစောက ကျွန်တော်တို့ တရားသူကြီးပေါ့လေ၊ သူ့အိမ်မှာ ပရက်ဖရင့်ဖဲ ကစားနေတယ်၊ ကျွန်တော်တို့ တရားသူကြီးက တော်တော် သဘောကောင်းတဲ့လူဗျ၊ ပရက်ဖရင့်ဖဲ ကစားဖို့လဲ သိပ်ဝါသနာပါတယ်၊ အဲဒီတုန်းက ရုတ်တရက် (ဆရာဝန်မှာ ရုတ်တရက်ဆိုသော စကားကို ထပ်တလဲလဲ သုံးတတ်သည်။) ကျွန်တော့်ကို လာပြောတယ်၊ 'မြေကျွန်တစ်ယောက် ဆရာ့ကို လာခေါ်တယ်' တဲ့၊ 'ဘာအလိုရှိလို့တဲ့လဲ' ကျွန်တော်က မေးတော့ 'သူ့ဆီမှာ စာတစ်စောင်

www.burmeseclassic.com



ပါလာတယ်၊ လူနာဆီကနဲ့ တူတယ်' တဲ့၊ 'အဲဒီစာပြစမ်းပါဦး' ဆိုပြီး ကျွန်တော်က ယူကြည့်လိုက်တော့ ဟုတ်တယ်၊ လူနာဆီက စာပါပဲ၊ ကောင်းတာပေါ့ဗျာ၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ စားတဲ့ ပေါင်မုန့်တို့ ထောပတ်တို့ဆိုတာ ဒီလူနာတွေဆီကပဲ လာတာကိုး၊ ဒါပေမဲ့ သူ့စာက ဒီလိုဗျ၊ အမျိုးသမီးကြီး မုဆိုးမ ကြီးတစ်ယောက်က ရေးလိုက်တာ၊ သူက ဘာရေးထားလဲဆို တော့ 'ကျွန်မ သမီးလေး သေလုမြောပါးဖြစ်နေပါတယ်၊ ဘုရား သခင် ဂုဏ်ကျေးဇူးတော်ကို ထောက်၍ ကြွခဲ့စေလိုပါတယ်' တဲ့၊ 'ဆရာ့အတွက် မြင်းများလဲ ထည့်ပေးလိုက်ပါတယ်' တဲ့၊ ဒီအတိုင်း ကတော့ ဘာမှ ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ သူ့နေရာက မြို့နဲ့ မိုင် နှစ်ဆယ်လောက် ဝေးတယ်၊ ပြီးတော့ ညဉ့်နက်သန်းခေါင်အချိန် ကြီး၊ အပြင်ဘက်မှာလဲ လမ်းတွေက အင်မတန်ဆိုးနေတဲ့အချိန်၊ တကယ်ဗျာ၊ ပြီးတော့ ဆင်းလဲ ဆင်းရဲတဲ့လူတွေဆိုတော့ အလွန် ဆုံး ငွေဒင်္ဂါးနှစ်ပြားလောက်ပဲ တတ်နိုင်မယ်၊ ဒါတောင် မသေ ချာဘူး၊ တော်ကြာ လျှော်ထည်တစ်လိပ်တို့ မြင်းစားဂျုံတစ်အိတ် တို့ ဖြစ်ချင်ဖြစ်ဦးမယ်။ ဒါပေမဲ့ အားလုံးထက် အရေးကြီးတာက ဟုတ်လား၊ ကိုယ့်လိုပဲ သတ္တဝါသားချင်းတစ်ယောက် အသက် ဆုံးရှုံးတော့မှာပါလားဆိုတဲ့ တာဝန်သိစိတ်ကိုးဗျာ၊ ကျွန်တော်က လက်ထဲက ဖဲချပ်တွေကို ကျွန်တော်တို့ နယ်မြေဆိုင်ရာ ကော်မရှင် က အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ ကာလီယိုပင် လက်ထဲ ထိုးထည့် ခဲ့ပြီး အိမ်ကို ချက်ချင်းပြန်ခဲ့တယ်၊ အိမ်ရောက်တော့ တံခါးဝမှာ မြင်းလှည်းအစုတ်ကလေး တစ်စီး၊ မြင်းတွေကလဲ လယ်သမား



မြင်းတွေ၊ ဝဖီးလို့၊ အမွေးကလဲ ထူလိုက်တာ သိုးမွေးကျနေတာ ပဲ၊ မြင်းလှည်းမောင်းသမားကတော့ ရိုသေသမှုနဲ့ ဦးထုပ်တွေ ဘာတွေချွတ်ပြီး ထိုင်နေတယ်၊ ဒါနဲ့ ကျွန်တော်လဲ ကိုယ့်ဘာသာ စဉ်းစားမိတယ်၊ 'မလွယ်ဘူး ငါ့လူရေ၊ ဒီလူနာကတော့ စီးပွား လာဘ်လာဘ တက်နေတဲ့သူတစ်ယောက် မဟုတ်တာ သေချာ သွားပြီ' စသဖြင့်ပေါ့လေ။ ခင်ဗျားက ရယ်တယ်၊ ကျွန်တော်တို့လို ဆင်းရဲသားတွေကျတော့ အကုန်လုံး ထည့်စဉ်းစားရတာဗျ၊ တကယ်လို့သာ မြင်းလှည်းသမားက မင်းသားတစ်ပါးလို ထည် ထည်ကြီး ဦးထုပ်တွေ ဘာတွေ လက်ဖျားနဲ့တောင် မထိ၊ ကိုယ့်ကို လဲ အပြောအဆိုက မခန့်လေးစား၊ လက်ကလဲ ကျာပွတ် တယမ်းယမ်းနဲ့၊ အဲသလိုဆိုရင် သေချာပြီဗျ၊ ခြောက်ရူဘယ်ပဲ။ ဒါပေမဲ့ ကျွန်တော် အခုတွေ့နေရတာကတော့ တခြားစီပေါ့ဗျာ။ ဒါနဲ့ ကျွန်တော်လဲ 'အေးလေ မတတ်နိုင်ဘူးပေါ့၊ တာဝန်က တာဝန်ပဲ' ဆိုပြီး မပါမဖြစ်တဲ့ ဆေးတွေကောက်ထည့်ပြီး ထွက် လိုက်သွားခဲ့တယ်၊ ခင်ဗျား ယုံဖို့တောင် ခက်တယ်၊ အဲဒီနေရာ ရောက်အောင် သွားရတာတင်ဗျာ၊ ခင်ဗျားနှယ် ဆိုးလိုက်တဲ့လမ်း သေချင်စော်နံရောဗျာ၊ ချောင်းတွေ မြောင်းတွေ နှင်းခဲတွေ၊ သည် အထဲ လမ်းပေါ် ရေမကျော်အောင် တမံတုတ်ထားတာကလဲ အဲသည်တော့မှ ရုတ်တရက် ထကျိုးတယ်၊ ဆိုးလိုက်တဲ့ ဒွိစ်ခြင်း ဗျာ၊ ဒါပေမဲ့ နောက်ဆုံးတော့ ရောက်ပါတယ်၊ အိမ်က သက် ငယ်မိုး တဲကလေးဗျ၊ ပြတင်းပေါက်က မီးရောင်မြင်ရတယ်၊ ကျွန်တော့်တို စောင့်နေတဲ့ အမိဖွာယ်ပေါ့ဗျာ၊ အဘွားကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ကျွန်တော့်ကို ထွက်ကြိုတယ်၊ အဘွားကြီး ရုပ်ရည်ကြည့်ရတာ ဥပဓိရုပ် အတော်ကောင်းတယ်ဗျ၊ သူက 'သမီးလေး သေပါတော့မယ်ရှင်၊ သူ့ကို ကယ်ပါဦး' လို့ ပြောတယ်၊ ဒါနဲ့ ကျွန်တော်က 'သိပ်လဲ စိုးရိမ်မနေပါနဲ့ဗျာ၊ လူမမာက ဘယ်မှာလဲ' လို့မေးတယ်။ 'ဒီဘက်ကြွပါ' တဲ့၊ အခန်းလေးက သပ်သပ်ရပ်ရပ်ကလေးဗျ၊ အခန်းထောင့်မှာ မီးအိမ်တစ်လုံး ထွန်းထားတယ်၊ ခုတင်ပေါ်မှာ မိန်းကလေးတစ်ယောက်၊ အသက် နှစ်ဆယ်လောက်ရှိမယ်၊ သတိမရဘူး၊ သူ့တစ်ကိုယ်လုံး ခြစ်ခြစ် တောက်ပူလို့၊ အသက်ရှူတာကလဲ သိပ်မြန်တယ်၊ အပြင်းဖျား နေတာပေါ့ဗျာ၊ နောက်ထပ် မိန်းကလေးနှစ်ယောက် ရှိသေးတယ် ဗျ၊ သူနဲ့ ညီအစ်မတွေ၊ သူတို့ကလဲ မျက်ရည်တွေကျလို့ စိုးရိမ်နေ ကြတယ်၊ သူတို့က ပြောကြတယ်၊ 'မနေ့က အကောင်းကြီးပဲ၊ အစားအသောက်လဲ ကောင်းတယ်၊ ဒီမနက်ကျမှ ခေါင်းကိုက် တယ် ခေါင်းကိုက်တယ်နဲ့၊ ညနေဘက်ကျတော့မှ ရုတ်တရက် အခုလို ဖြစ်သွားတာပဲ' တဲ့၊ ဒါနဲ့ ကျွန်တော်ကလဲ တစ်ခါထပ်ပြီး 'မစိုးရိမ်ပါနဲ့လေ' ပေါ့၊ ဆရာဝန် ဝတ္တရားအတိုင်းပေါ့ဗျာ၊ နောက် ကောင်မလေးဆီသွား၊ သွေးဖောက်၊ မုန့်ညင်းပလာစတာ အုံခိုင်း ပြီးတော့ ဆေးတစ်ခွက် တိုက်တယ်၊ သူတို့လုပ်နေတုန်း ကျွန်တော် သူ့ကို ကြည့်မိတယ်၊ သူ့မျက်နှာလေးကို ကြည့်မိတယ်၊ ခင်ဗျား ဗျာ လှလိုက်တဲ့ မျက်နှာလေးနှယ် တစ်သက်နဲ့တစ်ကိုယ် ဒီ လောက် လှတာ တစ်ခါမှ မတွေ့ဖူးဘူး၊ ကျွန်တော့်ရင်ထဲမှာ သနားတဲ့စိတ်၊ ကရုဏာစိတ်တွေ လှိုင်းထလာတယ်၊ ဒီလောက်



ချောတဲ့လှတဲ့ မိန်းကလေး၊ မျက်လုံးလေးတွေဗျာ၊ ဒါပေမဲ့ ဘုရား သခင် ကျေးဇူးတော်နဲ့ သူကလေးဟာ နည်းနည်း သက်သာ လာတယ်၊ ချွေးကလေးတွေစို့ပြီး သတိတွေ ဘာတွေ ပြန်လည် လာတယ်၊ ဆေးပတ်ဝန်းကျင်ကို လှည့်ပြီး မျက်နှာကလေးကလဲ ပြုံးလိုက်တယ်၊ ပြီးတော့ မျက်နှာပေါ် လက်တင်ထားတယ်၊ ညီအစ်မတွေက ဝိုင်းပြီး 'နေကောင်းလား' လို့ မေးတယ်၊ 'ကောင်း ပါတယ်' တဲ့ပြောပြီး တစ်ဖက်လှည့်သွားတယ်၊ ကျွန်တော် ကြည့်လိုက်တော့ သူပြန်ပြီး အိပ်ပျော်သွားတာ တွေ့ရတယ်၊ ဒါနဲ့ 'ကိုင်း လူနာလဲ လူနာဘာသာ အိပ်ပါစေ' ဆိုပြီး ကျွန်တော် တို့ အားလုံး အသာခြေဖျားထောက် ထွက်လာခဲ့တယ်၊ အိမ်စေ မိန်းကလေးတစ်ယောက်ပဲ သူ့ခေါင်းရင်းရှိအောင်လို့ ထားခဲ့တယ်၊ ဧည့်ခန်းထဲရောက်တော့ စားပွဲပေါ်မှာ ရေနွေးအိုးတစ်လုံးနဲ့ ရမ် တစ်ပုလင်း၊ ကျွန်တော်တို့အလုပ်က ဒါ မပါရင်လဲ မပြီးဘူးဗျ၊ သူတို့က ကျွန်တော့်ကို ဧည့်ခံပြုစုပြီးတဲ့နောက် အဲဒီမှာ ညအိပ် နေဖို့ ပြောတယ်၊ ကျွန်တော်လဲ ခေါင်းညိတ်လိုက်တယ်၊ ဒီအချိန် ကြီးဗျာ ပြန်မယ်ဆိုရင်ကော ဘယ်လို ပြန်မတဲ့လဲ။ အဘွားကြီး ကလဲ တစ်ချိန်လုံး တညည်းညည်း တညူညူနဲ့ဗျာ၊ ဒါနဲ့ ကျွန်တော်က 'ဘာဖြစ်လို့လဲဗျာ၊ သူ ကောင်းသွားမှာပါ၊ အလကားစိတ်ပင်ပန်းခံမနေပါနဲ့၊ ကိုယ်တိုင်လဲ နည်းနည်းပါးပါး နားဦးပေါ့၊ အခုပဲ နှစ်ချက်ထိုးနေပြီ' ဆိုတော့ 'တစ်ခုခုဖြစ်ရင် ကျွန်မကို နှိုးပါနော်' တဲ့၊ 'ဟုတ်ကဲ့ ဟုတ်ကဲ့' လို့၊ အဲဒီတော့မှ အဘွားကြီး ထွက်သွားတယ်၊ ကောင်မလေးတွေလဲ ကိုယ့်အခန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြန်ကြတယ်၊ ကျွန်တော့်အတွက်တော့ ဧည့်ခန်းထဲမှာ အိပ်ရာ ပြင်ပေးထားတယ်၊ ကျွန်တော်လဲ အိပ်မယ်ကြံတာပေါ့၊ ဒါပေမဲ့ အံ့ဩစရာဗျာ၊ ဒီလောက်ပင်ပန်းနေလျက်နဲ့ ကျွန်တော် အိပ်လို့ကို မပျော်နိုင်ဘူး၊ လူနာကို ကျွန်တော့်ခေါင်းထဲက ထုတ်လို့မရ ဖြစ်နေတယ်၊ နောက်တော့ သည်းမခံနိုင်တော့တာနဲ့ ရုတ်တရက် အိပ်ရာကထတယ်၊ အဲဒီတုန်း 'လူနာ ဘယ်လို အခြေအနေရှိသလဲ သွားကြည့်ဦးမယ်' လို့ စိတ်ကူးပေါ်လာတယ်၊ သူ့အခန်းက ဧည့်ခန်းနဲ့ကပ်လျက်၊ ကျွန်တော် ထလာပြီး အခန်း တံခါးကို အသာလေး တွန်းဖွင့်တယ်၊ ရင်ထဲက ခုန်လိုက်တာ တဒိတ်ဒိတ်နဲ့၊ အခန်းထဲ လှမ်းကြည့်လိုက်တော့ အစေခံ မိန်းကလေးက အိပ်ပျော်နေတယ်၊ ပါးစပ်အဟောင်းသားနဲ့၊ ဟောက်များတောင် နေလိုက်သေးတယ်၊ တကယ့်ကိုပဲ၊ လူနာမ ကလေးကတော့ ကျွန်တော့်ဘက်ကို မျက်နှာမူလို့ လက်နှစ်ဖက်ကို သားဘက် ဆန့်တန်းထားတယ်၊ သနားစရာလေးဗျာ၊ ကျွန်တော် က သူ့အနားတိုးသွားတော့ ရုတ်တရက် မျက်စိပွင့်လာပြီး ကျွန်တော့်ကို စိုက်ကြည့်နေတယ်၊ 'ဒါ ဘယ်သူလဲ ဒါ ဘယ်သူ လဲ' တဲ့၊ ကျွန်တော်လဲ ရုတ်တရက်တော့ ဘာပြောရမှန်း မသိဘူး၊ နောက်မှ 'မကြောက်ပါနဲ့ ကျွန်တော် ဆရာဝန်ပါ၊ ခင်ဗျား ဘယ့်နှယ်နေသေးသလဲလို့ လာကြည့်တာပါ' ဆိုတော့ 'ဆရာဝန် လား' တဲ့၊ 'ဟုတ်တယ် ဆရာဝန်ပါ၊ ခင်ဗျားအမေ အခေါ်လွှတ် လို့ မြို့က လိုက်လာတာ၊ အခု ခင်ဗျားကို သွေးလဲဖောက်ပြီး သွားပြီ၊ နေကောင်းသွားအောင် အိပ်လိုက်ပါနော်၊ ဘုရားသခင်



ဝှာကျေးဇူးတော်နဲ့ နောက်တစ်ရက်နှစ်ရက်ဆို ပြန်ပြီး သွားနိုင် လာနိုင် ဖြစ်သွားမှာပါ' ဆိုတော့ 'သြော်... ဟုတ်ကဲ့ ဟုတ်ကဲ့ ဆရာ၊ ကျွန်မ မသေပါရစေနဲ့နော်' တဲ့၊ 'ဘာလို့ ဒီစကားတွေ ပြောနေရတာလဲ ဘုရားသခင် ရှိပါတယ်' လို့ ကျွန်တော်က ပြန်ပြောလိုက်တယ်၊ ကောင်မလေးတော့ အဖျားပြန်တက်ပြန်ပြီ လို့ ကျွန်တော့်စိတ်ထဲ ထင်လိုက်တယ်၊ လက်ကောက်ဝတ်ကိုင်ပြီး သွေးတိုးစမ်းကြည့်တော့ ဟုတ်တယ် အဖျားတက်နေတယ်၊ သူက ကျွန်တော့်ကို ကြည့်နေရာက လက်ကိုဆွဲကိုင်ပြီး 'ကျွန်မ ဘာလို့ မသေချင်သေးတာလဲဆိုတာ ပြောပြမယ်နော်' လို့ဆိုတယ်။

'ကျွန်မ ပြောမယ်၊ အခုဆို ကျွန်မတို့နှစ်ယောက်တည်း ပဲ၊ ဆရာက ကျေးဇူးပြုပြီး ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့နော် နားထောင်' တဲ့။ ကျွန်တော်က သူ့အနားငုံ့ပြီး နားထောင်ရတယ်၊ သူ့နှုတ်ခမ်းလေးတွေက ကျွန်တော့်နားနားကပ်လာတယ်၊ သူ့ ဆံပင်တွေက ကျွန်တော့်ပါးကို လာထိနေတယ်၊ သူက ပါးစပ်က တိုးတိုးလေး ပြောနေတယ်၊ ကျွန်တော်တော့ ဘာမှ နားမလည် လိုက်ဘူး၊ အဖျားတက်ပြီး ကယောင်ကတမ်းဖြစ်နေပြီ၊ သူ့ပါးစပ် က တတွတ်တွတ်နဲ့ အဆက်မပြတ်ပြောနေတယ်၊ ဒါပေမဲ့ ပြော တာက သိပ်မြန်တယ်၊ ရုရှားစကားတောင် မဟုတ်ဘူးလား ထင် ရတယ်၊ နောက်ဆုံးတော့ စကားဆုံးသွားတယ်၊ သူ့ခေါင်းက တဆတ်ဆတ် တုန်နေပြီ။ သူက ခေါင်းအုံးပေါ် ပစ်လှဲချလို့ ပြီးတော့ ကျွန်တော့်ကို လက်ညှိုးလေး တငေါက်ငေါက်နဲ့ သတိပေးနေပြန်တယ်။ 'မှတ်ထားနော် ဆရာ၊ ဘယ်သူ့မှ ပြန်

www.burmeseclassic.com

www.burmeseclassic.com



မပြောရဘူး' တဲ့။ ကျွန်တော်လဲ သူ နည်းနည်းငြိမ်သွားအောင် ဆေးတစ်ခွက်တိုက်၊ အစေခံ မိန်းမပျိုကို နှိုးပြီး အခန်းထဲက တစ်ချိုးတည်း ထွက်လာခဲ့တယ်'

ဆရာဝန်က စကားကိုရပ်ကာ နှာကို တအားဖိရှူနေသည်။ ထို့နောက် နှာတန်ခိုးဖြင့် အတော်ကြာအောင် မွန်ထူသွားပုံရသည်။

'ဒါပေမဲ့ ဗျာ' သူက စကားဆက်ပြန်သည်။ 'နောက်တစ်နေ့ကျတော့ ကျွန်တော့်တွက်ကိန်းနဲ့ တခြားစီပဲ၊ လူနာက အခြေအနေ ကောင်းမလာဘူး၊ ကျွန်တော်လဲ အပြန်ပြန် အလှန်လှန် စဉ်းစားနေရတယ်၊ နောက်တော့ ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်၊ တခြား ကျွန်တော့်ကို စောင့်နေမယ့် လူနာတွေ ရှိသေးတာ မှန်ပေတဲ့ ကျွန်တော် ဒီမှာပဲ ဆက်စောင့်ကြည့်ဦးမယ်လို့။ ကျွန်တော်တို့အလုပ်က ကိုယ့်စိတ်နဲ့ကိုယ် လုပ်ချင်တိုင်း လုပ်လို့မရဘူးဗျ၊ အဲဒါဆိုရင် ထမင်းလုတ် ထိခိုက်လာလိမ့်မယ်၊ ဒါပေမဲ့လဲ တစ်အချက် လူနာကလဲ တကယ်စိုးရိမ်ရတဲ့ အခြေအနေ၊ နှစ်အချက်က အမှန်အတိုင်းပြောရရင် ကျွန်တော်ကလဲ သူ့ကို သိပ်ပြီး သံယောဇဉ်တွယ်သလို ဖြစ်နေမိပြီ၊ ပြီးတော့ မိသားစုတစ်ခုလုံးကိုလဲ ကျွန်တော်က သဘောကျတယ်ဗျ၊ သူတို့က တကယ်ဆင်းရဲတာတော့ အမှန်ပဲ၊ ဒါပေမဲ့ သူများနဲ့ မတူဘူးဗျ၊ အတော်ယဉ်ကျေးမှုရှိတဲ့လူတွေ စာတတ်ပေတတ်တွေလို့ ဆိုရမယ်၊ သူတို့အဖေက စာပေကျမ်းဂန်နဲ့ စပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဗျ၊ ကိုယ်တိုင်လဲ စာအုပ်တွေ ရေးခဲ့တယ်၊ သူလဲ



သေတော့ ဆင်းဆင်းရဲရဲ သေသွားတာပဲပေါ့လေ။ ဒါပေမဲ့ သူ့သားသမီးတွေကိုတော့ ပညာကောင်းကောင်း သင်ပေးခဲ့တယ်။ ကျွန်တော်က လူနာကို သိပ်ဂရုစိုက်တာ တစ်ပိုင်း .... တခြားအကြောင်းလဲ ရှိမှာပေါ့လေ၊ သူတို့တစ်အိမ်သားလုံး ကျွန်တော့်ကို ကိုယ့်တစ်မိတည်းသားလို ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ရှိကြတယ်၊ အဲဒီအချိန်မှာ လမ်းတွေကလဲ ဆိုးသထက်ဆိုးပြီး သွားလို့လာလို့မရလောက်အောင် ဖြစ်လာတယ်၊ မြို့ကို ဆေးသွားယူဖို့ကိုတောင် တော်တော် ခဲခဲယဉ်းယဉ်း သွားနေကြရတယ်။

လူနာမလေးကလဲ သက်သာလာတယ် မရှိဘူး၊ တစ်နေ့ထက်တစ်နေ့ ... အဲ၊ တစ်နေ့ထက်တစ်နေ့ ဒီလိုနဲ့ (ဆရာဝန်က ခေတ္တရပ်လိုက်သည်) ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူးဗျာ၊ သူက နှာဘူးကို ထုတ်ယူ၍ ရှူပြန်သည်။ ထို့နောက် ချောင်းဟန့်ပြန်ကာ လက်ဖက်ရည်တစ်ကျိုက်သောက်လိုက်သည်) လိုရင်းတည့်တည့်ပဲ ပြောပါတော့မယ်ဗျာ၊ ကျွန်တော့်လူနာ ဘယ်လိုပြောရမလဲ၊ ထားပါတော့၊ ကောင်မလေးက ကျွန်တော့်ကို စွဲလမ်းသွားတယ်၊ အဲ ဟင့်အင်း ... မဟုတ်သေးဘူးဗျ၊ ချစ်တယ်ဘာတယ်လဲ ပြောလို့မရဘူးဗျ၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲဗျာ၊ (ဆရာဝန်က ခေါင်းကိုငုံ့၍နေသည်၊ သူ့မျက်နှာက နီလာ၏)

'မဟုတ်ဘူး' သူက အမြန်ဆက်ပြောသည်။ 'ချစ်တာဗျ အမှန်ပဲ၊ ယောကျ်ားဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် ဒီလိုမျိုး သိမ်မတွက်သင့်ဘူးပေါ့ဗျာ၊ ကောင်မလေးက ပညာတတ်ကလေး၊ ဆက်လဲထက်တယ်၊ စာလဲ သိပ်ဖတ်တာ၊ ကျွန်တော်ဆိုတာက ဟိုတုန်းက

www.burmeseclassic.com



သင်ဖူးတဲ့ လက်တင်တောင် မေ့ကုန်ပြီ၊ ဘာမှ မရှိတော့ဘူး၊ ပြီးတော့ ရုပ်ရှင်ဆိုတာကလဲ (ဆရာဝန်က သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ကာ ပြုံးရင်းဆိုသည်) ဟုတ်လား ကြွားလောက်တဲ့ အနေအထားမရှိဘူး၊ ဒါပေမဲ့ ထာဝရဘုရားသခင်က ကျွန်တော့်ကို အရူးလုပ်တာတော့ မဟုတ်ဘူးဗျ၊ ကျွန်တော်ကလဲ အဖြူကို အမည်းလုပ်တာ မဟုတ်ဘူး၊ ကျွန်တော် သိတာ နည်းနည်းရှိတယ်၊ ကျွန်တော် သေသေချာချာသိတာ၊ သဘောပြောရရင် အလက်ဆန်ဒြဲ အန်ဒရေ ယက်ဗ်နာ ဟာ၊ အဲဒါသူ့နာမည်၊ သူဟာ ကျွန်တော့်ကို ရင်းနှီးချစ်ခင်မှု၊ ပြောရရင် တွယ်တာမှု၊ အဲ လေးစားကြည်ညိုမှု အဲဒီလိုသဘောမျိုး ရှိတယ်၊ အဲဒီ ခံစားချက်ကို သူ့ဘာသာသူ အဓိပ္ပာယ်တစ်မျိုး ယူမိတာ ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော့်အပေါ် သူ့သဘောကတော့ အဲဒီအတိုင်းပဲ၊ ခင်ဗျားဘာသာခင်ဗျား ဆုံးဖြတ်ပေတော့၊ ဒါပေမဲ့' ဆရာဝန်မှာ အပြတ်ပြတ်အတောက်တောက် ဖြစ်နေသော စကားရှည်ကြီးကို အသက်ပင် မရှူနိုင်ဘဲ မရပ်မနားပြောနေသည်။ အတော်ကြီး ကသိကအောက်ဖြစ်နေပုံလည်း ရသည်။ 'ကျွန်တော့်စကားတွေက ဟိုရောက်ဒီရောက် ဖြစ်နေပြီနဲ့ တူတယ်၊ ခင်ဗျား နားတောင်လည်ပါ့မလား မသိဘူး၊ ခင်ဗျား နားထောင်ချင်ဦးမယ်ဆိုရင် ကျွန်တော် အစီအစဉ်တကျ ပြန်ပြောပါ့မယ်'

သူက လက်ဖက်ရည်တစ်ခွက် မော့သောက်လိုက်ပြီး စကားပြန်စသည်။ သူ့အသံက စောစောကထက် ပို၍ ကြည်လင်လာသည်။



'အဲဒီလိုနဲ့ ကျွန်တော့်လူနာက တဖြည်းဖြည်း အခြေအနေ ဆိုးလာတယ်၊ လူကြီးမင်းက ဆရာဝန်တစ်ယောက်မဟုတ်လေတော့ ရောဂါက ကိုယ့်ရဲ့အပေါ်စီးက ရောက်သွားပြီဆိုတာ စသိလိုက်ရတဲ့အခါမျိုးမှာ ကျုပ်တို့ကောင်တွေရဲ့ ရင်ထဲမှာ ဘယ်လိုခံစားရတယ်ဆိုတာမျိုး နားလည်မှာ မဟုတ်ဘူး။ အစက ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားခဲ့ရာက ရုတ်တရက် ကြောက်စိတ်တွေ လွှမ်းမိုးလာတယ်၊ ဘယ်လိုဆိုတာ အသေအချာ ပြောဖို့တော့ ခက်တယ်၊ ခင်ဗျားခေါင်းထဲမှာ အရင်တုန်းက တတ်ထားမှတ်ထားခဲ့တာ မှန်သမျှ အကုန်လုံး ပျောက်ကုန်မယ်၊ လူနာကလဲ ငါ့အပေါ်မှာ အယုံအကြည် မရှိတော့ပါဘူးလို့ ထင်လာမယ်၊ ဆေးလူတွေကလဲ ငါ မနိုင်တော့ဘူးဆိုတာ သိကုန်ပြီ၊ ငါ့ကို ကြည့်ပုံကတစ်မျိုးပဲ၊ တီးတိုးတီးတိုးနဲ့ စသဖြင့်၊ တကယ့်ကို ဆိုးဝါးတဲ့ အခြေအနေမျိုးပေါ့ဗျာ၊ တကယ်ဆိုတော့ ဒီရောဂါနဲ့ ပတ်သက်လို့ ပျောက်ကင်းအောင် လုပ်နိုင်တဲ့ ဆေးတစ်မျိုးမျိုးတော့ ရှိရမှာပဲ၊ ခင်ဗျား ရှာတတ်ရင်ပေါ့လေ၊ ဟုတ် ဘယ် မဟုတ်လား၊ ဒါပေမဲ့ ဘာလုပ်သလဲ၊ ဟာ ဒီဆေးပဲဆိုပြီး စမ်းပေး၊ တော်ကြာတော့ ဟာ ... မဟုတ်သေးဘူး၊ ဆေး ကို သူ့အစွမ်းအာနိသင် ပြနိုင်တဲ့အထိ ခင်ဗျား အချိန်မပေးဘူး၊ အခု ဆေးတစ်မျိုးပေးလိုက်၊ တော်ကြာကျတော့ နောက် [illegible] မျိုး အားကြီးတကြီးနဲ့ ပြောင်းပေးလိုက်၊ တစ်ခါတလေကျ [illegible] ဆေးညွှန်းစာအုပ်ကြီးတစ်အုပ် ကောက်လှန်ပြီး ဒီအထဲမှာ ဆေးဘယ်နည်းနဲ့မဆို ပါရမှာပဲပေါ့၊ ဟုတ်လား၊ ပြီးတော့ ဘုရား [illegible]

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပေါ့လေ၊ တွေ့တဲ့ဆေးတစ်ခု ကောက်ပေးလိုက်၊ ကံရှိရင် ကောင်းလိမ့်မယ် ဆိုတဲ့သဘော၊ ဒါပေမဲ့ ဒီအချိန်မှာ ကိုယ်နဲ့ မျိုးတူ လူသားတစ်ယောက်ကတော့ အသက်ဆုံးရှုံးခါနီးနေပြီ။ တခြား ဆရာဝန်တစ်ယောက်ဆိုရင် သူ့ကို ကယ်ချင် ကယ်နိုင်မယ်၊ အဲဒီအခါ ခင်ဗျား ဖွင့်ပြောရပြီ။ 'နောက်ထပ် ဆရာဝန် တစ်ယောက်နဲ့ ဆွေးနွေးပြီး ကုရင် ကောင်းမယ်၊ ကျွန်တော် တစ်ယောက်တည်းတော့ တာဝန်မယူနိုင်တော့ဘူး' — စသည် ဖြင့်၊ အဲဒီတော့ အဖြစ်က ဘယ်လောက်ဆိုးလိုက်သလဲ၊ ဒါပေမဲ့ တဖြည်းဖြည်းတော့လဲ ခင်ဗျား ဒါကို ခံနိုင်ရည်ရှိလာပါတယ်၊ ဘယ်လိုမှ မခံစားရတော့ဘူး၊ လူတစ်ယောက် သေသွားတယ်၊ ဒါပေမဲ့ ဒါ ခင်ဗျားအပြစ် မဟုတ်ဘူး၊ ကုထုံးကုနည်းအတိုင်း ခင်ဗျား ကုတာပဲ၊ ဒါပေမဲ့ ခင်ဗျားကို သည့်ထက်ပိုပြီး စိတ်မချမ်း သာအောင် နှိပ်စက်လာမယ့်အကြောင်းက ဘာလဲဆိုတော့ ကိုယ့် အပေါ်မှာ လုံး၀ ပုံပြီး ယုံထားတဲ့ မျက်ကန်းယုံကြည်မှုမျိုးရှိနေတဲ့ အချိန်မှာ ငါဟာ အဲဒီလို ယုံကြည်အားကိုးထိုက်တဲ့ အခြေအနေ မှာ မရှိပါလားဆိုတာ ကိုယ့်ဘာသာကိုယ် ခံစားနေခြင်းပဲဗျ၊ အဲ အဲဒီ မျက်ကန်းယုံမှုမျိုးနဲ့ ကျွန်တော့်အပေါ်မှာ အလက်ဆန်ဒြာ အန်ဒရေ ယက်ဝ်နာတို့ မိသားစုက ယုံကြည်နေကြတယ်။ သူတို့ သမီးလေးရဲ့ အသက်အန္တရာယ်ကို မတွေးတော မစိုးရိမ်မိလောက် အောင် ယုံကြည်အပ်နှံထားကြပြီ၊ ကျွန်တော်ကလဲ သူတို့ကို ဘာမှ စိုးရိမ်စရာမရှိတဲ့အကြောင်း ပြောထားတယ်၊ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင်ကတော့ စိတ်ဓာတ်ဟာ အောက်ဆုံးထိ ကျနေပြီ၊ အဲဒီ



အချိန်မှာ ပိုဆိုးလာတာက လမ်းတွေက အသွားရခက်သထက် ခက်လာတော့ မြို့ကို ဆေးသွားယူတဲ့ မြင်းရထားသမား ခမျာ မြို့ရောက်အောင် တစ်နေကုန် သွားသွားနေရတယ်၊ ကျွန်တော် ကတော့ လူနာအခန်းထဲမှာပဲ အချိန်ပြည့်ရှိနေတယ်၊ သူ့အနားက ကျွန်တော် မခွာနိုင်တော့ဘူး၊ ပျော်စရာ ပုံပြင်ကလေးတွေ ပြော တယ်၊ သူနဲ့အတူ ဖဲကစားတယ်၊ ညကျတော့ ဘေးက ထိုင်စောင့် တယ်၊ အဘွားကြီးကတော့ ကျေးဇူးတင်လွန်းလို့ မျက်ရည်တောင် ကျရှာတယ်၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာတော့ 'ကျွန်တော် ခင်ဗျား ရဲ့ ကျေးဇူးကို မခံထိုက်ပါဘူးဗျာ' လို့ပြောနေမိတယ်၊ ခင်ဗျားကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံပါ့မယ်၊ အခုအချိန်မှတော့ ဖုံးကွယ်နေဖို့အကြောင်းလဲ မရှိတော့ပါဘူး၊ ကျွန်တော် လူနာ မလေးကို ချစ်နေမိပြီဗျ၊ အလက်ဆန်ဒြာကလဲ ကျွန်တော်နဲ့ ပိုပိုပြီး အကျွမ်းတ၀င် ရှိလာတယ်၊ တစ်ခါတလေကျရင် သူ့အခန်းကို ကျွန်တော်ကလွဲလို့ ဘယ်သူ့မှ အ၀င်မခံဘူး၊ သူက ကျွန်တော့်ကို စကားတွေ ပြောတယ်၊ မေးခွန်းတွေ မေးတယ်၊ ကျွန်တော် ဘယ်မှာ ပညာသင်ခဲ့သလဲ၊ အခုနေတော့ကော ဘယ်လိုနေသလဲ၊ ဘယ်သူတွေနဲ့လဲ၊ ပြီးတော့ ကျွန်တော် ပေါင်းသင်းဆက်ဆံနေရ တဲ့ လူတွေ၊ သူ့အနေနဲ့ စကားတွေ လျှောက်ပြောနေဖို့ မကောင်း မှန်းတော့ ကျွန်တော် သိတယ်၊ ဒါပေမဲ့ စကားမပြောနဲ့လို့ပြောဖို့ တင်းတင်းကျပ်ကျပ် တားမြစ်ဖို့ကျတော့ ကျွန်တော် မတတ်နိုင် တော့ဘူး၊ တစ်ခါတစ်ခါကျတော့လဲ ကျွန်တော့်မှာ ကိုယ့်ခေါင်း ကိုယ်ကိုင်ပြီး 'ဟော့ကောင် လူမိုက်၊ မင်း ဘာတွေ လုပ်နေသလဲ'

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးနေမိတယ်။ သူက ကျွန်တော့်လက်ကို ဆွဲကိုင်ပြီး ကျွန်တော့်ကို တွေတွေကြီး ကြည့်နေတတ်တယ်၊ ပြီးတော့မှ တစ်ဖက်ကို မျက်နှာလှည့်သွားပြီး သက်ပြင်းချတယ်၊ ပြီးတော့ 'ဆရာ သိပ်သဘောကောင်းတာပဲ' တဲ့၊ သူ့လက်ကလေးတွေဟာ အဖျားသွေးနဲ့ နွေးနေတယ်၊ မျက်လုံးတွေက မလန်းဆန်းဘူး၊ 'ဟုတ်တယ်၊ ဆရာဟာ သဘောကောင်းတဲ့လူ၊ ကြင်နာတတ်တဲ့လူတစ်ယောက်ပဲ၊ ကျွန်မတို့ အိမ်နီးနားချင်းတွေနဲ့ မတူဘူး၊ ဟုတ်တယ် သူတို့နဲ့ လုံးဝမတူဘူး၊ ဘာလို့များ ကျွန်မ အခုထိ ဆရာ့ကို နားမလည်နိုင်သေးတာလဲ မသိဘူး' လို့ဆိုတယ်။ 'အလက်ဆန်ဒြာရယ် သက်သက်သာသာ နေစမ်းပါကွယ်' ကျွန်တော်က ပြောရတယ်၊ 'ဘာမှမစိုးရိမ်နဲ့၊ မင်း ကောင်းသွားမှာပဲ၊ သက်သက်သာသာ နေနော်၊ တဖြည်းဖြည်း အားလုံးကောင်းသွားမယ်၊ နဂိုအတိုင်း ပြန် ကျန်းမာလာမှာပေါ့' လို့။

'ကြားဖြတ် ပြောရဦးမယ်' ဆရာဝန်က ရှေ့သို့ ကိုင်းလာပြီး မျက်ခုံးကို ပင့်ကာ စကားပြန်ဆက်သည်။

'သူတို့က အိမ်နီးနားချင်းတွေနဲ့ သိပ် အဆက်အဆံရှိတာ မဟုတ်ဘူး၊ ဆင်းရဲသားချင်းကျပြန်တော့လဲ သူတို့နဲ့ တန်းမတူဘူး၊ ချမ်းသာတဲ့ လူနဲ့ကျတော့လဲ မာနကလေးရှိနေတော့ သိပ်ရင်းရင်းနှီးနှီး မပေါင်းသင်းဖြစ်ဘူး၊ ကျွန်တော်ပြောသလို သူတို့က တကယ့်ကို ရှားရှားပါးပါး လူ့ယဉ်ကျေးမိသားစုဗျ အဲဒီအတွက်လဲ ကျွန်တော်က ကျေနပ်အားရ ဖြစ်မိတယ်ပေါ့ဗျာ သူက ဆေးသောက်မယ်ဆိုရင် ကျွန်တော့်လက်ထဲကမှ ယူ



သောက်တယ်၊ ခများ သူ့ဟာသူထူပြီး ထရာတယ်၊ ကျွန်တော်ကတော့ သားက ဖေးဖေးမမပေါ့လေ၊ ပြီးတော့ ဆေးယူ ... ပြီးတော့ ကျွန်တော့်ကို ငေးကြည့်နေတော့တာပဲ၊ ကျွန်တော့်မှာ ရင်ထဲက အသည်းတွေ နှလုံးတွေ ပေါက်ထွက်တော့မလား အောက်မေ့ရတယ်၊ ဒီအတောအတွင်းမှာ သူကလေးရဲ့ အခြေအနေကလဲ ဆိုးသထက် ဆိုးလာတယ်၊ သက်သာတယ်ကို မရှိဘူး၊ သူ့သေတော့မှာပဲဆိုတာ ကျွန်တော် သိနေပြီ၊ သေကို သေရတော့မှာပဲ၊ ကျွန်တော်ကတော့ အဲဒီအချိန်မှာ ကျွန်တော်ပဲ အရင် သင်္ချိုင်းကုန်း ပြေးချင်စိတ်ပေါက်နေပြီ၊ တကယ်ပါ၊ သူ့အမေနဲ့ညီအစ်မတစ်တွေက ကျွန်တော့် မျက်နှာကိုပဲ ကြည့်နေကြတယ်၊ သို့သော် ကျွန်တော့်အပေါ် ယုံကြည်မှုကတော့ လျော့ပါးကုန်ကြပြီပေါ့၊ 'သူ့အခြေအနေ ဘယ်လိုလဲ ဆရာ' တဲ့၊ 'သြော်... ကောင်းပါတယ်၊ ကောင်းပါတယ်' အင်း ကောင်းပေါ့ဗျာ၊ တကယ်ကတော့ ဘာမှ ကြံစည်လို့ မရတော့ပါဘူး၊ ဒီလိုနဲ့ တစ်ညကျတော့ ကျွန်တော်က ထုံးစံအတိုင်း လူနာ့ခုတင်ဘေးမှာ ထိုင်လို့၊ အစေခံမိန်းကလေးကလဲ အခန်းထဲမှာပါပဲ၊ ဒါပေမဲ့ ဟောက်လို့ သိပ်ကောင်းနေတုန်းပေါ့လေ၊ အဲ သူ့ကိုလဲ အပြစ်တင်စရာတော့ အကြောင်းမရှိပါဘူး၊ သူလဲ အင်မတန် ပင်ပန်းနေမှကိုး၊ အလက်ဆန်ဒြာခများလဲ တစ်ညလုံး အခြေအနေ မကောင်းရှာဘူး၊ အဖျားက သိပ်ကြီးနေတယ်၊ ညသန်းခေါင်လောက်အထိ အိပ်ရာထဲမှာ လူးလိမ့်နေတယ်၊ နောက်တော့လဲ အိပ်ပျော်သွားပုံရပါတယ်၊ ဒါမှမဟုတ် အိပ်မပျော်ဘဲ သည်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ငြိမ်ငြိမ်လေး နေတာလဲ ဖြစ်နိုင်တယ်၊ မီးအိမ်က အခန်းထောင့်က ရုပ်ပွားတော်ရှေ့မှာ ထွန်းထားတယ်၊ ကျွန်တော်ကလဲ အဲဒီအနားမှာ ခေါင်းစိုက်စိုက်နဲ့ ထိုင်နေတယ်၊ တစ်ချက်တစ်ချက်လဲ ငိုက်လို့ပေါ့လေ၊ အဲဒီတုန်း ရုတ်တရက် ကျွန်တော့်စိတ်ထဲမှာ တစ်ယောက်ယောက်က လှမ်းပြီးတို့လိုက်သလို ထင်လိုက်မိတယ်၊ ကျွန်တော် လှည့်ကြည့်လိုက်တော့ လားလား အလက်ဆန်ဒြာဟာ ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်နေတာကိုး၊ နှုတ်ခမ်းကလေး ဟလို့၊ ပါးနှစ်ဖက်ကတော့ မီးတောက်နေသလိုပဲ ရဲနေတယ်။ 'ဘာလဲဟင်' လို့မေးတော့ 'ဆရာရယ် ကျွန်မ သေမှာလား' တဲ့၊ ကျွန်တော်က 'ထာဝရဘုရားသခင်ရဲ့မဟာကရုဏာတော်'... ဆိုတော့ သူက 'ဟင့်အင်း ဆရာ ဟင့်အင်း၊ ကျွန်မ မသေပါဘူးလို့ မပြောနဲ့ မပြောနဲ့နော်၊ ဆရာ အမှန်အတိုင်း သိတယ်ဆိုရင်နော် ဆရာနော်... ဘုရားသခင် ကျေးဇူးတော်အရ ကျွန်မကို အမှန်အတိုင်း ပြောပြပါလားဟင်' တဲ့၊ ပြောရင်းဆိုရင်း သူ့ရင်က လှိုက်ဖိုလာတယ်၊ 'ကျွန်မသေမှာ အမှန်ပဲလို့သာ အသေအချာ သိရရင် ကျွန်မ ဆရာ့ကို အားလုံး ပြောပြမယ်၊ အကုန်လုံးပဲ'၊ 'အလက်ဆန်ဒြာရယ် ကျွန်တော် တောင်းပန်ပါတယ်'

'ဟင့်အင်း ကျွန်မ တစ်ချက်ကလေးမှ အိပ်မပျော်ဘူး၊ ဆရာ့ကို အကြာကြီးစောင့်ကြည့်နေတာ၊ ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ၊ ကျွန်မ ဆရာ့ကို ယုံကြည်တယ်၊ ဆရာဟာ လူကောင်းတစ်ယောက်၊ ရိုးသားဖြောင့်မတ်တဲ့ လူတစ်ယောက်၊



ကျွန်မ အားလုံးကို တိုင်တည်ပြီး ဆရာ့ကို မေးပါရစေ၊ ကျွန်မကို အမှန်အတိုင်း ဖြေပါ၊ ကျွန်မအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာသိရင် ဆရာရယ်၊ ဘုရားသခင်အလိုတော်အရ ကျွန်မကို ပြောစမ်းပါ၊ ကျွန်မ အခြေအနေဟာ စိုးရိမ်ရသလား'၊ 'ကျွန်တော် ဘယ်လိုပြောရမလဲဗျာ'၊ 'ဘုရားသခင်ကို တိုင်တည်ပြီး ကျွန်မ မေးနေတာပါ ဆရာရယ်'၊ 'ကျွန်တော်လဲ ခင်ဗျားကို မညာနိုင်ပါဘူးဗျာ'၊ ကျွန်တော် ပြောလိုက်မိတယ်၊ 'ခင်ဗျား အခြေအနေဟာ စိုးရိမ်ရတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ဘုရားသခင်ဟာ ကရုဏာထားတတ်ပါတယ်'၊ 'ကျွန်မ သေမှာပဲ၊ ကျွန်မ သေမှာပါ' တဲ့၊ အဲဒီနောက် သူ့ကြည့်ရတာ ဝမ်းများသာသွားသလိုပါပဲဗျာ၊ မျက်နှာကလေး ဝင်းလာတယ်၊ ကျွန်တော်လဲ တော်တော် လန့်သွားတယ်၊ 'မကြောက်ပါနဲ့ ဆရာ၊ မကြောက်ပါနဲ့၊ ကျွန်မ သေရမှာ မကြောက်ပါဘူး' တဲ့၊ နောက်တော့ ရုတ်တရက် ထထိုင်ပြီး မေးကလေးတောင် ထောက်လိုက်သေးတယ်၊ 'အခုတော့ ကျွန်မ ဆရာ့ကို ပြောရတော့မယ်၊ ကျွန်မ ဆရာ့ကို အူထဲ အသည်းထဲက ကျေးဇူးတင်ပါတယ်၊ ဆရာဟာ ကြင်နာတတ်တဲ့ လူတစ်ယောက်၊ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူတစ်ယောက်ပဲ၊ ဆရာ့ကို ကျွန်မ ချစ်တယ်' တဲ့၊ ကျွန်တော် သူ့ကိုကြည့်ပြီး မှင်တက်မိသလို ဖြစ်နေတယ်၊ တကယ် တုန်လှုပ်စရာကြီးဗျာ သိလား၊ 'ဆရာကြားရဲ့လား ဆရာ့ကို ကျွန်မ ချစ်တယ်' တဲ့၊ 'အလက်ဆန်ဒြာရယ် ကျွန်တော် ဘယ်မှာသင့်တော်'၊ 'ဟင့်အင်း ဟင့်အင်း ဆရာ ကျွန်မကို နားမလည်ဘူးနော်' တဲ့၊ အဲဒီလိုပြောရင်းက ရုတ်တ

www.burmeseclassic.com



ရက် ကျွန်တော့်ကို လှမ်းဖက်ပြီး နမ်းလိုက်တယ်ဗျ၊ ကျွန်တော်ဗျာ ဖြုန်းခနဲ လန့်တောင် အော်မိတော့မလို့၊ အဲဒီနောက်တော့ ခုတင်ဘေးမှာ ဒူးထောက်ပြီး ခေါင်းအုံးပေါ် မျက်နှာ မှောက်ထားမိတယ်၊ သူလဲ နောက်ထပ် ဘာမှမပြောတော့ဘူး၊ ကျွန်တော့် ဆံပင်တွေကိုသာ လက်ကလေး တုန်တုန်ယင်ယင်နဲ့ ထိုးဖွနေတယ်၊ ကျွန်တော် အသာနားစွင့်ကြည့်လိုက်တော့ သူ ငိုနေတယ်ဗျ၊ ဒါနဲ့ ကျွန်တော်လဲ သူ့ကို ချော့မယ်၊ အားပေးစကား ပြောမယ်ပေါ့ဗျာ၊ ဒါပေမဲ့ ဘယ်လို စပြောရမှန်းလဲ မသိဘူး၊ ဒါနဲ့ပဲ 'ကောင်မလေး နိုးသွားပါဦးမယ်၊ အလက်ဆန်ဒြာရယ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ပြောတာ ယုံပါ၊ နည်းနည်း စိတ်သက်သက်သာသာ နေပါဗျာ' ဆိုတော့ သူက အကျောက်အကန်ပဲ၊ 'ကိစ္စမရှိဘူး၊ ကိစ္စမရှိဘူး၊ ဘယ်သူ့မှ ဂရုမစိုက်နဲ့၊ အားလုံးနိုးရင်လဲ နိုးသွားပါစေ၊ အခန်းထဲ ဝင်လာကြပါစေ၊ ဘာအရေးလဲ၊ ကျွန်မပဲ သေတော့မယ့်ဥစ္စာ၊ ဆရာကကော ဘာကြောက်နေတာလဲ၊ ဘာဖြစ်လို့လဲ၊ ခေါင်းကြီး ထူထားစမ်းပါ ဆရာရယ်၊ ကျွန်မကိုများ မချစ်လို့လားဟင်၊ ကျွန်မ မှားသွားတယ်ဆိုရင်လဲ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ဆရာရယ်' တဲ့၊ 'အလက်ဆန်ဒြာရယ် ဘာတွေ ပြောနေရတာလဲ၊ ကျွန်တော် ချစ်ပါတယ်' ဆိုတော့ သူက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး လက်နှစ်ဖက်ကို ဆန့်တန်းပေးတယ်၊ 'ဒီလိုဆိုရင် ကျွန်မကို ဖက်ထားပေးပါလားဟင်' တဲ့၊ ကျွန်တော် တကယ် ပွင့်ပွင့်လင်းလင်း ပြောတာပါ၊ အဲဒီညက ကျွန်တော် ဘာလို့ ရူးမသွားလဲဆိုတာ ကိုယ့်ဘာသာကိုယ်



စဉ်းစားလို့မရဘူး၊ ကျွန်တော့်လူနာဟာ သူ့ကိုယ်သူ သတ်နေတာပဲဆိုတာ ကျွန်တော်ခံစားနေမိတယ်၊ ပြီးတော့ သူ့စိတ်နဲ့သူ့ကိုယ်ဟာလဲ တင်းပြည့်ကျပ်ပြည့် အတူတကွ မရှိတော့ဘူးဆိုတာ သိနေရတယ်၊ သူ့ကိုယ်သူ ငါသေတော့မှာပဲလို့ မတွေးမိရင်လဲ ကျွန်တော့်ကို စဉ်းစားလာစရာ အကြောင်းမရှိဘူးလို့ ကျွန်တော် နားလည်တယ်၊ ခင်ဗျားကော ဘယ်လို မြင်မလဲ မသိဘူး၊ အသက်နှစ်ဆယ်အရွယ်လောက်မှာ အချစ်ဆိုတဲ့ အရသာကို မခံစားဖူး မတွေ့ဖူးဘဲနဲ့ သေသွားရမယ်ဆိုတာ အတော်ခက်ခဲတယ်ဗျ၊ သူ့ကို နှိပ်စက်နေတာ အဲဒါပဲ၊ အဲဒါကြောင့်ပဲ သူဟာ ကျွန်တော့်ကို မရအရ ကုပ်တွယ်ထားလိုက်တာ ဖြစ်တယ်၊ သူက ကျွန်တော့်ကို အလွှတ်မပေးဘဲ တအား ဖက်ထားတယ်၊ 'ကျွန်တော့်ကို သနားပါဦးဗျာ၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လဲ သနားပါဦး' လို့ ကျွန်တော်က ပြောလိုက်တော့ 'ဘာဖြစ်လို့လဲ' တဲ့၊ 'ဘာတွေ စဉ်းစားနေရဦးမှာလဲ၊ ကျွန်မ မနေရတော့ဘူးဆိုတာ ဆရာလဲ အသိပဲဟာ' တဲ့၊ သူက ဒါပဲ ထပ်တလဲလဲ ပြောနေတော့တာပဲ၊ 'ကျွန်မသာ မသေဘူး နဂိုအတိုင်း ပြန်ကောင်းသွားမှာပဲ ဆိုရင်တော့ ကျွန်မ ရှက်မှာပဲ၊ ဟုတ်တယ်၊ ရှက်မှာပေါ့' 'ဒါပေမဲ့ အခုကော သေမယ်လို့ ဘယ်သူပြောလို့လဲ' 'ဟင့်အင်း ဟင့်အင်း မပြောနဲ့၊ ဆရာ ကျွန်မကို ညာလို့ မရဘူး၊ ဆရာ ညာလဲ မညာတတ်ပါဘူး၊ ကိုယ့်မျက်နှာပဲ ကိုယ်ပြန်ကြည့်ပါဦး'၊ 'မင်းမသေရပါဘူး အလက်ဆန်ဒြာရယ်၊ ဆရာ ကုပေးမှာပေါ့၊ ပြီးတော့ တို့ မင်းအမေကို ဖွင့်ပြောကြမယ်၊ တို့အတူ ပေါင်းကြရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်နေသွားကြမယ်'၊ 'ဟင့်အင်း၊ ဟင့်အင်း၊ ဆရာ ပြောပြီးသား၊ ကျွန်မ သေမှာပါ၊ ဆရာ အသေအချာ ပြောပြီးသား၊ ကတိပေးပြီးသား' တဲ့။ ကျွန်တော့်အတွက်ကတော့ ဘက်ပေါင်းစုံက မရှုမလှခံရတဲ့ ပွဲပေါ့ဗျာ။

ပြီးတော့ တစ်ခါတလေကျတော့လဲ ဘာမဟုတ်တဲ့ အသေးအဖွဲလိုဟာမျိုးကလဲ ကြီးကျယ်ချင်တိုင်း ကြီးကျယ်လာ တတ်တယ်ဗျ၊ ဒီအတိုင်း ကြည့်လိုက်ရင် ဘာမှ မဟုတ်သလို ထင်ရတယ်၊ ဒါပေမဲ့ ခံရတဲ့ လူကတော့ မသက်မသာပဲ၊ ဒီလိုဗျ၊ သူက မေးတယ်၊ ကျွန်တော့်နာမည် ဘယ်လိုခေါ်သလဲတဲ့၊ ဆွေစဉ် မျိုးဆက်နာမည် မဟုတ်ဘူး၊ ကျွန်တော့်ကိုယ်ပိုင်နာမည်၊ ကျွန်တော့်နာမည် ထရီဖွန်လို့ ခေါ်တာကိုက ကံဆိုးဖို့ ဖြစ်လာ တယ်ဗျာ၊ ကျွန်တော့်နာမည် အပြည့်အစုံက ထရီဖွန် အိုင်ဗန်နို ဗစ်ချ်ပါ၊ သူတို့တစ်အိမ်လုံးကတော့ ဆရာလို့ပဲ ခေါ်ကြတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူးပေါ့ဗျာ၊ 'ထရီဖွန်ပါ' လို့ ပြောလိုက်တော့ သူက မနှစ်သက်တဲ့ မျက်နှာမျိုးနဲ့ ခေါင်းခါတယ်၊ ပါးစပ်ကလဲ တတွတ်တွတ်နဲ့ ပြင်သစ်လို ရွတ်နေတယ်၊ မကြိုက်ဘူးပေါ့ဗျာ၊ နောက်တော့ သူက ရယ်တယ်၊ ရယ်တာကလဲ ကျေနပ်လို့ ရယ် တာမျိုး မဟုတ်ဘူးပေါ့ဗျာ၊ အဲဒီတစ်ညလုံး သူနဲ့ ဒီလိုပဲ အချိန် ကုန်တယ်၊ မနက်မလင်းခင် ကျွန်တော် သူ့အခန်းထဲက ထွက်ခဲ့ တယ်၊ လူကလဲ ရူးချင်မူးချင် ဖြစ်နေပြီ၊ ကျွန်တော် သူ့အခန်း ပြန်ဝင်တော့ မနက်လက်ဖက်ရည်သောက်ပြီးတဲ့အချိန်၊ လင်း လင်းချင်းချင်းအချိန် ဖြစ်နေပြီ၊ လားလားဗျာ၊ သူ့ရုပ်ကို မနည်း



ဖမ်းယူရတယ်၊ သေလို့ သချိုင်းတွင်းထဲ ချလိုက်ရတဲ့ လူတွေ တောင် ဒီထက်တော့ ကြည့်ကောင်းဦးမယ်၊ ကျွန်တော် တကယ် ဗျာ ကျိန်တွယ်ပြီး ပြောရဲပါတယ်၊ ကျွန်တော် ဒီအတွေ့အကြုံ တွေကြားက မရူးမသွမ်းဘဲ ဘယ်လို လွတ်မြောက်လာခဲ့သလဲ ဆိုတာ ကျွန်တော့်ဘာသာကျွန်တော် စဉ်းစားလို့ မရဘူး၊ လုံးဝ ကို နားမလည်နိုင်ဘူး၊ လူနာဟာ သုံးနေ့နဲ့ သုံးညတိတိ အသက် ငင်နေသေးတယ်၊ အဲဒီညတွေကတော့ဗျာ သူကလဲ ပြောလိုက် တဲ့ စကားတွေ၊ နောက်ဆုံးညကျတော့ ခင်ဗျားဘာသာပဲ စိတ်ကူး ကြည့်ပေတော့၊ ကျွန်တော်က သူ့အနားထိုင်ပြီး ဘုရားသခင်ကိုသာ 'အရှင်ဘုရား၊ သူ့ကို ခေါ်ယူတော်မူပါတော့၊ တပည့်တော်ကိုလဲ သူနဲ့အတူ အမြန်ဆုံး ခေါ်ယူတော်မူပါ' လို့ ထပ်တလဲလဲ ဆု တောင်းနေမိတယ်၊ အဲဒီတုန်း ရုတ်တရက် အဘွားကြီးက အခန်း ထဲကို မမျှော်လင့်ဘဲ ရောက်လာတယ်ဗျ၊ ကျွန်တော်က ညနေ စောင်းကတည်းက အဘွားကြီးကို မျှော်လင့်ချက် မရှိတော့တဲ့ အကြောင်း၊ ဘုန်းကြီးပင့်ဖို့အကြောင်းတွေ ပြောထားတယ်၊ လူ မမာ က မအေလဲမြင်ရော 'ဟော ... မေမေလာတာနဲ့ အတော်ပဲ၊ သမီးတို့ကို ကြည့်စမ်း၊ သမီးတို့ချင်း ချစ်နေကြပြီးပြီ' တဲ့၊ အဘွား ကြီးက ပြောတယ်၊ 'သူ ဘာတွေ ပြောနေတာလဲ ဆရာ၊ ဘာတွေ ပြောနေတာလဲ' တဲ့။ ကျွန်တော်လဲ အကြီးအကျယ် မျက်နှာပျက် သွားတာပေါ့ဗျာ၊ 'ကယောင်ကတမ်းတွေ ပြောနေတာပါ၊ အဖျား တက်နေတယ်' ဆိုတော့ သူက ဝင်ပြောတယ်။ 'မဟုတ်ဘူး မဟုတ်ဘူး၊ ဆရာ အခုလေးတင်ပြောတာ ဒီလို မဟုတ်ပါဘူး၊

www.burmeseclassic.com



ပြီးတော့ ကျွန်မလက်စွပ်ကိုလဲ ယူထားတယ်လေ၊ ဘာလို့ ညာနေမှာလဲကွယ်၊ မေ့မေက သဘောကောင်းပါတယ်၊ ခွင့်လွှတ်မှာပါ၊ မေမေ နားလည်ပါတယ်၊ ပြီးတော့ ကျွန်မလဲ နေရတော့မှာမှ မဟုတ်တာ၊ ကျွန်မမှာ ညာနေစရာ အကြောင်းမရှိတော့ဘူး၊ ဆရာ့လက်ပေးထားနော်' တဲ့၊ ကျွန်တော် ထခုန်ပြီး အခန်းထဲက တစ်ချိုးတည်း လစ်တာပဲ၊ အဘွားကြီးကတော့ ဖြစ်ကြောင်းကုန်စင်ကို သဘောပေါက်မှာပါ။

'ခင်ဗျားအတွက်ရော ကျုပ်အတွက်ပါ စိတ်ချမ်းသာစရာ မရှိတဲ့အကြောင်းကို ရှည်ရှည်ဝေးဝေး ပြောမနေတော့ပါဘူးဗျာ၊ ကျွန်တော့်မှာ ဒီအကြောင်းတွေ ပြန်တွေးမိတိုင်း စိတ်မချမ်းမသာ ဖြစ်ရတယ်၊ အဲဒီတော့ တိုတိုပဲ ပြောကြစို့ရဲ့၊ ကျွန်တော့်လူနာဟာ နောက်တစ်နေ့မှာပဲ ဆုံးသွားရှာတယ်၊ ဘုရားသခင်က သူ့ကို အနားပေးလိုက်တယ်ပေါ့ဗျာ' ဆရာဝန်က သက်ပြင်းချပြီးနောက် စကားကို အလျင်အမြန် ဆက်ပြန်သည်။ 'သူ ဆုံးခါနီးမှာ တစ်အိမ်သားလုံး အပြင်ထွက်ခိုင်းပြီး ကျွန်တော်တစ်ယောက်တည်း သူ့အနားမှာ နေစေတယ်ဗျ'။

'ကျွန်မကို ခွင့်လွှတ်ပါ ဆရာ၊ ဆရာ့ဘက်က ကြည့်ရင်တော့ ကျွန်မဟာ အပြစ်တင်စရာများ ဖြစ်နေမလား မသိဘူး၊ ကျွန်မရောဂါ...၊ ဒါပေမဲ့ ဆရာရယ်၊ ကျွန်မ ဘယ်သူ့ကိုမှ ဆရာ့လောက် မချစ်ဖူးဘူးဆိုတာ ယုံစေချင်ပါတယ်။ ...ကျွန်မကို မမေ့ပါနဲ့နော် ... ကျွန်မလက်စွပ်ကို သိမ်းထား ...' တဲ့။



ဆရာဝန်က တစ်ဖက်သို့ လှည့်နေသည်။ ကျွန်တော်က သူ့လက်ကို ဆုပ်ကိုင်လိုက်သည်။ သူက

'အင်း၊ တခြားအကြောင်း ပြောကြပါစို့ဗျာ၊ ဒါမှမဟုတ်လဲ ကြေးနည်းနည်းနဲ့ ပရက်ဖရင့်ဖဲ ကစားရအောင်လား၊ ကျွန်တော်တို့လိုလူမျိုးက သိပ်သိမ်မွေ့နူးညံ့တဲ့ ခံစားချက်တွေနဲ့ မအပ်စပ်ပါဘူးဗျာ၊ ကျွန်တော် စဉ်းစားရမှာ တစ်ခုပဲ ရှိတယ်၊ ကလေးတွေ တငိုငိုတယိုယို မဖြစ်အောင်၊ မိန်းမလဲ တဆူဆူတပူပူ မဖြစ်အောင် ထိန်းဖို့ပေါ့ဗျာ၊ နောက်ပိုင်း ကျွန်တော်လဲ ထုံးစံအတိုင်း အိမ်ထောင်ကျတယ်၊ အများပြောကြတဲ့ ပုဆိုးတန်းတင် အကြင်လင်မယားပေါ့ဗျာ၊ အဲ ကုန်သည်တစ်ယောက်ရဲ့ သမီးဗျ၊ သူ့ဘက်က ငွေခုနစ်ထောင် လက်ဖွဲ့တယ်၊ နာမည်ကတော့ အကူလီနာတဲ့၊ ထရီဖွန်နဲ့တော့ လိုက်ပါတယ်၊ မိန်းမက အတော်ဆိုးတယ်ဗျာ၊ အမြဲ ဆူချင်ပူချင်၊ ဒါပေမဲ့ တစ်နေ့လုံး အိပ် အိပ် နေတာဆိုတော့ တော်သေးတာပေါ့ဗျာ၊ ကဲ ဘယ်လိုလဲ ပရက်ဖရင့်ပဲလား'

နှစ်ယောက်သားထိုင်ကာ တစ်မတ်လျှင် ပဲနိဝက်ကြေးနှင့် ပရက်ဖရင့်ဖဲ ကစားကြသည်။ ထရီဖွန် အိုင်ဗန်နိုဗစ်ချ်က ကျွန်တော့်ထံမှ ငွေနှစ်ရူဘယ်ခွဲ နိုင်သွားသည်။ သူပြန်တော့ ညအတော် နက်နေပြီ။ သူက ဖဲနိုင်သဖြင့် ပျော်၍ သွားလေသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ဖြတ်သန်းရမည့် ပေါင်းကူးတံတား*

တိုကျိုက ဟိုတယ်တစ်ခုမှာ မနက်ငါးနာရီလောက်ကြီး ကျွန်မ နိုးလာသည်။ မျက်စိအကျယ်သားနှင့် လုံးဝ ရှင်းရှင်းလင်းလင်းကြီး နိုးလာခြင်း ဖြစ်သည်။

-ကျွန်မကို တစ်ယောက်ယောက်ခေါ်နေသည်ပဲ။ အသံနှင့်တော့ မဟုတ်။ သို့တည်းမဟုတ် အသံကို ကျွန်မ မကြားရ။ သို့သော် တစ်နည်းနည်းနှင့် ခေါ်နေတာတော့ အမှန်။

အိပ်ရာထဲမှာပဲ ငြိမ်သက်စွာ လှဲကာ ကျွန်မ စောင့်စားနားစွင့်နေမိသည်။ တစ်ယောက်ယောက် ကျွန်မကို ဆက်သွယ်ဖို့ ကြိုးစားနေတာ မုချဟု ကျွန်မ သိနေသည်။

---

* **Pearl S. Buck** **A Bridge for Passing**

www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီမတ်တင်းမှာ တယ်လီဖုန်းမြည်လာသည်။ ဘာသတင်းလာမည်ဆိုတာ ကျွန်မ ချက်ချင်းသိလိုက်သည်။ "ပင်လယ်ရပ်ခြားဖုန်းပါ၊ အမေရိကန်ပြည်ထောင်စု ပင်ဆီလ်ဗေးနီးယားက ဆက်နေတာပါ၊ ပြောဖို့ အဆင်သင့်ဖြစ်ပါပြီလား" ဆက်သွယ်ပေးသည့် အသံရှင်က ပြောနေခြင်း ဖြစ်သည်။

အဲသည်နောက်မှာတော့ သမီးအသံကို ကြားရသည်။ ကုန်းမြေနှင့် ပင်လယ်သမုဒ္ဒရာကို ဖြတ်သန်းကာ ခရီးမိုင် ထောင်ပေါင်းများစွာဝေးသော အရပ်မှ လှမ်း၍ ပြောနေသည့် သမီး၏ အသံ။

"မေမေလားဟင်"

"ဟုတ်တယ် သမီး"

"မေမေ၊ မေမေ့ကို တစ်ခုပြောရမှာမို့ မေမေ" သမီးအသံက တိမ်သွားချင်သလိုလို။ အဲသည်နောက်တော့ ရှင်းလင်းစွာပင် သမီး ဆက်ပြောသည်။ "မေမေ၊ ခုမနက်ပဲ ဖေဖေ အိပ်ပျော်နေရင်း ဆုံးသွားတယ်"

"မေမေလဲ သမီး အဲဒါပဲ ပြောလိမ့်မယ် ထင်နေတာ"

"မေမေ ဘယ်လိုသိလဲဟင်"

"ဒီလိုပဲသိတယ် သမီး"

"မေမေ အိမ်ပြန်လာမှာပေါ့"

"ဒီနေ့ပဲ ပထမဆုံးဂျက်နဲ့ လာခဲ့မယ်"

အခိုက်အတန့်အဖို့ ကျွန်မစိတ်တွင် နောင်တရမဆုံးဖြစ်သွားမိသည်။ ငါထွက်လာဖို့ကို မကောင်းဘူး၊ ဒီကိုသာ



မလာခဲ့မိရင် သူ ခွဲခွာမယ့်အချိန်မှာ ငါ ရှိနေမှာ၊ ... စသဖြင့်။ သို့သော် အတော်လေးကြာတော့ သည်အတွေးတွေ ကျွန်မ ပြန်၍ သိမ်းဆည်းထားလိုက်တော့သည်။ အဲသည် နောက်ဆုံးအချိန်နှင့် ပတ်သက်၍ ဆရာဝန်နှင့် အကျေအလည် ဆွေးနွေးမေးမြန်းခဲ့ပြီးပြီပဲ။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ကျွန်မ ဂျပန်ပြည်သို့ ဖိတ်ကြားခြင်းခံခဲ့ရသည်။ ကျွန်မ၏ "The Big Wave" ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးမည်ဖြစ်ရာ ယင်းအတွက် လိုအပ်ချက်များ လုပ်ဆောင်ပေးရန် လှမ်းခေါ်ကြခြင်း ဖြစ်သည်။ သို့သော် သည်အချိန် ကျွန်မသွားလို့ ဖြစ်ပါမည်လား။ သွားကော သွားသင့်ရဲ့လား။

"သွားစရာရှိတာ သွားသာသွား" ဆရာဝန်က ဆိုသည်။ "ဒါက နောက်နှစ်ပေါင်းများစွာ ကြာချင်ကြာမယ်၊ မနက်ဖြန်လဲ ဖြစ်ချင်ဖြစ်မယ်၊ အဲဒီတော့ ခင်ဗျား နဂိုနေရိုးနေစဉ်အတိုင်း နေနိုင်အောင်သာ နေပါ၊ သူ့ကိစ္စက ခင်ဗျား ဘယ်လိုမှ ကာကွယ်တားဆီးနိုင်တာမှ မဟုတ်ဘဲ"

ပြီးခဲ့သည့် ခုနစ်နှစ်ကျော်ကျော်ကာလက သူ ပထမဆုံးအကြိမ် လေဖြတ်သွားခဲ့သည်။ အဲသည်အချိန်ကစပြီး ကျွန်မအပေါ် ကြင်နာတတ်လှစွာသော ခင်ပွန်းလည်းဖြစ် ဉာဏ်အမြော်အမြင်ရှိလှသည့် အဖော်ကောင်းလည်းဖြစ်သော သူသည် ကျွန်မအလွန်ရင်းနှီးကျွမ်းဝင်လှသော ပုဂ္ဂိုလ်ဘဝမှ အခြားတစ်ပါးသောလူ တစ်ယောက်အဖြစ်သို့ ကူးပြောင်းသွားခဲ့သည်၊ ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



ယုံစားအားထားနေရသည့် ကလေးငယ်တစ်ယောက်၊ နို့စို့သူငယ် သဖွယ် အားကိုးရာမဲ့သူတစ်ယောက် ဖြစ်သွားခဲ့သည်။ အရင်တုန်းကလိုပင် သူက စိတ်ရှည်သည်းခံတတ်သူ ချစ်ခင်စရာကောင်းသူအဖြစ် ဆက်လက်တည်ရှိနေပါသေးသည်။ သို့သော် သူနှင့် ကျွန်မအကြား ကူးလူးဆက်ဆံနိုင်ခြင်းကား မရှိတော့ ဘာသာစကား တိုးမပေါက်တော့ပြီ။ သူ့အမြင်အာရုံတွေ ချုတ်ယွင်းခဲ့ပြီ။ ဦးနှောက်ကလည်း အိပ်စက်နေသော အဆင့်လောက် မှာသာ ရှိတော့ပြီ။

***

ဂျက်လေယာဉ်က တိုကျိုမှ ညသန်းခေါင်ယံတွင် စတင်ထွက်ခွာသည်။ မထွက်ခွာမီ အဲသည်တစ်နေ့လုံး မိတ်ဆွေတွေ ကျွန်မနှင့် အတူရှိကြသည်။ သူတို့၏ ချစ်ခင်ကြင်နာမှုတွေ ကျွန်မကို ထွေးပိုက်လျက် ရှိခဲ့သည်။ ယခုတော့ ကျွန်မတစ်ဦး တည်း ရှိလေပြီ။

ပူဆွေးသောက ဟူသည် အလွယ်တကူ ဖြေဖျောက်၍ ရနိုင်သည့် အရာမျိုး မဟုတ်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း အတန်ကြာကပင် ကျွန်မ အလေ့အကျင့်တစ်ခု ရခဲ့ပြီး ဖြစ်ပါသည်။ အရှိအမှန် အခြေအနေကို ၎င်းအတိုင်း ခံယူတတ်သည့် အလေ့အကျင့်။ ယင်းတွင် ပထမအဆင့်က ပကတိ အရှိအနေ အထားအတိုင်း မိမိက လိုက်လျောအလျှော့ပေးလိုက်ခြင်း ဖြစ်သည်။



သည်ကိစ္စက အဓိကအားဖြင့် စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်တစ်ခု။ သို့သော် ကိုယ်နှင့်စိတ်ဆိုသည်က ဆက်စပ်နေသည်။ စိတ်ဖြစ်စဉ်အပြောင်းအလဲအတွက် ကိုယ်က စတင်ပေးရသည်။

လေယာဉ်ထိုင်ခုံတွင် ခါးပတ် ပတ်လျက် ထိုင်နေရာက ကျွန်မ ကိုယ့်ခန္ဓာကိုယ်ကို တဖြည်းဖြည်းချင်း ဖြေလျှော့ချသည်။ ကြွက်သားတွေ အရိုးအဆစ်တွေ တောင့်တင်းထားတာတွေ တစ်ခုချင်း ဖြေသည်။ ခုခံမှုတွေ လျှော့သည်။ ဘာကိုမျှ တွန်းလှန်ရုန်းကန်မှု မပြုတော့။

လာပါစေ၊ ဘာတွေပဲလာလာ လက်ခံရတော့မည်။ ဖြစ်ပြီးသည့်ကိစ္စကို ကျွန်မ ပြောင်းလဲနိုင်သည်မှ မဟုတ်ဘဲ။

လွန်ခဲ့သည့် ၂၅ နှစ်ကျော်ကာလ ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့မှာ သူနှင့် စတွေ့ရသည့်နေ့ကို အမှတ်ရမိသည်။ ရစ်ချတ် ဝေါ့ရှ်။ ကျွန်မ ခင်ပွန်းလောင်း။

သူက ကျွန်မ၏ ပတ်ဗလစ်ရှာ ဖြစ်သည်။ ကျွန်မ တရုတ်ပြည်မှ ရောက်လာခါစ။ လူချင်း မဆုံဖူးသော်လည်း သူ့ထံမှ ပေးစာများအရ သူ့ကို ကျွန်မ တစ်စွန်းတစ်စတော့ သိပြီး ဖြစ်သည်။ သူက ပေးစာအရေးကောင်းသည်။ သူ့စာတွေက ကျွန်မ ဖတ်ဖူးသမျှ စာများထဲတွင် အသွက်လက်ဆုံး၊ ဆွဲဆောင်မှု အရှိဆုံး ဖြစ်သည်။

မွန်ထရီယယ်ဘူတာရုံမှာ သူ့ကို ပထမဆုံး စတွေ့ဖူးရသည်။ နေညိုရောင် အသား၊ ထူးထူးခြားခြား ပြာလဲ့သော မျက်လုံးများနှင့်။ ကျွန်မက ပင်ကို ရှက်တတ်သူဖြစ်၍ ဘာသာစကားမှ

www.burmeseclassic.com

www.burmeseclassic.com



ပြောမထွက်။ သူကတော့ လုံး၀ အေးအေးဆေးဆေး သွက်သွက် လက်လက်။ နောက်တစ်သက်လုံးလည်း သူက ဘယ်နေရာမှာ ဘယ်သူဘယ်ဝါနှင့်ဖြစ်ဖြစ် ၎င်းအတိုင်း စိတ်လက်ပေါ့ပါးစွာ ဆက်ဆံပြောဆိုတတ်သူ ဖြစ်ခဲ့သည်။

ကြည့်စမ်း။ ကျွန်မ ဘဝသက်တမ်း ပထမတစ်ဝက်လုံး လောက်မှာပင် သူဆိုသော လူတစ်ယောက် လောကကြီးမှာ ရှိနေ တာ ကျွန်မ မသိခဲ့ရ။ တကယ့်ကို မယုံနိုင်ချင်စရာ။ ကျွန်မတို့ တွေ့ကြတော့ နှစ်ယောက်လုံးပင် ဘဝပထမပိုင်း ဖူးရွယ်စဉ်ကာလ ကို ကျော်လွန်ခဲ့ကြပြီ။ အဆင်မပြေသော အိမ်ထောင် အသီးသီး အတွက် စိတ်ပျက်ဖူးခဲ့ကြပြီ။ ပြီး ... နှစ်ယောက်လုံးပင် မိမိတို့ နယ်ပယ်အသီးသီးတွင် အောင်မြင်ထင်ရှားနေခဲ့ကြပြီ။

နယူးယောက်မှာ၊ စတော့ဟုမ်းမှာ၊ လန်ဒန်–ပါရီ– ဗင်းနစ်မြို့များမှာ၊ တောက်လျှောက်ပင် ကျွန်မ သူ့ကို ပြတ်ပြတ် သားသား ငြင်းခဲ့သည်။ သည်နောက် ကျွန်မနေထိုင်ရာ တရုတ် ပြည်သို့ သင်္ဘောဖြင့် ပြန်ခဲ့သည်။ သို့သော် နောက်နှစ် နွေဦးရာသီ နယူးယောက်သို့ ပြန်ရောက်သည့်အခါတွင်တော့ ကျွန်မ တင်း ထားသမျှ လျှော့ပေးလိုက်မိတော့သည်။ ဇွန်လထဲမှာ ကျွန်မတို့ လက်ထပ်ဖြစ်ခဲ့ကြသည်။

နာရီကို ကြည့်မိတော့ မနက်သုံးနာရီ ရှိသွားပြီ။ ဘဝ အတွက် အလွန်ကြီးမားလှသည့် အပြောင်းအလဲကြီးကို ရင်ဆိုင်ဖို့ အဆင်သင့် မဖြစ်နိုင်သေးသည့် ကျွန်မ စိတ်အာရုံတွေက အစဉ် အမြဲတည်သည့် နောင်တမလွန်ဘဝဆိုသည်ကို စဉ်းစားတွေး



တောနေမိသည်။ သေခြင်းဟူသည် အပြောင်းအလဲတစ်ခုမျှသာ ဖြစ်သည်ဆိုပါစို့၊ မည်သို့သော အပြောင်းအလဲမျိုးနည်း။ သူ ကတော့ သိနေချေပြီ၊ ကျွန်မသာ မသိနိုင်သေး။ အိပ်ပျော်နေဆဲ အခိုက်အတန့် တစ်ခုမှာ သူ ကွယ်လွန်သွားခဲ့သည်။ သည် တစ်ဒင်္ဂမှာ သူ ရှင်သန်နေသည်၊ နောက်တစ်ဒင်္ဂ၌ အသက်မရှိ တော့။ အပြောင်းအလဲက လျင်မြန်လှပါဘိ။

***

*အခုချိန် သူ ဘယ်ဆီရောက်နေသလဲကွယ်၊ ကမ္ဘာမြေကြီးရဲ့ အထက် ဟောဒီ အလွန်မြင့်တဲ့နေရာမှာ ကိုယ် ရောက်နေတာ သူမှ သိပါရဲ့လား၊ သူကိုယ်တိုင်ရော ဒီမှာ ရှိနေလေသလားဟင်၊ ဒါမှမဟုတ် ဟင်းလင်းပြင်အာကာသဆိုတဲ့ တံတိုင်းကြီးရဲ့ ဟိုမှာဘက်ဆီများ ရောက်နေချေပြီလား။*

***

သည်မေးခွန်းတွေ ကျွန်မ အတင်းအကျပ် မေးနေမိ သည်။ နောက်တော့မှ အလန့်တကြား ကိုယ့်ဘာသာကိုယ် ပြန်ရုပ်သိမ်းလိုက်ရသည်။ တကယ်တမ်းကျတော့ အဖြေမှန်ကိုမှ ကျွန်မ မသိချင်တာ။ တကယ်လို့ သူသာ တစ်နေရာမှာ ရှိနေဦးမယ် ဆိုရင် သူ့တစ်ကိုယ်တည်း စောင့်မျှော်နေရတာ ဘယ်လောက် ပင်ပန်းရှာလေမလဲ။ သူဘယ်မှာမှ မရှိတော့ဘူးဆိုတဲ့ အတွေးမျိုး ကိုလည်း ကျွန်မ လက်ခံနိုင်စွမ်း မရှိပါ။ သူ့အဖြစ်မျိုးက ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကြုံတွေ့ရတဲ့အချိန်ထိ ကျွန်မ စောင့်မည်။ အကယ်၍ သေလွန်ပြီးသည့်နောက်တွင် ကျွန်မတို့ မရှိတော့ဘူး မဟုတ်၊ ကျွန်မ မျှော်လင့်ယုံကြည်သည့်အတိုင်း ရှိနေသေးသည် ဆိုလျှင်တော့ အဲသည် တမလွန်ကို ခြေချစမှာပဲ သူ့ကို ကျွန်မလှမ်းပြီး "ဟောဒီမှာ ကျွန်မ ရောက်လာပြီလေ၊ အခုတော့ ကျွန်မတို့ နှစ်ယောက်လုံး သိကြရပြီပေါ့" လို့ အောင်ပွဲခံသည့် လေသံနှင့် ပြောလိုက်မိမှာ မုချ။

***

ဂျက်လေယာဉ်ကို လှမ်းခြုံလာသည့် အရုဏ်ဦးရောင်ခြည်က အံ့သြစရာ လှပလွန်းလှသည်။ လေယာဉ်က ထွက်ပြူစ နေအရုဏ်ဆီသို့ ဦးတည်ပျံသန်းနေသည်။ ရှေ့တူရူတွင် ခုံးကွေးကွေး ကမ္ဘာလုံး၏ အနားစွန်း တစ်စိတ်တစ်ဒေသ။ သူ့အထက် ကပ်လျက်က အလင်းရောင်တွေ ဖြာထွက်လာနေသည်။ ကြော့ကြော့မော့မော့ ပြင်ဆင်ထားသည့် လေယာဉ်မယ်လေးတစ်ယောက် သစ်သီးဖျော်ရည်နှင့် ဧည့်ခံရန် အသင့်ရှိနေပြီ။

စင်စစ် အစာ စားသောက်ခြင်း ရေမိုးချိုး အဝတ်အစားလဲခြင်းစသည့် မလုပ်မဖြစ်သော အခြေခံကိစ္စလေးတွေသည် လူအား အပေါယံကြောသာ မဟုတ်ဘဲ ခန္ဓာကိုယ်ယန္တရား၏ သဘာဝအရပ်၊ နှစ်သိမ့်မှုပေးနိုင်သောသဘော ရှိပါသည်။ သို့သော် အဲသည်အချိန်က ကျွန်မ မှန်သာ ကြည့်မိသည်၊ စိတ်ထဲတွင်တော့ ငါ့ရုပ်ဆင်းသဏ္ဌာန်နဲ့ပတ်သက်လို့ နောင်တစ်သက်လုံး



ငါ ဂရုစိုက်တော့မှာ မဟုတ်ဘူးဟူ၍ တွေးနေမိခဲ့သည်။ ကျွန်မ ရုပ်သွင်နှင့်ပတ်သက်၍ နှစ်သက်ချီးမွမ်းစကားများ သူ့နှုတ်က ကြားရတော့မည်မှ မဟုတ်တာ။ (ကျွန်မရုပ်ရည်ကို သူ ချီးမြှောက်ပြောဆိုသည့် မည်သည့်စကားတစ်ခွန်းကိုမျှ ကျွန်မ ယုံကြည်ခဲ့ဖူးသည် မဟုတ်ပါ။ သို့သော် မိန်းမသားပီပီ သူ အဲသလိုပြောသည့် စကားတွေကိုတော့ ကျွန်မ နှစ်သက်မိတာ အမှန်ပင်။)

ခါတိုင်းလိုပင် ရှည်လျားသော ကျွန်မဆံပင်တွေကို ဖြီးသင်မိတော့ သည်ဆံပင်တွေက ကျွန်မကို နှိပ်စက်ပြန်ပါသည်။ ငယ်ငယ်တုန်းကတော့ အမေက ကျွန်မဆံပင်ကို အခွေအလိပ်ကလေးတွေ လုပ်ပေးသည်။ ကျစ်ဆံမြီး ကျစ်ပေးသည်။ ဒါတွေ ကျွန်မ မကြိုက်။ အဲဒါတွေ ဖြတ်ပစ်ချင်သဖြင့် ငါ မြန်မြန်လူကြီးဖြစ်ပါစေ ဆုတောင်းသည်။ ကိုယ့်သဘောနှင့်ကိုယ် လုပ်ခွင့်ရသည့်အခါ အဲဒါတွေအားလုံး တကယ်ပင် ဖြတ်ပစ်သည်။ နောက်ပိုင်းကျတော့မှ သူကြိုက်သည်ဆိုသဖြင့် ပြန်ပြီး အရှည်ထားခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ပြန်ဖြတ်၍ရပေပြီ။ သူမှ မမြင်နိုင်တော့တာ။ သို့သော် ချက်ချင်းပဲ ကျွန်မ ပြန်တွေးမိသည်။ ကျွန်မ ဘယ်တော့မှ ဖြတ်မိလိမ့်မည် မဟုတ်ပါ။ ယခုဆိုလျှင် ရွှေရောင်ဆံနွယ်တွေက ငွေရောင်အဖြစ်သို့ ကူးပြောင်းလာခဲ့ပြီ။ သို့သော်သည် ဆံပင်တွေကို ဖြတ်ဖို့တော့ မဖြစ်နိုင်။

လေယာဉ်ထဲရှိ လူအားလုံး နိုးထလာကြပြီ။ များမကြာမီ စကားစမြည်ပြောဆိုကြရတော့မည်။ သို့သော် ကျွန်မ သိနေသည်။ ကျွန်မအားမှာ လူတွေ ဘယ်လောက်ဝိုင်းနေသည်ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်တွင်းမှာတော့ ယခုအချိန်မှစ၍ ထာဝရ အထီးကျန် ဖြစ်နေပေတော့မည်။ ခရီးသွားရခြင်းက ကျွန်မတို့အတွက် အစဉ် ပျော်ရွှင်ဖွယ်ဖြစ်ခဲ့သည်။ သူက အလွန်နှစ်သက်စရာကောင်း သည့် ခရီးသွားဖော်ကောင်းတစ်ယောက်။ ရောက်လေရာမှာ ကြည့်စရာ ဘာတွေရှိသည်ဆိုတာ၊ ဘယ်တွေ ကျွန်မတို့ သွား သင့်သည်ဆိုတာအားလုံး သူသိပြီးသားချည်း ဖြစ်သည်။ ကျွန်မ ဘာမှ တွေးတောစီစဉ်နေစရာ မလို၊ သူခေါ်သည့်နောက်သို့ ပျော်ရွှင်ပေါ့ပါးစွာ လိုက်ခဲ့သည်ချည်း ဖြစ်သည်။

အဲသည်တုန်းက ပျော်စရာကောင်းလိုက်တာ။ အတူနေ ရသည့် နှစ်ကာလတွေ ကျေနပ်စရာကောင်းလိုက်တာ။

နယူးယောက်မှာ ကျွန်မတို့ ပထမဆုံး ကလေး နှစ်ယောက် စမွေးစားပြီး မိဘများဘဝကို ခံယူကြသည်။ သူက အမြဲပဲ မိသားစုကြီးကြီးကို လိုချင်တောင့်တခဲ့သည်။ သား သုံးယောက် သမီးခြောက်ယောက်အထိ ဖြစ်လာတော့ ကျွန်မတို့ တကယ်ပဲ ပျော်ခဲ့ကြသည်။ သမီးအငယ်ဆုံးလေးက အမေရိကန် ကပြားမလေး။ လွန်ခဲ့သော ၁၁ နှစ်ကမှ ကျွန်မတို့ထံ ဂျပန်က ရောက်လာသူ။ နဂိုကပင် တောနယ်ပိုင်းမှာ သွားနေချင်လှသည့် ကျွန်မတို့အဖို့ သည်ကလေးတွေ အများကြီးနှင့် ဖြစ်လာတော့ မလွှဲမရှောင်သာပင် ရွှေ့ပြောင်းဖြစ်ကြရသည်။ ပင်ဆီလ်ဗေးနီး ယားက ခြံတစ်ခုသို့ ကျွန်မတို့ ပြောင်းကြသည်။ အဲသည်မှာ ကလေးတွေကို သူ တင်းနစ်သင်သည်၊ ဆော့စ်ဘောသင်သည်၊ ဂေါက်ရိုက်သင်သည်၊ ရေကူးနှင့် မြင်းစီးပါ သင်ပေးသည်။



ထိုင်ခုံနောက်ကျောမှာ ခေါင်းမှီ၍ထိုင်ရင်း အဲဒါတွေ ပြန်မြင်ယောင်အမှတ်ရကာ ကျွန်မ ပြုံးမိသေးသည်။ ထူးဆန်း သော ငြိမ်းချမ်းမှု၊ နွေးထွေးမှုနှင့် ရှင်သန်မှုတစ်ခု ကျွန်မကိုယ်ထဲ ဖြတ်သန်းစီးဆင်းလာသလို ခံစားလိုက်ရသည်။

***

နယူးယောက်သို့ လေယာဉ်ဆင်းသက်တော့မည်ဖြစ် ကြောင်း လေယာဉ်တွင်း စကားပြောစက်မှ ကြေညာသံ ထွက်ပေါ် လာသည်။ မိတ်ဆွေတွေနှင့် မျက်နှာချင်းဆိုင်ရဦးမည်။ မိသားစု နှင့် ပြန်တွေ့ရတော့မည်။ ရုတ်တရက်အဖို့ ကျွန်မ တွေးကြောက် သလိုပင် ဖြစ်သွားသည်။ ကျွန်မ ခရီးစဉ်အကြောင်း ဘာမှမသိ သူတွေ၏ အရိပ်အာဝါသအောက်မှာ လောလောဆယ် ကျွန်မ နည်းနည်း သက်သာသလို ရှိနေသည်။

လေဆိပ်မှာ သမီးကြီးနှစ်ယောက် စောင့်ကြိုနေသည်။ သူတို့နှစ်ယောက်၏ မျက်နှာတွေကို ကြည့်ကာ စောစောက ပေါ်ခဲ့သည့် ကျွန်မကြောက်စိတ်တွေ လွင့်ပါးပျောက်ကွယ်သွား သည်။ ကျွန်မ ချစ်မိသူတွေ ကျွန်မကိုလည်း ချစ်ကြသူတွေနှင့် တွေ့ရသည့်အခါ ကျွန်မ ပိုပြီး နေသာထိုင်သာ ရှိလာသည်ပဲ။

ပင်ဆီလ်ဗေးနီးယားရှိ နေအိမ်သို့ ကားဖြင့်လာရာ လမ်းတစ်လျှောက် သမီးအိမ်ထောင်ရှင်မက ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြသည်။ အဲသည်နေ့မတိုင်မီ နှစ်ရက်အထိ သူက ဧဂို အခြေ အနေအတိုင်း။ အဲသည်နေ့ မနက်စောစော သမီးက စမ်းချောင်း

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ဖက်မှာ ရှိသည့် သူတို့အိမ်မှနေ၍ ကလေးတွေနှင့်အတူ ခါတိုင်းလိုပဲ လာလည်သည်။ ကလေးတွေက ဘိုးအေနုတင်ပေါ် ချိတ်တက်ကြ နမ်းကြသည်။ သူတို့သွားကြပြီး အတော်လေး ကြာ၍ သမီးနောက်တစ်ခေါက် ပြန်လာကြည့်သည့်အခါ သူ အသက်မရှိတော့။ အဖြစ်အပျက်က ရိုးရိုးစင်းစင်းလေးဆိုတော့ သမီးပြောပြသမျှမှာ ကျွန်မ နားမခံသာစရာ မပါ။

နောက်ဆုံးတော့ အိမ်ခြံဝင်းအဝင် လမ်းကလေးသို့ ရောက်လာသည်။ ကျွန်မကို အိမ်မှာ ခြံမှာ ရုံးများမှာ အမြဲကူညီ ကြသည့် ကြင်နာသူတွေ ယခုအိမ်က စောင့်ကြိုနေကြသည်။ အနယ်နယ်အရပ်ရပ်မှာ ရောက်ရှိနေကြသည့် ကျွန်မတို့၏ ကလေး တွေလည်း စုံစုံညီညီ ရောက်၍နေပြီ။

သူက အိပ်ရာပေါ်မှာ။ မျက်လုံးတွေ မှိတ်လျက်။ လက် နှစ်ဖက်က ဆီးမှာ ကျနေသည်။ သူနှစ်သက်ခဲ့သည့် ခိုပြာရောင် သက္ကလပ်ပျော့ဝတ်စုံနှင့်။ ပြီးခဲ့သည့် ခရစ္စမတ်တုန်းက ကျွန်မ လက်ဆောင်ပေးခဲ့သည့် အပြာရင့်ရောင်လည်စည်းနှင့်။ တချို့ တစ်ဝက်ပဲ ဖြူသေးသည့် သူ့ဆံပင်ကို နောက်လှန်၍ ဖြီးပေးထား သည်။ မျက်နှာပေါ်ရှိ အရေးအကြောင်းတွေ မှေးမှိန်ကွယ်ပျောက် ကာ သူ့မျက်နှာက ပြန်၍ နုပျိုနေသည်။ နှုတ်ခမ်းတွေက လှုပ်ရှား ခြင်း ကင်းမဲ့လျက်ရှိသည်။ ကျွန်မ သူ့လက်ကို ကိုင်တွယ် ကြည့်မိသည်။ အစဉ်နွေးထွေးနေလေ့ရှိပြီး အထိအတွေ့ကိုလည်း သိလွယ် တုံ့ပြန်လွယ်တတ်သော သူ့လက်က ယခုတော့ အေး စက်လျက်ရှိပြီ။



နောက်နေ့တွင် သူချစ်သော စာအုပ်တွေကြား စာကြည့် ခန်းထဲမှာ ကလေးတွေ စီစဉ်ထားသည့်အတိုင်း ဝတ်ပြုပွဲလေး တစ်ခု အကျဉ်းရုံး ပြုလုပ်သည်။ အဲသည်နောက်မှာတော့ သူ့ မိဘများ မြှုပ်နှံရာ နယူးယောက်ရှိ မိသားစုသင်္ချိုင်းသို့ ခရီးရှည် ကြီး မောင်းနှင်ကြရသည်။

သည်ခရီးအကြောင်း တွေးမိတိုင်း ကျွန်မ ပြန်သတိရမိ တတ်တာတစ်ခု ရှိသည်။ အဲသည် ကြေကွဲစရာ ခရီးတစ်လျှောက် ပရိဒေဝမီး အကြီးအကျယ် လောင်မြိုက်ခြင်း ခံနေရသည့်ကြားက နောက်ဘက်ကို အမှတ်မထင် လှမ်းကြည့်မိစဉ် မြင်ရသော ရှုခင်း တစ်ခု။

နှေးကွေးစွာ မောင်းနေသည့် အနက်ရောင် ကားတန်း ကြီး နောက်ဆုံးတွင် အနီရောင် စတေရှင်ဝက်ဂွန်းကားနှစ်စီး ပါလာသည်။ မီးသတ်ကားရောင် အနီရဲရဲ။

ကျွန်မ ချက်ချင်း မှတ်မိလိုက်သည်။ တစ်စီးက ကျွန်မ ၏ ဒုတိယသားရဲ့ကား။ နောက်တစ်စီးက သားနည်းတူ လူငယ် လူရွယ်စိတ် ရှိလှသည့် ကျွန်မသမက်စီးသည့်ကား။ ကျွန်မ ဂျပန် မသွားမီ သူတို့ ကျွန်မဆီ သည်ကားတွေယူလာပြီး ပြကြတော့ ရုတ်တရက် ကျွန်မ တွန့်သွားမိသည်။ သို့သော် နောက်တော့ လည်း သူတို့ကားလေးတွေ လှလွန်းလို့ အရမ်းသဘောကျသည့် ဟန် ကျွန်မ ပြောဖြစ်ခဲ့သည်။ ယော ယခုတော့ သူတို့က နံနက် ခင်း နေရောင်ခြည်မှာ တောက်ပရွှင်လန်းစွာဖြင့် လိုက်ပါလာနေ ပြီ။ ဝမ်းနည်းကြေကွဲသည့်ကြားက ရယ်မောချင်စိတ်တွေ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ကျွန်မ မျက်ရည်တွေ တားမနိုင် ဆီးမရ ကျဆင်းလာပြန်သည်။ ကြည့်စမ်း၊ သူ မြင်စေချင်လိုက်တာ။ သူ့အတွက်သည်အခမ်းအနားမှာ ဂုဏ်ပြုလိုက်ပါလာကြသည့် အနီရဲရဲ စတော်ရှင်ဝက်ဝွန်းကားနှစ်စီးကိုသာ ကြည့်ရမြင်ရမည်ဆိုလျှင် သူ ဘယ်လောက် ရယ်မောလိုက်ပါမည်နည်း။

***

*ကြည့်စမ်း ဘာကြောင့် "ရယ်မောလိုက်ပါမည်နည်း" လို့ ကျွန်မ ပြောမိလိုက်ရသလဲ။ တစ်နေ့ရာကနေ "သူ" ရယ်ချင် ရယ်နေမှာပါ။ ဟုတ်တယ် မဟုတ်လား။ ဒါလည်း ဖြစ်နိုင်တာပဲ မဟုတ်လား။ ကျွန်မကတော့ မလျှော့သေးဘူး။ နောက်ဆုံး . . . တဲ့အထိ။*

***

ဘုန်းတော်ကြီးက နိဂုံးစကား ပြောနေပြီ။ သားတွေ ကျွန်မဆီမှာ ရပ်နေကြသည်။ သမီးများက ကျွန်မကို ကားဆီသို့ ပြန်လည်ခေါ်ဆောင်သည်။ တိတ်ဆိတ်ငြိမ်သက်လှသည့် နောက်ဆုံးအချိန်လေး။ သူ့ကို ချန်ထားရစ်ခဲ့ရတော့မည်။ အိမ်ပြန်ရောက်လျှင် ဟာလာဟင်းလင်း။ အဲသည်ချိန် ခံစားချက်တွေ ကျွန်မ ဖော်ပြနိုင်စွမ်း မရှိပါ။

သို့သော် အလားတူ အနေအထားမျိုး ကြုံရသည့် အခြားအမျိုးသမီးများအတွက် ကျွန်မ ပြောနိုင်တာတစ်ခုတော့ ရှိပါသည်။ သည်အဖြစ် သည်အခိုက်အတန့်မျိုးကို ကျွန်မတို့



ရှောင်ရှား၍ မရနိုင် ဆိုသည့်အချက်။ မလွဲမရှောင်သာ ကျွန်မတို့ ကြုံတွေ့ဖြတ်သန်းရပါမည်။ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ်ပင် ဖြတ်သန်းရပါလိမ့်မည်။ "အချိန်ကြာရုံနဲ့ ခံစားချက်က လျော့ပါးမသွားဘူး၊ ပိုပြီးသာ ပြင်းထန်လာတယ်" ခင်ပွန်းသည် မရှိရှာတော့သည့် သူငယ်ချင်းတစ်ယောက်ကတော့ ကျွန်မအား အဲသလိုပင် ပြောဖူးသည်။

ကျွန်မ၏ အိမ်သည်ပင်လျှင် ပြောင်းလဲသွားသည်။ အရင်တုန်းက ကျွန်မ ခရီးသွားပြီး ပြန်လာလျှင် အိမ်သည် လုံခြုံရာ၊ နွေးထွေးရာ၊ ကျွန်မအတွက် ခိုလှုံရာ။ ယခုတော့ မဟုတ်ပြီ။ နောင်လည်း ဘယ်သောအခါမှ မဟုတ်နိုင်တော့ပြီ။ လောကကြီးထဲမှာ တစ်ယောက်တည်း လျှောက်လှမ်းရသူဟူ၍ မရှိ ဆိုသောစကား မမှန်ပါဟု ကျွန်မ ပြောချင်သည်။

***

နောက် ရက်သတ္တပတ် အနည်းငယ်ကြာသည့်အခါ ကျွန်မ စာပြန်ရေးရန် စတင်သည်။ သို့သော် မရပါ။ အတွေးတွေ အမှတ်ရမှုတွေ အဖြေမပေါ်သော မေးခွန်းတွေနှင့် ရစ်ပတ်နှောင်ဖွဲ့နေသော ကျွန်မဦးနှောက်က သူတစ်ပါးတို့၏ ဘဝများအကြောင်း စာဖွဲ့နိုင်လောက်အောင်အထိ မအားလပ်ပဲ ရှိနေသည်။

မလုပ်မဖြစ် လုပ်ရမည့်အလုပ်မျိုး ကျွန်မမှာ ရှိမှဖြစ်တော့မည်။ မနက်စောစော မထမဖြစ် ထရမည့် အလုပ်မျိုး။ သတ်မှတ်ထားသည့်အချိန်မှာ ချိန်းထားသည့်နေရာသို့ အရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားရမည့် အလုပ်မျိုး။

ဂျပန်သို့ ပြန်သွားရန် ကျွန်မ ဆုံးဖြတ်လိုက်သည်။ ဂျပန် တံငါရွာလေး ကစ်ဆု။ အဲသည်မှာ ကျွန်မဝတ္ထုကို ရုပ်ရှင်ရိုက်နေသောအဖွဲ့နှင့် ပြန်တွဲရမည်။

ကစ်ဆုမှာ နေရသည့်ရက်များက တစ်သမတ်တည်း ပုံမှန် ဖြစ်သည်။ မနက်ပိုင်းတွင် အချိန်တစ်နာရီလောက်စီ ကျွန်မ အားသည်။ တစ်နေ့တာ ရိုက်ကူးမည့် ဇာတ်ဝင်ခန်းများအတွက် လိုအပ်သည်များကို ပြင်ဆင်ကြသည့်အချိန်။ အဲသည်ကိစ္စက ကျွန်မ ဝင်ပါစရာ မလို။ သည်အချိန်မှာ ပင်လယ်ကမ်းစပ်သို့ ကျွန်မ လမ်းလျှောက်ထွက်သည်။ ကျောက်တုံးများနှင့် ဆောက်လုပ်ထားသည့် လှိုင်းကာတံတိုင်းကို ကျော်လိုက်လျှင် မတ်စောက်သော တောင်ပူစာလေးတစ်ခု၏ ခြေရင်းသို့ ရောက်၏။ အဲသည်နောက် တွေ့ရသည့် ကျောက်လှေကားထစ်ကလေးများ အတိုင်း တက်သွားလိုက်လျှင် ကျောက်သားဖြင့်ပင် တည်ဆောက်ထားသည့် ဘုရားကျောင်းအဆောက်အဦးလေးတစ်ခုသို့ ရောက်သည်။ တစ်ချိန်က ရှင်တိုဘုရားကျောင်းတစ်ကျောင်း။ ယခုတော့ ဘာမျှမရှိ၊ ဟာလာဟင်းလင်းဖြစ်နေပြီ။ ကျောင်းဟောင်းလေး ပတ်လည်တွင် တံတိုင်းနိမ့်နိမ့်တစ်ခု ဝန်းပတ်ကာရံထားသည်။ သည်တောင်ကုန်းထိပ်မှ ကြည့်လိုက်လျှင် လှပသော ပင်လယ်ပြင် ကောင်းကင်နှင့် တောင်ကြီးများကို မြင်ရသည်။

ကျောင်းအဆောက်အဦးလေးနောက်မှာ ကျွန်မ အတွက် ကိုယ်ပိုင်နေရာတစ်ခု တွေ့ထားသည်။ မြင့်မောက်သော



ကျောက်ကမ်းပါး၏ ထိပ်အစပ်နားတွင် ချိုင့်ခွက်၍နေသော နေရာတစ်ခု။ မနက်တိုင်း တောင်ပေါ်တက်ပြီးလျှင် အဲသည် ချိုင့်ခွက်ကလေးထဲမှာ ဝင်ထိုင်သည်။ သူ့ရဲ့ရင်ခွင်ထဲမှာ ထွေးပွေ့ခြင်း ခံရဘိသကဲ့သို့ ကျွန်မ အဲသည်အထဲမှာ ငြိမ်သက်စွာ နားခိုနေမည်။ သူနှင့်ကျွန်မ သည်နေရာကို အတူတကွ တစ်ခါမျှ မရောက်ဖူးကြပါ။ သောသောဆယ်လည်း သူနှင့်ကျွန်မကြားမှာ ဆက်သွယ်ကူးလူးမှု ရှိမနေပါ။ သူ့အသံတွေ ကျွန်မ ကြားနေရသည်✦အနီးဝန်းကျင်မှာ သူရှိတာ ကျွန်မ အလိုလိုသိနေသည် ဆိုတာမျိုးလည်း ကျွန်မကိုယ့်ကိုယ်ကို မလိမ်ညာနိုင်ပါ။

သို့သော် အဲသည်မှာ တစ်နေ့တစ်နေ့ သွားငေါ်ရင်း တဖြည်းဖြည်း ဖြစ်ပေါ်လာသည်က ကျွန်မရင်ထဲ ငြိမ်းချမ်းမှု အရသာတွေ ပြည့်လျှမ်းလာခြင်း ဖြစ်သည်။ ကျွန်မ လှဲလျောင်းသည့် နွေးထွေးသော ကျောက်ပုခက်ကလေး၊ ပင်လယ်ပြင်မှ တိုက်ခတ်လာသည့် အေးမြသောလေ၊ ပြာလဲ့သော ကောင်းကင်နှင့် လွင့်မျောနေသော တိမ်ဖွေးဖွေးများ၊ ကျွန်မ ခေါင်းထက်မှာ မိုး၍နေသည့် တွန့်လိမ်ကောက်ကွေးသော ထင်းရှူးပင်အို၊... အဲသည်အရာအားလုံးနှင့် တစ်သားတည်း ရောယှက်ကာ ကျွန်မ ကိုယ်တိုင်ပင် သဘာဝပတ်ဝန်းကျင်၏ တစ်စိတ်တစ်ဒေသ ဖြစ်နေခဲ့သည်။

နောက်ပိုင်းတွင်တော့ နေ့စဉ်နံနက်တိုင်း ရရှိသည့် ငြိမ်းချမ်းမှုအရသာတွေသည် ညဘက်သို့တိုင် ကြွင်းကျန်တည်ရှိနေတတ်တာ တွေ့လာရသည်။ တဖြည်းဖြည်း ကျွန်မ ကြွံ့ခိုင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မစိတ်ခံစားချက်တွေ ဘယ်လိုဘယ်ပုံ ကျန်းမာသန်စွမ်းလာသည်ဆိုတာ သေသေချာချာ ကျွန်မ မပြောတတ်ပါ။ ကြိုးစားရှင်းပြရမည်ဆိုလျှင်တော့ သည်ကမ္ဘာလောကကြီးထဲသို့ ကျွန်မကိုယ်ကျွန်မ လုံးလုံးလျားလျား ပုံအပ်ရာက ယခုလို ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာခဲ့သည်ဟူ၍ပဲ ဆိုရပါမည်။ သည်ကမ္ဘာလောကကြီး၏ သဘောသဘာဝဆိုတာတွေကိုလည်း ကျွန်မ ရေရေရာရာနားမလည်ပါ။ ကျွန်မ မြင်ယောင်မှန်းဆ မရနိုင်လောက်သောအတိုင်းအတာအထိ ကြီးကျယ်ခမ်းနားသည် ဆိုတာလောက်ပဲ ကျွန်မ ပြောနိုင်ပါမည်။

တစ်ညမှာတော့ ပြတင်းတံခါးကို ဖွင့်ရင်းက ဟင်းလင်းပြင် အာကာသထဲရှိ သူ့ထံ အမှာစကားတစ်ခွန်း တိတ်တခိုးပါးလိုက်မိသည်။ ဘယ်နေရာ ရောက်ရှိနေသည်ဖြစ်စေ မေတ္တာဖြင့်ပို့သသော သည်စကားကို သူ မုချကြားရလိမ့်မည် ဟူ၍ပဲ ကျွန်မစိတ်ထဲ စွဲမြဲယုံကြည်လိုက်မိသည်။ အကြောင်းမှု သည်လို ပို့သလိုက်ပြီးသည့်နောက်၌ ကျွန်မ ရင်ထဲ သိသိသာသာကြီး နွေးထွေးပေါ့ပါးသွားသောကြောင့်ပင်။

❖❖❖

## ယဉ်ကျေးပျူငှာသော နှလုံးသား*

လွန်ခဲ့သော နှစ်အတန်ကြာတုန်းက စကော့တလန် ကုန်းမြင့်ဒေသရှိ အင်ဗားနက်(စ)မြို့လေးသို့အသွား ဘတ်စကားပေါ်တွင် နံဘေးကထိုင်သည့် အမျိုးသမီးနှင့် စကားလက်ဆုံကျခဲ့သည်။ လူက ရိုးကြီးဂေါင်ဂင်နှင့်ဖြစ်ပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်သည် ဟုဆိုသည်။ ဆောင်းတွင်းကြီးခေါင်ခေါင်မှာ အမေရိကန်မတစ်ယောက် မြောက်ဘက်ပိုင်းသို့ ဘာကိစ္စနှင့် ခရီးသွားနေသလဲ သူ စဉ်းစားမရနိုင် ဖြစ်နေသည်။ "ဒီအချိန် ကုန်းမြင့်ဒေသမှာ ရာသီဥတု သိပ်ဆိုးတာပဲ" ဟု သူကဆိုသည်။

ကျွန်မကလည်း အဲသည်လို ကြမ်းတမ်းသည့် ရာသီဥတု

---

* **Elizabeth Byrd** **Rewards of a Gracious Heart**

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို သဘောကျသည့်အကြောင်း၊ သမိုင်းနောက်ခံ ဝတ္ထုတစ်ပုဒ်ရေးရန် အချက်အလက် စုဆောင်းနေခြင်း ဖြစ်သဖြင့် ပြီးခဲ့သည့် ရာစုနှစ် လေးခုလောက်အတွင်း အပြောင်းအလဲ မရှိသလောက် ဖြစ်ခဲ့သည့် အဲသည်ဘက် တောင်ပေါ်ကျေးလက်တွေမှာ နေထိုင်သူတွေနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ သူတို့ထံမှ ရိုးရာဓလေ့တွေ၊ သိုးကျောင်းသားဘဝ သိုးမွေးမြူရေးလုပ်ငန်း သဘာဝများ အပါအဝင် သူတို့ဒေသ၏ နေ့စဉ်လူမှုဘဝ အထွေထွေကို လေ့လာမှတ်သားရန် ရည်ရွယ်ကြောင်းများ ရှင်းလင်းပြောပြဖြစ်သည်။

သည်အခါ အမျိုးသမီးက ကျွန်မအား သူ့အိမ်သို့ ညအိပ် အလည်လိုက်ရန် ဖိတ်ခေါ်လေသည်။

“ကျွန်မတို့က လယ်မြေလေး သေးသေးပဲ ပိုင်တာပါ၊ ဒါပေမဲ့ အိမ်က နွေးပါတယ်၊ ပြီးတော့ ကျွန်မခင်ပွန်းလဲ ဈေးပွဲကို သွားနေတာဆိုတော့ ရှင်လိုက်မယ်ဆိုရင် ကျွန်မအတွက် အဖော်တောင်ရပါတယ်”

သူ့အိမ်သို့ ရောက်သည့်အချိန်၌ မိုးက သည်းထန်စွာ ရွာနေသည်။ အိမ်က တဲအိမ်ပုပုလေး။ ကုန်းစောင်း ပြောင်ပြောင်ထက်မှာ အထီးတည်း ရှိနေသည်။

အမွေးဖားဖားနှင့် စကော့သိုးထိန်းခွေးကြီးတွေ ကျွန်မတို့ကို ဆီးကြိုကြသည်။ မစ္စစ်မက္ကင်းတော့ရှ်က ကျွန်မကို သူ့အိမ်လေးထဲ ခေါ်လာသည်။ ဧည့်ခန်းထဲမှာ ပစ္စည်းပစ္စယ



မည်မည်ရရ မရှိ၊ သို့သော် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဖြစ်သည်။

ရုတ်တရက် လျှပ်စစ်မီးက မှိတ်တုတ်မှိတ်တုတ်ဖြစ်လာပြီးနောက် လုံးဝ ငြိမ်းသွားသည်။

“ကဲ၊ မီးက ပျက်သွားပြန်ပြီ” သူက ညည်းညည်းညူညူ ပြောပြီးနောက် ဖယောင်းတိုင်တွေ မီးညှိသည်။ အဲသည်နောက် သူ မီးမွှေးနေတုန်း အိမ်ရှေ့က တံခါးခေါက်သံ ကြားရသည်။

သူ တံခါးသွားဖွင့်တော့ ကောင်လေးတစ်ယောက် ဝင်လာသည်။ ကောင်လေးဆီက မိုးရေရွှဲနေသော ဦးထုပ်နှင့် ကုတ်အင်္ကျီကို သူ လှမ်းယူသည်။ မီးဖိုအလင်းရောင်အား ရောက်သွားတော့မှပဲ ကောင်လေးရုပ်သွင်ကို ပီပီပြင်ပြင် မြင်ရသည်။ အသက် ၁၂ နှစ်လောက်ပဲ ရှိသေးသည်။ သို့သော် ခြေထောက်က သနားစရာကောင်းလောက်အောင် ဆာ၍နေသည်။

ကောင်လေးက မောနေသဖြင့် ရ [illegible] မပြောနိုင်။ နောက်တော့မှ

“အဖေက ဒေါ်ဒေါ့်ဆီ ဖုန်းလှမ်းဆက်သေးတယ်၊ ဒေါ်ဒေါ်တို့ ဖုန်းက လုံးဝ ဆက်မရဘူး၊ အဲဒါကြောင့် ဒီမှာ ဘယ်လိုအခြေအနေရှိလဲ ကျွန်တော် လာကြည့်တာ”

“ကျေးဇူးတင်တယ်ကွယ် ဂျွန်” မစ္စစ်မက္ကင်းတော့ရှ်က ပြောပြီး၊ ကျွန်မနှင့် မိတ်ဆက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်တွင် လေက အရှိန်ပြင်းလာသည်။ လေသံတွေ တဟူးဟူး တရားရား ကြားနေရသည်။ တရုတ်ကတ်ပြတင်းပိတ်တွေ တဖြောင်းဖြောင်း မြည်နေသည်။ ကျွန်မက သည်လို လေပြင်းတိုက်တာမျိုးကို နှစ်သက်ကြောင်း ပြောပြတော့၊

"ဒေါ်ဒေါ် မကြောက်ဘူးလား" တဲ့။ ဂျွန်က မေးသည်။

မကြောက်ပါဘူး ဟု ကျွန်မ ဖြေတော့မည်အပြုတွင် တကယ်တမ်း ဘာကိုမှ ကြောက်တတ်ပုံမရသည့် မစ္စစ်မက္ကင်းတော့ရှ်က ဘယ်ကောင်လေးမဆို သဘောကျမည့် စကားမျိုး အလျှင်အမြန် ဝင်ပြောလိုက်သည်။ "သူ ကြောက်တာပေါ့ကွဲ့၊ ဒေါ်ဒေါ်လဲ ကြောက်တယ်၊ ဒါပေမဲ့ အခုတော့ ဒီမှာ ယောကျာ်း တစ်ယောက် ရှိနေပြီပဲ"

ခဏအဖို့ တိတ်ဆိတ်သွားသည်။

ထို့နောက် သူ ထလာသည်။ "အားလုံး နေသားတကျ ရှိလား ကျွန်တော် လိုက်စစ်ကြည့်လိုက်ဦးမယ်" ဟုဆိုပြီး လက် မောင်းလေး ဘေးကားကာ ခြေထောက်နှင့် လျှောက်သွားသည်။

ရက်သတ္တပတ် အတော်ကြာသည်အထိ သည်အဖြစ် အပျက်ကလေးက ကျွန်မ ခေါင်းထဲမှ မထွက်နိုင် ဖြစ်နေခဲ့သည်။ ကောင်လေးအမေးကို ကျွန်မ မစ္စစ်မက္ကင်းတော့ရှ်လို နားလည်မှု ရှိရှိ ကြင်နာမှုအပြည့်နှင့် ဘာကြောင့် မဖြေနိုင်ခဲ့သနည်း။ ဒါတင် ဓါက ကျွန်မဘဝတစ်လျှောက်လုံးမှာ ဘေးဘီကို မကြည့် ကိုယ့် ကိစ္စတွေချည်း အာရုံဝင်ခဲ့မိသဖြင့် တစ်ဖက်သား၏ လိုအပ်ချက် တွေကို လျစ်လျူရှုခဲ့မိတာ မည်မျှများပြားပါလေမည်နည်း။



ကျွန်မ၏ နှလုံးသားက နှစ်ပေါင်းများစွာ အိပ်ပျော်နေခဲ့ခြင်း ဖြစ်သည် ဟုဆိုရမည် ထင်သည်။ သို့သော် ယခုတော့ နိုးထလာပါပြီ။ ယခင်က ပျက်ကွက်မှုအကြွေးကို ဆပ်နိုင်မည့် အခွင့် အရေးသစ်တွေ လိုက်ကြည့်ဖို့ စိတ်အားထက်သန်နေပြီ၊ ဘယ်လို မော်ပညာမျိုးနဲ့များ မစ္စစ်မက္ကင်းတော့ရှ်က ခြေမသန်တဲ့ ကောင်လေးတစ်ယောက်ကို ယောကျာ်းကြီးတစ်ယောက်လို ရဲရင့်ယုံကြည် စိတ်ဝင်အောင် လုပ်ပေးလိုက်သလဲ ဆိုတာလည်း ကျွန်မ သိပ်သိချင်နေသည်။ မွေးရာပါ ကြင်နာတတ်တဲ့ စိတ်လား၊ ဒါမှ မဟုတ် တမင်မွေးယူထားတဲ့ အလေ့အကျင့်လား။ ကရုဏာလား၊ လူမှုဆက်ဆံရေး ပါးနပ်လိမ္မာမှုလား၊ ဒါမှမဟုတ် နှစ်ခုပေါင်းစပ် ထားတာလား။ သည်လို စဉ်းစားရင်းက ကျွန်မခေါင်းထဲသို့ ဒေါက်တာ နော်မင်ဗင်းဆင့်ပီးလ် သုံးစွဲလေ့ရှိသည့် စကားတစ်လုံး ဝင်ရောက်လာသည်။ ကြင်နာမှု သဘောကောင်းမှု တစ်ဖက်သား အပေါ် သိတတ်မှုများနှင့် ပတ်သက်၍ သူ သုံးနှုန်းလေ့ရှိသည့် 'ယဉ်ကျေးပျူငှာသော နှလုံးသား' ဟူသောစကား။

ပြန်ပြောင်းတွေးကြည့်တော့ ကျွန်မကိုယ်တိုင် အဲသည် နှလုံးသားမျိုး ပိုင်ဆိုင်သူတွေထံမှ ဖေးမမှုတွေ မကြာခဏ ခံယူခဲ့ရဖူးတာ၊ ယဉ်ကျေးဖွယ်ရာသော စကား ပျူငှာလှိုက်လှဲသော အပြုအမူများကြောင့် ကျွန်မ ကျေနပ်ပီတိ ဖြစ်မှုးခဲ့ရတာတွေ သေသေချာချာ ပြန်မြင်လာသည်။

အမေ့ထံမှဆိုလျှင် သည်လို အဖေးအမမျိုးတွေ ကျွန်မ အကြိမ်ပေါင်း မြောက်မြားစွာ ရခဲ့သည်။ ကျွန်မ ငယ်နုစဉ် ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



လွယ်စဉ်ကာလ၌ အမေသည် အမြော်အမြင်ရှိစွာ ဆောင်ရွက်ခဲ့သည့် အပြုအမူလေးများအားဖြင့် ကျွန်မအား အလွန်အဖိုးထိုက်တန်လှသည့် မိမိကိုယ်ကို လေးစားယုံကြည်စိတ်များ အပ်နှင်းပေးထားလေ့ရှိခဲ့သည်။

မှတ်မှတ်ရရ ကျွန်မအသက် ခုနစ်နှစ်အရွယ်လောက်တုန်းက၊ အိမ်မှာ အမေ လက်ဖက်ရည်ပွဲတစ်ခု တည်ခင်းရန်အတွက် ပြင်ဆင်နေစဉ် ကျွန်မ သိပ်ကူညီချင်သဖြင့် ဒင်ဒယ်လီယွန်ပန်းတွေခူးကာ အမေ့အား ပေးသည်။ တခြားအမေတွေဆိုလျှင် ကျေးဇူးတင်စကားပြောပြီး အဲသည်အလေ့ကျပန်းတွေကို မီးဖိုချောင်ထဲက နို့ပုလင်းဟောင်းထဲ ထိုးထားလိုက်ဖို့ များသည်။ အမေကတော့ သည်လိုမလုပ်၊ ကျွန်မ ပန်းလေးတွေကို စန္ဒရားပေါ်ရှိ သူမ၏ အလှဆုံး ကြွေပန်းအိုးထဲမှာ ရိုးတံရှည် ကင်ဒယ်လာဘရာ ပန်းအလှတွေနှင့်အတူ ပြင်ဆင်ထားခဲ့သည်။ ဧည့်သည်တွေ လာတော့လည်း ဒါ ဘက်တီလေးရဲ့ ပန်းတွေလေဟု၍ ဂုဏ်တောင်းပန်သလို ရှင်းပြသလို စကားမျိုးမဆို။ အဲသည်ပွဲကလေးကို ကျွန်မ မမေ့နိုင်ခဲ့။ ယနေ့ထက်တိုင် ဧည့်ခံပွဲများတွင် ပန်းအလှပြင်ထားတာ တွေ့တိုင်း ကျွန်မ၏ ဒင်ဒယ်လီယွန်ပန်းပင်လေးတွေကို နှင်းဆီတွေထက် ပိုမြင့်မားသောနေရာ ပေးခဲ့သည့်အတွက် ကျွန်မ ဝမ်းမြောက်ဂုဏ်ယူမိခဲ့တာ ပြန်၍ အမှတ်ရဆဲ ခံစားမိဆဲ ဖြစ်သည်။

ယဉ်ကျေးပျူငှာသော နှလုံးသား၏ အဓိက အကျဆုံးလက္ခဏာကား သူတစ်ပါး၏ ခံစားမှုများကို အလွန်သိတတ်



နားလည်တတ်ခြင်း ဖြစ်သည်။ အသက်နှစ်ဆယ်အောက်မှာပဲရှိသေးသည့် ကျွန်မ မောင်ငယ်ထံမှလည်း သည်ကိစ္စကို ကျွန်မ သင်ခန်းစာယူခဲ့ရသေးသည်။

ကပွဲတစ်ခုမှာ မိန်းကလေးတစ်ယောက် သူ သတိပြုမိသည်။ မိန်းကလေးက ပထမနှစ်ကျောင်းသူသစ်။ ရုပ်က အချောအလှ မဟုတ်၊ ရှက်လည်း ရှက်တတ်သေးသည်။ သူ့ကို မည်သူမျှ အာရုံမစိုက်မိကြ။ ချောင်ထဲမှာ ကုပ်ပြီး ပျောက်သလိုဖြစ်နေသည်။ သူကလေး စိတ်ညစ်နေတာ မြင်တော့ မောင်လေးက သနားသွားပြီး သူနှင့် တွဲကခွင့်တောင်းသည်။ အဲသည်မှာပင် မထင်မှတ်လောက်အောင် အံ့ပြောင်းအလဲ ဖြစ်သွားသည်။ စောစောက မှိန်ကုပ်နေခဲ့သည့် မိန်းကလေးသည် ချက်ချင်း တက်ကြွရွှင်လန်းသွားသည်။ ရွှင်လန်းမှုကြောင့် အသွေးအရောင်ဖြာလာသည်ထင့်၊ မိန်းကလေးက ချစ်စရာအလှအပလေးတစ်ယောက်လို ထင်လာရသည်။ ခဏအကြာမှာပဲ နောက်ကောင်လေးတစ်ယောက်က သူနှင့် ဝင်တွဲသည်။ သည်နောက်မှာတော့ တောက်လျှောက်လိုပင် သူ က သွားခဲ့ရသည်။

မိန်းမသားအပေါ် ထောက်ထားညှာတာကာ လိုက်လျောမှု ပြုတတ်သည့် အဲသည်စိတ်ဓာတ်မျိုးက ဆက်ဆံရေးတွေကို ပို၍ လေးနက်ခိုင်မာစေသောသဘော ရှိသည်။ သက်တမ်းရင့်ရော်သော အိမ်ထောင်တစ်ခုသည် အဲသည်စိတ်ဓာတ်မျိုးကြောင့် အသစ်တစ်ဖန် လန်းဆန်းရှင်သန်လာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသူငယ်ချင်း မာ့ချ် ပြောဖူးသည်။ အခြား အမျိုးသမီးများနည်းတူ သူလည်း အသက် ၄၀ ပြည့်မြောက်သည့်နေ့မှာ အကြီးအကျယ် စိတ်ဓာတ်ကျခဲ့ဖူးသည်တဲ့။ လာမည့်နှစ်များမှာ ပိုပြီး ဖြစ်ထွန်းအောင်မြင်မှာ၊ ပျော်စရာ ရွှင်စရာ နှစ်ကာလတွေလည်း အများကြီး ရှိသေးသည်ဆိုတာ သူ အသိပဲ ဖြစ်သည်။ သို့သော် သည်နေ့ခေတ်က လူငယ်တွေကို အလွန်အမင်း တန်ဖိုးထားသည့်ခေတ် မဟုတ်လား။ အဲသည်တော့ လူငယ်ဘဝနှင့် အလှမ်းကွာဝေးခဲ့ပြီ ဆိုသောစိတ်ဖြင့် သူ အားငယ်သွားခြင်း ဖြစ်သည်။

ခင်ပွန်းသည်နှင့်အတူ နံနက်စာ စားနေစဉ်အတွင်း သည်ခံစားမှုကို သူ မဖွင့်ဟခဲ့။ ခင်ပွန်းသည် ထသွားတော့မှ သူ မျက်ရည်ကျသည်။ မျက်နှာက အရေးအကြောင်းတွေ ပို၍ ပို၍ နက်ရှိုင်းလာမှာ၊ ဝ မလာအောင် ထိန်းဖို့ ပိုပြီး ခက်လာမှာတွေ သူ တွေးမိနေသည်။ ညနေဘက် ခင်ပွန်းသည် အိမ်ပြန်ရောက်လာသည့် အချိန်မှာတော့ သူ့ကိုယ်သူ အတော် ထိန်းသိမ်းထားနိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော် ရင်ထဲမှာကား နာကျင်ဆဲ။

ညစာ စားပြီးချိန်မှာတော့ ခင်ပွန်းသည်က ဆိုသည်။ "မင်းအတွက် မွေးနေ့လက်ဆောင်တွေ လာကြည့်စမ်းပါဦး" တဲ့။

လက်ဆောင်ပစ္စည်းပေးဖို့ စဉ်းစားသည့်အခါတိုင်း လက်တွေ့အသုံးကျမှုကို သူတို့ ဦးစားပေး ရွေးချယ်လေ့ရှိခဲ့သည်။ အဲသည်တော့ ဒီတစ်ခါလည်း သူမအတွက် မွေးနေ့လက်ဆောင်သည် မီးဖိုချောင်သုံး အမှိုက်စုပ်စက်အသစ်တစ်ခု ဖြစ်လေမလား၊



ဒါမှမဟုတ် တခြား ဘာပစ္စည်းတစ်ခုခုလဲ အဲသည်လိုပဲ သူ စဉ်းစားစရာ ရှိသည်။ သို့သော် အထုပ်ကို ဖြည့်လိုက်သည့်အခါမှာတော့ သူ အံ့အားသင့်သွားခဲ့ရသည်။ ကျောက်ရောင်စုံလေးတွေ စီခြယ်ထားသည့် အိပ်ခန်းတွင်းစီး ဖိနပ်တစ်ရန်နှင့် ဇာနားတပ် ပိုးပျော့အကျီပါးတစ်ထည်။

"ဘာကြောင့် ဒါတွေပေးလဲ သူ မပြောဘူးကွ" မာ့ချ်က ပြန်ပြောပြသည်။ "ဒါပေမဲ့ သူ့နှုတ်ကသာ ဖွင့်မပြောတာယ်၊ သူ့အပြုအမူကတော့ ကိုယ့်ကို နုပျိုဆဲ လှပဆဲ ဆွဲဆောင်အားကောင်းဆဲလို့ ပြောလိုက်သလိုပါပဲ။ ပြီးတော့ ထူးခြားတာက ကိုယ့်စိတ်ထဲလဲ အဲဒီအတိုင်း တကယ်လို့ ခံစားလိုက်ရတယ်"

နောက်တစ်ခု ပြောချင်သည်က ယဉ်ကျေးပျူငှာသော နှလုံးသားပိုင်ရှင်များမှာ သိပ်အလုပ်များနေ၍ သူတစ်ပါးကို ဂရုမစိုက်နိုင် ဟူသောစိတ်သဘောမျိုး ကင်းမဲ့ခြင်း ဖြစ်သည်။

တစ်ခါ၌ အာသီးရောင်သည့် ကလေးတစ်ယောက် ခွဲစိတ်ဖြတ်တောက်ရန်အတွက် ဆေးရုံတက်ရသည်။ ကောင်လေးက တက်ဒီဘဲယား ဝက်ဝံရုပ်ကို အလွန်ချစ်သည်။ သူ့ဝက်ဝံရုပ်က ဟောင်းနွမ်းစုတ်ပြတ်နေပြီ။ မျက်စိတစ်လုံးက မရှိတော့။ သူ့ကို ခွဲစိတ်ခါနီး ဆရာဝန်ကြည့်ရန်လာသည့်အခါ အနီးရှိ သူနာပြုဆရာမတစ်ယောက်က သူဖက်ထားသည့် ဝက်ဝံရုပ်ကို ဖယ်မည်ပြုသည်။ သို့သော် ခွဲစိတ်ဆရာဝန်ကြီးက ခပ်တည်တည်ဟန့်တားသည်။ "တက်ဒီ့ကို မယူပါနဲ့၊ သူ့ကိုလဲ ဂရုစိုက်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ပြီး၍ ကောင်လေး သတိပြန်ရလာသည့်အခါ တက်ဒီဘဲယားက သူ့ဘေးမှာ၊ မရှိတော့သော မျက်လုံးနေရာတွင်လည်း ကျွမ်းကျင်သော ဆရာဝန်ကိုယ်တိုင် အသပ်ရပ်ဆုံး စည်းနှောင်ပေးထားသည့် ပတ်တီးစနှင့်။

ယဉ်ကျေးပျူငှာသော နှလုံးသားကို ထိရောက် ကောင်းမွန်စွာ အသုံးချနိုင်မည့် အခွင့်အလမ်းများက ကျွန်မတို့ ပတ်ဝန်းကျင်၌ အမြဲရှိနေသည်။

တစ်နေ့တွင် သူငယ်ချင်းတစ်ယောက်နှင့်အတူ ကျွန်မ နယူးယောက်မြို့ အီတာလျံရပ်ကွက်သို့ ဈေးဝယ်ရောက်သည်။ အဲသည်မှာ အသက်ရှစ်နှစ်အရွယ်ယောကျ်ားလေးတစ်ယောက် သူ့ဖခင်အား ကူညီ၍ ဟင်းသီးဟင်းရွက်တွေ ရောင်းပေးနေတာ တွေ့ရသည်။ ကောင်လေးက အမျိုးသမီးတစ်ယောက်အား ဇေါ်ဖီပန်းတစ်ပွင့် ကိုယ်တိုင်ရောင်းချပေးပြီးနောက် ဝယ်သူထံမှ ပိုက်ဆံကို ဂုဏ်ယူစွာ ငံ့လင့်နေသည်။ သို့သော် အမျိုးသမီးက သူ့ကို ဂရုမစိုက်မိဘဲ ဖခင်ဖြစ်သူသို့သာ ဇေါ်ဖီဖိုးငွေ လှမ်းပေးလိုက်သည်။ ကောင်လေးမျက်နှာက အပြုံးပြယ်သွားကာ စောစောက မတ်နေသည့် ကိုယ်လေးလည်း ညိုးကျသွားသည်။ ကျွန်မနှင့် အတူပါလာသည့် သူငယ်ချင်းက ကောင်လေး၏ ညိုးလျှသွားသော မိမိကိုယ်ကို ဂုဏ်ယူစိတ်အား ပြန်လည်မြှင့်တင်ပေးရမည်ဟု ချက်ချင်းမြင်လိုက်သည်။

သူက ကောင်လေးကို လှမ်းခေါ်ကာ ခရမ်းချဉ်သီးတွေ ကြက်သွန်နီဥကြီးတွေ ကောက်ရွေးသည်။ ကောင်လေးက ဒါတွေ



ကို အိတ်တစ်လုံးထဲ ထည့်ပေးသည်။ ပိုက်ဆံပေးမည့်အခါ သူက အကြွေပေးမည်ဆိုလျှင် ပေးရန်ရှိသော်လည်း တမင်ပင် တစ်ဒေါ်လာတန်တစ်ရွက် ပေးလိုက်သည်။ ခဏလေးတော့ ကောင်လေး မျက်မှောင်ကြုတ်သွားသည်။ သူ့ခေါင်းထဲ အတော် တွက်နေရပုံပေါ်သည်။ သို့သော် နောက်တော့ မျက်နှာက လင်းခနဲဖြစ်သွားပြီး သွက်လက်ရှင်ပျစွာပင် အကြွေတွေ အတိအကျ ပြန်အမ်းပေးသည်။

"ကျေးဇူးပဲကွာ၊ အန်တီဆိုရင် အဲဒီလောက် မြန်မြန် တွက်လို့ရမှာ မဟုတ်ဘူး" သူငယ်ချင်းက ပြောလိုက်သည်။

"ဟာ မခက်ပါဘူး" ဆိုပြီး ကောင်လေးက သူ့ဒအဖေကို မော့ကြည့်သည်။ ကျွန်မသူငယ်ချင်း၏ အမြော်အမြင်ရှိစွာ ဆောင်ရွက်တတ်မှုကြောင့် ကောင်လေးသားအဖရော ကျွန်မတို့နှစ်ယောက်ပါ နွေးထွေးမှုတွေ ကူးစက်ကာ ပြုံးပျော်ရွှင်လန်းသွားခဲ့ရသည်။

"ယဉ်ကျေးပျူငှာတဲ့ နှလုံးသားဟာ သူတစ်ပါးရဲ့ မိမိကိုယ်ကို လေးစားစိတ်ကို ကာကွယ်ပေးတယ်။ ပိုပြီး ကြီးထွားစေတယ်၊ သူ့ရဲ့ 'ငါ'ဆိုတဲ့စိတ်ကို တည်ဆောက်ပေးတယ်" ဟူ၍ ဒေါက်တာပီးလ်က ပြောခဲ့ဖူးသည်။ "ခင်ဗျား အလုပ်က ပြန်အလာ ခင်ဗျားကလေးက အပြေးလာကြိုပြီး 'ဖေဖေ၊ ဒီနေ့ မိန်းလမ်းမကြီးမှာ ဘာဖြစ်လဲသိလား' လို့ အားတက်သရော မေးတဲ့အချိန်၊ ခင်ဗျားရဲ့ ယဉ်ကျေးပျူငှာတဲ့ နှလုံးသားက အဲဒီသတင်းကို ခင်ဗျား မကြားမိခဲ့သလိုဖြစ်အောင် တစ်နည်းနည်း ဒန်ဘီး

www.burmeseclassic.com



ဖေးလိုက်မယ်ဆိုရင် ကလေးမှာ အားပါးတရ ပြောပြခွင့် ရသွားမယ်၊ ဒီလိုမဟုတ်ဘဲ ခင်ဗျားက 'အဖေသိတယ်၊ အရင်တစ်နာရီလောက်ကတည်းက အဖေ ကြားပြီးပြီ' လို့ဆိုလိုက်ရင် ခင်ဗျားနှလုံးသားဟာ ကလေးဘဝမှာရှိဖို့လိုအပ်တဲ့ 'ငါ' ဆိုတာလေးကို ကြီးထွားခွင့် မပေးဘဲ၊ ခင်ဗျားအတ္တကိုသာ ခင်ဗျား တည်ဆောက်ရာရောက်တယ်" ဟူ၍ သူက ဆိုခဲ့သည်။

* * *

သည့်ကမ္ဘာကြီးမှာ အကန့်အသတ် မရှိသော မေတ္တာဓာတ်လှိုင်းတွေ ဖြန့်ကြက်တည်ရှိနေပါသည်။ မသိစိတ်ထဲ သန္ဓေဗီဇစိတ်ထဲ ပုန်းလျှိုးကွယ်လျှိုး ကိန်းအောင်းနေသော မေတ္တာဓာတ်များ၊ ဖော်ထုတ်ပြသခွင့်ရရန် ငံ့လင့်နေသော မေတ္တာဓာတ်များ။ မည်သူမဆို သတိပြု လေ့ကျင့်မည်ဆိုက ယဉ်ကျေးမှုပြည့်ဝသော နှလုံးသားမှ အမြော်အမြင်ရှိစွာ ထွက်ပေါ်လာသည့် ဖော်ရွေလိုက်လျှောသော အပြုအမူများအားဖြင့် ထိုမေတ္တာရတနာသိုက်ကြီးကို ဖွင့်လှစ်ဖော်ထုတ်နိုင်စွမ်း ရှိလာကြမည် ဖြစ်ပေသည်။

ဖေမြင့်

စာသမားတို့ မူလအနှစ်သာရများဖြစ်သည့်

စာချစ်စိတ်

စာကိုလေးစားတန်ဖိုးထားသည့်စိတ်

စာအုပ်စင်၊ စာအုပ်ပုံနှင့် စာအုပ်အဟောင်းအသစ်များကြား

ဟိုရှေ့မွှေ့လျှော်နေလိုစိတ် ... စသည်များနှင့်၊

အောင်မြင်ထင်ရှားသော စာရေးသူတစ်ဦးဘဝသို့ မရောက်ရှိသေးမီကာလ

ရုန်းကန်လှုပ်ရှားရပုံများ အကြောင်း။

# ဖေမြင့်

# နာမည်တစ်လုံး ရမလာခင်တုန်းက

[ စာသမားများအတွက် စိတ်ဓာတ်ခွန်အား ]

[ စာမူခွင့်ပြုအမှတ် – ၄၀၀၃၃၇၀၃၀၈ ]

www.burmeseclassic.com